
www.burmeseclassic.com
ရွှန်းရပိမိုး
BURMESE CLASSIC .com
အခိုခုံး...ရှိ
www.burmeseclassic.com

www.burmeseclassic.com

# ရွှန်းရမိမိုး

အငိုဆုံး ရွဲ

စာမူခွင့်ပြုချက်အမှတ်
၅၀၀၀၈၃၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၂၀၀၅၀၈

၂၀၀၉ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com







စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)



www.burmeseclassic.com

www.burmeseclassic.com







သို့

မွန်မွန်

မိုး သတိရစွာနဲ့ စာရေးလိုက်တယ်နော်။ သတိရတာရော ရှိတာလည်းပါတာပေါ့ မွန်မွန်။ မပိုးဆုံးသွားပြီ မွန်မွန်။ အဲဒါကြောင့် ငါ ဒေါ်လမြိုင်မှာ မနေချင်တော့ဘူး။ ရန်ကုန်ကို အပြီးပြောင်းခဲ့တော့မယ်။ အဲဒါ နင့်ကိုတို့အကြောင်းကြားထားတာ။ ပြီးတော့ အကူအညီတောင်းချင်သေး တယ်။ ငါ့ကို မြေညီထပ်တိုက်ခန်းတစ်ခန်းလောက် ရှာထားပေးပါ။ ရပ်ကွက် သန့်သန့်နဲ့ မြို့ထဲလိုနေရာမျိုးမှာပေါ့။ ငါ မော်လမြိုင်က အိမ်နဲ့ ခြံကို ရောင်း ပြီးတာနဲ့ ရန်ကုန်ကို လာခဲ့မယ်။ အဖြစ်အပျက်တွေ အလုံးစုံကိုတော့ ရန်ကုန် ရောက်မှ ဆက်ပြောတော့မယ် မွန်မွန်။

နင့်ရဲ့

မိုးတည်ကြည်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အို ... မပိုးဆုံးပြီ ... ဘာဖြစ်တာပါလိမ့် ..."

မွန့်ရဲ့သူငယ်ချင်းမလေး မိုးတည်ကြည်ထံမှ စာကိုဖတ်ပြီး စိတ်ထိခိုက်လွန်းစွာဖြင့် မျက်ရည်တွေကျလာမိသည်။ မိုးတို့က မိုးတည်ကြည်နဲ့ ပိုးတည်ကြည်ဆိုပြီး ညီအစ်မနှစ်ယောက်ပါ။ မိဘတွေက ငယ်စဉ်ကတည်းက ဆုံးပါးသွားသဖြင့် မိခင်ဖြစ်သူ၏ညီမဖြစ်သော အဒေါ်နဲ့ ကြီးပြင်းခဲ့ရာမှ ပြီးခဲ့တဲ့တစ်နှစ်ကပင် အဒေါ်ပါ ထပ်မံဆုံးပါးသွားပြန်သည်မို့ ရန်ကုန်မှာ ကျောင်းလာတက်နေတဲ့ မိုးတည်ကြည်မှာ ကျောင်းတစ်ဝက်တစ်ပျက်ဖြင့် မော်လမြိုင်ပြန်သွားခဲ့ရသည်။ ပြန်သွားကတည်းက အဆက်အသွယ်မလုပ်တာပါ။

အခု မပိုးဆုံးပြီတဲ့။ ဘာဖြစ်တာပါလိမ့်ကွယ်။ ခုတော့ မိုးတစ်ယောက်တည်း တစ်ကောင်ကြွက်ဖြစ်ရှာပြီပေါ့။ မိုးဟာ ခုမှ အသက်ကလေးရှိလှမှ ဆယ့်ကိုးနှစ်။ မိုးဘယ်လောက်အားငယ်နေရှာပြီလဲ။ မွန်က မိုးကို အပြည့်အဝကိုယ်ချင်းစာနိုင်ပါသည်။ မွန်ကိုယ်တိုင်က တစ်ကောင်ကြွက်လေ။ မွန့်မှာ ဆွေမျိုးသားချင်းရယ်လို့မရှိ။ ထို့ကြောင့် ... တစ်ကောင်ကြွက် တစ်မျက်နှာမွန့်မှာ ရန်ကုန်မှာ အဆောင်နေပြီး ကုမ္ပဏီဝန်ထမ်းဘဝဖြင့် ရပ်တည်နေရတာပါ။

မိုးက မွန်နဲ့ ကျောင်းမှာခင်သော သူငယ်ချင်းဖြစ်ပြီး မွန့်ကို အဝတ်အစားမှအစ ကျောင်းစရိတ်အဆုံး တတ်နိုင်သလောက် ထောက်ပံ့ခဲ့သော ကျေးဇူးရှင်သူငယ်ချင်းဖြစ်သည်။





မိုးအဒေါ်ရဲ့ ပွဲရုံလုပ်ငန်းကို မပိုးက ဆက်ခံပြီး မိုးကိုတော့ အေးဆေးစွာ ကျောင်းတက်စေခဲ့သူ။ ခုတော့ မပိုးဆုံးပြီ။ ကျန်ခဲ့သောစီးပွားရေးတွေကို မိုး ဘယ်လိုလုပ်မလဲ။ အို ... သနားစရာသူငယ်ချင်းလေးရယ်။

သူမ စာဖတ်ပြီးပြီးချင်း မိုးဆီ ဖုန်းဆက်လိုက်သည်။

"ဟယ်လို ..."

"မိုးတည်ကြည်နဲ့ပြောချင်ပါတယ်ရှင် ..."

"မလေး ပွဲရုံမလာပါဘူး ခင်ဗျာ ..."

"ဪ ... ဟုတ်ကဲ့ ..."

အိမ်ဖုန်းကိုဆက်တော့ ဖုန်းမကိုင်ပါ။ ဖုန်းပျက်နေပုံပင်။


"မိုး ဘယ်လိုများနေနေလဲကွယ် ... ဘယ်လောက်များအားငယ်နေပြီလဲ ..."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com









## "ကော်ဖီမစ်အဖွဲ့"

ကော်ဖီမစ်ဆိုသောအဖွဲ့လေးတစ်ဖွဲ့မှာ အဖွဲ့ဝင်ပေါင်းသုံးဦး ရှုပါကော်ဖီ၊ ပရိမီယာကော်ဖီနှင့် ဆီနီဒါကော်ဖီတို့ပါ။

ထိုအဖွဲ့လေးဟာ ဟစ်(ပ်)ဟော့(ပ်)အဖွဲ့မဟုတ်ပါ။

ပန့်(ခ်)အဖွဲ့မဟုတ်ပါ ... ။ ရက်(ပ်)အဖွဲ့မဟုတ်ပါ။ ရော့ခ်ကာကြီးတွေ မဟုတ်ပါ။ ဒါဖြင့် ထိုအဖွဲ့က ဘာအဖွဲ့လဲ။ သိပ်ချစ်ကြတဲ့သူငယ်ချင်းအဖွဲ့လေးပါ။

ဟုတ်ပါတယ်။ 'မိုးကိုပိုင်' ဆိုသော ကောင်လေးတစ်ယောက်နဲ့ 'ကြည်ဖြူ' နဲ့ 'ကြည်ပြာ' ဆိုတဲ့ ညီအစ်မနှစ်ယောက် ပါဝင်သော သူငယ်ချင်းအဖွဲ့လေးပါ။

ကြည်ဖြူနှင့် ကြည်ပြာက အသက်နှစ်နှစ်ကွာသော ညီအစ်မအရင်းတွေဖြစ်ပြီး မိုးကိုပိုင်ကတော့ သူတို့နှင့် ခြံချင်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ချက်မှာနေပြီး အကြီးမကြည်ဖြူနှင့် ရွယ်တူဖြစ်သည်။ ကျောင်းသွားဖော်လည်းဖြစ်သည်။ ကြည်ပြာကတော့ သူတို့နှစ်ယောက်ထက်နှစ်နှစ်ငယ်သော်လည်း သူတို့နှင့် တန်းတူလိုက်ပေါင်းသူလေးပါ။

သူတို့ဟာ ငယ်စဉ်ကတည်းက ငယ်ပေါင်းကြီးဖော် သိပ်ချစ်ကြသည့် အဖွဲ့လေးပေါ့။ မိုးကိုပိုင်က တစ်ဦးတည်းသောသားမို့ အဖော်အပေါင်းမရှိသဖြင့် ကြည်ဖြူနှင့် ကြည်ပြာတို့ညီအစ်မနှစ်ယောက်ကို သူငယ်ချင်းလို ညီမလိုပါ ချစ်ရှာသလို ကြည်ဖြူတို့ညီအစ်မကလည်း မိုးကိုပိုင်ကို အစ်ကိုရင်းထက်ပင် ပိုချစ်သေးသည်။ ကြည်ဖြူတို့က မောင်နှမသုံးယောက်ရှိပါသည်။ သို့သော် သူတို့ညီအစ်မနှင့် အစ်ကိုဖြစ်သူဝဏ္ဏက အသက်ကွာသည်မို့ အစ်ကိုကြီးကို ကြောက်ရကာ မိုးကိုပိုင်ကိုသာ သူငယ်ချင်းလိုတစ်မျိုး မောင်နှမလို တဖွယ် တွယ်တာကြသဖြင့် ထိုကော်ဖီမစ်အဖွဲ့ဝင်သုံးယောက်ဟာ တစ်ဦးကိုတစ်ဦး အလွန်ချစ်ခင်စည်းလုံးကြသူများပင်ဖြစ်ချေသည်နှပ့်။

ကော်ဖီမစ်အဖွဲ့ဟု သူတို့ကိုယ်သူတို့ အမည်ပေးဖြစ်သွားတာလည်း အငယ်ဆုံးကြည်ပြာကြောင့်ပင်။ ကြည်ပြာက သူတို့သုံးယောက်ထဲမှာ အငယ်ဆုံးအသွက်ဆုံးပင်။ မြန်မာပြည်မှာ ဟစ်ဟော့ပ်အဖွဲ့တွေ ပေါ်လာချိန်မှာ ထိုအဖွဲ့တွေကိုအားကျပြီး ...

"ကြည်ပြာတို့သုံးယောက်လည်း ကိုယ့်အဖွဲ့ကို nick name တစ်ခုပေးရအောင်ကွာ ..."





"လုပ်ပါဦး ... ဘာနာမည်ပေးချင်လို့လဲ ..."

"ဘယ်လိုပေးရင်ကောင်းမလဲ ... ဝိုင်းစဉ်းစားကြကွာ"

မိုးကိုကတော့ သူတို့ပြောသမျှ တစ်ခွန်းမျှဝင်မပြောဘဲ ပြုံးစိစိနဲ့ ကြည်ဖြူက ကြည်ပြာတင်ပြသော အစီအစဉ်ကို အားတတ်သရောထောက်ခံကာ ချက်ချင်းပင် အဖွဲ့နာမည်စဉ်းစားနေကြသည်။

"မိုးကို ... ဘာနာမည်မှည့်ရင်ကောင်းမလဲ ..."

"သိဘူးလေ ... အခုလောလောဆယ်တော့ ငါကော်ဖီမစ်သောက်ချင်တယ်ဟာ ... ကြည်ဖြူက လိမ္မာလား ... ကြည်ပြာကလိမ္မာလား ... လိမ္မာတဲ့သူ ကော်ဖီသွားဖျော်ပေး ... ဟဲဟဲ ..."

"ဘယ်သူမှမလိမ္မာဘူး ..."

"ဩော် ... နှစ်ယောက်စလုံးဖျော်ပေးချင်တယ်ပေါ့လေ ... ငါက တစ်ခွက်လောက်ပဲသောက်ချင်တာပါကွာ ... ရူပါလေးတစ်ခွက်လေးက်ဆိုရပါပြီ ..."

"တို့အိမ်မှာ ရူပါကော်ဖီမစ်မရှိဘူး ... ပရီမီယာပဲသောက်တာ ..."

"ဟာ ... ဟုတ်ပြီ ... မကြည်ဖြူ ... ကိုမိုး ... ကြည်ပြာတို့အဖွဲ့ကို ကော်ဖီမစ်လို့ အမည်ပေးရအောင် ... မကြည်ဖြူရော ကိုမိုးရော ကော်ဖီသရဲတွေဆိုတော့ ကြည်ပြာတို့အဖွဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က ကော်ဖီမစ်အဖွဲ့ပေါ့ ... အိုကေ ... ကြည်ပြာနာမည်က ပရီမီယာပေါ့"

"ဒါဆို ငါက စူပါကော်ဖီနော် ... ငါက စူပါပဲကြိုက်တာ"

"ဟင် ... ဒါဆို ငါက ဘာလုပ်ရမှာလဲ ... "

ကြည်ဖြူက မဲ့တဲ့တဲ့ဖြင့် ဝင်ပြောတော့ ...

"Gold Roast လုပ်ပေါ့ ... "

"ကြိုက်ဘူး ... ခါးရခက်တယ် ... "

"မိုကို ... "

"အင်း ... မဆိုးပါဘူး ... "

မိုးကိုပိုင်က ဝင်ပြောလိုက်သည်။

"ကြည်ပြာက ပရီမီယာဆိုတော့ ကြည်ဖြူက ဆီနိုဒါလုပ်လိုက်လေဟာ ... အမည်ဆင်တူဖြစ်သွားတာပေါ့ ... "

"ဟား ... Good"

"အဲဒီနာမည်ကြိုက်တယ်ဆိုရင် ငါက ဆီနိုဒါပေါ့ ... "

"အေးပေါ့ ... "

"ကဲ ... ဒါဆို အဖွဲ့ဖြစ်မြောက်တဲ့အနေနဲ့ ကော်ဖီဆိုင်လေးတော့ ထိုင်သင့်တယ်မို့လား ... "

"သေချာတာပေါ့ ... "

"ကဲ ... ကိုမိုး ... ကော်ဖီလိုက်တိုက်ပေါ့ ... "

"ကိုမိုးလို့ခေါ်ရင် မတိုက်ဘူး ... "





"အိုး ... မေ့သွားလို့ ... စူပါကော်ဖီလိုက်တိုက်ပါ ... "

"Yes ... "

နောက်ဆုံးတော့ ကော်ဖီဖျော်ခိုင်းသော မိုးကိုပိုင်မှာ သူတို့နှစ်ယောက်ကို ကော်ဖီလိုက်တိုက်ရတော့သည်။ ကော်ဖီဆိုင်ထွက်ဖို့ကို အိမ်ထဲဝင်ကာ အဝတ်စားလဲ ရှိုးတွေထုတ်ပြီး ပြန်ထွက်လာတော့သည်။ ဘာမှထူးခြားမသွား။ ပိုလှမသွား။ မိုးကိုကတော့ သူတို့နှစ်ယောက်ကို စိတ်ထဲကကျိတ်ရယ်နေမိသည်။

ပြီးတော့ လူကြီးတွေဆီခွင့်တောင်းကာ ကော်ဖီဆိုင်ကို ချီတက်လာကြသည်။ ပြီးတော့ ice-cffee သုံးခွက်မှာကာ ခိမ်ခံသောက်နေကြသည်။

ဆီနိုဒါက ကော်ဖီခွက်ကိုမြှောက်လိုက်ပြီး ...

"ကော်ဖီမစ်အဖွဲ့ထာဝရတည်တံ့စေ ... "

ကျန်နှစ်ယောက်ကပါ ကော်ဖီခွက်တွေကိုင်မြှောက်ပြီး ချက်ချင်းတိုက်လိုက်ကြသည်။ ဘေးကဝိုင်းတွေက သူတို့ကို လှည့်ကြည့်သလို ကောင်လေးတွေရဲ့ မျက်လုံးတွေကလည်း မိန်းကလေးနှစ်ယောက်ဆီ ဝဲနေကြသည်။

မိုးကိုပိုင် (ခေါ်) စူပါကော်ဖီကတော့ အေးချမ်းသော အပြုံးကလေးနဲ့ပင်။ ဒါက ကော်ဖီမစ်အဖွဲ့ရဲ့ သမိုင်းကြောင်းပေါ့နော်။ သူတို့အဖွဲ့ကလေး အဲလိုစ,ခဲ့တယ်ပေါ့။

"ဆီနိုဒါ မပြီးသေးဘူးလား ... အရမ်းကြာတာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီ ... ဒီမှာရေမွေးဆွတ်ရုံပဲ ... "

အိမ်ရှေ့မှာ ကားဟွန်းသံက တတီတီမြည်နေပြီး ... ကြည်ဖြူနှင့် ကြည်ပြာတို့က fitness centre တစ်ခုမှာ နည်းပြတွေဖြစ်ပြီး သူတို့ရဲ့ နေ့စဉ်အလုပ်အသွားအပြန် အကြိုအပို့ကို တာဝန်ယူရသူက မိုးကိုပါ။ မိုးကိုက ဖခင်ဖြစ်သူရဲ့ ကန်ထရိုက်လုပ်ငန်းမှာ အလုပ်ဝင်နေသူမို့ မနက်အလုပ်သွားခါနီးသူငယ်ချင်းနှစ်ယောက်ကို ဝင်ခေါ်။ သူတို့ရဲ့ fitness centre ကိုပို့ပြီးမှ အလုပ်သွားလေ့ရှိသည်။

ထိုသို့ပို့လေသည့် မနက်တိုင်းလည်း စိတ်တိုရသည်။ အဘယ်ကြောင့်နည်း။ ရှိုးများသော မမနှစ်ယောက်မှာ ဆံပင်စည်းလို့ မပြီးရတာနှင့် အဝတ်အစားမကြိုက်လို့ ပြန်လဲရတာနှင့် ကြာလာတော့ မိုးကိုက ကားဟွန်းတတီတီဖြစ်လာရရော။ ဒါက သူတို့ရဲ့ မနက်ချိန်ခါတေးသံသာပဲပေါ့။ ထိုသို့စိတ်တိုရသော်လည်း ... နောက်နေ့မနက်ဆို ပုံမှန် မိုးကိုရဲ့ကားက အိမ်ရှေ့ရောက်လာမြဲပင်။

"ဟဲ့ ... ကြည်ဖြူ ... ကြည်ပြာ ... မပြီးကြသေးဘူးလား"

မေမေအသံထွက်လာမှ နှစ်ယောက်သားအပြင်ပြေးထွက်ကြသည်။

"စောင့်ရတဲ့သူမှ အားမနာ ... နင်တို့ကို မိုးကိုမို့လို့သည်းခံတာ ... ငါသာဆို မစောင့်ဘူး ... "

ဖြစ်ဖြစ်သမျှအရာရာတိုင်းကို စိတ်တိုနေတတ်သော ကိုကြီးဝဏ္ဏဆီမှ တစ်သံကတော့ အဆုံးသတ်ပဲပေါ့။





ကားပေါ်ရောက်တော့ ညီမနှစ်ယောက် မိုးကိုကို မျက်နှာချိုသွေးရသည်။

"မိုးကို ဘာစားပြီးပြီလဲ ... "

"ကော်ဖီလိုက်တိုက်မယ်လေဟာ ... "

"တော်စမ်းပါဟာ ... အချိန်မမီတော့မှန်းသိရဲ့သားနဲ့ ... ပြောမနေနဲ့ နားငြီးတယ် ... "

"ဟေးနော် ... မပြောဘူး ... ပြီးမှ ပြောပါလာမလုပ်နဲ့ ... ပရီမီယာတဲ့ ... တစ်ယောက်တည်းရှိတဲ့ ကော်ဖီပါကွ ... ဟင်း ... ဟင်း ... "

"ဟုတ်ပ ... သူ့ကားလေးနဲ့ လာခေါ်ရတယ်ဆိုပြီး အထာကြီးလုပ်နေတာ နေပေါ့ကွာ ... နောက်နေ့တွေ ငါတို့ဘာသာ တက္ကစီငှားစီးမယ် ... "

"အပိုတွေပြောမနေကြနဲ့၊ နင့်တို့နှစ်ယောက်သာ တက္ကစီခ အကုန်ခံရင် ဘုရားတောင်ပွင့်မယ် ... "

"ဟဲဟဲ ... "

ပြီးတော့ သုံးယောက်သား အော်ရယ်လိုက်ကြတာနဲ့ သူတို့ကြားထဲက စကားနိုင်လုမှုက ပြီးဆုံးသွားပြီး သူမတို့ရဲ့ fitness centre ရှေ့ကားက ရောက်လာပြီး ...

"ရှုပ်ပါညနေလာမကြိုနိုင်ရင် ဖုန်းကြိုဆက်နော် ... "

"ဟုတ်ကဲ့ ခင်ဗျ ... "



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရွှဲ့ရွှဲ့အဖြေစကားမဆုံးခင် ကားကအရင်ထွက်သွားပြီ။ သူမတို့စင်တာထဲဝင်လာတော့ အပေါင်းအဖော်သူငယ်ချင်းတစ်ယောက်က ...

"ဟော့ ... ယူတို့ကို လိုက်ပို့တဲ့ဘဲက ယူတို့ Brother လား"

"ဘာဖြစ်လို့မေးတာလဲဆိုတာ သိရမှဖြေနိုင်မယ် ... "

"စိတ်ဝင်စားလို့ ... "

"အား ... ပေါ်တင်ကြီးပဲ ... "

"ဟုတ်တယ် ... ကဲ ... ဖြေလို့ရပြီလား ... "

"အချစ်ဆုံးသူငယ်ချင်း ... "

"အိုး ... ဝွဒ် ... ကျုပ်နဲ့ မိတ်ဆက်ပေး ... အစ်ကိုဆိုရင်ရှိန်နေရဦးမယ် ... သူငယ်ချင်းဆိုတော့ လမ်းဖြောင့်တယ်ကွာ ... ဝင်လို့ကောင်းတယ် ... "

"ဟား ... ညိုမီ ... ရှင့်ကိုတော့ ဆလံပဲ ... ရှင့်ရဲ့ တစ်ရာတစ်ယောက်မြောက်ရည်းစားလေ ... ဘယ်ရောက်သွားလဲ"

"အေးလေ ... ဆီနိုဒါတို့သူငယ်ချင်းလေးက အငြိမ်းစားထကတွ ... အပူတွေလာမပေးပါနဲ့ ... ညိုမီရာ တောင်းပတယ် ... "

"တွန့်တိုလိုက်တာကွာ ... အိုကေ ... ကိုယ်ကလည်း အဲတွန့်တိုတဲ့သူရှိရင် ပိုစ,ချင်တယ် ... ဟဲဟဲ ... "





"ညိုမီနော် ... "

ညိုမီက မျက်လုံးတစ်ဘက်မှိတ်ပြပြီး သူမတာဝန်ယူရသော ဆက်ရှင်ဘက်ထွက်သွားသည်။ ကော်ဖီနှစ်ကောင်ကတော့ သူမကို ပျစ်ပျစ်နှစ်နှစ်မေတ္တာပို့နေသည်။

ထိုကော်ဖီနှစ်ကောင်ဟာ စူပါကော်ဖီဆိုသော သူတို့ရဲ့ ချစ်သူငယ်ချင်းလေးကို အင်မတန်မှ တွန့်တိုပါသည်။ ထို့ကြောင့်လည်း အကြောင်းသိသူငယ်ချင်းများက သူမတို့ကိုစခြင်းဖြစ်သည်။ ခုလည်း ညိုမီစမှန်းသိသိနဲ့ကို စိတ်တိုနေကြသေးရဲ့လေ။

သူမတို့ရဲ့ fitness centre က အမျိုးသားရော အမျိုးသမီးပါ ကစားလို့ရသည်။ အမျိုးသားဘက်ခြမ်းနဲ့ အမျိုးသမီးဘက်ခြမ်းကို သီးသန့်ခွဲထားသည်။ အလှမက်သော ပရီမီယာနှင့် ဆီနိုဒါတို့ဟာ ဆယ်တန်းအောင်တော့ သူများတွေလို စကားပြောတွေကွန်ပျူတာတွေမသင်ဘဲ ကာယအလှသင်တန်းတက်ကြသည်။ ရေကူးသင်တန်းတက်သည်။ ကြက်တောင်ကလည်း ရိုက်ရသေးသည်။

တဖြည်းဖြည်းနှင့် သူတို့ရဲ့ခန္ဓာကိုယ်အချိုးအဆစ်ကကောက်ကြောင်းလှလာကာ မယ်မြန်မာပင် ဝင်ပြိုင်လို့ရလောက်သည်အထိ ကျောင်းပြီးသွားတော့ သူတို့က စားနေကြ fitness centre မှာ နည်းပြပြန်လုပ်သည်။

တကယ်တော့ ပရီမီယာရော ဆီနိုဒါပါ ချောမောလှပသူလေးတွေပါ။ မဖြူမညိုသော အသားဝင်းဝင်းကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖူးဖူးလုံးလုံးကလေးပေါ်မှာ နှာတံကစင်းစင်း၊ နှုတ်ခမ်းဖူးဖူးလေးတွေနှင့် ရုပ်ချောသည့်အမျိုးသားထဲမှာပါကြသည်။ အရပ်အမောင်းကလည်း ... ဒေါက်ဖိနပ်ကလေးစီးလိုက်ရုံဖြင့် မိုးကို၏ယောက်ျားလေးအရပ်ကို မတိမ်းမယိမ်းလိုက်နိုင်ကြသည်။ ထိုသို့အလှတရားတွေနှင့် ပြည့်စုံပြီးသော ကော်ဖီနှစ်ကောင်ဟာ ကာယအလှအတွက် လေ့ကျင့်ခန်းတွေလုပ်သောအခါ သာမန်ယောက်ျားတစ်ယောက်ပင် လှည့်ပြန်ငေးရသည်အထိပင်။

ထိုကော်ဖီနှစ်ကောင်ခြံရံထားသော မိုးကိုကိုလည်း ယောက်ျားလေးအများစုက အားကျကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုကော်ဖီနှစ်ကောင်ဟာ မိုးကိုကလွဲရင် ... ကမ္ဘာပေါ်မှာယောက်ျားဟူ၍ ရှိသည်ပင်မထင်ပုံ။ အဖေနဲ့ အစ်ကိုကလွဲရင်ပေါ့။

မိုးကိုကလည်း သူ့ရဲ့သူငယ်ချင်းအလှပလေးတွေကို စိတ်မချသဖြင့် သွားလေရာ တကောက်ကောက်ပါတတ်သူပါ ...။ ကျောင်းပြီးလို့ အလုပ်ကိုယ်စီဖြစ်နေကြတာတောင် သူက ထိုကော်ဖီနှစ်ကောင်ကို အတတ်နိုင်ဆုံး အကြိုအပို့လုပ်နေသေးသည်။

သူတို့တွေရဲ့ကြားမှာရှိသော ခင်မင်ရင်းနှီးမှုကို သူတို့မိဘတွေအပါအဝင် ပတ်ဝန်းကျင်တစ်ခုလုံးက စောင့်ကြည့်နေကြသည်။

တစ်နေ့ ရူပါကော်ဖီဟာ ပရိမ်ယာနှင့် ဆီနိုဒါနှစ်ယောက်ထဲက တစ်ယောက်ယောက်နှင့် ချစ်ကြိုက်သွားလိမ့်မည်





ဟုပေါ့။

ဒါပေမဲ့ ခုချိန်ထိ သူမတို့သုံးယောက်ကတော့ အေးအေးဆေးဆေးပင်။ မိန်းကလေးနှစ်ယောက်လုံးကလည်း သူမတို့လှရေးပရေးနဲ့ပဲ လုံးပန်းနေတတ်သလိုမနေ။ အေးဆေးတည်ငြိမ်သော မိုးကိုကလည်း အလုပ်အားတာနဲ့ စာအုပ်တစ်အုပ်ဖတ်ပြီး ငြိမ်နေတတ်သည်။

အေးဆေးသောမိုးကိုနှင့် ထိုညီအစ်မဟာ တိုက်ပ်ချင်းမတူသော်လည်း အရမ်းကိုစည်းလုံးချစ်ခင်ကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com





မိုးကို ဒီနေ့ မေမေ့ကိုဈေးလိုက်ပို့ရသည်။ ဈေးကို မနက် တိုင်း သွားတတ်သော မေမေ့ကို များသောအားဖြင့် ဖေဖေကိုယ် တိုင် လိုက်ပို့တတ်သော်လည်း ဒီနေ့တော့ ဖေဖေ ခရီးထွက်သွား သဖြင့် သူလိုက်ပို့ရခြင်းပင်။ ဈေးဝမှာကားရပ်ပြီး

"မေမေ ... သားမလိုက်တော့ဘူး ... ကားပေါ်ကစောင့် မယ် ..."

"အိုး ... သားကလည်း မေမေဝယ်စရာတွေများတယ် ... လိုက်သယ်ပေးဦးလေ ..."

"ဟာ ... မေမေကလည်း ..."

ယောကျ်ားလေးတို့ ထုံးစံအတိုင်း ဈေးခြင်းဆွဲရမည် ဆိုတော့ ရှုံ့မဲ့မဲ့ဈေးထဲမှာ ဈေးသည်တွေရဲ့ အော်ဟစ်ရောင်းသံတွေ





လှုတိုးတာတွေကို မိုကိုစိတ်ညစ်သည်။ မေမေ့နောက်မှာ ခြင်းလေး ဆွဲပြီး တကောက်ကောက်လိုက်ရင်း လှူရှုပ်နေသော ကြက်သား ဆိုင်ရှေ့မှအဖြတ် ...

"အို ..."

"ဟာ ... ဆောရီး ..."

ဘေးမှကောင်မလေးတစ်ယောက်ကို သွားဝင် တိုက်မိသည်။ မော့ကြည့်တောင်းပန်လိုက်သော မိုးကိုရဲ့ မျက်ဝန်း တွေက ကောင်မလေးရဲ့ မျက်မှောင်ကြုတ်နေသော မျက်နှာကို အမြင် ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားသည်။

ကောင်မလေးက သူ့ထက်နှစ်နှစ်သုံးနှစ်တော့ ငယ် နိုင်သည်။ တီရှပ်အပြာနုလေးကို ဘောင်းဘီသရီးကွာတားအနက် ကလေးနဲ့ တွဲဝတ်ထားပြီး ဆံပင်တိုတိုလေးက နားရွက်နားကပ်နေ သည်။ မျက်နှာက သနပ်ခါးမိတ်ကပ် တစ်စက်မရှိဘဲ အကြောစိမ်း လေးတွေပေါ်နေကာ မျက်ခုံးထူတန်းတန်းအောက်က မျက်လုံး ကြည်ကြည်လေးတွေ နှုတ်ခမ်းပါးပါးရဲရဲလေးတွေ ကောင်မလေး က ငမ်းကြောထူနေသော သူ့ကို မျက်စောင်းထိုးပြီး ဆောင့်ဆောင့် အောင့်အောင့်ဖြင့် ထွက်သွားသည်။

"ဟဲ့ ... သား ... အမယ်လေး ... ဒီမှာဘာလုပ်နေတာတုန်း၊ ဟိုးရှေ့မှာ ဈေးဝယ်ပြီး လှည့်ကြည့်တော့ပါမလာဘူး ... ငါ့နှယ် ... နင့်ကိုခေါ်လာရတာ ပိုမောတယ် မိုးကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ဟဲဟဲ ..."

သူ မျက်နှာပိုးမသေစွာနှင့် မေမေ့ကို မျက်နှာချို သွေးလိုက်သည်။

ပြီးတော့ ဘုရားပန်းဝယ်တော့ တစ်ခါပြုန်ဆုံပြုန် သည်။

"အဲဒီဂန္ဓမာအဖြူက ဘယ်လောက်လဲ ..."

အိုး ... အသံလေးက ချိုကြည်တိုးရှကာ နားထဲမှ စိမ့်သွားသည်။

"ဒီဂန္ဓမာစည်းက ဒီအန်တီဝယ်ပြီးသားဖြစ်နေပြီ ညီမလေး ရဲ့ ... တခြားပန်းကြည့်ပါလား ..."

"ဂန္ဓမာမရှိတော့ဘူးလား ..."

သူမအသံလေး တိုးသက်လွန်းသဖြင့် ဈေးသည်ပင် မနည်းနားစိုက်ထောင်ရသည်။

"ကုန်ပြီညီမလေးရဲ့ ... ဒီမှာ အဝါလေးရောမကြိုက် ဘူးလား ... လှပါတယ် ..."

"ဟင့်အင်း ... အဖြူပဲလိုချင်တာ ... နေပါစေတော့ ... တခြားဆိုင်ကပဲ သွားဝယ်လိုက်တော့မယ် ..."

မေမေက ပိုက်ဆံရှင်းပြီးပြီမို့ ပန်းစည်းကိုကောက် ယူကာ သူ့ကိုမေးလိုက်သည်။ သူ့လက်ထဲရောက်လာသော ပန်း စည်းကြီးကို သူမကို ပေးချင်လိုက်တာ။ မေမေဆူမှာစိုးလို့သာ ...။





မေမေကလည်း ဂန္ဓမာအဖြူဆိုသိပ်ကြိုက်တာလေ။ တခြားအရောင် ထက် အဖြူရောင်မှကြိုက်တတ်တာ။

"မိုးကိုရယ် ... ငါ့မှာ ရှေ့ဈေးဝယ်ရတာနဲ့ နောက်လှည့် ကြည့်ရတာနဲ့ စိတ်တောင်ညစ်တယ် ... လာလေ ... အဲဒါ ဘာလုပ်နေတာတုန်း ... သားတွေများ မကောင်းလိုက်တာ၊ မအေကို ဈေးခြင်းလိုက်ဆွဲပေးရတာကို တီဆားနဲ့တို့ထား တာကျနေတာပဲ ... နင်တို့မိန်းမရမှ မိန်းမကိုလိုက်ဆွဲပေး လို့ကတော့ ... ဟင်းဟင်း ... ပိုက်ကျော့ပြတ်အောင်ဆွဲ လိမ်ပြမယ် ..."

မေမေက ထုံးစံအတိုင်း ပွစိပွစိလုပ်နေသည်။

"ဟဲဟဲ ... ဘွားဘွားကလည်း ... ဖေဖေ့ကို ပိုက်ကျော့လိမ် ချင်နေမှာပဲ ... မေမေရဲ့ ဘာလို့ကိုယ်ချင်းမစာတာလဲ"

"အေင်မယ် ... နင့်အဖေက ငါ့ကို ဈေးခြင်းဆွဲပေးရုံတင် မဟုတ်ဘူးဟဲ့ ... သူ့အမေ နင့်အဘွား ငါ့ယောက္ခမကိုလည်း ဆွဲပေးတာပဲ ..."

သားအမိနှစ်ယောက် ပူညံပူညံစကားများနေကြ တာကို ကြားရသဖြင့် မိုးတည်ကြည်လှည့်ကြည့်မိသည်။ သူ့အမေ နောက်က ခြင်းဆွဲကာ ဆူပွဆူပွလုပ်နေသော ကောင်လေးဟာ ခုနကပဲ မိုးတည်ကြည်ကို ဝင်တိုက်လိုက်သေး။ ပြီးတော့ မျက်လုံး ကျွတ်မတတ် ငမ်းလိုက်သော ကောင်လေးလေ။ သားဆိုရင်ရော

www.burmeseclassic.com



မိုးဈေးခြင်းဆွဲခိုင်းရင် အဲလိုပဲနေမလား … သားဆိုမှ သတိရကာ ဈေးကို ခပ်သုတ်သုတ်ဝယ်ပြီး အိမ်မြန်မြန်ပြန်ရသည်။

လသားကလေးငယ်ကို မွန်မွန်နဲ့ထားခဲ့ရတာပင် စိတ်မချ။ သုံးလသာရှိသေးသည့် သားကလည်း မိမိကို မှတ်မိချင်ကာ သူနိုးလာလို့ မိမိမရှိတာနဲ့ အော်တော့တာပင်။

ဈေးပြင်ရောက်တော့ ဆိုက်ကားငှားပြီး အိမ်မြန်မြန်ပြန်ရသည်။ ဈေးနဲ့ မိုးနေသောလမ်းထိပ်က ဘယ်လောက်မှ မဝေးသော်လည်း သားနိုးလာရင် ငိုနေမည်စိုး၍ ဆိုက်ကားငှားဖြစ်သွားသည်။

မိုးကိုပိုင်တို့ကားက သူမဆိုက်ကားလေးကို ကျော်အတက် ကားနောက်ကြည့်မှန်မှ သူမပုံရိပ်လေးကို ကြည့်မိသွားသည်။ မေမေသာမပါရင် သူမနောက်ကို လိုက်ကြည့်မိဦးမည်။ ခုတော့ စိတ်လျှော့လိုက်ရပြီ။

"မေမေ …"

"ဟေ …"

"သားနောက်နေ့တွေလည်း မေမေ့ကို ဈေးလိုက်ပို့မယ်နော်"

"အံမယ် … ဒါက ဘာဖြစ်ပြန်တာလဲ …"

"မေမေ့ကိုဈေးခြင်းလိုက်ဆွဲပေးမလို့လေ …"

"အမလေး … တော်ပြီ … မင်းခေါ်ရတာ ပိုမောတယ် … ငါ့ဘာသာ မင်းအဖေနဲ့ပဲသွားမယ် …"





"သိပါတယ် … မေမေက သားနဲ့ မသွားချင်တာမို့လား"

"ဟယ် … ကောင်စုတ်လေး … မအေကို …"



www.burmeseclassic.com



"အေး ... အေး ... အေ ... သားလေးရယ် ... တိတ်ပါသားရယ် ... မငိုပါနဲ့ ... မေမေငိုချင်လာပြီဟာ ..."

သားသားက ကိုယ်တွေခြစ်ခြစ်တောက်ပူနေသည်မို့ ဂျီကျကာ တဝါးဝါးငိုနေသည်။ အမေပေါက်စလေး မိုးမှာလည်း ကလေးငိုတော့ သူပါငိုမဲ့မဲ့။

မွန်မွန်က သူတို့နှစ်ယောက်ကိုကြည့်ကာ သက်ပြင်းချနေမိသည်။

"မိုးရယ် ... မင်းက မွန့်စကားကိုလည်း နားမထောင်ဘူး၊ ကလေးက အရမ်းငယ်သေးတယ် ... ငါတို့နှစ်ယောက်က ကလေးပီစီကို ပြုစုတတ်တာ မဟုတ်ဘူး ... ကလေးအတွက် အသက်ကြီးပြီးအတွေ့အကြုံရှိတဲ့ နာနီတစ်ယောက် ငှားလိုက်ပါတယ် ... ကိုယ့်မှာ ပိုက်ဆံမရှိတာလည်း မဟုတ်





ဘူး ... ကလေးနဲ့ မတည့်တာတွေဘာညာတွေလည်း မသိနဲ့ ကလေးဒုက္ခရောက်မယ် ..."

"ဟုတ်တယ် မွန် ... ငှားမှဖြစ်တော့မယ် ... အခုလည်း ဆေးခန်းပြရအောင်ဟာ ..."

အဲလိုနှင့် နှစ်ယောက်သား အခန်းတံခါးပိတ်ကာ မိမိတို့နေသော ကန်ထရိုက်တိုက်နှင့် မျက်နှာချင်းဆိုင်ရှိ ဆေးခန်းသို့ ပြေးရတော့သည်။

"ကလေးနဲ့ဘာတော်လဲ ..."

ဆရာဝန်ရဲ့အမေးကို မိုးက သွက်လက်စွာဖြင့် ...

"ကျွန်မက သားသားမေမေပါ ..."

ဆရာဝန်မကြီးက ကလေးအမေဟုဆိုသူလေးကို စေ့စေ့ကြည့်ကာ အကဲခတ်နေသည်။

"ကလေးက ဘယ်နှစ်လရှိပြီလဲ ..."

"သုံးလပါ ဆရာမ ..."

"ကလေးကို ဘာလို့ မိခင်နို့မတိုက်တာလဲ ..."

"ရှင် ... ကျွန်မ ..."

"ဆရာမ သဘောပေါက်ပါတယ် သမီး ... သမီးမှာ ကြီးဒေါ်သွားချင်းကျွေ့ရှိတာ ... ဆိုလိုတာက သမီးအနေနဲ့ ကလေးတစ်ယောက်ကို ကောင်းကောင်းမစောင့်ရှောက်တတ်သေးဘူးလေ ... အထူးသဖြင့် ... သားအရွယ်လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ...”

“မရှိပါဘူး ... သမီးတို့သူငယ်ချင်းနှစ်ယောက်ပဲနေတာပါ ဆရာမ ... အဲဒါကြောင့်လည်း ကလေးအတွက် နာနီတစ်ယောက်လောက် ငှားချင်နေတာ ... ဆရာမအသိထဲမှာရှိရင် ကူညီပါလား ဆရာမရယ် ...”

အသက်နှစ်ဆယ်အရွယ်ကလေးအမေဟု ဆိုနေသူကလေးကို ဆရာဝန်မကြီးက သနားစွာဖြင့် ...

“ဆရာမအသိထဲမှာ တစ်ယောက်ရှိတယ် ... သမီးကိုဆက်သွယ်ရမဲ့ လိပ်စာပေးခဲ့လေ ... ဆရာမ သူ့ကို သမီးဆီလွှတ်လိုက်မယ် ...”

“ဟုတ်ကဲ့ ... ကျေးဇူးပါပဲရှင် ...”

ဒီလိုနဲ့ပဲ သူတို့ကလေးအတွက် နာနီတစ်ယောက်ရလိုက်သည်။ ကလေးထိန်းအဒေါ်ကြီးက အသက်လေးဆယ်ခန့်ရှိပြီး ကလေးလည်းတော်တော်ချစ်တတ်သဖြင့် သူတို့အတွက် အဆင်ပြေသွားသည်။

ကလေးထိန်းရှိပြီမို့ ... သူတို့မူလတိုင်ပင်ထားသည့်အတိုင်း စတိုးဆိုင်လေးဖွင့်ဖို့ ပြင်ဆင်ကြသည်။

မိုးက အစတည်းက ထိုအကြံအစည်ရှိသဖြင့် မြေညီထပ်ကိုဝယ်နိုင်းခြင်းဖြစ်သည်။

“မွန် ... ဒီအထပ်မှာ ဆိုင်လည်းဖွင့်မယ် ... လူလည်းနေ





မယ်ဆိုရင်တော့ မဖြစ်သေးဘူး ...”

“အဲတော့ ငါတို့ ဘယ်လိုလုပ်မှာလဲ ...”

“ငါတို့အပေါ်ထပ်ကို ပြန်ဝယ်လို့ရရင်ကောင်းမယ် မွန် ... အဲဒါဆို မဆိုးဘူး ...”

အဲလိုနဲ့ပဲ သူတို့ရဲ့ ပထမထပ်ကို ဈေးကောင်းပေးဝယ်လိုက်သည်။ ပြီးတော့ အပေါ်ထပ်က လူနေပြီး အောက်ထပ်ကို ဆိုင်ဖွင့်လိုက်သည်။ ပြီးတော့ စတိုးဆိုင်နှင့် တွဲလျက် စာအုပ်အငှားဆိုင်ပါတွဲဖွင့်လိုက်သည်။

“မွန် ... နင်လည်း ကုမ္ပဏီအလုပ်ကထွက်လိုက်ပါဟာနော်၊ ငါတို့ သားအမိနဲ့ပဲနေပေးပါတော့ ... ပြီးတော့ ဆိုင်ကရတဲ့ အမြတ်ကို နင့်ကိုလည်း ရှယ်ယာသဘောမျိုးပေးမယ်လေ”

“မလိုပါဘူး မိုးရယ် ... ငါက တစ်ကောင်ကြွက်ပါ ... နင်တို့သားအမိနဲ့ဆို မိသားစုနဲ့ နေရသလိုတောင် ခံစားရသေးတယ် ... စိတ်ချ ... ငါ ယောက်ျားမယူမချင်း နင်နဲ့နေမှာ”

“ကြည့်စမ်း မွန်မွန်စုတ် ... နင်က ခုကတည်းက ယောက်ျားယူဖို့ စဉ်းစားနေပြီပေါ့လေ ... ပြောစမ်း ... ငါ့ကိုပြောတော့ ရည်းစားမရှိဘူးလေး ဘာလေးနဲ့ ...”

“မရှိသေးပါဘူးဟာ ... ငါ့လို ဖက်တီးပုပ်ကိုလည်း ဘယ်သူမှ မကြိုက်ပါဘူး ... စကားအဖြစ်ပြောတာပါ ... ဟဲဟဲ ... လူအထင်ကြီးရုံဖိန့်ကြည့်တာ ...”



www.burmeseclassic.com

www.burmeseclassic.com



“ဟင်း … တော်သေးတာပေါ့ … ငါက တကယ်မှတ်လို့”

ဒီလိုနဲ့ပဲ မွန်လည်း အလုပ်ထွက်လိုက်ကာ စတိုးဆိုင်ရဲ့ စာအုပ်ငှားဆိုင်လေးမှာပဲ လုပ်တော့သည်။

တစ်ညု …

နာနီက သားကိုသိပ်နေချိန် သူတို့နှစ်ယောက် ဝရန်တာမှာထိုင်ပြီး စကားပြောနေကြသည်။

“မိုး … ”

“ပြောလေ မွန်မွန် … ”

“နင် ငါ့ကို တကယ်မုခင်ဘူးနော် … ”

“မွန်ရယ် … သားဟာ ငါ့သားအရင်းပါဟာ … အဲဒီလောက်ပဲ ငါပြောချင်တယ် … ”

“ဒါဆို သူ့အဖေ ဘယ်မှာလဲ … သူ့အဖေ ဘယ်သူလဲ … ”

“ငါမသိဘူး … ”

“မိုး … ဒါ ဘယ်သူ့ကလေးလဲလို့ … ”

“ငါ့ကလေးပါ … ငါ့သားလေးပါ … သားသားမောင်ဟာ ငါ့သားလေးပါ မွန်မွန်ရယ် … ”

“ဟင် … နင့်ပုံက လသားကလေးငယ်ရဲ့ မိခင်ပုံစံမှမဟုတ်တာ မိုးရယ် … နင်သာ နင့်သားလေးကို ဒီလောက်ချစ်တယ်ဆိုရင် မိခင်နဲ့တိုက်ရမှာပေါ့ … ကဲ … ဘာလို့မတိုက်တာလဲ”

မိုး မျက်နှာရဲခနဲဖြစ်သွားကာ မျက်ရည်ပေါက်ပေါက်





ကျလာသည်။ မွန်မွန်က …

“နင်ဘာတွေဖြစ်ခဲ့လဲ … ငါ့ကိုပြောပြပါလား သူငယ်ချင်း”

“ဟင့်အင်း … မွန် ငါ့ကိုတစ်မျိုးတော့မထင်ပါနဲ့ဟာ … ငါဘာမှပြောချင်စိတ်မရှိဘူး … သားဟာ ငါ့သားလေးဆိုတာလွဲလို့ ငါ့မှာ ဘာမှပြောစရာမရှိဘူး … ”

“အေးပါဟာ … ငါက နင်တစ်ယောက်တည်း ကျိတ်ပြီးခံစားနေရမှာစိုးလို့ စေတနာနဲ့ပြောတာပါ … ဘာပဲဖြစ်ဖြစ် သားက ချစ်မွေးပါတယ်ဟဲ့ … မျက်နှာမြင်တာနဲ့ ချစ်နေကြရောပဲ … ”

“အင်း … ”

“ကဲ … ငါအိပ်တော့မယ် … နင်လည်း အိပ်တော့လေ … တစ်နေ့လုံး ဆိုင်ထိုင်ရ ကလေးထိန်းရနဲ့ မပင်ပန်းဘူးလား”

“အင်း … အိပ်တော့မယ် … ”

အိပ်ရာထဲနဖူးပေါ် လက်တင်ပြီး အတိတ်ရဲ့ မျက်ရည်နွေ့တွေကို ပြန်မြင်ယောင်မိသည်။

“မပိုးရယ် … မပိုးအပေါ် ရက်စက်သွားတဲ့ သူကို ဘာလို့ မပြောသွားရတာလဲ … ဘာလို့ သောကတွေကို ကျိတ်ပြီး ခံစားသွားရတာလဲ … ”

အိပ်မပျော်သဖြင့် ညအိပ်မီးလုံးလေးကိုဖွင့်ကာ မပိုးရဲ့ ဒိုင်ယာရီလေးကို ဖွင့်ကြည့်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်မိတော့ ဒိုင်ယာရီထဲမှာ ညှပ်ထားသော ဓာတ်ပုံတစ်ပုံက ထွက်ကျလာပြန်သည်။ ပြုံးကြည်နူးနေရှာသော မပိုး မပိုးရဲ့ဘေးမှာတော့ တည်ကြည်ခန့်ညားသော ပုံစံဖြင့် ယောက်ျားတစ်ယောက် ဓာတ်ပုံရဲ့နောက်ကျောဘက်မှာတော့ ...

"ရက်စက်လိုက်တာ ကိုမောင်ရယ် ... "

တဲ့။ ဒါဆို ဒီယောက်ျားနာမည်က ကိုမောင်ပေါ့ ...။ သားသားမောင်ရဲ့ဖခင်ပေါ့။ မိုးရဲ့မျက်ဝန်းမှာ နာကြည်းရိပ်တွေထင်နေသည်။

"မပိုးသေရတာ ဒင်းကြောင့် ... "







ရူကော်ဖီဟာ နောက်တစ်နေ့မနက် မေမေဈေးသွားချိန် မေမေ့ကို လိုက်ပို့ဖို့ အဆင်သင့်။ ကားသော့ကလေးကိုင်လို့ ...

"အံမယ် ... ဒါက ဘယ်သွားမလို့လဲ ... "

"မေမေ့ကို ဈေးလိုက်ပို့မလို့လေ ... "

"တော်ပြီ ... နင့်အဖေနဲ့ပဲသွားတော့မယ် ... သားလိုက်ပို့တာက မေမေ ပိုပင်ပန်းတယ် ... "

"ဟာ ... မေမေကလည်း သားလိုက်ပို့ပါမယ်ဆို ... "

"ဧကန္တ ဈေးထဲမှာ ဆွဲဆောင်မှုတစ်ခုခုတော့ ရှိနေပြီထင်တယ် ... ပြောစမ်း ... ဘာဖြစ်လို့ လိုက်ချင်တာလဲ ... "

"ဘာဖြစ်လို့မှ မဟုတ်ဘူး ... သားလည်း စောစောနိုးနေလို့



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ ဈေးလိုက်ချင်တာ ...”

ထိုအချိန် ဖေဖေက အခန်းထဲထွက်လာကာ ...

“မေကြီး ... သွားမယ်လေ ...”

“လာပြီ ဖေကြီးရေ ...”

“ကားသော့ရော ...”

“ရှင့်သားဆီမှာလေ ...”

နောက်ဆုံးတော့ သူ မီဘနှစ်ပါးကို ကားမောင်းပို့ရင်းပါသွားသည်။ တစ်ရက်ကနေနှစ်ရက်၊ နှစ်ရက်ကနေ တစ်ပတ်ဆယ်ရက်ကြာလာချိန်မှာတော့ မိုးကို လက်လျှော့ရမလိုဖြစ်လာသည်။ တွေ့ချင်သူကို လုံးဝရှာမတွေ့တော့။ အဲလိုမှန်းသိရင် သူမကို စ,တွေ့တဲ့နေ့က အိမ်လိုက်သွားလိုက်ရကောင်းသား။ တစ်လတိတိ ဈေးကို တစ်ရက်မပြတ်လိုက်ခဲ့သော်လည်း သူမကို မတွေ့ရတော့။ ငယ်နုသောမျက်နှာလေးကို မြင်ယောင်တမ်းတမိရင်း မတွေ့ရလေ ပိုပြီးတွေ့ချင်လေဖြစ်နေမိသည်။ တကယ်တော့ မိုးတည်ကြည်က ဈေးသွားခဲ့ပါသည်။ မွန်မွန်ပဲ သွားတာမို့ သူမတွေ့ရချင်းပါ။ နီးလျက်နဲ့ဝေးဆိုသလိုပင် မိုးတည်ကြည်က မိုးတို့နေသော လမ်းထိပ်က ကန်ထရိုက်တိုက်ခန်းတွေမှာနေတာပါ။ ပြီးတော့ စတိုးဆိုင်ဖွင့်ထားကာ ဆိုင်အမြဲထိုင်တတ်သော်လည်း သွားလေရာ ကိုယ်ပိုင်ကားပေါ်ကမဆင်းသော မိုးကိုက လမ်းထိပ်က စတိုးဆိုင်လေးကို သတိမထားမိခြင်းရယ်ပါ။





သူ့အာရုံနဲ့သူမို့ မိုးတည်ကြည်ကလည်း သတိမထားမိ။

မိုးကိုရဲ့ပုံစံက တစ်နေ့ထက်တစ်နေ့ မှိုင်တွေတွေဖြစ်နေသည်။ ရုံးပိတ်ရက်မှာ ဆီနီဒါတို့ ညီအစ်မကလည်း နားရက်မို့ သူမတို့ ရှော့ပင်ထွက်တာကို လိုက်ပို့ရမည်ဖြစ်သော်လည်း သူ အိမ်ထဲကအိမ်ပြင် မထွက်ချင်ဖြစ်နေသည်။

“သားရေ ... ဖုန်းလာနေတယ် ...”

“ဟုတ် ...”

ဆီနီဒါက အပြင်သွားဖို့လှမ်းခေါ်သည့်ဖုန်းပါ။ သူ လေးကန်သော ခြေလှမ်းတွေဖြင့် ကားသော့ဆွဲကာ ထွက်လာသည်။ ကားစက်နှိုးပြီးချိန်မှာတော့ ခြံစည်းရိုးမလှမ်းပေါက်မှ တိုးဝင်လာသော သူငယ်ချင်းမလေးနှစ်ယောက်။

“စုပါ ...”

“ဝေ ...”

“နှင် ခုတလော ဘာစတန့်ထွင်နေတာလဲ ... အန်တီကို မနက်တိုင်း ဈေးလိုက်ပို့နေတယ်ဆို ...”

“ဈေးပို့တာပဲ စတန့်ထွင်တာမှ မဟုတ်တာ ...

“နှင် အရင်ကဆို ဈေးလိုက်ရမှာ အသေကြောက်တာလေ၊ ဗွက်ပေမှာ၊ ဈေးခြင်းဆွဲရမှာ အရှမ်းကြောက်တာလေ ... အဲဒီလိုလူက မနက်တိုင်း ဈေးကိုလိုက်နေတာ စတန့်ထွင်

www.burmeseclassic.com



တာမဟုတ်ဘူးဆိုရင်တော့ အကြောင်းတစ်ခုခုရှိမှာ သေချာတယ် ...”

“မရှိဘူး ...”

“မရှိတာသေချာလား ...”

“သေချာတယ်ဟာ ...”

“အိုကေ ... သေချာတယ်ဆိုရင် ငါတို့ကို ကော်ဖီတိုက်”

“ဟင် ... နောက်ဆုံး ဒီဘူတာပဲဆိုက်တာပဲ ... ကားဆီကုန်ခံပြီးလည်း ပို့ရသေးတယ် ... သူတို့ကတော့ တိုက်မယ်မရှိဘူး ...”

“အံမယ် ... နင်ကပဲတိုက်သင့်တယ်၊ ငါတို့ညီမနှစ်ယောက်စလုံးက အလှပဂေးတွေ ... အဲဒီလိုအလှပဂေးနှစ်ယောက်နှင့် တွဲထွက်ရသဖြင့် သင်ဟာ ကံကောင်းသူတစ်ယောက်အလိုလိုဖြစ်သွားတယ် ... မောင်စူပါ ... အဲဒါကြောင့် ကော်ဖီသောက်ရသင့်တယ် ...”

“တော်ပါကွာ ... ပေါက်ကရတွေလျှောက်ပြောနေတယ်”

“ဒါဖြင့် နင်က မတိုက်ဘူးလား ...”

“တိုက်မှာပေါ့ဟာ ...”

သူမတို့နှင့် စကားနိုင်လုနေချိန်မှာတော့ ကောင်မလေးကို သတိရတာ နည်းနည်းသက်သာသလိုပင်။ ကောင်မလေးက ပရီမီယာထက်ပင် ငယ်မဲ့ပုံစံလေးပါ။ သူတို့ရဲ့အဖွဲ့ထဲမှာ ကောင်မလေးပါ ပါမယ်ဆိုရင် ပိုပြီးပျော်စရာကောင်းမည် ထင်ပါသည်။





ရှော့ပင်းစင်တာတွေ တစ်ခုပြီးတစ်ခု ခြေဆန့်နေသော ကော်ဖီနှစ်ကောင် နောက်တကောက်ကောက်လိုက်ရင်း ညောင်းလာသည်မို့ ...

“ငါ ကော်ဖီသောက်ရင်း စောင့်မယ်ဟာ ... မလိုက်နိုင်တော့ဘူး ... မျက်စိတွေနောက် ခြေထောက်တွေညောင်းနဲ့ မလိုက်ချင်တော့ဘူး ...”

“အိုကေ ... နင် ဒီရှေ့က ကော်ဖီဆိုင်ကပဲစောင့် ... ငါတို့ပြီးတာနဲ့ ဒီကိုလာခဲ့မယ် ...”

“အိုကေ ...”

သူ ကော်ဖီသောက်ရင်း အပြင်ကိုငေးနေမိသည်။ မိုးလေးတစ်ပေါက်နှစ်ပေါက်ကျလာသည်။ ထိုစဉ်မှာပဲ သူ့မြင်ကွင်းထဲသို့ ဖဲထီးကြည်ကြည်လေးတစ်ခုဝင်လာသည်။ ငါးပေခန့်ရှိသော အရပ်ပုပုလေး။ ပြီးတော့ ဆံပင်တိုစိစိလေး။ ပြီးတော့ ဒူးထိစကတ်အကွက်လေးကို အပေါ်ကချည်သားအင်္ကျီလက်ပြတ်ကလေးနဲ့ နောက်ဆုံး သူ့အကြည့်တွေ သူမမျက်နှာလေးဆီ ရောက်သွားချိန်မှာတော့ ...

“ဟာ ... ကောင်မလေး ...”

သူ ကော်ဖီဆိုင်ထဲက ပြေးထွက်လိုက်သည်။ မိုးကဝေါခနဲရွာချလိုက်သဖြင့် သူ့တစ်ကိုယ်လုံး ကြွက်စုတ်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မိုးကို သူမမှုအားသေး။ ကောင်မလေးကို မျက်ခြည်မပြတ်ရေးကသာ အဓိက။

ကောင်မလေးက ဆီနီဒါတို့ ဝင်သွားသော ရှော့ပင်းစင်တာထဲ ဝင်သွားသည်။ ထီးကိုပိတ်ပြီး ဘောက်ဆတ်ဘောက်ဆတ်လျှောက်သွားပုံလေးက အသည်းယားစရာ။

သူမလေးက ကလေးပစ္စည်းတွေရောင်းသောကောင်တာဘက်ကိုသွားကာ ကလေးပစ္စည်းလေးတွေဝယ်နေသည်။ ကေန္တသူမမှာ ချစ်စရာကောင်းသော မောင်လေး ညီမလေးတွေရှိသည်ဘင်သည်။ ထို့နောက် သူမက အရုပ်ကောင်တာဘက်သွားကာအရုပ်တွေသွားကြည့်နေပြန်သည်။ သူက ဝက်ဝံရုပ်ကလေးတစ်ခုကိုလှမ်းယူလိုက်ပြီး ...

"အဒီအရုပ်ကလေးလှလား ... လှပါတယ်နော်၊ ကျွန်တော်အရုပ်မရွေးတတ်လို့ ... အပန်းမကြီးရင် ကူညီပါလား"

သူရောမှန်းသိတဲ့ပုံဖြင့် မျက်မှောင်ကြုတ်ကာ ခေါင်းယမ်းပြသည်။

"မလှဘူးလား ..."

သူမ အရုပ်ကောင်တာဘက်မှ လှည့်ထွက်သွားသည့် သူမနောက်လိုက်ဖို့ ခြေလှမ်းအရွှေ့ အင်္ကျီကော်လံကို လှမ်းဆွဲတာခံလိုက်ရသဖြင့် လှည့်ကြည့်လိုက်တော့ ပရိုမိုယာက ...

"ပြောတော့ ကော်ဖီဆိုင်ကဝဲစောင့်မယ်ဆို ... ငါတို့နောက်





လိုက်ဖို့ကျတော့ ခြေညောင်းသလေး ... မျက်စိနောက်သလေးနဲ့ ..."

သူငယ်ချင်းမလေးရဲ့မျက်စောင်းကို ပြန်ပြောင်ပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





ဒုတိယအကြိမ်လွဲသွားပြီးချိန်မှာတော့ သူ ပိုပြီး နောင်တရမိသည်။

ထိုနေ့က ပရီမီယာသာ သူ့ကို အချိန်ကိုက်တွေ့ မသွားရင် သူ သူမလေးနောက် လိုက်သွားမိမှာ အမှန်ဖြစ်သည်။ ခုတော့ သူမကို ရှာတွေ့ဖို့က ဘဲဥအစရှာရသလို ဖြစ်ဦးမည်။

အလုပ်ထဲမှာစိတ်မပါသဖြင့် ရုံးခန်းထဲရှိ စားပွဲပေါ် မေးထောက်ပြီး ငိုင်နေတုန်း ဖုန်းမြည်သံထွက်လာသဖြင့် ...

"ဟယ်လို ... "

"စူပါ ... "

"ပြောလေ ပရီမီယာ ... "

"ဆီနီ့ဒါအကြောင်းတိုင်မလို့ ... "

ထူးထူးဆန်းဆန်း ဒီလောက်ချစ်ခင်စည်းလုံးသည့်





ညီအစ်မနှစ်ယောက် တစ်ခါမှုရန်ဖြစ်စကားများ သဘောထား မတိုက်ဆိုင်တာမျိုး မဖြစ်ခဲ့ဘူးသည့် ညီအစ်မနှစ်ယောက် ဘာဖြစ် ကြပါလိမ့်။

"စူပါ ... ကြားရဲ့လား ... "

"အင်း ... ပြောလေ ... "

"ဆီနီ့ဒါလေ ကောင်လေးတစ်ယောက်နဲ့ ကြိုက်နေပြီ"

"ဟာ ... "

သူ့သူငယ်ချင်းမလေးနှစ်ယောက်မှာ ဒီလိုကိစ္စမျိုး တစ်ခါမှ မရှိဘူးသဖြင့် အံ့သြသွားရသည်။

"ဆီနီ့ဒါထက် ပရီမီယာက နှစ်နှစ်ငယ်တယ်နော် ... ပရီမီ ယာကတောင် ကောင်လေးလို့ခေါ်ရတယ်ဆိုတော့ စူပါစဉ်း စားကြည့်တော့ ... "

"ဟာကွာ ... ဆီနီ့ဒါ ဘာတွေလျှောက်လုပ်မှန်းမသိဘူး"

"အနီးကပ်နေတဲ့ ပရီမီယာတောင် မရိပ်မိလိုက်ဘူး ... သူ တို့ကြိုက်နေတာ ကြာပြီထင်တယ် ... ဒီနေ့ ပရီမီယာက သင်တန်းက ခွင့်ယူထားတာလေ ... မေမေနဲ့ အသိတစ် ယောက် ဆေးရုံလိုက်ပေးရလို့ အဲဒါ လမ်းမှာ သူတို့ကို တွေ့ လိုက်တာ ... "

"အန်တီတွေ့သွားသေးလား ... "

"ဟင့်အင်း ... မေမေ မတွေ့လို့ တော်သေးတာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မနက်က ရူပါ သူ့ကို သင်တန်းတော့ ပို့ခဲ့ပါတယ်နော်”

“ဟာ … ကိုယ်က ဘာကြောင့် မပို့ရမှာလဲကွ … စွပ်စွပ်စွဲစွဲ”

“ပရိမီယာတစ်ယောက်တည်း မသိတာလားလို့ပါ … ”

အဲဒီနောက် သူတို့နှစ်ယောက် ဆီနိုဒါကို တားမြစ်ရေးဆွေးနွေးကြပါသည်။ သူ့စိတ်ထဲလည်း ဆီနိုဒါကိစ္စကို ဘယ်လိုမှ လက်ခံလို့မရပါ။ ဆီနိုဒါဟာ သူ့ထက်ငယ်ရွယ်သော ကလေးသာသာ ထိုကောင်လေးနဲ့ လက်တွဲလို့ ဘဝတစ်လျှောက်လုံးသာယာနိုင်ပါ့မလား။

နောက်တစ်နေ့မှာလည်း ခေါင်းကိုက်တယ် … ။ အကြောင်းပြကာ ပရိမီယာက သင်တန်းသို့မလိုက်။ ထုံးစံအတိုင်း ရူပါကတော့ သူမကို သင်တန်းသွားပို့ခဲ့ပြီး တစ်ပတ်ပြန်ပတ်ကာ သင်တန်းနဲ့ မလှမ်းမကမ်းမှာ ကားရပ်ပြီးစောင့်ကြည့်နေမိသည်။ ခဏနေတော့ ပရိမီယာလည်း သူ့ကားရပ်ထားရာသို့ ရောက်လာသည်။

သူတို့နှစ်ယောက် ကားထဲကနေ သူမတို့ရဲ့သင်တန်းဝကို မျက်တောင်မခတ်စတမ်း ကြည့်နေကြသည်။

မကြာလိုက်ပါ။ သင်တန်းဝသို့ ကောင်လေးတစ်ယောက် လျှောက်သွားကာ ဂိတ်စောင့်ကို ဘာတွေပြောနေသည်မသိ။ ခဏကြာတော့ ဆီနိုဒါထွက်လာတာတွေ့လိုက်သည်။ အံ့မယ်။ ဆီနိုဒါက ကောင်လေးကိုမခေါ်ဘဲ ထွက်သွားသည်။ သူမခြေလှမ်း





ငါးဆယ်စာ လောက်ရောက်မှ ကောင်လေးကလိုက်သွားကာ သင်တန်းနဲ့ မလှမ်းမကမ်းကိုရောက်မှ သူတို့အတူယှဉ်တွဲထွက်သွားကြသည်။

“တွေ့လား … လူလည်နှစ်ယောက် … အဲလိုနဲ့ ငါခံနေရတာ ဘယ်လောက်ကြာပြီလဲ … ”

ပရိမီယာက ကြိတ်မနိုင်ခဲမရဖြစ်နေသည်။

“ခုသွားချုံ့မယ် … ”

“နေဦး ပရိမီယာရဲ့ … ဒီလောက်တွေ့ရုံနဲ့ သူတို့ကြိုက်နေတယ်လို့ ပြောလို့မရသေးဘူး … ငါတို့နောက်ကနေ လိုက်ကြည့်ရအောင် … ”

“အို … ဒီလောက်သေချာနေတာချည်းကို … ”

“နေဦး နင် သွေးမဆူစမ်းပါနဲ့ … ငါ့စကားကို နားမထောင်ဘူးလားပြော … ”

“ငါ ဒေါသထွက်နေပြီဟဲ့ … ငါပြောတယ်မို့လား … အဲဒီကောင်လေးက ငါ့ထက်တောင် ငယ်မဲ့ပုံပဲ … မသကာရှိလှမှ ဆယ့်ရှစ်နှစ်ပေါ့ … ”

“အေးဟာ … ဆီနိုဒါ ဘာလုပ်မှန်းမသိဘူး … ”

ကောင်လေးကအသားဖြူဖြူသွားစွယ်ဖွေးဖွေးလေးနှင့် ရုပ်ကလေးက ကလေးရုပ်ပင် မဖျောက်ချင်သေးဘဲ ချစ်စရာကောင်းလေးပါပဲ။ ဒါပေမဲ့ ဒီကလေးသာသာ သူမထက်လေးငါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ထက်မနည်း ငယ်နိုင်သော ထိုကောင်လေးကို ဆီနိုဒါ ဘယ်လိုလက်တွဲမလဲ။

လက်တွဲခဲ့ရင်တောင် ထိုလက်တွဲက မြဲပါ့မလား။ အဆင်ပြေချောမွေ့ပါ့မလား။ မရ,ရအောင်ဖျက်ရမယ်ဟူသော ဆုံးဖြတ်ချက်က အလိုလိုကျပြီးချိန်မှာတော့ ဆီနိုဒါတို့နှစ်ယောက်က ရုပ်ရှင် ရုံထဲဝင်သွားပြီး ...

"ကဲတွေ့လား ... ရုပ်ရှင်ကြည့်ပြီ၊ နင် ဒီထက်ပိုပြီး သေချာချင်ရင်တော့ ရုပ်ရှင်ရုံထဲလိုက်ဝင်ရုံပဲ စုပါရဲ့ ..."

ပြောပြောဆိုဆို ပရီမယာက ကားပေါ်ကဆင်းကာ သူ့အစ်မနောက်လိုက်ဖို့ပြင်သည်။ သူ့မှာ ပရီမီယာ့ကို ကမန်းကတန်း ဆွဲထားရသည်။

"ဘာလုပ်တာလဲ ..."

"နင် ဘာလုပ်မှာလဲပြော ..."

"ဘာလုပ်မလဲ ... ဆီနိုဒါကို သွားခေါ်ရမယ် ... ဟိုကောင်လေးကိုလည်း ပြောသင့်ပြောထိုက်တာ ပြောရမှာပါ ..."

"ဒီလူးဆိုင်းတီးမလို့လား၊ တွန်းပို့သလိုဖြစ်သွားမယ်နော်"

"ဒီလူးဆိုင်းမတီးဘဲ ပန်တျာအကနဲ့ ထွက်ရမှာလား ... အဲဒါဆို ဒါပါ အဲဒီကောင်လေးကို ကြိုက်လိုက်ဖို့ပဲရှိတော့တယ် ..."

"ဟိုမှာက ရုပ်ရှင်ရုံထဲဝင်သွားပြီ ... နင် ဘယ်လိုလိုက်ခေါ်





မလဲ၊ ငါ ကားပေါ်ခါကင်ထိုးတုန်း ရုပ်ရှင်လက်မှတ်နှစ်ဆောင် သွားဖြတ်လာခဲ့၊ ရုပ်ရှင်ရုံထဲလိုက်ဝင်မယ့်စုံတွဲတွေက အပေါ်ထပ်မှာပဲ ကြည့်တယ်နော် ... အပေါ်ထပ်မှာဖြတ်ခဲ့ သွား"

ပရီမီယာက ရူပွပွဖြင့် လက်မှတ်ဖြတ်ဖို့ ထွက်သွားသည်။

ထို့နောက် သူတို့နှစ်ယောက် ရုပ်ရှင်ရုံထဲရောက်သွားရတော့သည်။

ဖြစ်ချင်တော့ ... သူတို့က နောက်ကျသဖြင့် လက်မှတ်က ထောင့်ခုံပဲ ရတော့သည်။ သူတို့ရဲ့နောက်တည့်တည့်မှာမှ ဆီနိုဒါတို့အတွဲ။ ဆီနိုဒါဟာ သူတို့ရောက်လိမ့်မည်ဟု လုံးဝလုံးဝမှ မထင်မှတ်ထားစွာနှင့် သူ့ရှေ့ကထိုင်နေသော စုပါတို့နှစ်ယောက်ကို လုံးဝသတိမထားမိ။

စုပါတို့ကလည်း ရုပ်ရှင်စ,ပြသော အချိန်မှာမှ မှောင်ရိပ်ခိုပြီးဝင်သလိုဖြစ်သွားသည်ကိုး။

ပရီမီယာရော ... သူပါ ရုပ်ရှင်ကိုစိတ်မဝင်စားဘဲ နောက်ခုံကိုသာ အာရုံစူးစိုက်နေကြသည်။

"မမ ... နေကြာစေ့စားမလား ..."

အသံတိုးစိစိကို ကြားဖြစ်အောင် ကြားလိုက်ကြသေးသည်။ ပရီမီယာက နောက်ကို ချာခနဲလှည့်ကြည့်ဖို့ပြင်သည်။ စုပါက သူမကို ဆွဲထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စူပါ ..."

ပရီမီယာ ဒေါသထွက်ပုံဖြင့် သွားကြားထဲက လေတိုးသံထွက်လာသည်။

"နေပါဦး ... နင်ခုချိန်မှာ ဘာလုပ်မှာလဲပြော ..."

ထို့နောက် ပရီမီယာငြိမ်သွားသည်။

"အို ... မောင်နော် ..."

နောက်ကအသံထပ်ပြီးထွက်အလာမှာတော့ ပရီမီယာက ဖုန်းခနဲ နောက်ကိုလှည့်ကာ ...

"ဆီနီဒါ ... နင်ဘာလုပ်တာလဲ ... ခုပြန်မယ် ထ ..."

"ပရီမီယာ ..."

"အေး ... ဟုတ်တယ် ... ငါပဲ ..."

စူပါလည်း မထိန်းနိုင်တော့ဘဲ ကြည့်နေရသည်။

"ရုပ်ရှင်ရုံထဲ ရှပ်ပျက်ဆင်းပျက်လာမလုပ်နဲ့ ... ပရီမီယာ နင်ပြောချင်ရင် အိမ်ရောက်မှပြော ..."

"အေး ... အိမ်မှာဆို မေမေသိမှာစိုးလို့ ဒီမှာပြောရတာ ... ဒီမှာ မပြောစေချင်ရင် ပြန်လိုက်ခဲ့တော့လေ ..."

"ဟုတ်တယ် ဆီနီဒါ ... ပြန်ရအောင် ..."

"ဟင် ... စူပါ ..."

"ဟုတ်တယ် ..."

"နင်တို့ ဘာလို့ခိုးကြောင်ခိုးဝှက်လိုက်လာရတာလဲ"





"အေး ... နင်ကလည်း ဘာလို့သင်တန်းကခိုးထွက်ရတာလဲ ..."

"ကျွတ် ..."

ဆီနီဒါကောင်လေးဆီမှ စုတ်သပ်သံထွက်လာသည်။

"နင်က ဘာစုတ်သပ်ရတာလဲ ... လူကြည့်တော့ မလောက်လေးမလောက်စားနဲ့ ..."

"ခင်ဗျားလာကောနေပုံကလည်း ,တော်တော်လူကြီးဆန်တာကိုး ..."

"တော်ကြာတော့ ပရီမီယာရော၊ ဆီနီဒါပါ ထ,ပြန်မယ်"

စူပါရဲ့ ဟောက်သံပါသော စကားအဆုံးမှာ နှစ်ယောက်စလုံး မတ်တတ်ထရပ်သည်။ တော်သေးတာပေါ့။ သူတို့ထိုင်နေတာက ထောင့်မှာမို့ အခြားသူတွေကို အနှောင့်အယှက်သိပ်မဖြစ်။

"မမ ..."

"နေခဲ့နော် ... မမပြန်လိုက်သွားတော့မယ် ..."

"ဆီနီဒါ ..."

ပရီမီယာအသံစူးစူးထပ်ထွက်လာချိန်မှာတော့ စူပါက ကော်ဖီနှစ်ကောင်ကိုဆွဲကာ ရုပ်ရှင်ရုံထဲမှ အမြန်လစ်ထွက်ရတော့သည်။

ကားပေါ်ခါင်ရောက်တော့ အရင်ကဆို ရှေ့ခန်းက



www.burmeseclassic.com

www.burmeseclassic.com



မောင်းသူဘေးကနေရာကိုလုထိုင်တတ်သော သူငယ်ချင်းနှစ်ယောက်က ငြိမ်သက်ကာ ဆီနီဒါက ဘယ်သူ့ကိုမှ စကားမပြောချင်ပုံမျိုးဖြင့် ကားနောက်ခန်းထဲ ဝင်ထိုင်သည်။

ပရီမီယာကလည်း ကားရှေ့ခန်းမှာပဲထိုင်သည်။ သူက ကားကို လူရှင်းသော မြို့စွန်ဘက်မောင်းထွက်ခဲ့ပြီး ကုက္ကိုပင်တစ်ပင်အောက် ထိုးရပ်လိုက်သည်။

"ကဲ ... ဆီနီဒါ ... "

"ငါ ဘာမှပြောချင်စိတ်မရှိဘူး စူပါ ... အိမ်ပြန်မယ် ... "

"သူက နင့်ထက်စာရင် အသက်တော်တော်ငယ်မယ်ထင်တယ် ... "

"အဲဒါ နင်နဲ့ မဆိုင်ဘူး ... "

"ဆီနီဒါ ... "

"နေနေ ... ပရီမီယာပြောပါစေ ... မဆိုင်ဘူးလို့ သတ်မှတ်တာက သူ သတ်မှတ်တာလေ ... ငါ့ဘက်ကတော့ နင်ဟာ ငါ့သူငယ်ချင်း ... အဲဒါကြောင့်၊ ငါ့သူငယ်ချင်းကောင်းဖို့ ငါ အမုန်းခံသင့်ရင်လည်းခံမှာပဲ ... "

"ငါက ဘာမကောင်းနေလို့လဲ ... ငါ့အသက်နှစ်ဆယ့်နှစ်ရှိပြီ ... ရည်းစားထားတာဘာဖြစ်လဲ ... "

"ရည်းစားထားတာ ဘာမှမဖြစ်ဘူး ... အေး ... ထားသင့်တဲ့သူဆိုရင်ပေါ့ ... "





"ဘာလဲ ... ငါ့ချစ်သူက ဘာဖြစ်နေလို့လဲ ... နူနာကျိုးပဲ့နေလို့လား ... "

"သူက သိပ်ငယ်တယ် ... သစ်ရွက်လှုပ်တဲ့ဒဏ်ကိုတောင် မခံနိုင်သေးတဲ့ ကလေးသာသာကောင်လေးတစ်ယောက်ကို တစ်ဘဝလုံး နင် ဘယ်လိုအားကိုးမလဲ ဆီနီဒါ"

"နင်က သိပ်ရယ်စရာကောင်းတယ် သိလားစူပါ ... ဒီခေတ်ကြီးမှာ ယောကျ်ားယူတာ အားကိုးဖို့ဆိုတဲ့ ခပ်နိမ့်နိမ့်အပြုအမူမျိုး သိပ်ကိုရှားပါးသွားပြီ စူပါ ... ပြီးတော့ အသက်ငယ်တာကြီးတာထက် အသိစိတ်ရှိတဲ့သူက အသက်ငယ်လည်း အသိရှိမှာပဲ ... "

"နင်တော့ စိုလိုးကန်းနေပြီ ဆီနီဒါ ... ထားပါ ... သူ့ကို အားမကိုးဘူး ... ပြီးတော့ သူ အသိစိတ်ရှိတဲ့သူ ... နင်ထင်ချင်သလိုထင် ... အေး ... ဒါပေမဲ့ တစ်ခုတော့ပြောမယ် ဆီနီဒါ ... နွားအိုတောင် မြက်နုပဲကြိုက်တယ် ... ဘယ်နွားပေါက်စမှ မြက်ရင့်မဝါးချင်ဘူး ... "

"အေး ... အဲဒါက နွားလိုလူတွေပဲ ... အဲလိုတွေးမှာ လူတွေကတော့ အဲလိုတွေးမှာမဟုတ်ဘူး ... "

"ဆီနီဒါ ... "

ပရီမီယာရဲ့ ဒေါသတကြီးအော်သံ စူပါကတော့ မဲ့ [illegible]းတစ်ခုဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါစေ ပရီမီယာ ... ဒီအချိန်က အဆိပ်တက်လို့ကောင်း တုန်းဆိုတော့ ဆေးတိုးမှာ မဟုတ်ဘူး ..."

"နေစမ်းပါဦး၊ နင်တို့က ငါ့ချစ်သူအကြောင်း ဘယ်လောက် သိနေလို့လဲ ... ဘာအတွက်တားနေရတာလဲ ... အသက် ငယ်တာ တစ်ခုတည်းနဲ့ တားနေတာလား ... ဘာလဲပြော"

"အေး ... နင်ကရော တစ်ဘဝလုံးအတွက် ရည်ရွယ်တာ လား ... အပျော်လား ပြော ..."

"အပျော်ရည်းစားထားတယ်ဆိုတဲ့ အပေါစားမိန်းမတွေထဲ မှာ ငါမပါဘူး ..."

"ဒါဆိုလည်း ရှင်းနေတာပဲ ... နင် တစ်ဘဝလုံးရည်ရွယ်ပါတဲ့ ဆိုတဲ့ သူက ဆယ့်ရှစ်နှစ်တောင် ပြည့်သေးရဲ့လား ..."

"ဆယ့်ရှစ်နှစ်ပြည့်တာ နှစ်နှစ်ရှိပြီ ... သူက ပရီမီယာနဲ့ ရွယ် တူပဲ ... ဒီလောက်ဆိုရင်ရောဖြစ်လား ... သိပ်ငယ်တယ်လို့ ပြောနိုင်သေးလား ..."

"ဘာပဲဖြစ်ဖြစ် ငါသဘောမတူဘူး ..."

"ဟုတ်တယ် ... ငါ့ဘဝ ငါရွေးချယ်တာ ... နင် သဘောတူ စရာမလိုပါဘူး ပရီမီယာ ..."

"ဘာကြောင့် ဘဝနဲ့ ချီပြီးပြောနိုင်ရတာလဲ ..."

"ငါ သူ့ကိုချစ်လို့ ..."

"သူလည်း ကိုယ်ချစ်ပဲ ဖြစ်လိမ့်မယ် ..."





"ငါတို့မရရအောင်ဖျက်မယ် ..."

ဆီနီဒါကတော့ ဘယ်သူဖျက်ဖျက်ဟူသော အပြုံးမျိုး ဖြင့် ပြန်ကြည့်နေသည်။ ပရီမီယာက ဒေါသတွေ တရှူးရှူး တရှဲရှဲ ခုပါကတော့ မရရအောင်ဖျက်ပြမယ်ဟု စိတ်ထဲမှာ ကြုံးဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com





နောက်နေ့တွေ ကောင်လေးက သင်တန်းသို့ ပေါ်တင်လာတွေ့သည်။ လာတိုင်းလည်း ပရီမီယာက ကဖျက်ယဖျက်လုပ်သည်။ တစ်နေ့ ဆီနီဒါက သင်တန်းပိုင်ရှင်လာ၍ စကားသွားပြောနေစဉ် ထိုကောင်လေးရောက်လာပါသည်။

ပရီမီယာက အခွင့်ကောင်းကို လက်လွှတ်မခံဘဲ ထိုကောင်လေးကို လှလှပပ ထွက်ဧည့်ခံလိုက်သည်။ သူမ ဧည့်ခံပုံက

"ပင်ခန့် ..."

"ကိုယ် မကြည်ဖြူနဲ့တွေ့ဖို့လာတာ ..."

"သိပါတယ် ... ဒါပေမဲ့ ဆီနီဒါက ဆရာရောက်နေလို့ စကားသွားပြောနေတယ် ... တို့က ပင်ခန့်ကို ပြောစရာရှိလို့ထွက်လာတာ ..."

"မင်းဆီကကြားရမဲ့ စကားလုံးတွေက သိပ်လှမယ်မထင်ဘူး





ကြည်ပြာ ... ဒါပေမဲ့ သိပ်ပြောချင်နေတယ်ဆိုရင်တော့ ... မကြည်ဖြူ မျက်နှာထောက်ပြီး နားထောင်ပေးမယ် ..."

ကဲ ... ဘယ်လောက်တင်စီးလိုက်တဲ့ စကားလဲနော်။ ဒါများ ဆီနီဒါက သူ့လူကို အသိစိတ်ရှိသလေး ဘာလေးနဲ့။ ပရီမီယာစိတ်ထဲမှ ပျစ်ပျစ်နှစ်နှစ်မေတ္တာပို့လိုက်မိသည်။

ပင်ခန့်ကလည်း မတော်ရသေးသော ခယ်မလောင်းကို ဟန်ကိုဖို့ပြီး ခပ်တည်တည်ပြောလိုက်ရပေမယ့် လန့်တော့လန့်သည်။ မထင်ရင်မထင်သလို ဝုန်းခိုင်းကြဲမည့်ပုံစံလေ။ မကြည်ဖြူက အေးဆေးသလောက် သူမကတော့ စွာမည့်ပုံရှိသည်။

"ဟုတ်တယ် ... တို့ ပင်ခန့်ကို ဆီနီဒါနဲ့ သဘောမတူဘူး"

"ဘာကြောင့်လဲ ... Reason (အကြောင်းပြချက်) တစ်ခုခုတော့ ပေးသင့်တယ် ..."

"ပင်ခန့်ရော ဘာလို့ ဆီနီဒါကို တွယ်ကပ်နေတာလဲ"

"ဟာ ... ချစ်လို့ပေါ့ ... မြတ်နိုးလို့ပေါ့ ..."

"ဘာလို့ချစ်တာလဲ ..."

"ဆောရီးပဲ ... အဲဒီမေးခွန်းက ကျိုးကြောင်းဆီလျော်မှုမရှိတဲ့အတွက် မဖြေနိုင်ဘူး ကြည်ပြာ ..."

"ပင်ခန့် ဆီနီဒါက ရှင့်ထက် နှစ်နှစ်သုံးနှစ်တော့ ကြီးနိုင်တယ်နော် ..."

"စာမဖွဲ့လောက်ပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲမှာ သူ့ကိုပြောလို့မရလေ စိတ်တိုလေ ပင်။ သူ့ရဲ့ပုံစံက မင်းပြောချင်ရာပြော။ မင်းအစ်မကို ငါမိုင်တယ်ဟူ သည့်ပုံစံမျိုး။ ပင်ခန့်ကလည်း အငယ်ဖြစ်ပြီး စွက်ဖက်လွန်းသည်ဟု ထင်နေသည်။

"ရှင်းရှင်းပဲမေးတော့မယ် ... ပင်ခန့် ... ရှင် ဆီနိုဒါကို အပျော် တွဲတာမို့လား ..."

မေးခွန်းကိုက သူမဘက်က အပိုင်ပုံစံမျိုးပင်။ ပင် ခန့် ... ဘက်ကိုလာသည်မို့ ...

"အပျော်တွဲတာဆိုလည်း မင်း အနေသာကြီးပါကွာ ..."

"ရှင် ပေါ်လာပြီတွေ့လား၊ နောက်ဆုံးတော့ ရှင်ရဲ့ အောက် တန်းကျတဲ့စိတ်ဓာတ်က ပေါ်လာတာပဲ ... ရှင် ဆီနိုဒါကို ခုချက်ချင်းဖြတ်ရမယ် ..."

"အိုကေ ... ငါ့ဘက်က အတည်ဆိုရင်ရော ... မကြည်ဖြူကို အခုချက်ချင်းလက်ထပ်ရမလား ..."

"ရှင် ... ရှင် ..."

ပရိမ်ယာ ဒေါသထွက်ကာ အသားတဆတ်ဆတ် တုန်လာသည်။ သူမစိတ်ထဲမှာ ပင်ခန့်ကို နစ်နာစေလိုသောသဘော မရှိသော်လည်း အေးဆေးတည်ငြိမ်သော အစ်မဖြစ်သူအတွက် စိတ် ချဖြစ်နေသည်။ ပင်ခန့်က အသက်ကငယ်ငယ်။ ရုပ်ကဖြောင့် ဖြောင့်။ တကယ်တမ်းကျရင် အစ်မဖြစ်သူပဲ ခံစားရမှာ။ ပြီးတော့





အစ်မဖြစ်သူကို စိုးရိမ်စိတ်နဲ့ ပင်ခန့်ကို သံသယစိတ်တွေလွန်ဆွဲကာ ဆီနိုဒါနဲ့ ပင်ခန့်ကို ရအောင်ဖျက်ဖို့ပဲတွေးမိနေပြီး ခုလို ပင်ခန့်ရဲ့ မထိတထိကလိခံရတဲ့အခါမှာတော့ စိတ်ထဲမှာ ဘာမှမတွေးမိတော့ ဘဲ ပင်ခန့်နဲ့ ဆီနိုဒါ ပြတ်ရေးသာ အာရုံရောက်ကာ ...

"ကောင်းပြီ ... ရှင်က ရှင့်ကိုယ်ရှင် သိပ်ပြီးအထင်ကြီးနေ တာကိုး ... ရှင့်ကို သနားလို့ တစ်ခုတော့ ပြောလိုက်မယ်၊ ကျွန်မစကားကို သေချာစဉ်းစားကြည့်ပေါ့ ... ရှင်နဲ့ ဆီနိုဒါ ကြားကို ကျွန်မဝင်တာ ကျိုးကြောင်းဆီလျော်မှုရှိပါတယ် နော် ... ဘာလို့လဲဆိုတော့ ကျွန်မက ဆီနိုဒါရဲ့ ညီမလေး၊ အိုကေ ... ရှင်နဲ့ ဆီနိုဒါကြားကို စုပါ ဘာလို့ဝင်ရတာလဲ၊ ပြီးတော့ ရှင့်ဘေးကနေ ဘာလို့ စုပါဆီကို ပါသွားရတာလဲ လို့ စဉ်းစားကြည့်ဘူးလား ..."

"ဟာ ... သူခေါ်တဲ့အချိန်မှာ မင်းလည်းပါတယ်လေ ... ပြီးတော့ ရုပ်ရှင်ရုံထဲမှာလေ ... မင်းတို့က အသိစိတ်မရှိ လာသောင်းကျန်းပေမဲ့ ငါက ရှက်လို့ မမကို သနားလို့ ပြန် ထည့်လိုက်တာ အကောင်းမှတ်မနေနဲ့ ..."

"သေချာတယ်ပေါ့ ..."

ပရိမ်ယာရဲ့ မထိတရိတွန့်ကွေးနေသော နှုတ်ခမ်း တွေကို သူ လန့်ပါသည်။ ဇဝေဇဝါပင်ဖြစ်ချင်လာသည်။ ပရိမ်ယာ ကလည်း မခံချင်စိတ်ဖြင့် သူနဲ့ ဆီနိုဒါပြတ်ရေးအတွက် သူ့ကို မရ၊ရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖျက်လိုဖျက်ဆီးလုပ်ဖို့ပဲတွေးနေသည်မို့ ...

"သိပ်ပြီးသေချာချင်သေးရင် နောက်တစ်ခါ ထပ်ဆုံကြည့်မလား ပင်ခန့် ... ဥပမာ – ဒီညနေပေါ့ ... ရှင့် ဆီနိုဒါကို စူပါလာကြိုလိမ့်မယ် ... ကျွန်မကို သေချာကြောင်း သက်သေပြတဲ့အနေနဲ့ ဆီနိုဒါကို ညနေ စူပါနဲ့ မလိုက်ဖို့ပြောကြည့်လေ ... ရှင်နဲ့ပြန်ဖို့ခွင့်တောင်းကြည့်လေ၊ သေချာတာတစ်ခုက ဆီနိုဒါဟာ စူပါ့မျက်နှာအညိုခံပြီး ရှင့်နောက်မလိုက်ဘူးဆိုတာဘဲ ..."

ပင်ခန့်စိတ်ထဲ ထောင်းခနဲဖြစ်သွားကာ ဘာလို့မလိုက်ရမှာလဲဟူသော သွေးတွေကြွလာပြီး ...

"သူ ငါနဲ့ လိုက်လာရင်ရော ..."

"ကျွန်မတစ်သက်လုံး မတားတော့ဘူး ... ဒါပေမဲ့ သူ စူပါနဲ့ လိုက်သွားပြီဆိုရင်လည်း ..."

"စိတ်ချ ... မင်း တို့မျက်နှာကို သူ့နားမှာ ဘယ်တော့မှ မမြင်စေရဘူး ..."

"အိုကေ ... ဒါပေမဲ့ ဒီအကြောင်းကို ရှင် ဆီနိုဒါကို မပြောရဘူး ... ရှင် ဖွင့်ပြောပြီး ရှင့်နောက် ဆီနိုဒါပါတာဆိုရင်တော့ ပွဲပျက်တယ် ..."

"စိတ်ချ ... တို့က မင်းထက်တောင် ပွဲမပျက်ချင်သေးတယ်၊ ဘာလို့လဲသိလား ... နှလုံးသွေးစစ်တဲ့ပွဲမို့လို့ပဲ ..."





"အိုးခေ ..."

အဲလိုနဲ့ ပင်ခန့်ဟာ သင်တန်းနဲ့ မျက်စောင်းထိုးမှာရှိတဲ့ အအေးဆိုင်လေးမှာ တစ်နေ့ခင်းလုံးထိုင်စောင့်နေခဲ့သည်။

ပရီမီယာကတော့ ပင်ခန့်ကို အနိုင်ရလိုက်ဖော့တစ်ခုသာရှိပြီး ညနေ ဆီနိုဒါ ပင်ခန့်နောက်ပါသွားမှာ သိပ်ကိုစိုးရိမ်နေမိသည်။ ထို့ကြောင့် ...

"ဟယ်လို စူပါလား ..."

"စူပါ ... ဟိုကောင်လေးကလေ ... သင်တန်းရှေ့မှာ တစ်ချိန်လုံးလာစောင့်နေတယ် သိလား ... သူ ညနေတစ်ခုခုလုပ်ဖို့များ ကြံစည်နေလား မသိဘူးသိလား ... နင် ညနေစောစောလာခဲ့ဟာ ... ပြီးတော့ ငါတို့ ညနေ ဆီနိုဒါ ဟိုကောင်လေးနောက်မပါသွားအောင် ဆီနိုဒါကို အရပြန်ခေါ်ရမယ်သိလား ... ဆီနိုဒါ အဲဒီကောင်လေးနောက်ပါသွားရင် ငါတို့နှစ်ယောက် အိမ်ကိုဘယ်လိုပြန်ကြမလဲ ..."

"နင် အဲဒီလောက်စိတ်မပူနဲ့ ... ပရီမီယာ ... စိတ်ချ ... ငါ ညနေကျရင် ဆီနိုဒါကို ရအောင်ပြန်ခေါ်ပေးမယ် ... သူ အဲဒီလောက်ထိ ဦးနှောက်မမဲ့နိုင်ပါဘူး ..."

"အိုကေ ... ဒါဆို ငါ စိတ်ချနေတော့မယ် ..."

ကဲ ... စောင့်စမ်း ...။ ပင်ခန့် စောင့်ရကျိုးမနပ်ဖြစ်စေရမယ်။ ပြီးတော့ နင့်နောက်မပါလာတဲ့ ဆီနိုဒါကို နင် နာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်းသွားစေရမယ် ပင်ခန့်။ ပရိမီယာဘဝမှာ အဲဒီတစ်ညနေဟာ စိတ်အလှုပ်ရှားစရာအကောင်းဆုံး ညနေတစ်ခုပါပဲ။

ဆီနီဒါကလည်း အအေးဆိုင်မှ ပင်ခန့်စောင့်နေတာကို လှမ်းတွေ့လိုက်ပြီး နာရီတကြည့်ကြည့်ဖြစ်နေသည်။ ပြီးတော့ သူမရှိနေသဖြင့် သင်တန်းမှလည်း ခိုးမထွက်ရဲတော့။ အဲလိုနဲ့ စိတ်လှုပ်ရှားစရာကောင်းတဲ့ညနေကို ရောက်လာခဲ့သည်။ သင်တန်းရှေ့က ကားပေါ့ခ်ိကင်မှာ ဇူပါ့ကားက ရောက်နေပြီ။ ထိုအချိန်မှာ ပင်ခန့်ကတော့ သင်တန်းရဲ့ ဂိတ်ပေါက်ဝမှာပေါ့။

ဆီနီဒါက ပင်ခန့်ဆီသွားဖို့ပြင်သည်။ ပရိမီယာက မသိမသာလှတ်ထားလိုက်သည်။ ဇူပါက ဆီနီဒါနား လျှောခနဲရောက်လာကာ ...

"ဘယ်လဲ ဆီနီဒါ ..."

"ငါ့ချစ်သူဆီ ..."

"ကျွတ် ... မြန်မြန်သွား ... ဒီမှာစောင့်နေမယ် ..."

"အေး ..."

ဆီနီဒါ ပင်ခန့်နားရောက်သွားသည်။ ပရိမီယာကတော့ ဇူပါ့ကားပေါ်မှာ တက်ထိုင်ပြီး မျက်စိစုံမှိတ်ကာ ငြိမ်နေသည်။ ပြီးတော့ မျက်စိမှိတ်ထားရက်ကပင် ...

"ဇူပါ ... ဆီနီဒါကို ရအောင်ပြန်ခေါ်ပေးနော် ..."

"အေးပါဟာ ... စိတ်ချ ..."





"ခဏနေတော့ ဆီနီဒါ သူ့ကားဆီလျှောက်လာကာ"

"ဇူပါ ... ငါဒီညနေတော့ နင်နဲ့ပြန်မလိုက်တော့ဘူးဟာနော်၊ ဒီတစ်ညနေပါပဲနော် ... နင် အိမ်ကို တစ်ခုခုပြောပေးဟာ၊ ဥပမာ – သင်တန်းသားအသစ်တွေကို စိစစ်နေလို့ ... ဘာညာပေါ့ ..."

ဇူပါဟု ခေါင်းစဉ်တပ်နေပေမဲ့ မျက်ဝန်းအကြည့်တွေကတော့ ပရိမီယာ့ကိုပြောနေသလိုလိုပါ။ ပရိမီယာကတော့ မျက်စိစုံမှိတ်ထားမြဲ။

"မဖြစ်ဘူး ဆီနီဒါ ... နင် နင့်ချစ်သူနဲ့ ပြန်ချင်လို့လား ... အချိန်တွေရှိပါသေးတယ် ဆီနီဒါ ... လက်ဖက်ကောင်းစားချင်တာ အရင်လိုဖို့မလိုဘူး သူငယ်ချင်းရဲ့၊ နင် ပုံမှန်အတိုင်း ငါ့ကားနဲ့အသွားအပြန်လုပ်တာပဲ ကောင်းမယ်ထင်တယ်"

"ဒီတစ်ညနေထဲပါ ..."

"အိုကေလေ ... ကလေးဘဝတည်းက တစ်သက်လုံး နင်သွားလေရာ ငါပဲအကြိုအပို့လုပ်ခဲ့တယ် ... ခုချိန်မှာတော့ နင့်အတွက် ငါ့လို သူငယ်ချင်းက အသုံးမဝင်တော့ဘူးပေါ့၊ ရတယ် ဆီနီဒါ ... နင့်အကြက်မလိုအပ်တော့ရင် ငါ့နောက်နေ့တွေ နင့်ကို လာမကြိုတော့ပါဘူး ..."

"ဇူပါကလည်းဟာ ... တစ်ရက်တည်းပါဆို ..."

"တစ်ရက်ဖြစ်ဖြစ် ... တစ်လဖြစ်ဖြစ် ... နင် ... မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင့်တာ အဓိကပဲမို့လား ...”

“ကျွတ် ... ခဏနော် ... ငါ သူ့ကို သွားပြန်ပြောလိုက်ဦးမယ် ...”

“ရပါတယ် ... ဩော် ... ဆီနိုဒါ ... ငါ ဗိုက်ဆာနေပြီဟာ၊ မြန်မြန်လုပ် ...”

“အေးပါ ...”

ဆီနိုဒါနဲ့ ပင်ခန့် အကြီးအကျယ်စကားများနေပုံရသည်။ ပင်ခန့်က ဆီနိုဒါကို အတင်းဆွဲခေါ်နေသည်။ ဆီနိုဒါကလည်း ရှန်းကာဲ စိတ်တိုနေပုံရသည်။ ပရီမီယာက ပြုံးလိုက်သည်။

ပင်ခန့် သူ့ချစ်သူကို ပထမဆုံးအကြိမ် စိတ်ပျက်သွားသည်။ သူနဲ့လိုက်ဖို့ထက် သူငယ်ချင်းမှသူငယ်ချင်းဖြစ်နေသည်။

ဆီနိုဒါကလည်း ပင်ခန့်ကို ပထမဆုံးအကြိမ် စိတ်တိုသွားသည်။ သူတို့သူငယ်ချင်းအဖွဲ့လေးအကြောင်းကို သူ တဖွဖွ ပြောခဲ့ဖူးသည်။ စူပါနဲ့တော့ သဝန်တိုဖို့မကောင်း။ စူပါဆိုတာက ငယ်စဉ်ကတည်းက အနစ်နာခံခဲ့သူ သူငယ်ချင်း။ သူမနဲ့ ပင်ခန့်ရဲ့ အချစ်ရေး အဆင်ပြေဖို့ကလည်း စူပါကူညီရင် ပရီမီယာကပါ ပါးစပ်ပိတ်မည့် အခြေအနေ။ ဒါတွေကို သိထားရက်နဲ့ နားလည်မှုမရှိဟု ထင်ကာ စိတ်တိုမိသည်။

ပင်ခန့်ကလည်း ပရီမီယာရဲ့ မထီတရီအပြုံးတွေကို မြင်ယောင်ကာ ...





“မမ ... လိုက်မှာလား ... မလိုက်ဘူးလား ... တစ်ခွန်းပဲ ပြောတော့ကွာ ...”

“ဒီနေ့လိုက်မှဖြစ်မှာလားကွာ ... နောက်ရက်တွေရှိသေးတာပဲ ... မောင်က လိမ္မာပါတယ်နော် ...”

“ဒီနေ့လိုက်မှဖြစ်မယ်ဆိုရင်ရော ...”

“အဲဒါ မောင် တမင်ကပ်တာပဲ ...”

“ကျွန်တော့်ဘက်ကတော့ မကြည်ဖြူ ... ကျွန်တော့်ကို သူငယ်ချင်းလောက်တောင် ဂရုမစိုက်တာဘဲလို့ယူဆတယ်”

ပြောပြီး ချာခနဲလှည့်ထွက်သွားသော ပင်ခန့်နောက်ကျောကိုကြည့်ကာ မျက်စောင်းထိုးလိုက်ပြီး စူပါ့ဆီပြန်လျှောက်လာကာ ကားပေါ်တက်လိုက်သည်နှင့် ကားလေးက လေးညို့ပေါ်မှ မြားတစ်စင်းပမာ။

ပင်ခန့်က သူ့ဘေးကနေ ဝေါခနဲဖြတ်ကျော်သွားသော ကားကို တစ်ချက်ကြည့်ကာ နာကြည်းစွာ တောက်ခတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





ထိုအချိန်မှစ၍ ထိုနေရာ ထိုပတ်ဝန်းကျင်တစ်ဝိုက်မှာ ပင်ခန့်ကို အရိပ်အယောင်ပင် မတွေ့ရတော့။ မရင့်ကျက်သော လူငယ်စိတ်နှင့် မခံချင်စိတ်တို့ပေါင်းစပ်ကာ ပင်ခန့် ထိုနေရာမှ ပျောက်သွားခဲ့သည်။

ထိုသို့ပင်ခန့်ပျောက်သွားခြင်းဟာ ဆီနိုဒါအတွက်က ကျိုးကြောင်းမဲ့နေသည်။ သူမက ပရိမိယာနှင့် ပင်ခန့်တို့ရဲ့ တွေ့ဆုံမှုကို သိမထားသဖြင့် ပင်ခန့် ပျောက်သွားခြင်းဟာ ပထမတော့ ပဟေဠိ။ တစ်ရက်ပြီးတစ်ရက်မှ လသို့ကူးပြောင်းလာချိန်မှာတော့ ပင်ခန့် သစ္စာမဲ့သွားပြီဟု လက်ခံလိုက်ကာ စိတ်အနာကြီးနာလျက်ရှိသည်။

"ပရိမိယာ ... နင်တားဟာ သိပ်မှန်တာပဲ ... ငါမှားတော့မလို့ ... သူ့လိုသစ္စာမရှိတဲ့လူကို ယုံစားမိတော့မလို့"





ပရိမိယာမှာ မအီမလည်ဖြင့် နောက်ကျောမလုံသလို ခံစားနေရသည်။ တကယ်တမ်းကျတော့ ရူပါရော ဆီနိုဒါပါ ပင်ခန့်နဲ့ ပရိမိယာရဲ့ တွေ့ဆုံမှုကို မသိခဲ့ကြ။

သို့ပေမဲ့ ပရိမိယာ ကျေနပ်ပါသည်။ ပင်ခန့်ဟာ ဆီနိုဒါ...ကို ဦးဆောင်တာဝန်ယူနိုင်စွမ်းပင် လုံးဝမရှိတဲ့အတွက် ခုလို ဆီနိုဒါနားက ပင်ခန့် ရှောင်ထွက်သွားခြင်းကို ကျေနပ်ပါတယ်။ (သူမအထင်ပေါ့နော်)

သို့သော် ... တမှိုင်မှိုင်တတွေတွေဖြင့် မစားနိုင်မသောက် အသည်းကွဲနေရှာသော အစ်မဖြစ်သူကိုတော့ သနားမိကာ ပိုမိုဖေးမ,နေမိသည်။

"ပရိမိယာရယ် ... ငါ သူ့ကို တကယ်ချစ်သွားတာ"

"အချိန်က ကုစားပေးပါလိမ့်မယ် ဆီနိုဒါ ..."

"ငါ သူ့ကို စိတ်နာပေမဲ့ မေ့လို့မရဘူးဟာ ..."

"မချစ်လို့ ပစ်သွားတာလေ ဆီနိုဒါရဲ့ ... သူတောင်နေနိုင်သေးတာပဲ ... မေ့နိုင်အောင်မေ့စမ်းပါ ..."

ဆီနိုဒါကတော့ မှိုင်တွေငေးမောလို့ ...

"ဟိတ် ..."

"အမလေး ... လန့်လိုက်တာ ရူပါရယ် ..."

"ရော့ ... ဒီမှာ နင်တို့နှစ်ကောင်ဖို့ ငါ ဖက်ထုပ်ဝယ်လာတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝေး … သိပ်သိပ်ကြိုက် … လာ … ဆီနိုဒါ … ဝိုက်ရအောင်"

"မစားချင်ဘူးဟာ … "

"ဘာလဲ … နင်က ငါကိုယ်တိုင်ခွံကျွေးမှ စားမှာလား"

"သေလိုက်ပါလား စူပါစုတ်ရဲ့ … "

ညနေစောင်းရဲ့ လေပြေက သူတို့ကို တိုးဝှေ့လျက် ဖက်ထုပ်စားပြီးတော့ ပရီမီယာက စူပါ့ကို မျက်ရိပ်ပြကာ …

"အီလည်လည်ဖြစ်သွားပြီ … အချဉ်ထုပ်စားချင်လိုက်တာဟာ … ပရီမီယာ လမ်းထိပ်ကစတိုးဆိုင်မှာ အချဉ်ထုပ်သွားဝယ်စားရအောင် … "

"ကျွတ် … မသွားချင်ပါဘူးကွာ … "

"လာပါဟာ … အညောင်းအညာပြေ လမ်းလျှောက်ရင်း သွားရအောင် … စူပါရော လိုက်ခဲ့ … တို့သုံးယောက်လုံး သွားရအောင် … "

ပရီမီယာနှင့် စူပါက ဆီနိုဒါကို အတင်းဆွဲခေါ်ကြသဖြင့် ပွစိစိရှုံ့မဲ့မဲ့ဖြင့် ထ,လိုက်လာသည်။ တကယ်တော့ သူတို့နှစ်ယောက်က ဆီနိုဒါရဲ့ ဆွေးမြေ့ကြေကွဲမှုတွေကို ဖြေသိမ့်ပေးကြတာပါ။

မိန်းမချောနှစ်ယောက်ခြံရှုံပြီး ထွက်လာသော စူပါ့ကို လမ်းထဲက ကောင်လေးတွေက ငေးနေကြသည်။ မနာလိုခြင်းတစ်ဝက်၊ အာကျခြင်းတစ်ဝက်နဲ့လေ … ။ စူပါက ကော်ဖီနှစ်





ယောက် သွားလေရာအမြဲပါသဖြင့် စူပါကို အမြင်လည်းကတ်ကြသည်။ သူ့တို့ကော်ဖီနှစ်ကောင်နား ကပ်ဖို့က ကြားထဲမှာ စူပါခံနေသည်လေ။

တချို့ကျတော့လည်း ကော်ဖီနှစ်ကောင်နားကပ်လို့ရဖို့ စူပါ့ကိုလာပေါင်းကြ၊ ရောကြသူတွေလည်းရှိသည်။ ဒါပေမဲ့ စူပါကတော့ အေးဆေးပင်။

"ဒီလမ်းထိပ်မှာ စတိုးဆိုင်ဖွင့်ထားတာကို ငါ မသိလိုက်ဘူးဟာ … "

"သိပ်မကြာသေးဘူး စူပါရဲ့ … တစ်လနှစ်လလောက်ပဲ ရှိဦးမယ် … နင့်အကြိုက်လည်းပါတယ် ဆရာ … "

"ဘာလဲဟာ … "

"စာအုပ်အငှားဆိုင်ပါ တွဲဖွင့်ထားတယ် … "

"အိုး … ဗွဒ် … "

စတိုးဆိုင်ရောက်တော့ မွန်မွန်က စာအုပ်ဆိုင်ဘက်မှာထိုင်ပြီး မိုးက စတိုးဆိုင်ဘက်ခြမ်းမှာမို့ သူနဲ့ လွဲပြန်ပါသည်။ ကော်ဖီနှစ်ကောင် အချဉ်ထုပ်ဝယ်ပြီးတာတောင် သူ စာအုပ်ရွေးလို့ မပြီးသေးပါ။

"စူပါ … မပြီးသေးဘူးလား … ကြာလိုက်တာ … "

"အေး … ပြီးပါပြီ … ခဏလေး … အစ်မ ဒီစာအုပ်ယူမယ်"

"နာမည်လေး တဆိတ်လောက် … "



www.burmeseclassic.com

www.burmeseclassic.com



"မိုးကိုပိုင်ပါ ..."

"လိပ်စာ ..."

"..........................."

"စပေါ်ပေးခဲ့ရမယ်နော် ..."

"သြော် ... ရပါတယ် ခင်ဗျ ..."

သူတို့ စာအုပ်ဆိုင်မှပြန်ထွက်တော့ မိုးတည်ကြည်က သူတို့ကို ဖျတ်ခနဲလှမ်းတွေ့လိုက်သည်။ သို့သော် သူမက အမှုမဲ့ အမှတ်မဲ့မို့ စူပေါ့ကိုမမှတ်မိပါ။

"မဆိုးဘူးဟဲ့ ... အဲ့ဒီစတိုးဆိုင်လေးက အပြင်အဆင်စမတ်ကျသားပဲ ... ပြီးတော့ ဈေးလည်းသက်သာတယ် ဆရာ"

"အေး ... စာအုပ်ဆိုင်ကလည်း စာအုပ်တော်တော်စုံတယ်ဟ ... ငါ့အကြိုက်ပဲ ... နေ့တိုင်းသွားဖွားဖြစ်မယ်ထင်တယ်"

"စာအုပ်ကိုကြိုက်တာလား ... ဆိုင်ထိုင်တဲ့မိန်းမလှလေးကိုကြိုက်တာလား ..."

"အဲလောက်မလှပါဘူးဟာ ... ဒီကို မထိသေးဘူး ..."

စူပါက နှလုံးသားနေရာကို လက်မဖြင့်ထောက်ပြီး ပြောလိုက်သဖြင့် ကော်ဖီနှစ်ကောင် သူ့ကိုစိုင်းထုကြသည်။

"ဟယ် ... စူပါ ... ဂျင်းသုပ်လိုက်ကျွေး ..."

"ခုတင် ... ငါ နင်တို့ကို ဖက်ထုပ်ဝယ်ကျွေးပြီးပြီလေ"

"ဟဲ့ ... အခု အစာအိမ်က မေးလ်ပို့တယ် ... သူ့အတွက်





ဂျင်းသုပ်နဲ့ နွေးကြမ်းပူပူလေးလိုအပ်နေတယ်တဲ့ ... ဟဲဟဲ၊ အဲဒါနင့်ကြောင့် ..."

"ဟာ ... ဘာဆိုင်လို့လဲ ..."

"ဆိုင်တာပေါ့ဟ ... နင် ဖက်ထုပ်ဝယ်လာတော့ စားလိုက်ရတယ်လေ ... ပြီးတော့ အီလာလို့ လမ်းထိပ်ထွက်ပြီး အချဉ်ထုပ်ဝယ်စားရရော ... အဲဒါနဲ့ ခြေထောက်ကညောင်းပြီး ဗိုက်ကဆာလာရော ... အဲဒါနဲ့ အစာအိမ်က ဂျင်းသုပ်ကို တမ်းတလာတော့တာပေါ့ ..."

"တော်စမ်းပါ ပရိမီယာရယ် ..."

ဂျင်းသုပ်ဆိုင်ရောက်တော့ ဆီနိုဒါက ရေတာ်သီးမစပ်၊ ရေနွေးမသီးရပါဘဲ မျက်ရည်ကျလာသည်။

"ဆီနိုဒါ ... ဘာဖြစ်လို့လဲ ..."

"ငါနဲ့ ပင်ခန့် စတွေ့တာ ဒီဂျင်းသုပ်ဆိုင်လေးမှာလေ"

ထို့နောက် ... စူပါနဲ့ ပရိမီယာတို့က ရယ်စရာတွေ လျှောက်ပြောကြတော့သည်။ ဆီနိုဒါကတော့ ဝါးလုံးကွဲအောင် ရယ်နိုင်ရှာဘဲ ငါးချပ်ပြုံးလောက်သာ ပြုံးနိုင်ရှာသည်။

ဆီနိုဒါ့အရိပ်အကဲကိုကြည့်ကြည့်ပြီး ကိုယ့်အတွေးနဲ့ ကိုယ် ဖြစ်နေကြတာတော့ စူပါနဲ့ ပရိမီယာပေါ့။

ပရိမီယာတော့ သူ့ကြောင့် ဆီနိုဒါနဲ့ ပင်ခန့် ကွဲသွားသလို ခံစားရတာ ခုလို ဆီနိုဒါဆွေးနေရတာမြင်တော့ စိတ်မလုံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ။

စူပါကတော့ ဆီနိုဒ့်ါအလွှမ်းတွေကိုကြည့်ပြီး ကောင်မလေးကို သတိရသွားတာပါ။ အချစ်ဆိုတာကို သိနေပြီဖြစ်တဲ့ သူ့နှလုံးသားဟာ ဆီနိုဒ့်ါကို ကိုယ်ချင်းစာပေးနိုင်သော်လည်း ပင်ခန့်ရဲ့ ကလေးမျက်နှာကို မြင်ယောင်မိတော့ ဒေါသထွက်ပါသည်။ သူသိသည်က ပင်ခန့်က ဆီနိုဒါကို စွန့်ပစ်ခဲ့သည်။







နောက်နေ့ စူပါ စာအုပ်သွားအပ်တော့ စာအုပ်ဆိုင်မှာ မိုးတည်ကြည်ထိုင်နေသည်။ စူပါက ကောင်တာမှာ ထိုင်နေသော မိုးတည်ကြည်ကို အမှုမထားမိ။ သူပြန်အပ်သောစာအုပ်ကို ကောင်တာပေါ်တင်ပေးပြီး စာအုပ်ထပ်ရွေးလိုက်သည်။ ရွေးပြီး ကောင်တာဘက်ကိုအလှည့် …

"ဟင် … ကောင်မလေးပါလား …"

စိတ်ထဲက ဒိန်းခနဲမြည်သွားသလိုပင် … ။ သူမက ခေါင်းငုံ့ကာ စာအုပ်စာရင်းမှတ်နေသဖြင့် သူက အပေါ်စီးကကြည့်ရှုခွင့်ရနေသည်။

"ဒီစာအုပ်ယူမယ်နော် …"

သူမက မော့မကြည့်ပါ။ သူမမော့ကြည့်အောင် သူဘယ်လိုလုပ်ရမလဲ။ သူမက စာအုပ်ကိုဆွဲယူကာ စာရင်းမှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကို ပြန်ပေးသည်။ စာအုပ်ဆိုင်ထဲမှာက စာအုပ်ရွေးသူတစ်ယောက်သာရှိပြီး လူရှင်းနေချိန်မို့ သူ အရဲစွန့်ကာ သူမကို စကားပြောဖို့ကြိုးစားလိုက်သည်။

"ဟီတ် ..."

သူမက ထိုအခါကျမှ မော့ကြည့်သည်။

"ကျွန်တော့်ကိုမှတ်မိလား ..."

မျက်မှောင်ကြုတ်ကာ ခေါင်းယမ်းပြသည်။ ပြီးတော့ စာအုပ်စာရင်းတွေ ပြန်စစ်နေပြန်သည်။ သူဘာလုပ်ရမှန်း မသိဘဲ နားထင်ကို လက်ညှိုးထိပ်ဖြင့် အသာခြစ်ကာ ...

"ဟိုလေ ... မမှတ်မိရင်လည်းမှတ်ထားပေးလေ၊ ကျွန်တော့်နာမည် မိုးကိုပိုင်တဲ့ ..."

"ဘာ ..."







မိုး သူ့ကို အမြင်ကတ်လှပါသည်။ စဉ်းစားကြည့်လေ သူက မိုးနာမည်ကို သိနေလို့နေမှာပေါ့။ သူ့နာမည်ကိုများ မိုးကိုပိုင်လေး ဘာလေး လာစတာနဲ့တွင်နေသေးသည်။ ထိုကောင်လေးဟာ မိုးကိုမြင်တိုင်း လှုပ်ခတ်နေတတ်တာကိုတော့ မိုး သတိထားမိပါသည်။

သို့သော် မိုးကတော့ စိတ်မဝင်စား။ သူမှမဟုတ်။ ဘယ်သူမှ မိုး စိတ်မဝင်စား။ သားသာလျှင် မိုးဘဝ။ သားသာလျှင် မိုးရဲ့အနာဂတ်။ သားဘဝဟာမိုးရဲ့တစ်သက်ပါ။ ပြီးတော့ သားဟာ သူ့ရဲ့အဖေလို လူယုတ်မာသွေးမပါဖို့ကိုလည်း မိုးကြိုးစားရပါဦးမယ်။ သားလေး လူကောင်းလူတော်လေးဖြစ်လာဖို့ကိုလည်း မိုး ရုန်းကန်ရပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိုး ဘယ်သူ့ကိုမှ စိတ်မဝင်စားနိုင်တော့

မိုးကိုပိုင်ခမျာမှာတော့ အလိုလိုနေရင်း လူက အူမြူးနေလို ခံစားရကာ ပြုံးစိစိ။ ပြီးတော့ ငှားလာသောစာအုပ်ကိုလည်း စိတ်ဝင်တစားမဖတ်နိုင်ဘဲ ရှေ့လှန်နောက်လှန် လှည့်ကြည့်ပြီး စာအုပ်သွားပြန်အပ်ချင်နေသည်။ ခုပဲငှားလာ ခုလာပြန်အပ်ဆိုရင်တော့ သိပ်သိသာနေမလားမသိ။ ထိုင်လိုက်ထလိုက်ဖြင့် စဉ်းစားနေတုန်းမှာပဲ လူက ခြံအပြင်ဘက်ရောက်လာပြီး ခြေလှမ်းတွေက လမ်းထိပ်ကို ဦးတည်နေပြီမို့။

ဆိုင်ရှေ့ရောက်တော့ စိတ်စောကာ အထဲကို လှမ်းကြည့်လိုက်သည်။ ကောင်မလေးကို မတွေ့ရဘဲ မနေ့ကထိုင်သောတစ်ယောက်ကိုသာ တွေ့လိုက်ရသဖြင့် သူစိတ်ညစ်သွားသည်။ ကောင်မလေး ဘယ်ရောက်သွားပါလိမ့်။

မွန်မွန်ကလည်း ဆိုင်ထဲမှ ထိုကောင်လေးကို အကဲခပ်နေသည်။ သွားလေရာ ကောင်မလေးနှစ်ယောက် အမြဲပါသော ထိုကောင်လေးကို မွန်မွန် ဒီလမ်းထဲ ပြောင်းလာပြီး တစ်ရက်နှစ်ရက်လောက်ကစပြီး သတိထားမိပါသည်။

ကောင်လေး မနေ့က ငှားသွားသော စာအုပ်လာပြန်အပ်တာ ထင်ပါရဲ့။ ဒီနေ့တော့ ကောင်မလေးနှစ်ယောက်မပါ။

ထို့နောက် မွန်မွန်ကြည့်နေတုန်းမှာ ကောင်လေး ဆိုင်ထဲဝင်လာပြီး ...





"စာအုပ်အပ်မလို့ အစ်မ ..."

မွန်မွန်က စာအုပ်ကိုယူကြည့်လိုက်ပြီး ...

"ဒီနေ့မှငှားတာလား ..."

"ဟုတ် ... ခုနကမှ ငှားထားတာ ..."

"ဘာလို့လဲ ... ဖတ်ပြီးသားဖြစ်နေလို့လား ..."

"ဗျာ ... ဟုတ်တယ် ... ဟုတ်တယ် ... အစ်မ ... ဖတ်ပြီးသားဖြစ်နေလို့ ..."

"ဩော် ... ဒါဆို မဖတ်ရသေးတာနဲ့ ... ပြန်လဲလေ ရတယ်နော် ..."

"ဟုတ်ကဲ့ ... ကျေးဇူးပဲ အစ်မ ..."

သူ့စာအုပ်ကို ခပ်ကြာကြာ အချိန်ဆွဲ၍ ရွေးနေမိသည်။ ပြီးတော့ ဆိုင်အတွင်းဘက်ကိုလည်း အကဲခတ်နေမိသည်။ ကောင်မလေးကိုများ တွေ့ရမလားပေါ့။

မွန်မွန်ကလည်း သူ့ကို ပြန်အကဲခတ်နေသည်။ ထိုကောင်လေးဟာ ဆိုင်အတွင်းဘက်ကို ကဲကြည့်နေသလိုပဲဟု စိတ်ထဲမှာခံစားရသည်။ ထို့နောက် ကောင်လေးဟာ တစ်ခုခုဆုံးဖြတ်လိုက်ပုံမျိုးဖြင့် မွန်မွန်ရှေ့ ပြုံးဆိုရောက်လာကာ ...

"အစ်မ တစ်ခုလောက်မေးချင်လို့ပါခင်ဗျာ ..."

"မေးလေ ..."

"ခုနက ကျွန်တော် စာအုပ်လာငှားတုန်းက အစ်မမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်ထိုင်တာလေ ... ”

“အင်း ... ”

“ဟိုလေ ... အဲဒီကောင်မလေးနာမည် သိချင်လို့ပါ အစ်မ”

မိုးနဲ့ မိမိက ရွယ်တူကို မိမိကိုကျတော့ အစ်မ၊ မိုးကိုတော့ ကောင်မလေးတဲ့။ ရှိစေတော့ ... ရှိစေတော့။

“ကိစ္စရှိလို့လား ... ”

“ဗျာ ... ”

“သြော် ... မိုးနာမည်ကိုသိချင်တာ ကိစ္စရှိလို့သိချင်တာလားလို့ ... ”

သေဟဲ့ ... မွန်မွန် ကိုယ့်ပါးစပ်ကို ပိတ်ရိုက်ချင်စိတ်ပေါက်သွားသည်။

မိုးကိုပိုင်ကတော့ သူ့နာမည်ကိုပြောပြီး မိတ်ဆက်စဉ် ကောင်မလေးဆီမှ 'ဘာ'မှူသော စိတ်တိုသံကြီးထွက်လာတာကို သဘောပေါက်သွားကာ ပြုံးယောင်ယောင်ဖြင့် မိုးကိုပိုင်ဟူသော မိမိနာမည်ကို ပထမဆုံးအကြိမ် နှစ်နှစ်ခြိုက်ခြိုက်ဖြစ်သွားသည်။

“အစ်မရယ် ... သိလက်စနဲ့ မထူးပါဘူးဗျာ ... နာမည်အပြည့်အစုံပြောပြပါလား ... ”

“ရှင်က ဘာကိစ္စသိချင်ရတာလဲ ... ”

“ကျွန်တော် သူ့ကို သဘောကျလို့ ... ”

“အဲတော့ ... ”





မွန်မွန် လျှာတစ်လစ်ဖြစ်သွားသည်။

“ပြောပြပါ အစ်မရယ် ... ”

“မပြောနိုင်ပါဘူး ... ”

“ရပါတယ် အစ်မ ... မပြောရင် ဒီအိမ်နံပါတ်နဲ့ ရယကရုံးမှာသွားစုံစမ်းလိုက်မယ် ... ”

“ဟိတ် ... ရှင် ပေါက်ကရတွေ လျှောက်မလုပ်နဲ့ ... ”

“ပြောပါ အစ်မရယ် ... ”

“တကတည်းတော် ... အရှုးအမဲသားကျွေးမိသလိုပါလား၊ ကဲ ... မိုးနာမည် မိုးတည်ကြည်တဲ့ ... သိပြီလား ... တော်ပြီ ဘာမှထပ်မမေးနဲ့တော့ ... နာမည်ပြောတာတောင် လွန်လှပြီ ... ”

ထိုအချိန်မှာပဲ စတိုးဆိုင်ဘက်က ကောင်မလေးတစ်ယောက် ကူးလာပြီး ...

“မမမွန် ... မမမိုးက ဒီနေ့ငွေရှင်းထားတဲ့ ဘောက်ချာတွေ ဘယ်မှာထားလဲတဲ့ ... ”

“အဲတော့ ... ထမင်းစားခန်းထဲမှာ ကျန်ခဲ့ပြီ၊ ခုန ကော်ဖီသွားသောက်တော့ လက်ထဲမှာ တန်းလန်းပါသွားတာ ... ပြီးတော့ မေ့ခဲ့တာပဲ ... သွားယူလိုက် စုစုရေ ... ”

“ဟုတ်ကဲ့ ... ”

ကောင်မလေးပြန်ထွက်သွားတော့ ... သူရွေးထား



www.burmeseclassic.com

www.burmeseclassic.com



သော စာအုပ်ကို စာရင်းမှတ်နေတုန်း ...

"ကျေးဇူးတင်ပါတယ် မမွန် ..."

"ရှင်သိလိုက်ပြန်ပြီ ..."

"ကံတရားက ကျွန်တော့်ဘက်မှာရှိတယ်လေ ... ဟဲဟဲ ... မမွန်နာမည်ပါ မမေးဘဲ သိလိုက်ရတယ် ... ကျွန်တော့်ကို ခွင့်ပြုပါဦး ..."

ဆိုင်ထဲမှထွက်သွားသော ထိုကောင်လေးကိုကြည့်ပြီး မွန် သက်ပြင်းချမိသည်။ သူ့ကိုကြည့်ရတာ မိုးအပေါ် တော်တော်လေးစိတ်ဝင်တစားရှိလှသည်။ သို့သော် မိုးက ကလေးတစ်ယောက်အမေ။ အင်း ... ပြောရရင်တော့ ကလေးတစ်ယောက်အမေပေါ့နော်။ ပြီးတော့ မိုးဟာ သားသားမောင်မှလွဲ၍ ဘယ်သူမှ စိတ်မဝင်စား။ သူမရဲ့အိမ်ထောင်ရေးကိုလည်း စိတ်ဝင်စားမည်မထင်။

ထိုကောင်လေးကရော မိုးကိုကလေးအမေမှန်းသိရင် ဘယ်လိုသဘောထားမှာလဲ။ ဘာပဲဖြစ်ဖြစ် မိုးက သူ့ကိုစိတ်ဝင်စားခဲ့လို့ သူနဲ့ မိုး အဆင်ပြေသွားခဲ့ရင်တောင် သားသားမောင်ဟာ ချန်ရစ်ထားခဲ့လို့ရတဲ့ အခန်းကဏ္ဍမဟုတ်။ သားသားမောင်ကို ထိုကောင်လေး လက်ခံနိုင်ပါ့မလား။

အိုး ... မွန်မွန် အဆုံးထိလိုက်တွေးမိပါလားကွယ်။ ထို့နောက် စာအုပ်ငှားသူတွေကျလာသဖြင့် မွန် အလုပ်ရှုပ်သွားတော့သည်။ ကောင်လေးကိုလည်း မေ့သွားသည်။





စူပါကတော့ မိုးတည်ကြည်ဟူသော အမည်လေးကိုသာ တဖွဖွရွတ်ရင်း သူမနှင့်တွေ့ရဖို့ အခွင့်အရေးတွေကိုသာ ရှာကြံစဉ်းစားနေမိသည်။ သူမဟာ စာအုပ်ဆိုင်ထိုင်ရင်ထိုင်၊ မထိုင်ရင် စတိုးဆိုင်ထဲမှာရှိဖို့များသည်မို့ သူမကို တွေ့ခွင့်ကတော့ ရနိုင်သည်။ လူလရောင်လည်း စကားပြောလို့ရနိုင်သည်။ လုံးဝအစရှာမရှာသော အဖြစ်မှ ခုလို သူမနှင့် ဆုံဆည်းခွင့်ရသည့်အတွက် သူ အတိုင်းမသိ ပျော်ရွှင်နေမိသည်။

"တစ်နေ့ကျရင် ကိုယ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိလာမှာပါ မိုးတည်ကြည်ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မော်လမြိုင်ကို သွားရမယ် မွန်မွန် ... ပွဲရုံအခြေအနေကို သွားကြည့်ဦးမှဖြစ်မယ် ..."

ပွဲရုံမှာက အဒေါ်ဖြစ်သူ လက်ထပ်ကတည်းက စိတ်ချလို့ရသော မန်နေဂျာရှိပါသည်။ ဆွေမျိုးနီးစပ်လည်းတော်သည်။ ပြီးတော့ မွန်မွန်ကလည်း တစ်လတစ်ခါ မော်လမြိုင်ဆင်းကာ ပွဲရုံကို ကြည့်ပေးခဲ့တာ ခုဆိုခြောက်လကျော်ခန့်ရှိပြီမို့ ဒီတစ်လတော့ ကိုယ်တိုင်သွားဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

"ငါပါလိုက်ခဲ့မယ်လေ ..."

"ရတယ် ... နင်က ဒီမှာနေခဲ့ဦး ဆိုင်ကရှိသေးတယ် ... ငါပဲသွားမယ် ... ကလေးရော နာနီပါခေါ်သွားမယ် ..."

"ဟဲ့ ... ကလေးကိုမခေါ်သွားပါနဲ့ဟယ် ... ကလေးက ငယ်ငယ်လေးရှိသေးတယ် ... ခရီးပန်းပြီး နေမကောင်းဖြစ်





လိမ့်မယ် ... မခေါ်သွားနဲ့ ..."

"ငါ သားနဲ့မခွဲနိုင်ဘူးဟာ ... ပြီးတော့ ထားခဲ့ရမှာလည်း စိတ်မချဘူး ..."

"ငါ သေသေချာချာကို ဂရုစိုက်ပါ့မယ် မမရယ် ... မခေါ်သွားပါနဲ့ ... ခေါ်သွားမှပိုဆိုးမှာ ..."

"အဲဒါဆိုလည်း မသွားတော့ပါဘူးဟာ ... နင်ပဲသွားတော့"

"ဩော် ... မိုးရယ် ... ငါကလေးကို သေချာကြည့်ထားပါ့မယ်ဟာ ... စိတ်ချလက်ချသာသွားစမ်းပါ ... ပြီးတော့ ပွဲရုံကိစ္စတွေကလည်းရှိသေးတယ် ... အဲဒါ နှင့်စီးပွားရေးတွေဟာ ... အကြာကြီးမပစ်ထားနဲ့လေဟာ ... သွားလိုက်ပါ။ ပြီးရင် နောက်လတွေမှာ ငါပဲသွားပေးမှာပေါ့ ..."

ဤသို့ဖြင့် မိုးရဲ့ မော်လမြိုင်ခရီးစဉ်က အတည်ဖြစ်သွားသည်။ ထိုခရီးစဉ်ဟာ မိုးကို နာကြင်ဝမ်းနည်းမှုတွေပေးမည့် ခရီးမှန်းသိခဲ့ရင် မိုး ဒီခရီးကို လာဖြစ်ခဲ့မည် မဟုတ်ပါ။

မိုးက Express ကားဖြင့် သွားဖို့ဆုံးဖြတ်လိုက်ပြီး လက်မှတ်ဖြတ်လိုက်သည်။ ပြီးတော့ ခရီးသွားမည့်နေ့ကျတော့ မိုး ဘေးကခုံက အမျိုးသားငယ်တစ်ယောက်ဖြစ်နေ၍ မိုး စိတ်ညစ်သွားရသည်။ တော်သေးသည်။ မိုးက ပြတင်းပေါက်ဘေးကခုံမို့ အပြင်ဘက်ကိုငေးလို့ရသည်မို့ ဘေးကိုလှည့်မကြည့်တော့ဘဲ ပြတင်းပေါက်ဘက်ကိုပဲ ငေးနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပါကတော့ ... သူ့ဘေးမှ အမျိုးသမီးလေးကို မြင်လိုက်ရချိန် လူတစ်ကိုယ်လုံး မြောက်တက်သွားသလား အောက်မေ့ရသည်။ ပျော်ရွှင်မှုက ဘာနဲ့မှမလဲနိုင်။ မိမိဘက် တစ်ချက်တောင်မငဲ့ဘဲ အပြင်ကိုသာ သဲကြီးမဲကြီးကြည့်နေသော ကောင်မလေးကို အသည်းယားနေမိသည်။

ထို့နောက် ကားတစ်ချက်အယိမ်းမှာ သူမကိုယ်လေး သူ့ဘက်ယိုင်လာသည်။

"ဆောရီး ..."

သူမက သူ့ကိုလှည့်ကြည့်ကာ တောင်းပန်စကားအဆို ...

"ဟင် ..."

"ရှင်ကိုး ..."

"ဟဲဟဲ ..."

မိုးမျက်စောင်းထိုးပစ်လိုက်သည်။ ဒင်းနဲ့မှ လာဆုံရပြန်သည်။ ပြီးတော့ ရုပ်ကိုလည်း ကြည့်ဦးလေ။ ကျောက်ကျောကို ရေညှိတက်နေသည့်ရုပ်။ မိုးစိတ်ထဲမှ မေတ္တာပို့လိုက်မိကာ လူကတော့ ပြတင်းပေါက်ဘက် ပိုကပ်လိုက်သည်။

ထို့နောက် လမ်းမှာ ထမင်းစားနားတော့ မိုးက ထမင်းမစားဘဲ ကော်ဖီနဲ့ မုန့်ပဲစားနေသည်မို့ ...

"ထမင်းစားလေ ကော်ဖီက ဗိုက်ပြည့်တာမှ မဟုတ်တာ"





"ရှင့်အပူမပါဘူး ..."

"အာ ... ပူရတာပေါ့ ... တော်ကြာ ကားပေါ်မှာ ဗိုက်အောင့်နေမှာစိုးလို့ ကိုယ့်ဘေးက ခရီးသည်တစ်ခုခုဖြစ်ရင် ကိုယ့်မှာ ပြုစုရမဲ့ဝတ္တရားရှိတယ် ..."

"မလိုပါဘူး"

"အမလေး ... ကိုယ့်မေတ္တာက တည်ကြည်တစ်ယောက်တည်းပေါ်မှာ ပိုများမယ် ထင်တယ် ... ကွက်ကျားမိုးပေါ့"

"တည်ကြည် ..."

"အင်းလေ ... ကောင်မလေးနာမည်က မိုးတည်ကြည်မို့လား ... အဲဒါကြောင့် ကိုယ်က တည်ကြည်လို့ခေါ်တာလေ"

"ရှင်ကလေ ... တကယ်ပါပဲ ... တည်ကြည်ဆိုတာ ကျွန်မအဖေနာမည်ရှင့် ... ကျွန်မအဖေဦးတည်ကြည်ရဲ့နာမည်ကိုယူပြီး မိုးတည်ကြည်လို့မှည့်ထားတာ ..."

"ဟောဗျာ ..."

အီလည်လည်ဖြစ်သွားသော သူ့မျက်နှာကြီးကိုကြည့်ပြီး မိုးလည်း ရယ်ချင်သွားသည်။ သို့သော်လည်း မိုးရယ်ရင် သူက ဆိုးမည်စိုး၍ ခပ်တည်တည်လုပ်နေရသည်။ သူက မိုးပုံစံကိုကြည့်ဟန်ဖြင့် ...

"ရယ်မှာဖြင့်ရယ်လိုက်ပါလား ..."

"ရှင့်အပူမပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားကို တော်တော်ကြိုက်ပုံရတယ်နော် ... လက်သုံးစကားပဲ ..."

ပြီးတော့ သူက ထမင်းကြော်ကို ကြက်အသည်းအမြစ်ဟင်းနဲ့ အားရပါးရစားပြနေသည်။ ပြီးတော့ မိုးကြည့်နေမှန်းသိတော့ ဖျတ်ခနဲ မျက်စိမှိတ်ပြရသေးသည်။ ကြက်အသည်းဖတ်တစ်ဖတ်ကိုဆယ်ကာ ...

"ကောင်မလေး အသည်းစားပါဦးလား ..."

မိုး မျက်စောင်းဘဲ လှိမ့်ထိုးနေရသည်။

"မျက်စောင်းသိပ်မထိုးနဲ့ကွာ ... ဒီမှာ ရင်ဘတ်တစ်ခုလုံးဖြောင်းဆန်နေပြီ ..."

မိုးက ထထွက်သွားတော့သည်။ သူမ ကော်ဖီက တစ်ဝက်ပဲကျန်သေးသည်။ ပြီးတော့ ... ပေါင်မုန့်ကြက်ဥကြော်ကလည်း တစ်ဝက်ပင်မကျိုးသေး။

ကားပြန်ထွက်တော့ သူဝယ်ထားသော အအေးဘူးတွေ မုန့်တွေကို သူမကို လှမ်းပေးလိုက်သည်။

"ရော့ ... ဗိုက်ဆာနေမှာစိုးလို့ ဝယ်လာတာ ..."

"အိုး ... မစားပါဘူး ..."

"ယူထားလေ ... ဆာမှစားပေ့ါ ..."

"မယူဘူး ..."

"ဗွတ်ကြီးကို ဖြင်းနေတာပါလား ကောင်မလေးရယ်"





"နေပါဦး ... ရှင်က လူကို ကောင်မလေး ကောင်မလေးနဲ့ ရှင့်အသက်က ဗထက်ချိုင့်ရောက်နေလို့လား ..."

"ဘာပဲဖြစ်ဖြစ် ကောင်မလေးထက်တော့ ကြီးမယ်ထင်တယ် ... ကောင်မလေးရဲ့ ... ကိုယ့်အသက်က နှစ်ဆယ့်လေးနှစ်လေ ..."

"ဟင်း ... ရှင်နဲ့ ကျွန်မ ရွယ်တူပဲသိရဲ့လား ..."

"ဟုတ်လား ... ကောင်မလေးလည်း နှစ်ဆယ့်လေးလား။ ဟာ ... ဒါဆို ကောင်မလေးက တော်တော်နုတာပဲ ... ကိုယ့်စိတ်ထဲမှာ ကောင်မလေးကို ဆယ့်ရှစ်ဆယ့်ကိုးလို့ထင်ထားတာ ... ဘာပဲဖြစ်ဖြစ်ကွာ ... ကောင်မလေးလို့ပဲခေါ်မယ် ... တည်ကြည်ဆိုတာက မင်းအဖေနာမည်ကြီးဖြစ်နေတော့ ..."

သူ့ဘာသာ တစ်ယောက်တည်း ဟတွတ်တွတ်ပြောနေသည်။ သူမက ထိုင်ခုံနောက်မှီကို လျှောချကာ မျက်စိစုံမှိတ်အိပ်ပျော်နေပြီ။

"ဟာ ... တော်တော်အကျင့်ပုပ်တဲ့ ကောင်မလေး ... သူများက စကားပြောလို့ ... သူက အိပ်နေတယ် ..."

ထို့နောက် သူမအိပ်နေပုံလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။ သူမလေးက အိပ်ပျော်သွားရင်းမှ သူ့ဘက် ယိုင်ကျလာသဖြင့် သူ အသာလေးပခုံးထိုးခံပေးလိုက်သည်။ ဆံပင်တိုတိုလေးက နဖူးပေါ်မှာဝဲကျနေသည်။ မျက်တောင်တိုစိပ်စိပ်လေးတွေက



www.burmeseclassic.com

www.burmeseclassic.com



မည်းနက်ပြီး တောင့်တောင့်စင်းစင်းလေးတွေ၊ နှုတ်ခမ်းဖူးဖူးလေးက အိပ်ပျော်နေချိန်မှာတောင် စူပုပ်ပုပ်လေး။ အချယ်အသလုံးဝမရှိသော မျက်နှာပြောင်လေးနဲ့မို့ ပါးပြင်ပေါ်မှာ သွေးကြောစိမ်းစိမ်းလေးတွေ ပေါ်နေပုံလေးက အသည်းယားစရာ။

သိပ်ချစ်တာပဲ ကောင်မလေးရယ်။ ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ...

တကယ်တော့ သူ မော်လမြိုင်ကို မလာချင်လာချင်နဲ့ လာရတာပေါ့။ ဖေဖေ့အလုပ်ထဲက ကိစ္စတချို့ကြောင့် လာရတာပါ။ ခုတော့ မမျှော်လင့်ဘဲ ကားပေါ်မှာ ကောင်မလေးနဲ့ လာဆုံသည်။ ကံကြမ္မာကတော့ သူ့ဘက်မှာ ရှိနေပြီထင်သည်။ ခုပဲကြည့်လေ။ သူ့ချစ်သူလေးက သူ့ပခုံးပေါ်မှာ ခေါင်းမှေးတင်ပြီး အိပ်ပျော်နေရှာသည်။ သူမ ဆံပင်လေးတွေကို လက်ဖြင့်ခပ်ဖွဖွထိလိုက်မိပြီးမှ သူမ နိုးသွားမည်စိုး၍ လက်ကိုပြန်ရုတ်ထားလိုက်ရသည်။

သူမလေးက တစ်နာရီခန့် အိပ်ပျော်နေပြီးမှ ကားက ယိမ်းသွား၍ နိုးသွားသည်။

"ဟင် ..."

သူ့ပခုံးကိုမှီထားရာမှ ဘေးသို့အမြန်ရွှေ့ကာ သူ့ကို မော့ကြည့်သည်။ စူးစိုက်နက်ရှိုင်းစွာကြည့်နေသော သူ့မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရချိန်မှာတော့ သူမရင်ထဲ ကတုန်ကယင်ဖြစ်သွားသည်။

"ကောင်မလေး ..."





"အား ... ဗိုက်ဆာလိုက်တာ ..."

"ဟင် ... ဗိုက်ဆာရင် ဒီမှာ မုန့်နဲ့ အအေးဘူးရှိတယ်လေ၊ စားလိုက် ..."

သူ့ရဲ့တိုးရှသောခေါ်သံရဲ့ဒဏ်ကို မခံနိုင်သဖြင့် ပါးစပ်ထဲရှိတာပြောလိုက်ကာမှ ပိုဆိုးသည်။ သူက သူ့လက်ထဲက မုန့်ဘူးတွေပေးနေပြန်သည်မို့ ... ။

"မစားပါဘူး ..."

"စားပါကွာ ... ဗိုက်ဆာနေမှာပေါ့ ..."

"ကျွန်မ သူများကျွေးတိုင်း မစားတတ်ဘူး ..."

"ဒါဆို ဝယ်စားကွာ ..."

"ဘာရှင့် ..."

"ဩော် ... စေတနာနဲ့ ကျွေးတာကို မစားဘူးဆိုတော့ ဝယ်လို့ပြောတာပေါ့ ... ကိုယ့်ဆီက ပြန်ဝယ်လေ ..."

"မဝယ်ပါဘူး ..."

"အမြတ်မတင်ပါဘူး ... အရင်းကိုတောင် လျှော့ပေးတုန်းမှာ စားလိုက်ပါကွာ ... ဗိုက်ဆာနေတယ်ဆို ..."

"ဘယ်လောက်ကျလဲ ..."

"ထောင့်ငါးရာ ..."

"ဘာ ..."

ဒုတိယအကြိမ် 'ဘာ'ကို သူ ပျာပျာသလဲရှင်းရသည်။

"တကယ် အားလုံးကို ဝယ်ထားတာ နှစ်ထောင်ကျတယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ ... ငါးရာလျှော့ပေးတာ ... ထောင့်ငါးရာပဲပေး"

သူမက သူမပိုက်ဆံအိတ်လေးကိုဖွင့်ပြီး ထောင်တန်နှစ်ရွက်လှတ်ပေးသည်။

သူမပေးသော တစ်ထောင်တန်နှစ်ရွက်ကို သူ့အိတ်ကတ်ထဲ ထည့်လိုက်ပြီး သူမကို မုန့်ထုပ်တွေ လှမ်းပေးလိုက်သည်။

သူမက အာလူးကြော်စားလိုက်၊ အအေးသောက်လိုက်ဖြင့် ဇိမ်ကျနေသည်။ သူကတော့ သူမစားတာကိုငေးလို့ပေါ့။

မိုးက သူကြည့်နေမှန်းသိသဖြင့် သူ့ဘက်ကို လုံးဝလှည့်မကြည့်ရဲ။ လှည့်ကြည့်ရင် သူ့ရဲ့ စူးနစ်နေတဲ့ မျက်ဝန်းတွေကို မိုး ရင်မဆိုင်နိုင်ပါ။

မိုးဘဝမှာ တစ်ခါမှ မချစ်ခဲ့ဘူးတဲ့နှုန်းနဲ့ နှလုံးသားက ဘျွမ်းထိုးမှောက်ခုံဖြစ်နေသည်။ ထို့ပြင် သူ့ထံမှ BVLGART တံဆိပ် ရေမွှေးနံ့ကလည်း သူမနှာသီးဖျားကို လာပြီးကလူကျီစယ်နေသည်။ BVLGART တံဆိပ်က သူမ အရမ်းကြိုက်သည်။ တံဆိပ်လေ။ အို ... သူဟာ မိုးရင်ထဲမှာ တစ်စထက်တစ်စ နေရာယူလာပါလား။ မိုး သားသားမျက်နှာကို မြင်ယောင်လာချိန် ယောင်ပြီး အအေးဘူးက လွတ်ကျကာ မိုးဝတ်ထားသော ဂျင်းဘောင်းဘီပေါ်မှာ စိုကုန်သည်။

"အာ ... ကလေးကျနေတာပဲကွာ ... အကုန်စိုကုန်ပြီ"

သူက အိတ်ကတ်ထဲမှ တစ်ရှူးစထုတ်ကာ သုတ်ပေးနေပြန်သည်။





"အိုး ... ဘာလုပ်တာလဲ ... ကိုယ့်ဘာသာသုတ်မယ်ဖယ်"

သူ့လက်တွေကို ပုတ်ထုတ်ကာ သူမဘာသာသုတ်လိုက်သည်။ သူက မျက်နှာငယ်လေးနဲ့ ကြည့်နေသည်။

တစ်လမ်းလုံး သူ့ရဲ့ ဂရုစိုက်မှုတွေကြောင့် မိုးအနေကျဉ်းကြပ်ရပါသည်။ သံယောဇဉ်အငွေ့အသက်တွေ ပြည့်လျှမ်းနေသော သူ့မျက်ဝန်းတွေကို ရှောင်လွှဲရတာလည်း တစ်ဒုက္ခ။

မော်လမြိုင်မြို့အဝင်နားရောက်တော့ သူက မိုးဘက်ကို ကိုယ် အနည်းငယ်ယိမ်းကာ ...

"ကောင်မလေး ..."

တိုးရှုအသံကြောင့် မိုး ကြက်သီးမွေးညင်းထသွားပြန်သည်ကွယ်။ ခေါင်းကိုတွင်တွင်ငုံ့ထားမိသည်။ ရုပ်ကလည်း သိုးငယ်လေးတစ်ကောင်လို သူ့ကိုလန့်နေတဲ့ပုံလေးကို စိုက်ကြည့်ပြီး ဘာပြောမှန်းမသိတော့။ တကယ်ဆို သူမကို သိပ်ချစ်နေတဲ့ နှလုံးသားတစ်ခုအကြောင်း ဖွင့်ဟလိုက်ချင်တာလေ။ ဒါပေမဲ့ ခုချက်ချင်းဖွင့်ပြောရင် သူမကို တန်ဖိုးမထားရာကျမှာလည်းစိုးရိမ်မိသည်မို့ ...

"ကောင်မလေး ... ကိုယ့်ကိုအမြဲသတိရနေနော် ..."

သူတို့စီးလာသောကားက ... မော်လမြိုင်မြို့ထဲဝင်ရောက်လာပြီမို့ ... ။



www.burmeseclassic.com

www.burmeseclassic.com





မော်လမြိုင်ရောက်သည်နေ့ကတည်းက ကားဂိတ်မှာ သူမကိုလာကြိုသောကားနောက် သူ နောက်ယောင်ခံကာ လိုက်ခဲ့သည်မို့ သူမတည်းသောနေရာကို သိလိုက်ရသည်။

တကယ်တော့ မိုးတည်းတာက မိုးရဲ့အိမ်မှာပင် ဘိုးဘွားပိုင်အိမ်ကြီးကို မရောင်းရက်သေးသဖြင့် ဒေါ်လေးလက်ထက်ကတည်းကရှိနေသော ဆွေရိပ်မျိုးရိပ်လည်း မကင်းသည့် ခြေ ခေါင်ဦးလေးကြီးကို အစောင့်ထားခဲ့ပြီး သူမ ရန်ကုန်ကိုပြောင်း သွားခဲ့တာပါ။ အခုရန်ကုန်ပြောင်းရခြင်းကလည်း သားကြောင့် ပေါ့။ သားရဲ့မိခင်အဖြစ် အမည်ခံနိုင်ဖို့အတွက် မိမိနှင့် စိမ်းသက် သော ပတ်ဝန်းကျင်ကို ပြောင်းရတာပါ။

ရူပါက သူမတည်းသောခြံနှင့် မျက်နှာချင်းဆိုင် တည်းခိုခန်းတစ်ခုမှာ တည်းသည်။ ဖေဖေ့တပည့်တွေကတော့ ...





"အစ်ကိုလေးရာ ... ကျွန်တော်တို့အိမ်မှာ လိုက်တည်းပါဗျာ၊ တော်ကြာ ဆရာက သူ့သားကို တည်းခိုခန်းမှာပစ်ထား တယ်ဆိုပြီး ပြောနေပါ့မယ် ..."

"ရပါတယ် ကိုဆွေရဲ့ ... ကျွန်တော် ဒီမှာနေချင်လို့ပါ"

"ဒါဆိုလည်း ဒီထက်ကောင်းတဲ့ တည်းခိုခန်းကို ပို့ပေးပါ့မယ် ဗျာ ... ဒီတည်းခိုခန်းက သိပ်မကောင်းဘူး ..."

"တည်းခိုခန်းမကောင်းပေမဲ့ View တော့ကောင်းတယ်ဗျ ... ဟဲဟဲ ..."

သူက ရှေ့ခြံကို မျက်စပစ်ပြလိုက်ပြီး ပြောလိုက်သည်။ ကိုဆွေက အံ့ဩသွားပုံဖြင့် ...

"ဩော် ... ဒီလိုကိုး ... ဒါနဲ့ အစ်ကိုလေးက ခုမှ မော်လမြိုင် ရောက်ဖူးတာမို့လား ... ဒီညီမကို ဘယ်လိုသိလဲ ..."

"ဗျာ ..."

"ဩော် ... မိုးနဲ့ ပိုး ညီအစ်မကြောင့် ဒီမှာတည်းတာမို့လား"

"ကျွန်တော်က မိုးတည်ကြည်တစ်ယောက်ပဲသိတာ ကိုဆွေ ရ ... လုပ်ပါဦး ... ကျွန်တော့်ကို ကိုဆွေသိသလောက် ပြောပြဦး ..."

"အစ်ကိုလေး ... ဆရာခိုင်းတဲ့အလုပ်ကိစ္စလာလုပ်တာ ... သေချာတယ်နော် ..."

"သိပ်ကိုသေချာတာပေါ့ ကိုဆွေရ ... ဒါပေမဲ့ အလုပ်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရင်တော့ ကျွန်တော့်ကို မိုးအကြောင်း ပြောပြပါဦး"

"သူတို့က ညီအစ်မနှစ်ယောက်ရှိတယ် အစ်ကိုလေးရ … အစ်ကိုလေးသိတဲ့မိုးက အငယ်မပေါ့၊ သူတို့ငယ်ငယ်တည်းက မိဘမရှိတော့ဘူး … အဒေါ်နဲ့နေတာ … အဒေါ်က လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကပဲဆုံးတယ် … ပိုးပိုးကလည်း ပြီးခဲ့တဲ့ခြောက်လလောက်ကပဲ ထပ်ဆုံးသွားပြန်တယ် … "

"ဟာ … ဒါဆို ကောင်မလေးတစ်ယောက်တည်း ကျန်ခဲ့တာပေါ့ … "

"ဟုတ်တယ် … သူတို့က တခြားဆွေမျိုးသားချင်း သိပ်ရှိပုံမရဘူး … မိုးမိုးတစ်ယောက်တည်း ကျန်ခဲ့တာ၊ ပြီးတော့ ကောင်မလေးက ရန်ကုန်မှာ ကျောင်းသွားတက်နေတာဆိုတော့ ကလေးသာသာပဲရှိသေးတာပေါ့ဗျာ … အဒေါ်နဲ့ အစ်မ,မရှိတော့ သူလည်း ဒီမှာမနေချင်လို့ထင်တယ် … ရန်ကုန်မှာ သွားနေတာလား မသိဘူး … ဒီမှာတော့ ခြံစောင့်ပဲရှိတော့တယ် … ပြီးတော့ သူ့ရဲ့ပွဲရုံလုပ်ငန်းကိုလည်း သူ့အဒေါ်လက်ထက်ကတည်းက လူယုံတွေကပဲ ဆက်လုပ်ပေးနေတာ သနားစရာလေးပါ … "

ကောင်မလေးရယ်။ ဒါဆို မင်းတစ်ယောက်တည်း ဆွေမဲ့မျိုးမဲ့ အထီးကျန်နေရှာတာပေါ့။ မိုးအပေါ် ကရုဏာတရား





တွေ တသွင်သွင်စီးကျလျက် …

"အစ်ကိုလေး … "

"ဗြော် ကိုဆွေ … "

"ဘာတွေတွေးနေတာလဲ … ကျွန်တော်ခေါ်နေတာ ငါးခွန်းရှိပြီ … "

"ကောင်မလေးအကြောင်းတွေးနေတာဗျ … "

"တွေးတာတွေးပေါ့ဗျာ … အခု အစ်ကိုလေး ဒီမှာတည်းလည်း ခြံစောင့်ပဲတွေ့ရမယ် … သူမရှိဘူး … ကျွန်တော့်အိမ်မှာ လိုက်တည်းတော့ … "

"သူပြန်လာတယ်ဗျာ … ကျွန်တော်နဲ့ကား အတူတူစီးလာတာ … "

"ဟာ … ဒါဆို အစ်ကိုလေးက မိုးမိုးရည်းစားလား … "

"အဲလိုဆိုရင် အတိုင်းထက်အလွန်ပေါ့ ကိုဆွေ … ဒါပေမဲ့ ကျွန်တော်က အခုမှကြိုးစားဆဲပါ … "

"အကူအညီလိုရင်ပြော အစ်ကိုလေး … "

"ဒါဆိုရင် ကိုဆွေပါ ကျွန်တော်နဲ့အတူတူ ဒီမှာလာနေနေ"

သူ့ စကားတိုးလို့တန်းလန်းနဲ့ ထစ်ငေါ့ရပ်တန့်သွားသည်။ သူ့အခန်းက သူမအိမ်ရှေ့တည့်တည့်မြင်ရသော အခန်းမို့ ဆင်ဝင်အောက်ထွက်လာသော သူမကို တွေ့လိုက်သည်။ သူမက အိမ်နေရင်းဂါဝန်လေးဖြင့် ခြံ[illegible]ဝိုလှည့်ပက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမခြံထဲမှာစိုက်ထားသော သစ်ခွစင်လေးရှိရာသွားပြီး ခြံစောင့်ဦးလေးကြီးကို ဘာတွေပြောနေသည်မသိ။

"အစ်ကိုလေး ... အသက်လေးရှူပါဦး ..."

"ဟာဗျာ ... ကိုဆွေကလည်း ..."

"ဒီအတိုင်းထိုင်ကြည့်မနေနဲ့လေ ..."

"ဟုတ်ပြီ ကိုဆွေ ... ကျွန်တော် သူ့ဆီသွားမယ် ... ခင်ဗျား ပါလိုက်ခဲ့ ..."

"ပါးရိုက်ခံရရင် အဲဖော်ရအောင်လို့လား အစ်ကိုလေး ..."

အဲလိုနဲ့ သူတို့နှစ်ယောက် မိုးခြံရှေ့ကိုရောက်သွားသည်။ ခြံတံခါးဝမှာ ခေါင်းလောင်းလေးတစ်ခုတွေ့သဖြင့် ခေါင်းလောင်းလေးကို လှုပ်ခါလိုက်သည်။ မိုးကလှည့်ကြည့်ပြီး အံ့သြနေပုံဖြင့် ခြံစောင့်ကြီးက ...

"ဘာကိစ္စရှိလို့လဲကွယ် ..."

"မိုးနဲ့တွေ့ချင်လို့ခင်ဗျ"

"ဘယ်သူလို့ပြောလိုက်ရမလဲ ..."

"မိုးကိုပိုင်ပါ ..."

ခြံစောင့်ကြီးက သူမကို သွားပြောနေပြန်သည်။ ပြီးမှ တံခါးလာဖွင့်ပေးသည်။ သူမက သူတို့ကို သစ်ခွစင်နားချထားသော ကြိမ်ခုံလေးတွေမှာပင် ညှော်ခံပါသည်။





"ဘာကိစ္စလဲ ... ရှင်တော်တော်နှောင့်ယှက်တဲ့သူပဲ"

"ကိုယ့်ပစ္စည်းတစ်ခုပျောက်သွားလို့ ကောင်မလေးရဲ့ ... အဲဒါ ကောင်မလေးဆီများ ပါသွားလားလို့ ..."

"ကျွန်မဆီမှာ ဘယ်သူ့ပစ္စည်းမှ ပါမလာဘူး ..."

"သေချာလို့လား ..."

"အိုး ... သိပ်သေချာတာပေါ့ ..."

"သေချာပြန်စစ်ကြည့်ပါဦး ..."

"အိုး ... စစ်စရာမလိုဘူး ... ကျွန်မမှာ ပိုက်ဆံအိတ်ကလွဲပြီး ဘာမှမပါဘူး ... သူများပစ္စည်းမှားပါဖို့တော့ဝေးရောပဲ ..."

"ကောင်မလေးဆီပါသွားတာ သေချာပါတယ်ကွာ"

"နေစမ်းပါဦး ... ရှင့်ပစ္စည်းက ဘာပစ္စည်းမို့လို့လဲ ..."

"ကိုယ့်နှလုံးသားလေ ... ပြီးတော့ ကိုယ့်ရဲ့အချစ်တွေ"

ကြည့်စမ်း ...။ ရှင် တော်တော်စော်ကားပါလား။ အိမ်တိုင်ရာရောက် ရည်းစားစကားလာပြောတယ်။ ရှင် ကျွန်မကို ဘာများထင်နေလဲ။

"ကိုယ် ထင်ချင်တာသာ ထင်ခွင့်ပေးမယ်ဆိုရင် ကောင်မလေးဟာ ကိုယ့်ရည်းစားလေးလို့ ထင်လိုက်မိမှာ သေချာတယ် ..."

"ရှင်ထွက်သွား ... အခုထွက်သွား ... နောက်လည်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မလာနဲ့ ...”

သူမက နားနှစ်ဘက်ကို လက်ဖြင့်ပိတ်ကာ ကျုံးအော်နေသည်။ တော်သေးတာပေါ့။ သူမခြံက အကျယ်ကြီး။ ပြီးတော့ ခြံစည်းရိုးမှာစိုက်ထားသော ပုဏ္ဏရိတ်ပင်တန်းကလည်း လူတစ်ရပ်ကျော်ကျော်မြင့်သဖြင့် တော်ရုံဖြင့် ခြံထဲကို မမြင်နိုင်။ ခြံစောင့်ကြီးက ပြေးလာကာ ...

“မလေး ... ဘာဖြစ်တာလဲ ...”

“သူတို့ကိုမောင်းထုတ်လိုက် ဦးမောင် ...”

ပြောပြီး အိမ်ထဲကို ပြေးဝင်သွားသည်။

“ကဲ ... မင်းတို့ အမြန်ဆုံး ခြံထဲက ထွက်သွားတော့”

“ဦးမောင် ... ကျွန်တော်တို့ ...”

“ဘာမှမပြောနဲ့တော့ကွယ် ... ထွက်သွားတော့ ...”

သူတို့အောင်မြင်စွာတပ်ဆုတ်ပြေးရတော့သည်။ ကိုဆွေက ...

“အစ်ကိုလေးကလည်း ... နည်းနည်းပါးပါး အင်ထရိုလေး… တာ မဟုတ်ဘူး ... ဒွဲပဲ ...”

“ကျွန်တော်က ကားပေါ်မှာတည်းက ပြောချင်နေတာ…

“ဒီကိစ္စမျိုးက စိတ်လိုက်မာန်ပါမလုပ်ရဘူး အစ်ကိုလေး… ကေန္တ အစ်ကိုလေးအတွက် first time ဖြစ်မှုံရတယ်”

“ဟုတ်တယ် ... သူက ပထမဆုံးပဲ ...”





ထို့နောက် ကိုဆွေနဲ့အတူတူ ဖေဖေခိုင်းသည့်ကိစ္စတွေ လျှောက်လုပ်ရသည်။ ပြီးတော့ နောက်တစ်နေ့ နေ့လယ်ခန့်မှာ လုပ်စရာရှိတာ အကုန်ပြီးသွားပြီ။ ဖေဖေ့ကိုဖုန်းဆက်ပြီး အကျိုးအကြောင်းပြောရသည်။ ပြီးတော့ မော်လမြိုင်မှာ တစ်ရက်နှစ်ရက်လည်ဦးမည်ဟု ဘစ်ခါတည်းခွင့်ပန်လိုက်သည်။ အလုပ်တွေအကုန်ပြီးတော့ သူ့အာရုံက မိုးဘက်လုံးလုံးလှည့်သွားပြီး ...

မိုးရဲ့ခြံကိုသွားတော့ ခြံစောင့်ကြီးက ...

“ဓမလေး မရှိဘူး ...”

ဟုသာပြောသည်။ ထို့ကြောင့် မိမိတည်းသောအခန်းကနေ တစ်ချိန်လုံး မိုးရဲ့အိမ်ကို စောင့်ကြည့်နေသည်။ ညနေပိုင်းမှာ မိုး မော်လမြိုင်ရောက်တဲ့နေ့က ကားဂိတ်ကိုလာကြိုသော စလွန်းကားလေးကို တွေ့ရသည်။ ထိုကားထဲမှ အသက်လေးဆယ်ကျော်ခန့်လူကြီးတစ်ဦးဆင်းလာကာ အိမ်ထဲဝင်သွားသည်။ ကိုဆွေက ...

“အဲဒါ သူ့ရဲ့ပွဲရုံက မန်နေဂျာလေ ...”

“သြော် ...”

ပြီးတော့ တစ်နာရီခန့်ကြာတော့ ထိုကားပြန်ထွက်သွားသည်။ ကားပေါ်မှာ မိုးပါ ပါသွားသည်မို့ ထိုကားနောက်ကို ကိုဆွေနဲ့ သူ ဆိုင်ကယ်ဖြင့် လိုက်ခဲ့ကြသည်။ သူမက ပွဲရုံသွားတာပါ။ ပွဲရုံထဲလိုက်သွားရန်နိုးဖြင့် ချီတုံချတုံဖြစ်နေသော သူ့ကို ကိုဆွေ



www.burmeseclassic.com

www.burmeseclassic.com



ကာ တားသည်။

"မလိုက်သင့်ဘူး အစ်ကိုလေး ... ပွဲရုံထဲဇွတ်ဝင်သွားပြီးရင် ရော အစ်ကိုလေး ဘာပြောမှာလဲ ..."

သူ့ပုံစံက နေမြင့်လေ အရူးရင့်လေဖြစ်နေပြီ။ မိုးကို ဘယ်လိုမှ အဆုံးရှုံးမခံချင်တော့။ နာရီဝက်ခန့်ကြာတော့ မိုး ပွဲရုံက ပြန်ထွက်လာသည်။ သူမနဲ့ အတူ ကောင်မလေးတစ်ယောက်ပါ ပါသေးသည်။ ပြီးတော့ သူမတို့ပွဲရုံနားရှိ ထမင်းသုပ်ဆိုင်ထဲဝင်သွား သည်။

"ကိုဆွေ ... ကျွန်တော် သူ့ကို စကားသွားပြောချင်တယ်၊ သွားလေ အစ်ကိုလေး ..."

သူ ခြေလှမ်းအပြင်မှာပဲ သူ့ရဲ့မိုဘိုင်းလ်ဖုန်းက မြည် လာသည်။ ပရိမ်ီယာက ...

"စုပါပြန်မလာသေးဘူးလား ... အလုပ်တွေပြီးပြီဆို ..."

"ဒီမှာလည်ပြီးမှပြန်လာမယ်လေဟာ"

"နင်ကလည်း မလည်နေပါနဲ့တော့ကွာ ... ဒီမှာ ငါတို့က နင်မရှိတော့ ပျင်းခြောက်နေပြီကွ ... ပြန်လာဟေ့ ..."

"အေးပါ ... တစ်ရက်နှစ်ရက်ပါပဲ ..."

"စုပါနော် ... ဘာဖြစ်နေတာလဲ ... သွားတာ ဖုန်းတောင် ပြန်မဆက်ဘူး ..."

"မအားလို့ပါဟာ ... ခုမှအလုပ်ပြီးတာ ... ညကျမှဆက်မလို့"





"ပြီးတာပဲ ... ညကျရင်ပြန်ဆက်နော် ... ငါရော ဆီနိုဒါပါ စောင့်နေမယ် ..."

"အိုကေ ... သူငယ်ချင်းလေး ..."

ပရိမ်ီယာနှင့် ဖုန်းပြောပြီးတော့ မိုးက ထမင်းသုပ်ပင် ားလို့ကုန်တော့မည်။ သူ သူမဆီအမြန်လျှောက်သွားလိုက်ပြီး ...

"မိုးတည်ကြည် ..."

"ဘာလာရှုပ်ပြန်ပြီလဲ ..."

သူမရဲ့စကားကြောင့် သူ့ရင်ဘတ်ထဲ အောင့်မျက် ွားခဲ့ရသည်။ သူ့အပေါ် ဘယ်တော့မှ မချိုသာခဲ့သော ချစ်သူလေး ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

"ဘယ်နေ့ရန်ကုန်ပြန်မှာလဲ ..."

"ဘယ်နေ့ပြန်ပြန်ပေါ့ ..."

"ကောင်မလေးက အရမ်းစိမ်းကားတာပဲ ..."

"ရှင်နဲ့ ကျွန်မက ဘယ်တုန်းက ရင်းနှီးခဲ့ဘူးလို့လဲ ..."

"ကားပေါ်မှာလေ ..."

"အိုး ... အဝေးကြီးပဲ ..."

"မဝေးပါဘူး ... ခုံချင်းကပ်ပြီး ထိုင်လာတာကို ..."

"ရှင်နော် ..."

သူမ ပြုံးစိစိဖြစ်သွားပြီး မျက်စောင်းထိုးသည်။ သူ မဘက်ကိုယ်လေးအသာယိမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းချစ်တာပဲ ကောင်မလေးရယ် ..."

"သွားပါ ... ဒါပဲ တစ်ချိန်လုံးလာပြောမနေနဲ့ ... ဒီမှာ ရှင် ကျွန်မကိုခင်လား ..."

"မခင်ပါဘူး ... ချစ်တာ ..."

"ပြီးရောလေ ... ဒါဆိုရှင် တစ်ခါတည်း အဖြေပေးလိုက်မယ် ရှင့်ကို ကျွန်မ ဘယ်တော့မှ ပြန်လက်မခံဘူး ... ကဲ ... ရှင်သွားတော့ ..."

"ဟင့်အင်း ... ကိုယ်က ချစ်တယ်လို့ပဲပြောတာလေ ... အဖြေပြန်တောင်းနေတာမှ မဟုတ်တာ ... အဖြေပြန်မပေးပါနဲ့ ... ရတယ် ..."

"ဟင် ... ဘယ်လိုကြီးလဲ ..."

"ဒီလိုပဲလေ ..."

"အူလည်လည်နဲ့ ..."

"အဲဒီလူနာမည်က မိုးကိုပိုင်လေ ... ဟဲဟဲ ..."

"ဒီမှာ ... ရှင့်ကို ကျွန်မရဲ့သူငယ်ချင်းအဖြစ် လက်ခံမယ် ... ဘယ်လိုလဲ ..."

"ဟင့်အင်း သူငယ်ချင်းမတော်ချင်ဘူး"

"သေလိုက်ပေါ့ရှင် ... ဒါဆိုလည်း ကျွန်မကို ဘယ်တော့မှ လာမဆက်သွယ်နဲ့တော့ ဟုတ်လား ..."

ပြောပြောဆိုဆို ... သူမက ထမင်းသုပ်ဆိုင်ထဲမှ





ထ,ထွက်သွားသည်။ သူက သူမရှေ့မှ ပိတ်ရပ်ကာ ...

"ကောင်မလေး ..."

"ကျွတ် ... ရှင် ကျွန်မကို မနှောင့်ယှက်ပါနဲ့ ... ဒါက နယ်မြို့ ရှင့် ... ရန်ကုန်မဟုတ်ဘူး ... ကျွန်မရဲ့သိက္ခာကိုထောက်ဦး"

သူ လမ်းဖယ်ပေးလိုက်တော့ သူမက ပွဲရုံထဲပြန်ဝင်သွားသည်။ ညနေစောင်းတော့လည်း သူမက အလာတုန်းကကားနှင့်ပင် ပြန်သွားသည်မို့ သူ့မှာ အခွင့်ရေးမရပြန်။

"အစ်ကိုလေး ... ဖုန်းဆက်ပါလား ..."

"ဟုတ်ပြီ ကိုဆွေ ... ဒါပေမဲ့ ကျွန်တော် ဖုန်းနံပါတ်မသိဘူး ကိုဆွေရ ..."

"ဒီကောင်ကိုမေးစမ်းပါ အစ်ကိုလေးရ ... မော်လမြိုင်မြို့မှာ မိန်းမချောလေးတွေရှိတဲ့အိမ်ရဲ့ဖုန်းနံပါတွေကို ကျွန်တော် အကုန်အလွတ်ရတယ် ..."

ကိုဆွေကောင်းမှုဖြင့် သူ သူမဆီကို ဖုန်းဆက်ဖြစ်သွားသည်။

"ဟယ်လို ... မွန်လား ..."

"မွန်မဟုတ်ဘူး ... မောင် ..."

"ရှင် ... ဟင်း ဖုန်းနံပါတ်ကို သိလိုက်ရပြန်ပြီ ... ရှင်ဟာလေ တကယ်နှောင့်ယှက်တယ် သိလား ..."

"ကောင်မလေး ဘယ်နေ့ပြန်မှာလဲ ... ပြောပါကွာ ... မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပြန်မှာ စိတ်မချလွန်းလို့ပါ ... ”

“ရှင်နဲ့ပြန်တာထက် ပိုပြီးအန္တရာယ်ကင်းမှာ သေချာတယ်”

“ကြောက်တယ်ပေါ့ ... ”

“သေလိုက် ... ”

“မသေနိုင်သေးဘူးကွ ... မိုးကလေးရဲ့အချစ်ကို မရသေးဘူး ... ”

မိုးတည်ကြည်သည့် သူ့ရဲ့အပြောတွေမှာ နစ်မြောနေပြီ။ မိုး ဘာလို့ သားသားရှိတဲ့အကြောင်း သူ့ကို မပြောမိတာပါလိမ့်။ သားသားရှိနေပြီဖြစ်တဲ့ မိုးလိုကလေးအမေကို သူ ဆက်ပြီးစိတ်ဝင်စားနိုင်ပါ့မလား။ အို ... မိုးငြင်းတာပဲကောင်းပါတယ်။ တစ်နေ့မှာ သားရှိတဲ့အကြောင်း သိသွားရင် သူ နောက်ဆုတ်မှာသေချာတယ်။ နောက်မဆုတ်ခဲ့ဘူးဆိုရင်လည်း သူ့ကို သားရဲ့ဖခင်အဖြစ်အမည်ခံခိုင်းဖို့ သင့်ပါရဲ့လား။ သူရင်သွေးမဟုတ်တဲ့ သားကို ကြည်ဖြူနိုင်ပါ့မလား။ အိုး ... မိုး ဘာတွေလျှောက်တွေးမိပါလိမ့်ကွယ်။

“ကောင်မလေး ... ကိုယ်ခေါ်နေတာ ကြားရဲ့လား”

“အင်း ... ပြော ... ပြောလေ ... ”

“အား ... ဘာတွေတွေးနေတာလဲကွာ ... ကိုယ်နဲ့ ဖုန်းပြောရင်း ဘယ်သူ့အကြောင်း စဉ်းစားနေတာလဲပြော ... ”

“ဘာလို့ပြောရမှာလဲ ... ဒါပဲ ဖုန်းချတော့မယ် ... ”

“နေပါဦး ကောင်မလေးရယ် ... ကောင်မလေးကို အရမ်း





ချစ်တယ် သိလား ... ”

ဖုန်းချသံငွပ်ခနဲကြားလိုက်ရသည်။ ထို့နောက် ... ကိုဆွေ့ကောင်းမှုဖြင့် မိုး ပြန်မည့်ရက်ကို သူ သိသွားပြီး ကားလက်မှတ်ပါ မိုးဘေးကရအောင်ဖြတ်နိုင်ခဲ့တယ်။ ရန်ကုန်–မော်လမြိုင် Expressကားတွေရဲ့လက်မှတ်အရောင်းဌာနေတွေမှာ ကိုဆွေ့ရဲ့ ခင်ရာမင်ရာတွေရှိနေသဖြင့် အဆင်ပြေသွားခြင်းပါ။

“ကျေးဇူးအများကြီးတင်တယ် ကိုဆွေ ... ကိုဆွေ ရန်ကုန်ကိုလာခဲ့ဦး ... ကျွန်တော်ပြန်ပြုစုချင်လို့ ... ”

“ဟုတ်ကဲ့ အစ်ကိုလေး ... အလုပ်ကိစ္စရှိရင် ကျွန်တော်ကိုယ်တိုင် တက်လာခဲ့မယ် စိတ်ချ ... ”



www.burmeseclassic.com

www.burmeseclassic.com





အပြန်လမ်းမှာလည်း သူမနဲ့ ဘေးချင်းယှဉ်ရက်ခုံမှာ ကိုပိုင် သူမ မျက်စောင်းတွေသာ အကြိမ်ကြိမ်ထိုးနေမိသည်။ မိုးကိုပိုင်ကတော့ ပါးစပ်နားရွက်နံ တက်နေသည်။

"ကောင်မလေး ..."

"ဒီမှာ တစ်လမ်းလုံး ပါးစပ်ပိတ်ပြီး လိုက်လာမယ်ဆိုရင် ရှင့်ကို ကျွန်မ တော်တော်ကျေးဇူးတင်မှာပဲ ..."

"လက္ခဏာကြည့်တာ ဝါသနာပါလားလို့ မေးမလို့ပါ"

"ဘာလဲ ... ဝါသနာပါတယ်ဆိုရင် ရှင်က ကျွန်မလက်ကို ကိုင်မလို့ မဟုတ်လား ..."

"ဘာလို့ ပေါ်တင်ကြီးပြောရတာလဲ ..."

"ယောကျ်ားတွေရဲ့အချစ်ဆိုတာ နောက်ဆုံးတော့ ဒါပါပဲ၊ မိုးကိုပိုင်ရယ် ... မဟုတ်ရင် အကုန်လုံးသူတော်စင်ပဲလုပ်နေ





ကျမှာပါ ..."

"ကျွတ် ... နားမခံသာလိုက်တာ ..."

"နားခံသာချင်ရင် ကျွန်မကို လာစကားမပြောနဲ့ ... ဒါပဲ မနှောင့်ယှက်နဲ့တော့ ... ကျွန်မ အိပ်မလို့ ..."

"အိုကေလေ ... အိပ်ရင် ကိုယ့်ပခုံးပေါ် ခေါင်းလာမတင်နဲ့နော် ... လွှတ်လွှတ်လပ်လပ်နေ ..."

သူမကိုယ်လေး ပိုကျုံ့သွားကာ ကားပြတင်းပေါက်ဘက် ပိုပြီးကပ်သွားပြန်သည်။ ထိုအချိန်မှာပဲ ...

"ဖောင်း ... ကျွီ ... ဒုန်း ... ခွမ်း ..."

"အား ..."

"အမေရေ ... သေပါပြီတော့ ..."

ရုတ်တရက် ဆူညံသံတွေနဲ့အတူ ကားက ယိမ်းထိုးသွားချိန်မှာ မိုးက သူ့ကိုကြောက်ကြောက်နှင့် လှမ်းဖက်ထားသည်။ သူကလည်း မိုးကိုယ်လေးကို တင်းနေအောင် ပြန်ဖက်ထားမိသည်။ ကားဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ခင် ဘရိတ်ကိုတအားဖိအုပ်လိုက်သဖြင့် ကားက ဦးတည်ချက်ပြောင်းကာ ချော်လပတ်ရမ်းသွားပြီး လမ်းဘေးက သစ်ပင်ကို ဝင်တိုက်မိကာ ထိုးရပ်သွားသည်။

ကားရှေ့မှန်ကွဲသွားပြီး မီးသီးတွေလည်း ကွဲကုန်သည်။ ခရီးသည်တွေလည်း ခုံနဲ့ ခေါင့်မိသူနဲ့ ကားဘောနံရံနှင့်တိုက်မိသူနှင့် အလဲလဲအပြိုပြို ထိခိုက်ဒဏ်ရာတော့ ကြီးကြီးမားမား



www.burmeseclassic.com

www.burmeseclassic.com



မရှိုကြ၍ တော်သေးသည်။ ကားက ညကားမို့ အက်ဆီးဒင့်(တ်)ဖြစ် ချိန်က ညဆယ့်တစ်နာရီခန့်။ ဘေးပတ်ဝန်းကျင်ကလည်း ရွာမနီး မြို့မနီး ကားက ဆက်မောင်းလို့မရအောင် ပျက်စီးသွားခဲ့ပြီ။ ဘေး ပတ်ဝန်းကျင်မှာကလည်း လယ်ကွင်းတွေသာ ပတ်လည်ဝန်းရံနေ သည်။ ဖုန်းဆက်လို့လည်းမရ။

"ဟယ် … စိတ်ညစ်လိုက်တာ … ဘယ်လိုလုပ်ရမလဲ"

မိုးမျက်နှာလေးက ငိုမဲ့မဲ့ဖြစ်နေသည်။ သူက မိုး လက်ကလေးကို တင်းနေအောင်ဆုပ်ကိုင်ပြီး …

"ကိုယ်တို့ လာတဲ့ကားတွေ တားကြည့်တာပေါ့ … ကြုံရာ ကားပဲ တားပြီးစီးကြမယ်လေ …"

"မိုး မစီးရဲပါဘူး … ခရီးသည်ကားပဲ စီးမယ်နော် … ကြုံရာ ကားတော့ မစီးရဲဘူး …"

"ကိုယ်ပါတာပဲကွာ … မကြောက်ပါနဲ့ … ကိုယ်က မင်း ဒုက္ခရောက်မှာစိုးလို့ပြောတာ … ကဲ … လာ … အောက် ဆင်းပြီး ကားသွားစောင့်ရအောင် …"

သူမလေးက သူ့အပေါ် ရန်လိုခြင်းမရှိဘဲ ယုံကြည် ကိုးစားစွာ လိုက်လာသည်။ အောက်မှာ ကားစောင့်တော့လည်း ခြင်တွေက ဖွဲနဲ့ဆုပ်ပြီး ပက်သည့်အလား။ ညပိုးကောင်တို့၏ အော် သံတွေကိုလည်း သူမက ကြောက်နေသေးသည်။ ညလေအေးက အကာအကွယ်မဲ့ လယ်ကွင်းပြင်ကို ကြမ်းတမ်းစွာဖြတ်တိုက်လာချိန်





မှာတော့ သူမလေးက တဆတ်ဆတ်တုန်အောင် ချမ်းနေရှာသည် မို့ သူဝတ်ထားသော လယ်သာဂျာကင်ကိုချွတ်ကာ သူမကို ဝတ် ပေးလိုက်သည်။

"ရှင်လည်းချမ်းနေမှာပေါ့ …"

"အေးဆေးပါ … ကိုယ်က ယောကျ်ားပဲ … ကောင်မလေး ကားပေါ်က သွားစောင့်နေပါလား … ကားပေါ်မှာဆို ခြင် ကိုက်တာသက်သာမယ် … လေလည်းမတိုးတော့ဘူးပေါ့။ ကိုယ် ကားတားလို့ရရင် လာခေါ်မယ်လေ …"

"ဟင့်အင်း … မိုးကြောက်တယ် … ဒီမှာပဲနေမယ် …"

သူ့နား ပိုမိုတိုးကပ်ကာ ပြောလာသဖြင့် သူ စိတ် မထိန်းနိုင်တော့ဘဲ သူမကိုယ်လေးကို ခပ်တင်းတင်းဖက်ကာ ရင် ခွင်ထဲဆွဲသွင်းလိုက်မိသည်။ မပြည့်တပြည့်လမင်းက ထိန်ထိန်လင်း နေသည်။ ကြယ်ရောင်တွေက တလက်လက်ဖြာလို့။ အေးစက်စွာ တိုက်ခတ်လာသော လေက သူတို့နှစ်ယောက်ကြားကို မဖြတ်သန်း နိုင်တော့။ သူမကြောက်သော တိုးရှုရှုသံ့အသံ …

"ကောင်မလေး …"

"ပါးစပ်ပိတ်ထားကွာ … ရှင် အဲလိုခေါ်တဲ့ဒဏ်ကို ကျွန်မ ခံနိုင်ရည်မရှိဘူး …"

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိကျ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ..."

လကို တိမ်ညိုတိမ်မဲတို့က အုပ်ပစ်သည်လေ။ တစ်စက္ကန့်၊ နှစ်စက္ကန့်။ အို ... တိမ်ထုကြီးက မပြီးနိုင်မစီးနိုင် လွင့်မျော နေသည်မို့ ... ။

လမင်းထိန်ထိန်ပြန်လင်းလာချိန်မှာတော့ ...

"ရှင် သိပ်လူလည်ကျတာပဲ ..."

သူ ဘာမှပြန်မပြောနိုင်လောက်အောင် အတွေ့ထူးမှာ ယစ်မူးနေသည်။ မိုးကရော ဘာထူးလဲ။ နှုတ်ခမ်းကိုလက်ခုံဖြင့် ခပ်ဖွဖွပွတ်နေမိသည်။

"မိုးကလေး ... မောင်လေ ဒီညလေးကို ဘယ်တော့မှ မမေ့တော့ဘူးသိလား ... မိုးလည်း မမေ့ပစ်ရဘူးနော် ..."

"ကျွန်မ ကတိမပေးနိုင်ဘူး ..."

"ဟိတ် ... ကိုယ်က သိပ်ပြီးလွှတ်ပေးချင်တာ မဟုတ်ဘူးနော် ... ဒီအချိန်မှာ ကိုယ့်ကို ကလန်ကဆန်မလုပ်နဲ့"

"အံမယ် ..."

သူမရဲ့လက်အစုံက ... သူ့ဗိုက်ခေါက်ကို အော်တို ရောက်လာသည်။

"ဟိတ် ... ကိုယ်က ယောင်တတ်တယ်နော်၊ ကိုယ်ယောင်ရင် ကိုယ့်နားမှာရှိတဲ့သူကို အတင်းဖက်နမ်းပစ်မိရော"

သူမ လက်ရောကိုယ်ပါ တွန့်သွားသည်။ သူက သူမ





ကိုယ်လေးကို ခပ်တင်းတင်းဆွဲဖက်တော့ အလိုက်သင့်ပင်ပါလာသည်။

"မိုးကလေး ... ကိုယ်လေ ... မိုးကလေးကို ဈေးမှာစ,တွေ့ဖူးတည်းက စွဲလမ်းသွားတာ ... ကိုယ် နောက်ရက်တွေ ဈေးမှာသွားရှာသေးတယ် ... အဲဒီနောက် တစ်ချိန်လုံးရှာခဲ့တာ ... မမျှော်လင့်ဘဲ မိုးက ကိုယ်တို့လမ်းထိပ်မှာနေတာ သိလိုက်ရတော့ ကိုယ် အရမ်းပျော်သွားတယ်သိလား"

"သိဘူး ..."

"မသိရင်ဆက်နားထောင် ... မော်လမြိုင်ကို ဖေဖေနိုင်းလို့ အလုပ်ကိစ္စနဲ့ လာရတာ ... မမျှော်လင့်ဘဲ ကားပေါ်မှာဆုံတော့လည်း ကိုယ့်မှာပျော်လိုက်ရတာ ... မိုးနဲ့ ကိုယ်တို့ရဲ့ ရေစက်က ကိုယ်တို့ဆုံအောင် ဖန်တီးပေးတာထင်တယ်နော် ..."

"မထင်ပါဘူး ..."

"ကောင်မလေးနော် ... စကားကောင်းပြောနေရင် နောက်တီးနောက်တောက်မလုပ်နဲ့နော် ..."

"ဘာလဲ ... နောက်တီးနောက်တောက်လုပ်ရင်လည်း ဖက်နမ်းမှာပဲလား ..."

"အင်း ... ဟဲဟဲ ..."

မိုးရဲ့မျက်ခောင်းက ဒီတစ်ခါ အချိုမြိန်ဆုံးပါပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ အဝေးပြေး Express တစ်စီး ထိုးစိုက်လာသည်မို့ သူက မိုးရဲ့ပါးလေးကို ဖျတ်ခနဲနမ်းလိုက်ကာ မိုးလက်ကိုဆွဲပြီး ကားပေါ် တက်လိုက်သည်။ ထို့နောက် နေရာက တစ်နေရာပဲရသည်မို့ သူက မတ်တတ်ရပ်ကာ လိုက်ရသည်။ ရန်ကုန်ရောက်တဲ့အထိပဲဆိုပါတော့။

မိုးကတော့ သူမအတွက်ရသောနေရာလေးမှာ ကပ်ကပ်သပ်သပ် အိပ်ငိုက်နေသေးသည်မို့ သူက မတ်တတ်ရပ်ရင်း သူမကို ထိန်းပေးရသေးသည်။ သူမနိုးလာတော့ ...

"ဆောရီး ... ရှင်တစ်လှည့်ထိုင်ပါဦးလား ... "

"အပြောလေးနဲ့တင် မောင် အညောင်းပြေနေပါပြီ ... "

မိုးက သူ့ကိုငေးနေမိသည်။ သူဟာ မိုးကို ဂရုစိုက်ညှာတာလှသည်။ ဒီအပြန်ခရီးမှာ သူသာအတူပါမလာရင် ... မိုးခုလောက်ဆို ဒုက္ခရောက်နေမှာ သေချာသည်။ သူ မိုးကို အရမ်းချစ်တာကိုလည်း မိုးခံစားရပါသည်။ မိုးကိုယ်တိုင်လည်း မိုးကိုပိုင်အပေါ်သံယောဇဉ်နှစ်ဝင်မိသည်။ ရင်ထဲမှာ သူ့ကိုချစ်သည့်စိတ်တွေကပြည့်လျှံနေသည်လေ။ သို့သော် သားသားမောင်က ရှိနေသေးသည်။ မိုးဟာ ဘာအနှောင်အဖွဲ့မှမရှိတဲ့ လွတ်လပ်သူတစ်ယောက်သာဆိုရင် ခုလောက်ဆို မိုးဟာ ချစ်သူလက်ကိုတွဲပြီး ပျော်ရွှင်နေမိမှာအမှန်။

မိုးက သူမပါးပြင်ကို ခပ်ဖွဖွပြန်နမ်းမိသလို နှုတ်ခမ်းအစုံကိုလည်း လက်ဖြင့်အသာထိရင်း သူ့ကိုမော့ကြည့်လိုက်တော့ သူက ပြောင်စပ်စပ်ဖြင့် မိုကို မျက်စိမှိတ်ပြနေသည်။ မိုး မျက်စောင်းထိုးလိုက်မိသည်။

ဒီအပြန်ခရီးကို ဆွဲဆန့်ထားလိုက်ချင်စိတ်တောင်ပေါက်နေသည်။ ရန်ကုန်ပင် ပြန်မရောက်သေး။ မိုး ကြိုပြီးအသည်းကွဲနေမိသည်။ ရန်ကုန်ပြန်ရောက်ရင် မိုး သူ့ကိုမေ့ရတော့မည်။ သူမိုးလို ကလေးတစ်ယောက်အမေကို လက်ခံနိုင်မှာ မဟုတ်ဘူး။ သူထားသွားတာကို မိုးမခံနိုင်သဖြင့် မိုးကပဲ သူ့ကို မေ့ဖျောက်ရတော့မည်လေ။ သူက မိုးရဲ့ဆံပင်တိုလေးကို ခပ်ဖွဖွသပ်တင်ပေးနေသည်။ မိုးက သူ့လက်ကိုဆွဲယူကာ ပါးမှာခဏအပ်ထားမိသည်။ သုံးစက္ကန့်လောက်ပေါ့ကွယ် ... ။

www.burmeseclassic.com





ကျွန်မလေ ... ချစ်သူကို ချစ်လွန်းလို့ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားတယ်။ ခုဆို ကျွန်မဘဝမှာ အချစ်ဆုံးနှစ်ယောက်ပဲရှိတော့တယ်။ တစ်ယောက်က သားသားမောင် ...။ နောက်တစ်ယောက်က သူပေါ့။

တစ်နေ့နေ့ ...

သူနဲ့သားရဲ့ကြားမှာ ဇာတ်များရမဲ့အဖြစ်မျိုးလည်း ကျွန်မ မလိုချင်ဘူး။

သားကိုလည်း ... သွေးသားမဟုတ်တဲ့ သူစိမ်းတစ်ယောက်ကို အဖေခေါ်ပြီး မကြီးပြင်းစေချင်ဘူး။

သူ့ကိုလည်းကျွန်မတည်းဟူသောအကြောင်းကြောင့် သွေးမတော်သားမစပ်တဲ့ ကလေးတစ်ယောက်ကို တစ်သက်လုံးကြည့်ရှုစောင့်ရှောက်သွားရမှာမျိုး မဖြစ်စေချင်ဘူး။





ကိုယ့်ကိုယ်ကိုယ်ချစ်တဲ့အတွက်။ သားကိုချစ်တဲ့အတွက်။ သူ့ကိုချစ်တဲ့အတွက်တွေနဲ့ ကျွန်မလေ နောက်ဆုံးတော့ ချစ်သူကိုစွန့်လွှတ်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်မိပါတယ်။

ကျွန်မ မှန်လားမှားလား မစဉ်းစားချင်ဘူး။ သေချာတာကတော့ ကျွန်မ တရားမျှတစွာ ဆုံးဖြတ်ခဲ့ခြင်းပဲ။

ဒါပေမဲ့ကွယ် ...။ သူနဲ့ ဆုံမယ်မှန်းသာသိခဲ့ရင် ဒီမော်လမြိုင်ဟူသောခရီးကို ကျွန်မ သွားခဲ့မိမှာ မဟုတ်။

ခုတော့ ကျွန်မတစ်သက်တာ အသည်းကွဲရတော့မယ်။ ချစ်သူပေးခဲ့တဲ့ ချစ်ခြင်းရဲ့ နူးညံ့မှုတွေကို ပြန်လည်တမ်းတလျက်ပေါ့။ အတိတ်ကိုသာ ပြန်သွားလို့ရမယ်ဆိုရင် ...။



www.burmeseclassic.com

www.burmeseclassic.com





စာအုပ်ဆိုင်ကို ဦးတည်သော သူ့ကို ခပ်လှမ်းလှမ်းမှာကတည်းက ကျွန်မ လှမ်းတွေ့လိုက်သည်မို့ အိမ်ထဲဝင်ပြေးမိသည်။ စတိုးဆိုင်မှာ ကောင်တာထိုင်နေသော မွန်ကို ...

"မွန်ရေ... စာအုပ်ဆိုင်ဘက်ကို တစ်ယောက်လွှတ်လိုက်ဦး၊ ငါ အိမ်ထဲသွားမလို့ ..."

"အေး ..."

သူ စာအုပ်လာအပ်တော့ မွန်လည်းမရှိ၊ မိုးလည်းမတွေ့ရဘဲ သူမသိသော ကောင်မလေးတစ်ယောက်ဘဲ တွေ့ရသည်။ မော်လမြိုင်ကပြန်လာတာ သုံးလေးရက်ရှိပြီ။ ဒီကြားထဲမှာ သူမကို လုံးဝမတွေ့ရ၊ ဖုန်းဆက်တော့လည်း မရှိဘူးဟူသော အဖြေကိုပဲ ဒိုင်ခံဖြေနေကြသည်။

မိုး သူ့ကိုရှောင်နေတာပေါ့။ သူ့ရဲ့အချစ်တွေကို





လက်ခံခဲ့ပြီးမှ ဘာကြောင့်ရှောင်နေတာလဲ။ သူ စဉ်းစားမရ။ ဆိုင်ထိုင်နေသော ကောင်မလေးကို ...

"မိုးတည်ကြည်ရှိလား ..."

"ဟုတ် ... ခုနပဲအိမ်ထဲဝင်သွားတယ်ရှင့် ... မမွန်တော့ဟိုဘက်ခန်းမှာရှိတယ် ..."

မေးတာထက် ပိုဖြေပေးသော မိကျောင်းသမီးလေးကို ကျေးဇူးတင်စွာ ခေါင်းညိတ်ပြပြီး စတိုးဆိုင်ဘက် ကူးလာလိုက်သည်။

"မမွန် ..."

"ဪ ... ရှင် ... ဘာလာဝယ်တာလဲ ..."

"ဟုတ်တယ် ... ကျွန်တော် မိုးနဲ့တွေ့ချင်လို့ မမွန် ..."

"မိုးမရှိဘူး ... အပြင်သွားတယ် ..."

"ခုပဲအိမ်ထဲသွားတယ်ဆို ..."

"ဒါပေမဲ့ ကျွန်မက မိုးမရှိဘူးလို့ပြောနေတယ်လေ ..."

မော်လမြိုင်ခရီးကို မိုးက အစအဆုံးရင်ဖွင့်ထားသဖြင့် မွန်က မိုးစိတ်ကိုသိကာ သူ့ကို ခပ်တင်းတင်းဆက်ဆံဖို့ဆုံးဖြတ်လိုက်သည်။

"မမွန် မိုး ကျွန်တော့်ကို ဘာလို့ရှောင်နေတာလဲလို့၊ ကျွန်တော့်ကို အကျိုးအကြောင်းတစ်ခုခုတော့ ရှင်းပြပါဦးလို့..."

"ကိုမိုးကိုပိုင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"ရှင် မိုးကို တကယ်ချစ်တယ်ဆိုရင် မိုးစိတ်ချမ်းသာအောင် သူနဲ့ ကင်းကင်းနေပေးလိုက်ပါလား ..."

"မိုးက ကင်းကင်းနေချင်တယ်တဲ့လား ..."

"သူ မတွေ့ချင်လို့ ရှောင်နေတာပေါ့ရှင် ..."

"ကျွန်တော့်ဘက်ကလည်း စဉ်းစားကြည့်ပါဦး မမွန် ... ဘာ ကြောင့်ဆိုတဲ့အကြောင်းပြချက်ကို မသိရဘဲ အဆက်ဖြတ်ခံ ရတာလေ ..."

"ရှင် မိုးကို စိတ်မချမ်းသာစေချင်ရင် ထပ်ပြီးအဆက်အသွယ် လုပ်ပေါ့ ..."

သူ ခေါင်းငိုက်စိုက်ချကာ ပြန်ထွက်သွားသည်။ စတိုး ဆိုင်ရဲ့နောက်ဘက်ရှိ အခန်းလေးထဲက မိုးကလည်း သူ့စကားတွေ ကို နားထောင်ရင်း မျက်ရည်ကျနေမိသည်။ မုန်းမေ့လိုက်ပါတော့ ကောင်လေးရယ်။

ထိုအချိန်မှာပဲ သားသားငိုသံကြားသဖြင့် သူမ အိမ် ထဲဝင်ပြေးမိသည်။ နာနီကို ...

"အန်တီ ... သားဘာဖြစ်လို့လဲ ..."

"ဘာမှမဖြစ်ပါဘူးတော် ... သူ့ကို သနပ်ခါးလူးပေးလို့ အော် ငိုနေတာ တော်တော်စိတ်ကြီးမဲ့ ကောင်လေး ..."

နာနီလက်ထဲက သားကို ပြောင်းချီလိုက်သည်





ချိုက်ကြီးတငင်ဖြင့် ငိုနေသောသားက သူမလက်ထဲရောက်တော့ တီခနဲ တိတ်သွားကာ သူမမျက်နှာကို မှတ်မိသလို လိုက်ကြည့်ကာ ပြုံးစိစိနဲ့ ...

"ကြည့် ... သူ့အမေလက်ထဲရောက်တော့ တိခနဲပဲ ပြုံး တောင်ပြုံးလိုက်သေး ..."

"အဲဒါကြောင့် မေမေက သားသားကို ချစ်ရတာပေါ့နော်၊ ကလေးလေးက မေမေ့ကို လှုပ်လို့မရအောင် ကြိုးတွေနဲ့ ချည်ထားတာကိုးနော် ... လူဆိုးလေးပေါ့လေ ဟုတ်လား၊ ဟော ... ရယ်ပြီ၊ မေမေ့သားသားက အရမ်းချစ်ဖို့ကောင်း တာပဲ"

ကော်ဖီလာဖျော်သော မွန်က သားကို ချီပိုးချော့မြှူ နေသော မိုးကိုကြည့်ကာ သနားနေမိသည်။ တစ်ခါမှ အချစ်ကို ခံစားဘူးခဲ့တဲ့ မိုးတစ်ယောက် ဒီအချိန်မှာမှ တကယ်ချစ်ရသူကို တွေ့သတဲ့လားကွယ်။

မိုးရဲ့ ရှိုက်သံနှောသော ရင်ဖွင့်သံကို ပြန်လည်ကြား ယောင်မိကာ သက်ပြင်းရှိုက်လိုက်သည်။

"မိုး ... သူ့ကို အရမ်းချစ်မိသွားတယ် မွန်မွန်ရယ် ... ဒါပေမဲ့ မိုး သူ့ကို စွန့်လွှတ်လိုက်ဖို့ပဲ ... အဟင့်"

သူမ မိုးကို လှမ်းကြည့်လိုက်ကာ ...

"မိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြော မွန် ... ကော်ဖီလာဖျော်တာလား"

"ခုန မိုးရဲ့လူ လာသွားတယ် ..."

"မိုး သိပါတယ် ..."

"ဘာလို့ မိုးပြိုမှာကြောက်နေတာလဲ မိုးရယ် ..."

"တကယ်သာ မိုးပြိုခဲ့တယ်ဆိုရင်တောင် ချစ်သူလက်ဝ တွဲပြီး ရဲရဲရင်ဆိုင်ရဲတယ် မွန် ... ဒါပေမဲ့ ခုဟာက မိုးပြိုတ မဟုတ်ဘူး ... မိုးပြိုတာ ကမ္ဘာပျက်တာတွေထက်ဆိုးဝ မေတ္တာစစ်ပွဲတစ်ခု ဖြစ်လာမှာ ကြောက်တာ ... အဲဒီမေတ္တ စစ်ပွဲရဲ့ ဆိုးကျိုးတွေကို မိုး ခံနိုင်ရည်မရှိဘူး မွန်ရဲ့ ..."

"သူ့ကို သားရှိတဲ့အကြောင်း ဖွင့်ပြောကြည့်ပါလား မိုး သူ လက်ခံမယ်ထင်တယ် ..."

"ဒါပေမဲ့ သူသိတဲ့ မိုးတည်ကြည်က ကလေးတစ်ယော အမေ မဟုတ်ဘူးလေ ... သားကြောင့် သူ စွန့်ခွာသွာ မိုး ပိုပြီး ခံစားရမှာ မွန်ရဲ့ ..."

"ဒါပေမဲ့ သူသိတဲ့ မိုးတည်ကြည်က ကလေးတစ်ယော အမေ မဟုတ်ဘူးလေ ... သားကြောင့် သူ စွန့်ခွာသွာ မိုး ပိုပြီးခံစားရမှာ မွန်ရဲ့ ..."

မိုးက အရမ်းအတွေးခေါင်တာပဲ ... ဖြစ်လာသမျှကို ရဲ စွာ ရင်ဆိုင်တတ်တဲ့ မိုးတည်ကြည်က အချစ်နဲ့ပတ်သ တော့မှ သိပ်ကိုပျော့ညံ့တဲ့ ကောင်မလေးဖြစ်သွားပြီ ...





"ပြောတော့ မွန်ရယ် ... မိုးက အချစ်ကို မပိုင်ဘူး ... အချစ် ရဲ့နိုင်စားခြင်းကို ခံရမှာလည်းကြောက်တယ် ... သူ့အတွက် မိုးမရှိလည်းရတယ် ... သားအတွက်က မိုးမရှိလို့ မဖြစ်ပါ ဘူး ..."

"ဒါ ရွေးချယ်စရာမှ မဟုတ်တာ မိုးရဲ့ ... နှိုင်းယှဉ်စရာလည်း မဟုတ်ဘူး ..."

"ဟင့်အင်း ... မိုး တစ်သက်လုံး အိမ်ထောင်မပြုဘူးလို့ ဆုံး ဖြတ်ထားလိုက်ပြီကွာ ..."



www.burmeseclassic.com

www.burmeseclassic.com





မိုးတည်ကြည်ရဲ့ ဥပေက္ခာပြုမှုကို သူ လူးလိမ့်နေအောင် ခံစားရသည်။ မနက်ဆို မုံမှန်အလုပ်သွား ကော်ဖီနှစ်ကောင်ကို သင်တန်းပို့ရင်းပေါ့။ ပြီး ညနေကော်ဖီနှစ်ကောင်ကို သင်တန်းမှ ကြိုကာ အိမ်ပြန်ပို့ပြီးတာနဲ့ ရေချိုးပြီးရင် လမ်းထိပ်စာအုပ်ဆိုင်ဆီသို့ ခြေလှမ်းတပြင်ပြင်ဖြစ်နေသည်။

ဒါကို ပထမဆုံးရိပ်မိသူဟာ ပရိမီယာ။

"ရှူပါ ..."

"ပြောလေ ..."

"နင် ခြေလှမ်းတွေပျက်နေတယ်နော် ..."

"ဘာလဲဟ ... ဘာလုပ်လို့လဲ ..."

"ညနေတိုင်း လမ်းထိပ်က စာအုပ်ဆိုင်ကို သွားသွားနေတာကို ပြောတာ ..."





"ဘာလဲကွာ ... စာအုပ်ငှားတာလေ ... ငါစာဖတ်ဝါသနာပါတာသိရက်သားနဲ့ ..."

"စာအုပ်ကလည်း အခုတလော ပိုဖတ်နေသလိုပဲနော်"

"ဟိတ် ... လာအစ်မနေနဲ့ ... ကိုယ့်ဘာသာ စာအုပ်ငှားတာ သူတစ်မျိုးထင်စရာကျနေတာပဲ ..."

"ပြီးရောလေ ... လမ်းထိပ်ဆိုင်မှာလည်း ကောင်မလေးချောချောလေးက ရှိနေတော့ ..."

"ဟုတ်လား ... ငါတောင် သတိမထားမိဘူး ..."

"သတိမထားမိရင် ဒီညနေ နင့်စာအုပ် ငါသွားအပ်ပေးမယ်လေ ..."

"အပ်ပေးတာ ကိစ္စမရှိပါဘူး ... ဒါပေမဲ့ ငါက ပြန်ငှားဦးမှာဟ ... နင် ငှားတတ်မှာ မဟုတ်ဘူး ... တော်ကြာ ဖတ်ပြီးသားဖြစ်နေမှ သွားပြန်လဲနေရဦးမယ် ..."

"ဒါဆိုရင် စာအုပ်သွားအပ်ရင် ငါပါလိုက်မယ် ..."

"လိုက်ပေါ့ ..."

ဒီလိုနဲ့ ညနေ ညနေတွေမှာ ပရိမီယာပါ စာအုပ်ဆိုင်ပါလာသည်။ အသည်းကွဲနေရှာသော ဆီနီဒါကတော့ ခေါ်လို့မရ အိမ်ထဲမှာသာ တမှိုင်မှိုင်ဖြစ်နေရှာသည်။

ပရိမီယာစာအုပ်ဆိုင် လိုက်တာကလည်း အေးအေးဆေးဆေးလိုက်တာမျိုး မဟုတ်ပါ။ ဆိုင်ရောက်ရင် ရှူပါလက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုင်ထားတာမျိုး ... ။ စူပါ့အကျီစလေးကို ကိုင်ထားတာမျိုး စသဖြင့် တစ်မျိုးနဲ့တစ်မျိုးမရိုးရအောင် ပညာပြတတ်သည်။

ဒါပေမဲ့ စာအုပ်လာအပ်တိုင်း မွန်မဟုတ်ရင် ကောင်မလေးတစ်ယောက်ကိုသာ တွေ့ရတတ်ပြီး မိုးကိုတော့ ... အရိပ်အယောင်ပင် မတွေ့ရတတ်သောအခါ ပရိမ်ိယာက ...

"စူပါ ... ရှင် ... မွန့်ကိုကြိုက်နေတာလား ..."

"မဟုတ်တာကျွာ ..."

"ဒါဖြင့် တခြားကြိုက်စရာ ဘယ်သူရှိလို့လဲ ..."

"ဩူတ် ... ငါ့ဟာငါ စာအုပ်သွားငှားတာပါဟာ ..."

"အေးလေ ... နင် ဝန်မခံရင်တော့ ငါက နင်ကြိုက်တဲ့ ကောင်မလေး အထင်လွဲအောင် နှောင့်ယှက်မှာနော်"

"ကျွတ် ... ဘာလို့အကျင့်လိုက်ပုပ်နေတာလဲ ..."

"ဟော ... ပေါ်လာပြီ တွေ့လား ... ငါက အကျင့်ပုပ်တာ မဟုတ်ဘူး ... နင်က အကျင့်ပုပ်ပြီး လျှို့ထားလို့ ငါကလည်း ပညာပြန်ပြတာပေါ့ ... နေစမ်းပါဦး စူပါရဲ့ ... နင် လျှို့ထားတော့ရော နင်တို့ယူတဲ့ တစ်နေ့ကျရင် ငါတို့က သိရမှာပဲလေ ..."

"အေး ... မယူခင် နင်တို့နှောင့်ယှက်မှာစိုးလို့ပေါ့ ..."

"ဟွဲ ... စူပါ ... နင် ဘယ်လိုပြောလိုက်တာလဲ ... ငါ့ကိုပဲ ဒီလိုစိတ်ပုပ်စိတ်ယုတ်လို့များ နင်ထင်နေလား ... နင့်ကို





နှောင့်ယှက်ရအောင် နင်က ငါ့ရည်းစားမို့လို့လား ..."

"ဟာ ... ပရိမ်ိယာ ... ငါက နောက်တာပါဟာ ... စိတ်ကလည်း ဆိုးတတ်လိုက်တာ၊ ကဲပါ ... ငါ ဘယ်သူ့မှ မကြိုက်ပါဘူး ... အလကားစ,နေတာပါ ..."

ထိုနေ့က ပရိမ်ိယာ စိတ်ဆိုးပြီး မလိုက်တော့။ လိုက်ရာလည်းမလိုတော့ပါ။ မိုးက သူ့ကို ကောင်းကောင်းကို အထင်လွဲနေပြီလေ။ သူဟာ မိုးလက်မခံတာနဲ့ မိုးရှေ့ကို ကောင်မလေးတစ်ယောက်နဲ့ တွဲလာပြတယ်။ ထိုကောင်မလေးဟာ သူနဲ့မခွဲဘဲ အမြဲတတွဲတွဲတွေ့ရတတ်သောကောင်မလေး။ အလုပ်သွားအလုပ်ပြန်ချိန်တွေမှာလည်း သူ့ကားပေါ်မှာ ထိုကောင်မလေး အမြဲပါသည်။

ပတ်ဝန်းကျင်ကလည်း သူနဲ့ ပရိမ်ိယာကို သမီးရည်းစားတွေဟု ထင်နေကြသည်။ ခုတလော သူက ပရိမ်ိယာနှင့် အတွဲများကာ ဆီနီဒါက သူ့အကြောင်းနဲ့သူ ကျန်ခဲ့တာများလာသည်လေ။ ပတ်ဝန်းကျင်ရဲ့ အသံတွေကိုလည်း ဆိုင်ဖွင့်ထားသောမိုးက ပြန်ကြားနေရသည့်လေ။

မိုးကတော့ သူ့ကိုချစ်လို့ စွန့်လွှတ်လိုက်တာ။ သူကတော့ မိုးရှေ့မှာပင် မိန်းကလေးတွေနှင့်တွဲပြသည်။ ဟိုတစ်ယောက်ကလည်း ပခုံးဖက်လိုက်၊ လက်ကိုင်လိုက်နှင့် မဈော်တိုင်တက်ပြသည်။ တော်ပါပြီ။ စိတ်ကုန်သွားပြီ။

တစ်နေ့ ...



www.burmeseclassic.com

www.burmeseclassic.com



မိုး ဈေးကအပြန် သူနှင့်လမ်းမှာဆုံသည်။ လူနှစ်ယောက်လောက်ပဲ လျှောက်လို့ရသော လူသွားလမ်းပလက်ဖောင်းကို မိုးရှောင်လို့မရအောင် သူက ပိတ်ရပ်ထားသည်။

"ကောင်မလေး ..."

"လမ်းဖယ်ပေးပါ ..."

"မိုးကလေး ... ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ ပြော"

"မမြင်ချင် မတွေ့ချင် မဆက်ဆံချင်လို့ ရှောင်နေတာပဲပေါ့။ ရှင်းနေတာပဲ ..."

"ဘာလဲ ... ချစ်သူတွေဖြစ်ခဲ့ပြီးမှ ရှောင်တာ ဘာသဘောလဲ၊ ကိုယ့်ကို Reason တစ်ခုခုပေးစမ်းပါဦး ..."

"မရှိဘူး ... ဘာReason မှ ပေးစရာမရှိဘူး ... ဘာဖြစ်လို့လဲ ဆိုတော့ ရှင့်အချစ်ကို ကျွန်မ ဘယ်တုန်းကမှ လက်မခံခဲ့ဘူး လို့ပဲ ..."

"ဟာ ... မင်း ..."

"ရှင့်ကို ကျွန်မ ငြင်းပဲငြင်းခဲ့ဖူးတယ် ... လက်မခံခဲ့ဖူးဘူး နော် ..."

"ဟာ ... မိုး ..."

"အင်း ... ပြောပါဦး ... ကျွန်မ ဘယ်စကားနဲ့များ ရှင့်ကို လက်ခံခဲ့ဖူးလဲ ..."

"စကားလုံးတွေကို မလိုအပ်တဲ့ ညတစ်ည ရှိခဲ့တယ်လေ





မိုး ..."

"ညဆိုတာ အိပ်မက်တွေရဲ့ ဘူမိနက်သန်ပဲလေ ... ကျွန်မ ကတော့ အဲဒီညက အဖြစ်အပျက်တွေကို အိပ်မက်လို့ပဲ သဘောထားတယ် ..."

"ဟာ ... အိပ်မက်မှ မဟုတ်တာ ... မင်း ကိုယ့်ရင်ခွင်ထဲမှာ တကယ်ရှိခဲ့ဖူးတာ ... မင်းပါးတွေ နှုတ်ခမ်းတွေကို ကိုယ်တကယ်နမ်းခဲ့တာပါ မိုးရဲ့ ... အဲဒါတွေက အိပ်မက် မဟုတ်ဘူး ..."

"ဟုတ်လား ... ကျွန်မက အမှတ်တော်မရဘူး ..."

သူ့မျက်နှာက ... ဖြတ်ရိုက်ခံလိုက်ရသလို နီရဲသွားသည်။ မျက်နှာပေါ်က အသားဆိုင်တွေက တဆတ်ဆတ်တုန်နေကာ သွေးကြောတွေနီရဲပြီး ပေါက်ထွက်မလား အောက်မေ့ရသည်။

"ဟင့်အင်း ... အဲဒီလောက်အထိ မခံစားပါနဲ့ ... ချစ်သူရယ်၊ မိုး ခံနိုင်ရည်မရှိဘူး ... မိုးက ချစ်သူကို စိတ်ချမ်းသာစေချင်တာ ... မိုးရှေ့မှာ မပေါက်ကွဲပြပါနဲ့ ချစ်သူရယ် ..."

မိုးရဲ့ သွေးဆုပ်ဖြူရော်နေတဲ့ မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်ချင်တိုင်းဝင်ပြီး ထွက်ချင်သလို ပြန်ထွက်တတ်တဲ့ မင်းစိတ်ဓာတ်ကို လေးစားပါတယ် မိုးဟည်ကြည် ... မင်းကို ငါ မိန်းမကောင်းဆင်



www.burmeseclassic.com

www.burmeseclassic.com



လို့ မြတ်နိုးခဲ့မိတာ ... နှုတ်ဆက်ပါတယ် မိုးတည်ကြည်... ငါ့ဘဝမှာ မိုးတည်ကြည်ဆိုတဲ့မိန်းမကို ဒီအချိန် ဒီနေရာမှာပဲ နှုတ်ဆက်ခဲ့တယ် ..."

ပြောပြီး ချာခနဲ လှည့်ထွက်သွားသော သူ့ကိုကြည့်ကာ မိုး ဒူးတွေညွတ်ခွေလာသည်။ ပြီးတော့ မျက်ရည်တွေ စို့နစ်လာကာ ... လူက တဖြည်းဖြည်း ပလက်ဖောင်းပေါ်ကို ခွေအကျ တစ်စုံတစ်ယောက်က မနိုင့်တနိုင် ဆွဲထိန်းပေးတာကို ခံလိုက်ရသည်။ ထိုသူက ပရိမီယာ ... ။







အဲဒီနောက်ပိုင်းကတည်းက သူ စာအုပ်ဆိုင်ကိုလုံးဝ ခြေဦးမလှည့်တော့။ လမ်းထိပ်က ဖြတ်ရင်တောင် လှည့်မကြည့်တော့ မိုးကျေနပ်ပါတယ်။ ဒါ မိုးလိုချင်တဲ့ အခြေအနေပဲလေ။ မိုးကိုယ်တိုင် ဖန်တီးထားတာပဲ။

ရူပါကလည်း အလုပ်ထဲနစ်ကာ အသည်းကွဲခြင်းကို အလုပ်နဲ့ ကုစားနေမိသည်။

ပရိမီယာ သူ့ကို ဘာမှမမေးဘဲ အရိပ်တကြည့်ကြည့် ဖြစ်နေသည်။ ထိုနေ့က မိုးကို ပရိမီယာကိုယ်တိုင် အိမ်ပြန်ပို့ပေးခဲ့ရတာကိုလည်း မပြောဖြစ်တော့။

မိုးကတော့ ... တဖြည်းဖြည်း ညှိုးခွေနွမ်းလျကာ တမှိုင်မှိုင်ဖြစ်လာပြီး နောက်ဆုံး မော်လမြိုင်မှာ ခဏပြန်နေဖို့ ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်သည်။ သားနဲ့ နာနီကိုပါ ခေါ်သွားမည်ပြင်တော့ မွန်က တားသည်။

"တစ်ယောက်တည်း အေးအေးဆေးဆေးသွားနားပါ မိုးရယ်၊ သားကို မွန် ကြည့်ထားပေးပါ့မယ် ... စိတ်လွတ်ကိုယ်လွတ် စိတ်ပြေလက်ပျောက် သွားနေစမ်းပါ ... ရှင့်ကိုကြည့်ရတာ မွန် စိတ်မချမ်းသာလို့ ..."

အထီးကျန်ဖြစ်နေရှာသော မိုး။ မွန့်ရဲ့ရင်ခွင်ထဲမှာ ငိုမိပြန်သည်။

"သားကိုဂရုစိုက်နော် မွန် ... အကြောင်းရှိရင်ဖုန်းဆက်"

"စိတ်ချ ... စိတ်ချ ..."

စိတ်ပြေလက်ပျောက်ထွက်လာမိသောခရီးက ... မော်လမြိုင်ဖြစ်နေသည်။ စိတ်မပြေသည့်အပြင် တစ်လမ်းလုံးသတိရ စရာတွေဖြစ်ကာ ဘေးကခုံကို မကြာခဏလှည့်ကြည့်ဖြစ်သည်။ ကြည့်ပါများလို့ ဘေးခုံမှာထိုင်နေသော အဒေါ်ကြီးပင် မကြည်ချင် တော့။

မော်လမြိုင်ရောက်တော့လည်း ... တစ်ချိန်လုံး သူ့ အရိပ်တွေမြင်ယောင်နေမိသည်။ ထမင်းသုပ်ဆိုင်လေးမှာ ထိုင်မိ တော့ မျက်ရည်က ဝဲချင်လာပြန်သည်။

"ဟင် ... မိုးမိုးပါလား ..."

ကိုဆွေက သူမကို တွေ့သွားကာ ချက်ချင်းပင် မိုး





ကိုပိုင်ဆီ ဖုန်းဆက်သည်။

"ဟယ်လို ... ကိုဆွေပြော ..."

"အစ်ကိုလေး ... ဒီမှာ မိုးမိုးရောက်နေတယ် ... မော်လမြိုင် ကို မိုးမိုးရောက်နေတယ် အစ်ကိုလေးလာခဲ့ပါလား"

"တော်ပါပြီ ကိုဆွေရာ ..."

ထို့နောက် ကိုဆွေ့ကို သူ့ အကြောင်းဆုံရှုံးပြလိုက် သည်။

"သူက သိပ်ကြောက်စရာကောင်းတဲ့မိန်းမပဲ ကိုဆွေ ..."

"ဟာ ... မိုးမိုးတို့ညီအစ်မက အဲလိုမျိုးမဟုတ်ပါဘူး ... သူတို့ မော်လမြိုင်မှာနေခဲ့တာ အဲလိုမျိုး လုံးဝမရှိခဲ့ဘူး ... ပြီးတော့ မပိုးကမှ ရည်းစားတစ်ယောက်ထားသွားသေးတယ် ... မိုး မိုးဆို ရည်းစားရှိတယ်တောင် မကြားမိဘူး ..."

"လူအကြောင်း ပေါင်းကြည့်မှ သိတာလေ ကိုဆွေရဲ့ ... အပေါ်ယံလှတဲ့ ကျီးအာသီးလို မိန်းမမျိုးကိုမှ ကျွန်တော် ချစ်မိသွားတယ် ... အခု ကျွန်တော် အရှုံးခံစားနေတယ် ကိုဆွေ ..."

အစ်ကိုလေးရဲ့ပေါက်ကွဲသံကိုနားထောင်နေရသော ကိုယ့်နားကိုယ်ပင် မယုံချင်။ မိုးမိုးကလည်း ညှိုးနွမ်းလျကာ ... မျက်နှာမှာ ဆွေးရိပ်ထင်လို့။ ထို့နောက် အသိတစ် ယောက်နှင့် စကားပြောနေပြန်သည်။ ထိုအသိကလည်း ကိုဆွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်သည်မို့ ...

"ခင်လေး ... ဘယ်လာတာလဲ ..."

"ဈေးဘက်သွားမလို့ဟာ ..."

"ဩော ... ဒါနဲ့ ညီမက မပိုးညီမလေးလားလို့ ..."

အဲလိုနှင့်ပဲ မိုးမိုးနဲ့ ကိုဆွေ ခင်မင်သွားတယ်ဆိုပါတော့။ မော်လမြိုင်မှာ လာအနားယူတာဟု သိရသော မိုးမိုးဆီလည်း ခဏခဏအလည်ရောက်ဖြစ်ကာ မိုးမိုးနဲ့ ပိုမိုရင်းနှီးဖို့ကြိုးစားသည်။

အစ်ကိုလေးပြောသလို ကျီးအာသီးဟုတ်မဟုတ် အကဲခတ်နေတာလေ။

ဒါပေမဲ့ မိုးမိုးဟာ အစ်ကိုလေးပြောသလို မဟုတ်ဘဲ တည်ငြိမ်အေးစက်လျက် မော်လမြိုင်မှာရှိတဲ့ တစ်လျှောက်လည်း ချောမောလှပချစ်စရာကောင်းသော သူဌေးမလေးမိုးရဲ့အနားမှာ မော်လမြိုင်သားတွေ ဝိုင်းဝိုင်းလည်လို့၊ ဒါပေမဲ့ မိုးမိုးကတော့ ဘယ်သူ့ကိုမှ လက်မခံခဲ့ပါ။

တစ်ခုခုတော့ လွဲချော်နေပြီထင်သည်။

မော်လမြိုင်မှာ တစ်လခန့်နေပြီးနောက် မိုး ရန်ကုန်ပြန်လာခဲ့သည်။ ထိုတစ်လခန့်အတောအတွင်းမှာ မိုးပုံစံက တည်ငြိမ်အေးစက်လျက်ပါပဲ။ ဖြစ်နိုင်ရင် မော်လမြိုင်မှာ နေချင်သေးသည်။ သို့သော် ရန်ကုန်မှဖုန်းလာသည်။ သား နေမကောင်းဖြစ်နေ





သည်တဲ့။ ချက်ချင်းပင် ကြိုရာကားနှင့် ရန်ကုန်ကို ပြန်ပြေးခဲ့ရတော့သည်။

အိမ်ပြန်ရောက်ရောက်ချင်း သားရဲ့ငိုသံက ရင်ဝကို ထိုးနှက်နေသည်။

"သားသား ... သားလေးရယ် ... မေမေ နောက်ဆို ဘယ်မှ မသွားတော့ဘူး ... သားသားရယ် ... မငိုပါနဲ့ ..."

"မွန် ... ဆေးခန်းသွားပြမှဖြစ်မယ်ထင်တယ် ... သွားရအောင် ..."

"ရှင်နေခဲ့ မိုး ... ရှင်က ခုမှပြန်ရောက်တာ ... နားလိုက်ဦး၊ မွန်နဲ့ နာနီအန်တီနဲ့ပဲသွားလိုက်မယ် ..."

"ဟယ် ... မိုးပါလိုက်ခဲ့ပါ့မယ် ..."

"နေခဲ့ပါဟယ် ... နားလိုက်ပါဦး ..."

မွန်မွန်က သူမကိုထားခဲ့ပြီး ကလေးကို ဆေးခန်းသွားပြသည်။

ဆေးခန်းရောက်တော့ စူပါကလည်း သူ့မိခင်ကို ဆေးခန်းလာပြသည်နှင့်တိုးသည်။

"တိတ်ပါသားလေးရယ် ... တိတ်တော့ကွယ် ..."

သားကငိုလွန်းသဖြင့် မွန်နဲ့ နာနီ တစ်ယောက်တစ်လှည့်စီ ချော့မြူနေရသည်။

စူပါ့မိခင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးနေမကောင်းတာလား ..."

"ဟုတ်တယ် အန်တီရယ် ..."

"ဒီအရွယ်လေးတွေ နေမကောင်းဖြစ်ရင် သနားဖို့ကောင်းတယ် ... လူကြီးတွေလိုလည်း ခံစားရတာကို မပြောတတ်ရှာဘူး ... ငိုပဲငိုနေတာပေါ့ ..."

"ဟုတ်တယ် ... ဟုတ်တယ် ... ချော့လို့ကိုမရဘူး အန်တီရယ် ..."

စူပါက ... သူ့မိခင်နဲ့ စကားပြောနေသော မွန်ကို မကောင်းတတ်ပုံဖြင့် နှုတ်ဆက်သည်။

"မမွန်ကလေးလေးလား ... ချစ်စရာလေး ..."

"မွန့်ကလေးမဟုတ်ပါဘူး ... မိုးရဲ့သားတော်မောင်လေး လေ ..."

"ဗျာ ..."

သူ့ရဲ့မျက်နှာမှာ အရောင်တွေမျိုးစုံထင်ဟပ်သွားသည်။ ပထမတော့ အံ့သြသွားပုံ။ ပြီးတော့ ယူကျုံးမရ။ နောက်တော့ ဝေခွဲမရဖြစ်လာပုံဖြင့် ကလေးကို ငေးကြည့်နေသည်။ ထို့နောက် သူ့မိခင်အလှည့်ရောက်၍ သူ့မိခင်ဆေးခန်းအတွင်းဘက် ဝင်သွားချိန်မှာ မျက်နှာခပ်ရဲရဲဖြင့် ...

"မိုးကို လွတ်လပ်သူထင်လို့ ..."

"ဟုတ်တယ် ... သူက ကလေးအမေမို့လို့ ရှင့်ကိုရှောင်နေ





တာ ..."

"ကျွန်တော့်ကို ပေါ်တင်ဖွင့်ပြောဖို့ကောင်းတယ် ... သူ့ အမျိုးသားရော ..."

မွန် ဘာပြန်ဖြေရမှန်းမသိ။ မွန်ကိုယ်တိုင်လည်း သူ့ အမျိုးသားရဲ့အကြောင်းကို မသိဘူးလေ။ မွန် ဝေဝေဝါးဝါးဖြင့် ...

"မရှိတော့ဘူး ..."

"ဩော် ..."

"မိုးက ကလေးတစ်ယောက်နဲ့ လွတ်လပ်သူလေ ..."

"ဆုံးသွားတာလား ..."

"မမေးပါနဲ့တော့ရှင် ... ဘာပဲဖြစ်ဖြစ် ရှင်နဲ့မဆိုင်ဘူးလေ၊ ရှင်ကိုယ်တိုင် ပစ်ပစ်ခါခါပြောဆိုပြီးပြီပဲ ... ကျေနပ်ရောပေါ့ ..."

"ဟာ ..."

"တကယ်တော့ မိုးက ကလေးတစ်ယောက်နဲ့ သူ့ဘဝကို အဆုံးသတ်ဖို့တွေးထားတာလေ ... သူ့ဘဝတစ်ခုလုံး သူ့ သားလေးဆီမှာပဲ မြှုပ်နှံထားဖို့ ဆုံးဖြတ်ထားတာ ... မမျှော်လင့်ဘဲ ရှင်နဲ့ဆုံရတယ် ... သူက လွတ်လပ်သူမဟုတ်လို့ ရှင့်ကို ဒုက္ခမပေးချင်လို့ ရှောင်တာပဲ ... ပြီးတော့ သူက ကလေးအမေပါလို့ ပြောလိုက်လို့ ရှင် စိတ်ပျက်ပြီး နောက်ဆုတ်သွားမှာကိုလည်း ခံနိုင်ရည်မရှိဘူး ... ရှေ့ဆက်တိုးလာ



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း ရှင်နဲ့ ဒီကလေးက သူစိမ်းပဲ ... ရှင့်အနေနဲ့ သူ့ကို ချစ်လို့ သူ့သားကိုလက်ခံလိုက်ရတာမျိုး မဖြစ်စေချင်ဘူး။ သူ့သားလေးကိုလည်း သူစိမ်းတစ်ယောက်ကို အဖေမခေါ်စေချင်ဘူးနဲ့တူတယ် ... ရှင်နဲ့ သားနဲ့ကြားမှာ အသည်းကွဲခံလိုက်တာပါ ... မိုး သိပ်သနားဖို့ကောင်းတယ် ...”

“အသည်းကွဲတယ် ... ကျွန်တော့်ကြောင့် သူ အသည်းကွဲတယ်ပေါ့ ... ဒါဆို သူ ကျွန်တော့်ကို ချစ်တယ်ပေါ့ ဟုတ်လား မမွန် ...”

“အိုး ... မဟုတ်တာ ... ရှင်မေးနေတာနဲ့ ... ကျွန်မစကားတွေ ကျုံ့ကုန်ပြီ ... ကျွန်မက မိုးကို သနားလွန်းလို့ပါ”

ထိုအချိန်မှာပဲ သူ့မိခင် ဆေးခန်းထဲက ပြန်ထွက်လာပြီး ကလေးရဲ့အလှည့်ရောက်တာနဲ့ သူတို့စကားပြတ်သွားကြသည်။

“ကျွန်တော်နဲ့ မမွန် ... တစ်ရက်လောက်အေးအေးဆေးဆေးတွေ့ရအောင် ...”

မွန် ခေါင်းညိတ်ပြလိုက်ပြီး သားကိုပွေ့ချီကာ ဆေးခန်းအတွင်းဘက်ကို ဝင်လိုက်သည်။

ရုပ်ပါခေါင်းထဲမှာလည်း မထင်မှတ်ထားသော အဖြစ်အပျက်ကြောင့် ရှုပ်ထွေးနောက်ကျိနေသည်။ မေမေ့ကို အိမ်ပြန်ပို့ပြီး သူ အပြင်ပြန်ထွက်လာလိုက်သည်။ ကော်ဖီဆိုင်တစ်ခုမှာထိုင်ပြီး တစ်ယောက်တည်း ငူငူငေးငေးစဉ်းစားနေမိသည်။ မမွန်ပြော





သလိုသာဆိုရင် မိုးက သူ့ကိုချစ်လျက်နဲ့ ရှောင်နေတာပေါ့ ... ။

မော်လမြိုင်အပြန်ခရီးက ညတစ်ညကို သတိရသွားသည်။ ထိုညက သူ့ရင်ခွင်မှာ မိုး ခိုဝင်ခဲ့ဖူးသည်။ ဒါဆို မိုး သူ့ကို လှည့်စားခဲ့တာ မဟုတ်ဘူးပေါ့။ လှည့်စားခဲ့တယ်ဆိုရင်တောင် ချစ်ရက်နဲ့ လှည့်စားခဲ့တာပေါ့ ... ။ ချစ်လျက်နဲ့ရှောင်ခဲ့တာက သူမဟာ ကလေးတစ်ယောက်အမေဖြစ်နေလို့ပေါ့။

ကလေးအမေဟူသော အတွေးကြီးဝင်လာတော့ သူ့ခေါင်းကို ဆယ်ပေါင်တူဖြင့် ထုထားသလိုပင်။ မျက်လုံးထဲမှာလည်း ပါးစပ်ပြဲအောင် အာခေါင်ခြစ်၍ ငိုနေသော ကလေးလေးတစ်ယောက်ရဲ့ပုံရိပ်တွေကို မြင်ယောင်လာသည်။

သူ ဘာလုပ်ရမှာလဲ။ မိုးရင်ထဲက အချစ်တွေကို သိလိုက်ရပြီးမှ သူ နောက်မဆုတ်နိုင်။ မိုးက သူ့ဘက်ကိုတွေးပေးပြီး ရှောင်တာဟု သိလိုက်ရမှတော့ မိုးကို သူ မထားခဲ့ရက်တော့။ ဒါဆို ရှေ့ဆက်တိုးဖို့ပဲရှိတော့တာပေါ့။

မိုးရဲ့သားကလည်း သူ့သားပဲပေါ့။ အတွေးတွေအဆုံးသတ်သွားချိန်မှာတော့ သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးသွားသည်။ အိမ်အပြန်လမ်းမှာ သူ့ကားလေးရဲ့ဦးတည်ရာကတော့ လမ်းထိပ်က စတိုးဆိုင်လေးဆီပေါ့။

ထိုအချိန်မှာ ကော်ဖီနှစ်ကောင်ရဲ့မျက်နှာကို ဖျတ်ခနဲမြင်ယောင်သွားကာ ကားဘရိတ်ကို ဆောင့်ပြီးအုပ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီနိုဒါကို သူချစ်သူနဲ့ ခွဲတဲ့အထဲမှာ သူက အားတက်သရောပါဝင်ခဲ့သည်။ အခု သူ့အလှည့်။ ကော်ဖီနှစ်ကောင်ဟာ သူ့ကို ကလေးတစ်ယောက်အမေနှင့် ကြည်ဖြူမည်တဲ့လား။ မကြာခင် ဝဋ်လည်တော့မည်ဆိုတာ။

ရွှန်းရမီ







မွန်မွန်က ... ကလေးကိုဆေးတိုက်နေသော မိုးကို ကွက်ကြည့်လုပ်နေသည်။ မိုးကိုပိုင်နဲ့ သူမ တွေ့ခဲ့သည့်အကြောင်းကို ပြောရန်နှိုး၊ မပြောရန်နှိုးဖြစ်နေသည်။ မိုးကိုပိုင်က သူမနှင့်ထပ်တွေ့ဦးမည်ဟု ပြောသဖြင့် မိုးကိုပိုင်ရဲ့အဆုံးအဖြတ်ကို သိရပြီးမှ ပြောဖို့ဆုံးဖြတ်လိုက်သည်။

"မိုး ငါဆိုင်ထဲဆင်းလိုက်ဦးမယ် ..."

မိုးက သားကိုချော့မြှူနေရာမှ ခေါင်းညိတ်ပြသည်။ မွန်စာအုပ်ဆိုင်ထဲ အရင်ဝင်ခဲ့လိုက်သည်။ ဆိုင်ထဲမှာ စာအုပ်ရွေးနေသော မိုးကိုပိုင်ကို တွေ့လိုက်ရသည်။ တိုးတက်လာသောအခြေအနေအတွက် မွန် ကျေနပ်သွားသည်။

"မမွန် ... သူရော ..."



www.burmeseclassic.com

www.burmeseclassic.com



"မိုးလား ... အထဲမှာရှိတယ် ... ကလေးဆေးတိုက်နေတယ် ..."

"မမွန် ... ကျွန်တော် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ကြိုက်သလိုဆုံးဖြတ်ပေါ့ရှင် ..."

"ကျွန်တော်ကတော့ ရှေ့ဆက်တိုးမှာပဲ မမွန် ..."

"ရှင် ကြည်ဖြူနိုင်တယ်ပေါ့ ..."

"မိုးရဲ့သားကလည်း ကျွန်တော့်သားပဲပေါ့ ..."

ဖြူသောသူ့မျက်နှာက နီစပ်စပ်ပန်းရောင်ပြေးသွားသည်။

မွန်က သဘောကျသလိုပြုံးရင်း ...

"ဒါက သွေးပူတုန်းချတဲ့ ဆုံးဖြတ်ချက်လား မိုးကိုပိုင် ... နောက်မှ ရှင် တွေဝေတာတို့ နောက်ဆုတ်တာတို့ဆိုရင် ကျွန်မခွင့်မလွှတ်ဘူးနော် ..."

"သံမဏိဆုံးဖြတ်ချက်ပါဗျ ..."

"ပြီးတာပဲ ..."

"ပြီးရုံနဲ့မရဘူး မမွန်ရဲ့ ... ကျွန်တော့်ကို ကူညီပါဦး ..."

"သူမသိအောင် ကူညီပေါ့ ... ကုသိုလ်တောင်ရသေး ..."

"အံမယ် ... အဲဒီကုသိုလ်မျိုးတော့ မလိုချင်ဘူးဟေ့ ..."

ခပ်သုတ်သုတ်လျှောက်လာသော မိုးရဲ့ပုံရိပ်ကလေး သူ့မြင်ကွင်းထဲ ဝင်လာချိန်မှာတော့ သူ့ရင်ခုန်သံတွေက တဒုန်းဒုန်း





ပေါ့။ အသည်းကွဲနေရှာသည်ဆိုသော ထိုကောင်မလေးဟာ အမှန်တကယ်ပင် မျက်နှာလေးချောင်ကာ အနည်းငယ်ပိန်သွားသည်။

ခေါင်းငုံ့ကာလျှောက်လာသော မိုးက သူ့အနား ရောက်လာတာတောင် သူ့ကိုမတွေ့သေး။ သူ မိုးရှေ့က ပိတ်ရပ်လိုက်သည်။

"ကောင်မလေး ..."

"ရှင် ... ရှင် ..."

သူ ပြုံးပြုံးလေးစိုက်ကြည့်နေသည်။

"ရှင် ဘာနှောင့်ယှက်ဦးမလို့လဲ ..."

"မိုးရဲ့တစ်ဘဝလုံး လိုက်နှောင့်ယှက်ချင်လို့ နှောင့်ယှက်ခွင့်ပေးပါနော် ..."

"ရှင် ရူးနေလား ..."

"သေချာတာပေါ့ ... မိုးအချစ်ကို မရရင် ကိုယ်ရူးသွားလိမ့်မယ် ..."

"တတ်လည်းတတ်နိုင်ပါပေတယ် ... မိန်းမကောင်းမဟုတ်တဲ့ မိန်းမကို ချစ်ပြန်ပြီပေါ့ ..."

"တကယ်သာအဲလိုဆိုရင်တော့ ကိုယ် နာကြည်းမိမှာ အမှန်ပဲ ... မညာပါဘူး ..."

"အခုလည်း ဒီအတိုင်းပဲလေ ..."

"မိုး ကိုယ့်ကို အထင်သေးတယ် ... မိုးကိုချစ်တဲ့ အချစ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ယံလေးမဟုတ်ဘူး ... ဆောရီး ... ကိုယ်တို့လမ်းမပေါ်မှာ အခြေအတင်ပြောရသလိုဖြစ်နေပြီ ... တစ်ဆိုင်ဆိုင်သွားရအောင် မိုးရယ် ...”

“မသွားချင်ဘူး ... ကျွန်မ ဈေးသွားရဦးမယ် ...”

“မသွားပါနဲ့ကွာ ... ပြီးရင် မိုးဝယ်ချင်တာဝယ် ... ခုတော့ ကိုယ့်ကိုစကားခဏပြောခွင့်ပေးလာပါ ...”

သူက မိုးလက်ကလေးကို လှမ်းဆွဲလိုက်သဖြင့် ...

“ဖယ် ... လွှတ် ... ကျွန်မအော်သာလိုက်မယ် ...”

သူက လမ်းဘေးချရပ်ထားသော သူ့ကားတံခါးဖွင့်ပေးလိုက်တော့ မိုးက ကားထဲဝင်ထိုင်ပါသည်။

“ဘယ်မှမသွားနဲ့ ... ကားထဲမှာပဲ ပြောစရာရှိတယ်ပြော”

သူမကြားချင်ယောင်ဆောင်ပြီး ကားကိုမြို့ပြင်ဘက်မောင်းထွက်လာလိုက်သည်။

သန်လျင်ဘက်ကိုပေါ့။

သူ မိုးကိုစိုက်ကြည့်လိုက်တော့ ... မနေတတ်ပုံဖြင့် မျက်နှာလွှဲသွားသည်။ သူ စိတ်မထိန်းထားတော့ဘဲ သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲဖက်ထားလိုက်သည်။ သူမကလည်း အတင်းပြန်ရုန်းသည်။ သူမကရုန်းလေ၊ သူက ပိုတိုးပြီးဖက်လေ ...။ 'နောက်ဆုံး သူမတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာဖျစ်ညှစ်ခံထားရ





သလို ဖြစ်လာသည်။

သူ စိတ်ပေါက်ပေါက်နဲ့ အင်အားရှိသလောက် သိမ်းကျုံးပြီးဖက်ထားမိသည်။ သူမက မရုန်းတော့ဘဲ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်သွားပြီး ကျွန်မမှာ သားလေးတစ်ယောက်ရှိတယ်။

“ကျွန်မ ... ကျွန်မက လွတ်လပ်သူမဟုတ်ဘူး ... ကျွန်မမှာ သားလေးတစ်ယောက်ရှိတယ် ...”

“သားရှိတာ ယောကျ်ားရှိတာမှ မဟုတ်တာ ... မိုးသားက မောင့်သားပဲပေါ့ ...”

“ဟင့်အင်း ...”

အငြင်းစကားတွေ ထွက်ကျလာမည့် သူမနှုတ်ခမ်းတွေကို ပိတ်ပစ်လိုက်သည်။ မိုးမျက်ဝန်းမှာ မျက်ရည်စလေးတွေဝေ့သီလာသည်။

ထို့နောက် မျက်လုံးစုံမှိတ်ကာ သူ့ရင်ခွင်ထဲမှာငြိမ်သက်သွားသည်။

“ကျွန်မအကြောင်းတွေသိပြီးပြီမို့လား ...”

“အင်း ...”

“ကျေးဇူးပြုပြီး နောက်ပဲဆုတ်ကြရအောင်နော် ...”

“ဟင့်အင်း ... မိုး အချစ်ရှုံးပဲဖြေ ... မညာကြေးနော် ... မောင့်ကို ချစ်လား ... မညာနဲ့နော် ...”

“မညာရင် ရှင်ခံစေရမှာပေါ့ ...”



www.burmeseclassic.com

www.burmeseclassic.com



သူ မိုးမျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်တော့ သူ့ရင်ဘတ်မှာ သူမမျက်နှာလေးကိုဖွက်ပြီး လေသံသဲ့သဲ့ ...

"ချစ်လွန်းလို့ ခက်နေတာပေါ့ ကောင်လေးရယ် ..."







သူတို့ရဲ့ချစ်သူဘဝလေးက ကြည်နူးဖွယ်ကောင်းလှသည်။

ပြီးတော့ ... လျှို့ဝှက်စွာပေါ့။ သူတို့နှစ်ယောက် အကြောင်းသိသူဆိုလို့ မွန်မွန်တစ်ယောက်ရယ်လို့ လူသိရှင်ကြားမဖြစ်စေခြင်းမှာ အဓိကအချက်က ကော်ဖီနှစ်ကောင်၏ အန္တရာယ်ကိုကြောက်၍ပင် ကော်ဖီနှစ်ကောင်သာသိလျှင် သူတို့ချစ်ခြင်းကို မဖြစ်မနေခွဲမှာ သေချာသည်။ အဘယ့်ကြောင့်ဆိုသော် မိုးကကလေးအမေဖြစ်နေသည်မို့ ဘယ်လိုမှ သဘောတူမှာမဟုတ်။ ပြီးရင် နောက်ဆက်တွဲ အကျိုးဆက်တွေက ကောင်းမှာမဟုတ်။

ထိုအကြောင်းတွေကို သူက မိုးနားလည်အောင်ရှင်းပြရသည်။ ကော်ဖီမစ်အဖွဲ့အကြောင်းကိုလည်း ဂဃဏနရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ တော်ကြာ သူနဲ့ ထိုနှစ်ကောင်ကြားက ဆက်ဆံရေးကို ချစ်သူအထင်လွဲမှာစိုးရိမ်လို့ပါ။

မိုးက သူထင်ထားတာထက်ပင် ... အေးချမ်းသေးသည်။ သူတို့နှစ်ယောက်ဟာ တစ်လမှာ တစ်ခါလောက်သာ အပြင်မှာ တွေ့ကြသဖြင့် သူတို့ရဲ့ဇာတ်လမ်းကို ဘယ်သူမှ မရိပ်မိကြ။ သူက ညနေဘက်တွေ စာအုပ်ဆိုင်ဘက် ပုံမှန်ရောက်သော်လည်း စကားမပြောဖြစ်။

စာအုပ်ငှားပြီးပြန်လာရုံသာ တစ်ခါတစ်ရံဆိုမိုးက စာအုပ်ဆိုင်ဘက်မှာပင်မရှိ။ စတိုးဆိုင်ဘက်ရောက်နေတတ်သည်။

သူတို့နှစ်ယောက်ရဲ့ စကားပြောချိန်က ညဆယ့်နှစ်နာရီ။ ထိုအချိန်ဆို မွန်ရော နာနီပါ အိပ်နေပြီမို့ ဖုန်းကိုလွတ်လပ်စွာပြော၍ရသည်။ သူကလည်း အခန်းတံခါးလော့ခ်ချကာ သူ့အိပ်ရာပေါ်မှနေ Mobile ဖုန်းဖြင့် ပြောခြင်းပင်။ သူက ဖုန်းပြောခါနီး ဘတ္တရီအားအပြည့်သွင်းထားတတ်ကာ ဘတ္တရီအားကုန်သည်အထိ ပြောတတ်သည်။

"မောင့်ဖုန်းတော့ ဟန်း(ဒ်)ဆက် ခဏခဏလဲရတော့မယ်"

ဟု သူမက အမြဲစ,လေ့ရှိသည်။ သူတို့အပြင်မှာတွေ့ကြသည့်ရက်ဆိုလည်း ဘယ်တော့မှ အတူတူမသွား။ တစ်နေရာရာကိုချိန်းပြီးမှ အဲဒီမှာဆုံကာ သွားလိုရာသွားကြ၊ လည်ကြ၊ ပတ်ကြရတာပင်။





တစ်ခါတလေ သားကိုပါခေါ်လာဖို့ သူတောင်းဆိုကြည့်ဖူးသည်။

မရ။ မိုးက ဘယ်တော့မှ ခေါ်မလာသဖြင့် သူ စိတ်ဆိုးရသေးသည်။

"ကိုယ့်သားကိုယ်တွေ့ချင်သေးတာပေါ့ကွ ..."

မိုးက မျက်နှာလေးရဲ့ကာ ခေါင်းငုံ့နေတတ်တော့ သူ ဆက်မပြောရက်ပြန်။ တစ်ခါတလေ သူ စာအုပ်သွားအပ်ရင် မွန် ကောင်တာထိုင်ရင်း သားကိုချီထားတတ်သည်။ ထိုအခါမျိုးတွင် သူက သားကိုချီကြည့်ခွင့်ရသည်။ ချော့မြှူနမ်းရှိုက်ခွင့်ရသည်။ သားသားမောင်ဟာ မျက်နှာမြင်ချစ်ခင်ပါစေဟူသော ဆုတောင်းနှင့် ပြည့်သူလေးပါ။ သူ သားသားမောင်ကို ချစ်ခင်တွယ်တာမိသလို သူ ချော့မြှူလိုက်၍ ကလေးရယ်ပြုံးနေရင် သူ သဘောကျမဆုံးတော့။

မေမေပေါက်စလေးရဲ့ သံယောဇဉ်တွေသာမက သားပေါက်စလေးရဲ့ သံယောဇဉ်တွေကပါ သူ့ကို တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်ချည်နှောင်လာသည်။

သူဘယ်လိုမှ မခွဲနိုင်တော့တာ သေချာသွားသောနေ့က သူတို့ချစ်သူဖြစ်တာ ခြောက်လတိတိပြည့်တဲ့နေ့ မှတ်မှတ်ရရ သားသားမောင် စကားစ,ပြောကာ သူမလေးကို မေဟုမပီကလာ ဘီကလာဖြင့်ခေါ်သောနေ့ ချိန်းထားရာသို့ သူမက တစ်နာရီတိတိ

www.burmeseclassic.com



နောက်ကျကာရောက်လာသည်။

အဲဒီနေ့က သူတို့ချိန်းထားသော ကော်ဖီဘားတစ်ခုရဲ့ သီးသန့်ခန်းလေးထဲမှာပေါ့။ သူမဝင်လာလာချင်းက သူက နာရီကြည့်ပြလိုက်သည်။

မျက်နှာက စူပုပ်ပုပ်။

သူမက သူ့နဖူးကို ဖျတ်ခနဲလာနမ်းပြီး ...

"မောင် နည်းနည်းနောက်ကျသွားတယ် ... ဆောရီး"

သူမက သူ့နဖူးကို လက်ညှိုးဖြင့် ခပ်ဖွဖွထောက်ကာ

"တစ်နာရီဖိုးလျှော်ပေးပြီးပြီလေ ... "

သူပြုံးကာ သူမခါးကို လှမ်းဖက်လိုက်တော့ အလိုက်သင့်လေးပင် သူ့ရင်ခွင်ထဲတိုးဝင်လာပြီး ...

"မောင့်ကိုပြောရဦးမယ် ... "

"အင်း ... "

"သားက ဒီနေ့ မိုးကို မေလို့စ,ခေါ်တယ်သိလား ... "

"ဟုတ်လား ... သားစကားပြောတတ်ပြီပေါ့ ... "

"အင်း ... "

"မေမေလေးပေါ့ ... "

"အင်းပေါ့ ... "

သူမရဲ့ ပြုံးစိစိမျက်နှာလေးကို အသည်းယားစွာ ပါးနှစ်ဖက်ကို ဆွဲဖျစ်ပစ်သည်။





"နာလိုက်တာကွာ ... "

"ဦးဖွလုပ်ပေးမယ် ... "

"တော်ပြီရတယ် ... မောင်နော် ... "



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





သူနဲ့မိုး ကြိုက်နေတာကလွဲလို့ ကျန်တဲ့အရာရာတိုင်းက ပုံမှန်ပင်။ သူက နေ့စဉ်နေ့တိုင်း ကော်ဖီနှစ်ကောင်ကို ပုံမှန်အကြိုအပို့လုပ်မြဲ။ ပြီးတော့ သူမတို့သွားလိုရာတွေလိုက်ပို့မြဲပင်။

"စူပါ ..."

"ဟင် ..."

"နင့်ကိုကြည့်ရတာ တစ်ခုခုထူးဆန်းနေသလိုပဲ ... ငါ့ဗေဒင်သဘာမှန်မယ်ဆိုရင် နင် ရည်းစားရှိနေပြီ ..."

"ပြဿနာလာမရှာပါနဲ့ ... ပရီမီယာရယ် ... ဘာရည်းစားမှမရှိဘူး ... အေးဆေး ..."

ပရီမီယာက သူ့ကို မကြာခဏအစ်တတ်သည်။

"ညက အိပ်မက်မက်တယ် ... အိပ်မက်ထဲမှာ စူပါက ကောင်





မလေးတစ်ယောက်ရဲ့လက်ကကိုဆွဲပြီး လျှောက်သွားနေတာတဲ့ ... အိပ်မက်ထဲမှာ အဲဒီကောင်မလေးက စူပါ့ရည်းစားတဲ့ ..."

အဲဒီလို မဟုတ်ကဟုတ်ကပြောပြီးလည်း အစ်တတ်သည်။ ဒါပေမဲ့ သူကတော့ နည်းနည်းလေးမှ လှုပ်ရှားဟန်မပြဘဲ ငြင်သေသေနေပြရသည်။ ဆီနီဒါကတော့ သူ့ဖီလင်နဲ့သူမို့ စူပါ့အကြောင်းကို စိတ်မဝင်စား။ ဒါပေမဲ့ တစ်နေ့တော့ သူနဲ့မိုးကို ဆီနီက အရင်တွေ့သွားခဲ့သည်။

အဲဒီနေ့က မိုးနဲ့သူ အပြင်မှာချိန်းတွေ့ရင်း မိုးက စီးမှာ့တ်ဝင်ချင်သည်ဆို၍ သူတို့ ဒဂုံစင်တာထဲဝင်ခဲ့ကြသည်။ မိုးက သားဖို့ ကလေးသုံးခေါင်းလျှော်ရည်၊ ဆပ်ပြာစသည်ဖြင့် ကလေးသုံးပစ္စည်းတွေဝယ်နေသဖြင့် သူက နောက်က တကောက်ကောက်လိုက်ကာ မိုးဝယ်သမျှပစ္စည်းတွေကို ခြင်းတစ်လုံးဖြင့် လိုက်သယ်ပေးနေသည်။

သူတို့နှစ်ယောက်မှာ တကယ့်အိမ်ထောင်သည်တွေ ဈေးဝယ်ထွက်တာနဲ့တူနေသည်။

"မိုး သားအတွက် ကိုယ် သေနတ်ဝယ်ပေးမယ် ..."

"အမယ် ... မဝယ်ပေးရပါဘူး ... သားစိတ်တွေ ခက်ထန်လာမဲ့ကိစ္စမျိုး လုပ်ခွင့်မပြုနိုင်ဘူး ..."

"ယောကျ်ားလေးပဲ ... ကျားကျားလျားလျားတော့ ရှိမှပေါ့

www.burmeseclassic.com



ကွာ ... တော်ကြာ ကိုယ့်သား အခြောက်ဖြစ်နေဦးမယ် နော် ... ”

“အံမယ် ... ”

မိုးရယ်သံလေးတွေက ဆည်းလည်းသံလို့ သူ့ရင်ဘတ်ထဲကိုလာမှန်သည်။ ထိုအချိန်မှာပဲ သူ့အင်္ကျီလေးကို တစ်စုံတစ်ယောက်က လာဆွဲတာခံလိုက်ရသည်။

“ဟာ ... ဆီနိုဒါ ... ”

“မိုးမမြင်လေမမြင်ပါလား စူပါရဲ့ ... ငါ ဘေးကဖြတ်ကျော်သွားတာတောင် ငါ့ကိုမမြင်ဘူးနော် ... ”

“မိုး ... ဒါက ဆီနိုဒါလေ ... ”

“ဪ ... ”

“ဆီနိုဒါ ... ဒါ ငါ့သူငယ်ချင်းအသစ် ... မိုးတည်ကြည်တဲ့”

“သူငယ်ချင်း ... ”

“ဟုတ်တယ် သူငယ်ချင်း ... ”

“ပြီးတာပဲ ... စူပါ ... အခု ငါ ကားမပါဘူး ... တက္ကစီနဲ့လာတာ ... ငါ့ကိုပြန်ပို့ပေး ... ”

သူ မိုးမျက်နှာကို ကြည့်လိုက်သည်။

“နင် အခုပြန်တော့မှာလား ဆီနိုဒါ ... ”

“အေး ... ”

“ဒါဆိုသွားမယ်လေ ... ဪ ... မိုး ... ကိုယ့်သူငယ်ချင်း





နဲ့ပဲပြန်လိုက်တော့မယ် ... ”

“အိုခေ ... ”

သူ ဆီနိုဒါ့လက်ထဲက အထုပ်တွေကို လက်လွှဲယူပြီး ဆီနိုဒါနဲ့အတူ အပြင်ထွက်လာလိုက်သည်။

“အဲဒါ နင့်ရည်းစားမို့လား ... ”

“သူငယ်ချင်းပါဆိုဟာ ... ”

“ဟဲ့ ... နင့်ရည်းစားဆိုလည်း ရပါတယ် ... ငါ့မှာ နင်တို့လို စိတ်ပုပ်စိတ်ယုတ်မရှိဘူး ... ဖျက်လို့ဖျက်ဆီးလည်းမလုပ်ဘူး ... ”

“မဟုတ်ပါဘူးဟာ ... သူငယ်ချင်းပါ ... ”

“ဘာပဲဖြစ်ဖြစ်ပေါ့ စူပါရယ် ... နင့်ချစ်သူဆိုရင်လည်း ငါ ဝမ်းသာပါတယ် ... သူက ချစ်စရာလေးပါ ... အချစ်ဆိုတာကို တကယ်ခံစားခဲ့ဖူးလို့ ငါ ကိုယ်ချင်းစာတယ်သိလား ... နင် သူ့ကို စိတ်ချမ်းသာအောင်ထားပါဟာ ... ”

မိုးသာ ကလေးအမေမှန်းသိရင် ဆီနိုဒါ ဒီလိုပြောနိုင်ပါတော့မလား။ သူ သက်ပြင်းမသိမသာချလိုက်မိသည်လေ။

ဆီနိုဒါက အိမ်ပြန်ရောက်တာနဲ့ ပရိမိယာကိုတန်းပြောတော့တာပင်။

“ဆံပင်တိုတို အသားဖြူဖြူ အရပ်က ငါးပေလောက်ပဲရှိမယ်၊ ရုပ်က ကလေးရုပ်နဲ့ ချစ်စရာတောင်မလေး မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ပရီမီယာ ... နင်က သိပြီးသားပေါ့ ... ငါ့ကိုတော
မပြောဘူး ... "

"ငါက မသေချာလို့ မပြောတာ ... သူ့ကိုမေးတော့ ဝေ့လည်
ကြောင်ပတ်လုပ်နေတယ်လေ ... "

"ဩော် ... "

"အဲဒါ လမ်းထိပ်စာအုပ်ဆိုင်ကလေ ... "

"ဟုတ်လား ... နာမည်ကတော့ အလန်းစားထဲကဆရာ ...
မိုးတည်ကြည်တဲ့ ... "

"စူပါစုတ် ... ငါတို့ကိုလှုံ့ထားတယ် ... "

"ခုထိဝန်မခံသေးဘူးနော် ... သူငယ်ချင်းတဲ့ ... လုပ်နေတုန်း
ပဲ ... အဲဒါနဲ့ ငါလည်း ပြောလိုက်ပါတယ် ... စိတ်ချပါလို့
ငါက ဖျက်လို့ဖျက်ဆီးမလုပ်ပါဘူးလို့ ... သဘောတူပါတယ်
လို့ ... "

"အင်း ... ကောင်မလေးက Innocent လေးပါ ... စူပါနဲ့
လိုက်ပါတယ် ... "

"ပင်ခန့်ကတော့ Innconent မဖြစ်ဘူးပေါ့လေ ... "

"ဟဲ့ ... နင့်ရဲ့ပင်ခန့်ကတော့ နင်နဲ့ စူပါကို နားလည်မှုမ
တာလေ ... သူ့ဘာသာ အထင်လွဲပြီး နင်တို့အဆက်အသွယ်
ပြတ်ရတာလေ ... "

"တကယ်တော့ မောင်က ငါ့ကို တကယ်ချစ်ရှာပါတယ်လေ





သူ အထင်လွဲသွားလို့သာ ... "

ဆီနိုဒါ အတွေးနယ်ပယ်ထဲ ဝင်သွားပြန်သည်။ ဒီလို
ဆိုတော့လည်း ပရီမီယာအစ်မဖြစ်သူကိုကြည့်ကာ စိတ်မကောင်း
ဖြစ်မိကာ မာနကြီးပြီး ကတိတည်လွန်းသော ပင်ခန့်ကိုပင် အမြင်
ကတ်ချင်ချင်။ ခုနေသာ ပင်ခန့်ကိုပြန်တွေ့ရရင် ... ။

ကမ္ဘာကရွာဖြစ်နေသော ဒီခေတ်ကြီးမှာ ပင်ခန့်နဲ့
ကော်ဖီမစ်အဖွဲ့များ လမ်းကြုံလေဦးမလား။



www.burmeseclassic.com

www.burmeseclassic.com





"အန်တီ ... မိုးကိုရှိလား ..."

မနက်ခုနစ်နာရီမင်မထိုးသေး။ ကော်ဖီနှစ်ကောင် သူ့အိမ်သို့ ဝုန်းဒိုင်းကြဲကာ ရောက်ရှိလာသည်။ သူက အိပ်ရာထဲမှာ နှက်လို့ကောင်းနေတုန်းပါ။

"အေး ... ရှိတယ် သမီးတို့ရေ ... အိပ်ရာကတောင် မနိုးသေးဘူး ... ကိစ္စရှိရင် သူ့အိပ်ခန်းတံခါးကိုသာ သွားထုကြတော့"

ရှုပါအခန်းကို ချီတက်လာကြသည်။ သူတို့သုံးယောက်ဟာ ငယ်စဉ်ကတည်းက မောင်နှမတွေလို နှစ်အိမ်တစ်အိမ် နေကြတာမို့ ရှုပ့်အခန်းတံခါးသွားထုရတာလည်း သူတို့အတွက် အထူးအဆန်းဖြစ်မနေ။ သူတို့အိမ်အပေါ်ထပ်ကို တက်လာတုန်း အောက်ထပ်မှ အန်တီအော်သံကြားလိုက်ရသည်။





"သမီးတို့ ... သားကိုနိုးပြီးရင် ကော်ဖီလာသောက်ကြနော်၊ အန်တီ ပူတင်းပေါင်းထားလို့ ..."

"ဟုတ်ကဲ့ ... ဒုန်း ... ဒုန်း ... ရှုပါ ..."

ဟုတ်ကဲ့ကိုနောက်မှာချန်ရစ်ခဲ့ပြီး ရှုပ့်ါအိပ်ခန်းတံခါးကို ထုနေကြသည်။ တံခါးကို ခပ်သာသာခေါက်ရုံမဟုတ်ဘဲ တဒုန်းဒုန်းထုနေသည်။

"အား ... ဘာဖြစ်လာကြတာလဲ ... ကမ္ဘာပျက်လို့လား၊ သေအောင်ထုနေတယ် ..."

အိပ်မှုန်စုံမွှားနှင့် တံခါးဖွင့်ကာ ထွက်လာသော ရှုပ့်ါကို တစ်ယောက်က နားရွက်ဆွဲလိမ်သည်။ တစ်ယောက်က နားသယ်စပ်က ဆံပင်တိုစိလေးတွေကို မရရအောင် ဆွဲနုတ်သည်။ မျက်နှာတွေမှာ မယ်ယကွ၊ရဲ့ မျက်နှာဖုံးတွေ ကိုယ်စီစွပ်လို့ပေါ့။ သူမတို့ရဲ့ ဒေါသပေါက်ကွဲမှုဟာ သာမန်ထက်ပိုနေတာတော့ သေချာသည်။ သူ့လည်း ဘာအမှားမှမလုပ်ပါဘူး။

"အား ... နာတယ်ကွ ... ယူတို့နော် ... အသားလွတ်လာနှိပ်စက်နေကြတယ် ... အကျိုးအကြောင်းတော့ ပြောသင့်တယ်နော် ..."

"ဘာအမှားမှမလုပ်ဘူးပေါ့ ဟုတ်လား ရှုပါ ..."

စူးရှထက်မြက်တဲ့ ပရီမီယာရဲ့ မျက်ဝန်းတွေကိုကြည့်ပြီး သူရင်ထိတ်သွားမိသည်။ သွားပြီး မိုးအကြောင်းကို သူမတို့ သိ



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီ။

သူ့ရဲ့သူငယ်ချင်းမနှစ်ယောက်ဟာ … ခပ်နုံနုံထဲက မဟုတ်သဖြင့် သူလျှိုထားခဲ့တာ။ ခုတော့ သူမတို့သိသွားကြပြီ။

"ပြောလေ …"

"ငါ ဘာလုပ်လို့လဲ …"

"နှင့်ကိုကလေးအမေနဲ့ ငါတို့သဘောမတူနိုင်ဘူး ရှုပါ"

"ဩော် … ဒါလား … အဟက် … ဘာများလဲလို့ကွာ … မိုးတည်ကြည်နဲ့ ငါက တကယ်ကို သူငယ်ချင်းတွေပါဟာ၊ ပထမတော့ ငါ စိတ်ဝင်စားတာမှန်တယ်ကွာ … ဒါပေမဲ့ သူဟာ ကလေးအမေလို့ သိလိုက်ကတည်းက စိတ်လျှော့ လိုက်ပြီးသား … ငါက နှင်တို့သူငယ်ချင်းလေဟာ … အဲဒီ လောက် မနုံသေးပါဘူး … သူနဲ့ ငါ သူငယ်ချင်းကဏ္ဍပဲရှိ တယ် …"

သူ့ရဲ့လိမ့်လုံးမှာ ကော်ဖီနှစ်ကောင် ဧဝေဧဝါဖြစ် သွားပုံရသည်။

ဒါပေမဲ့ ခဏပါပဲ။ ပရိမိယာက …

"မယုံဘူး …"

"ဟုတ်ပါတယ်ဆိုဟာ … မယုံလည်း မတတ်နိုင်ဘူး"

"အိုကေလေ … ငါတို့က လက်တွေ့မှ မမိသေးဘဲ … နှင် ညာသည့်ပေါ့ … တစ်ခုတော့ ပြောချင်တယ် သူငယ်ချင်း





မိုးတည်ကြည်သာ လွတ်လပ်တဲ့အမျိုးတစ်ယောက်ဆိုရင် ငါ တို့က နှစ်ထောင်းအားရကို သဘောတူတာပါ … ဒါပေမဲ့ ငါတို့သူငယ်ချင်းကို လှည်းကျူးတော့ မထမ်းစေချင်ဘူး … နှင်နဲ့ လှည်းကျူးနဲ့ မတန်ပါဘူးဟာ … နှင်လိုချင်ရင် ရွှေ လှည်းငွေလှည်းတွေ တစ်ပုံကြီးရှိမှာပါ …"

"ငါသိပါတယ် …"

"သိဖို့မလိုဘူး … လက်တွေ့ကျကျ၊ မှန်မှန်ကန်ကန်လုပ် ဆောင်တတ်ဖို့ပဲလိုတယ် … တချို့ကိစ္စတွေမှာ အမှန်တရား ကို သိနေရက်နဲ့ မလိုက်နာနိုင်တာတွေ ရှိတတ်တယ်လေ၊ ငါ့သူငယ်ချင်း သတိလည်းမူ၊ ဂုလည်းမြင်ပါစေဟယ်"

"အေးပါဟာ … စောစောစီးစီး မျက်နှာတောင်မသစ်ရသေး ဘူး … ငါ နားသန့်ရှင်းရေးပါလုပ်ရတော့မယ်ထင်တယ် … နှင်တို့ရဲ့စကားလုံးကြီးတွေ ငါ့နားမှာဆို့နေလို့ …"

"ရှုပါစုတ် … ကဲ … ပြီးရင် အောက်ကိုကြွခဲ့ … အန်တီဆီ သွားပြီး ပူတင်းသွားဝိုက်လိုက်ဦးမယ် …"

"Yes …"

အောက်ထပ်ထမင်းစားခန်းမှာ … ကော်ဖီဝိုင်းက အဆင်သင့်။

"အန်တီလက်ရာ ပူတင်းမစားရတာကောင်ကြာပြီ …"

"အေး … စားကြစားကြ … မိုးကိုမနိုးသေးလို့လေ … မိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုးမှပဲ သမီးတို့အိမ်ကို ပို့ခိုင်းမလို့ လုပ်ထားတာ ... သမီးတို့ပြန်ရင် အိမ်ဖို့ယူသွားဦး ... ဒီချိုင့်ထဲမှာ ထည့်ထားပြီးပြီ ... ဒါနဲ့ သားဝဏ္ဏရော အခြေအနေတိုး တက်ရဲ့လား"

"ဟုတ်ကဲ့ အန်တီ ... ချိုင်းထောက်နဲ့တော့ စမ်းလျှောက်နေပြီ ... တိုးတက်မှုပဲ အန်တီရေ ... မဟုတ်ရင် သူ့ရဲ့ ဒေါသဖုံး ပေါက်ကွဲမှုရဲ့ဒဏ်ကို မခံနိုင်တော့ဘူး"

သူမတို့ရဲ့အစ်ကို ဝဏ္ဏဟာ ကားအက်ဆီးဒင့်ကြောင့် အောက်ပိုင်းသေသလို ဖြစ်နေသူပါ။ အဲဒီနောက်ပိုင်း ဝဏ္ဏဟာ သူ စိတ်အလိုမကျတိုင်း ဒေါသတကြီး ဝုန်းဒိုင်းကြဲတတ်သည်။

တစ်ခါတစ်ရံ သူ စိတ်တိုရင် သူမတို့ကို နီးစပ်ရာ တစ်ခုခုနဲ့ ကောက်ပေါက်တတ်သည်မို့ ဝဏ္ဏအခြေအနေမကောင်းလျှင် ကော်ဖီနှစ်ကောင်က လုံးဝအနားမကပ်တော့။ ထိုသို့ ဒေါသ ပေါက်ကွဲမှုရဲ့ဒဏ်ကို တစ်ခါတစ်ရံ မိုးကိုပင် အဆစ်ခံရသေးသည်။

မိုးကိုပိုင်က ရေမိုးချိုးပြီး ရှိုးအပြည့်နဲ့ဆင်းလာသည်။ ကော်ဖီနှစ်ကောင်ကတော့ အိမ်နေရင်း ဂါဝန်လေးတွေနဲ့ပဲ ရှိသေးသည့် မိုးကိုက နှာခေါင်းရှုံ့ကာ နှာခေါင်းရှေ့လက်ဝါးဖြင့် ယမ်းခါနေသည်မို့ ကော်ဖီနှစ်ကောင်ဟာ မိုးကိုရဲ့ ကော့ပျံနေသော အကျီတွေကို ငိုင်းချေနေကြသည်။

"ဟာ ... ဟာ ... အကျင့်မပုပ်နဲ့လေ ..."

မိုးကိုပိုင်ရဲ့ မိခင်ကတော့ သူတို့သုံးယောက်ကို ...





ကြည့်ပြီး ရယ်မောလို့ပေါ့။ သူမ၏စိတ်ထဲမှာလည်း တစ်နေ့နေ့မှာ ထိုကော်ဖီနှစ်ကောင်ထဲက တစ်ယောက်ကိုတော့ ချွေးမတော်ရမှာပဲဟု တစ်ထစ်ချတွက်လျက်။



www.burmeseclassic.com

www.burmeseclassic.com





မသိစေချင်တဲ့အရာဆို ပိုပြီး အစပေါ်တတ်ကြသည်။ သူများအတွဲတွေလို ပေါ်တင်မတွဲရဲဘဲ ခိုးကြောင်ခိုးဝှက်ချစ်နေရသော စုပါတို့ ချစ်သူနှစ်ယောက်ကလည်း ခိုးစားရတဲ့အသီးကိုမှ ပိုပြီး ချိုမြိန်နေတတ်ကြသည်။

"မိုးကလေး ..."

"မောင် ..."

တစ်လမှ တစ်ခါသာ တွေ့ရသော သူတို့နှစ်ယောက်ဟာ တွေ့လိုက်ရင်လည်း မခွဲနိုင်မခွာရက်။ ကြားလေးပင် အသွေးမခံချင်။ ပဲခူးဘက်ထွက်သော ကားလမ်းမဘေးတစ်နေရာမှာ လှပသော မလေးရှားပိတောက်ပင်တန်းလေး အဲဒီ ပိတောက်ပင်တန်းလေးနားမှာ ကားတစ်စီးနဲ့ ချစ်သူနှစ်ယောက် ပတ်ဝန်းကျင်ကို မေ့လျော့ကာ ရင်ဘတ်ထဲမှာတော့ အချစ်တွေ အပြည့်နဲ့ပေါ့။





စူးစိုက်ကြည့်နေကြသော မျက်ဝန်းအစုံဟာ အားကို လွှဲဖယ်လိုက်ရင်ပဲ ကိုယ့်ရှေ့က ချစ်သူပုံရိပ် ပျောက်ကွယ်သွားတော့မည်သကဲ့သို့။

တစ်ယောက်ရဲ့ရင်ခွင်းတစ်ယောက်ကထွင်းဖောက်ခြင်းဖြင့် ပိုပိုနစ်ဝင်လာခဲ့ပြီ။

စုပါက ချစ်သူလေးရဲ့ မျက်တောင်ထူကော့ကော့တွေကို အသည်းယားလှစွာဖြင့် ဖိကပ်နမ်းရှိုက်ထားမိသည်။ တစ်စက္ကန့် နှစ်စက္ကန့် သုံးစက္ကန့် ... တစ်မိနစ်။ ပြီးတော့ ပေါက်ကွဲလုလုဖြစ်နေသော အချစ်စိတ်တွေကို ထိန်းချုပ်ကာ သူမကိုယ်လေးကို ကျစ်ကျစ်ပါအောင် ဖက်ထားမိသည်။

"မိုးကလေးနော် ... မောင် မိုးကို ဘယ်လောက်ချစ်လဲဆိုတာ သိတယ်မို့လား ... ကော်ဖီနှစ်ကောင်ကတော့ မောင်တို့ကိုနှောင့်ယှက်မှာပဲ ... အဲဒီအခါဘယ်လိုအနှောင့်အယှက်မျိုးကိုမဆို ကြံ့ကြံ့ခိုင်ခိုင်နဲ့ ရင်ဆိုင်ရမယ်နော် ..."

"မိုး တရားရဲ့လား ကောင်လေးရယ် ..."

"အဲဒီလိုကို မတွေးရဘူးလေ ... ဒီကောင်မလေးကိုတော့ စိတ်မချတော့ပါဘူး ... ကဲ ... မောင့်ကို ကတိပေး ... ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတဲ့ ကတိ ..."

"ပေးရမှာလားဟင် ..."

"မိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"ပေးတယ် ... ပေးတယ်"

"ဘာပေးတာလဲ ..."

"ကတိလေ ... မောင့်ကို ခွဲမသွားပါဘူးလို့ ..."

"ဟား ... လိမ္မာလိုက်တဲ့ ချစ်သူလေး ... ခုလို ကတိပေးတဲ့အတွက် ကျေးဇူးပါ ကလေးရယ်"

"မောင် မိုးကို အရမ်းချစ်တာပဲလား ..."

"မေးခွန်းကိုက သိပ္ပံဘက်သူယက်တဲ့မေးခွန်း ... တော်တော်လည်တဲ့ ချစ်သူလေးပါလား ..."

"မောင် မဖြေဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေတာလား"

"အား ... ဒီလောက်ချစ်နေတာ မေးရက်တာတောင် စိတ်ဆိုးတယ်နော် ... မောင် မိုးကလေးကို အရမ်းချစ်ပါတယ်၊ မိုးကလေးဘက်က ဖြစ်နိုင်တယ်ဆိုရင် ခုတောင် လက်ထပ်ချင်နေပါပြီ ... ဖြစ်နိုင်ရင် ခုလိုပဲ ရင်ခွင်ထဲမှာ တစ်ချိန်လုံး ထည့်ထားချင်တာပါဗျာ ... ကဲ ... ကျေနပ်ပြီလား"

"ကျေနပ်အောင် ပြောနေတာလား ..."

"အား ... လာပြန်ပြီတစ်ပြစ် ... ကဲ ... ဒါဆို သက်သေပြမယ်၊ စကားနဲ့ သက်သေပြမှာတော့ မဟုတ်ဘူးနော် ... ဟဲ ဟဲ ..."

"တော်ပြီ တော်ပြီ ... ကျေနပ်ပြီ"

"ဟင့်အင်း ... မရတော့ဘူး ..."





သူမကိုယ်လေး သူ့ရင်ခွင်တွင်းမှာ ပိုပြီး နှစ်မြှုပ်နေသည်။ သူ့ရင်ခုန်သံတွေလည်း ပိုမိုကျယ်လောင်လာသလိုပင်။ သူ့နှုတ်ခမ်းတွေက ပွမ်းဆီထိသလို ခံစားနေရသည်။ သူမပါးပြင်လေးကပဲ နူးညံ့လွန်းတာလား၊ သူမနှုတ်ခမ်းလေးတွေကပဲ နွေးထွေးလွန်းတာလား၊ သူ မသိတော့ပါ။ သူ သိတာက သူ့ရဲ့ ရင်ခုန်သံတွေမြန်ကာ လူကလည်း လေဟာနယ်မှာ လွင့်မျောနေသလို ခံစားနေရတာပင်။ သူမက အတင်းရုန်းနေသဖြင့် သူ လန့်ပြီး လွှတ်ပေးလိုက်သည်။ မိုးမျက်နှာက တွတ်တွတ်ရဲနေသည်။

"မောင်ကလည်း ..."

သူ့နှလုံးသားတည့်တည့်ကို လက်သီးဆုပ်ဖြူဖြူနုနုလေးက ခပ်ဖွဖွ ထိခတ်လာသည်။

"ဘာလို့ ရုန်းတာလဲ ..."

"အသက်ရှူလို့မှ မဝတော့တာ ..."

"အဟွန်း ..."

မျက်စောင်းလှဲ့လှဲ့က မထိတထိ ထိခတ်လာသည်။ ပြီးတော့ သူ့ရဲ့ စိမ်းမြသော မေးရိုးကလေးက နွေးခနဲ ဖြစ်သွားကာ

"မောင်နော် ..."

"မိုး ... မောင် မိုးကို လက်ထပ်ချင်ပြီကွာ ... ဘာလို့အချိန်တွေ ဆွဲနေရတာလဲ ... မောင့်မှာလည်း အလုပ်နဲ့အကိုင်နဲ့ပါကွာ ... ပြီးတော့ မိုး မောင့်ကို အားမကိုးချင်တာလားလို့



www.burmeseclassic.com

www.burmeseclassic.com



ခဏခဏ စဉ်းစားမိတယ် ... မိုး မရက်စက်ပါနဲ့တော့ ... မောင်တို့ လက်ထပ်ရအောင်"

"မောင်ရယ် ... မိုး အချိန်ဆွဲနေတာ မဟုတ်ပါဘူး ... မိုး ကြောက်နေတာ ... ကြောက်တာကလည်း မိုးဘက်က အခြေအနေကြောင့်ပါ ... ဘယ်မိဘမဆို ကိုယ့်သားရဲ့ အိမ်ထောင်ဘက်ကို စင်းလုံးချောပဲ ဖြစ်စေချင်မှာပဲ မောင်ရဲ့ မိုးလို မိဘမဲ့တစ်ကောင်ကြွက် ကလေးအမေကို ..."

"မေမေတို့က မောင်ပြောရင် ရပါတယ် ... မောင် ပြောလိုက်ရမလား ..."

"ဟင့်အင်း ... ကြောက်တယ်"

တကယ်ကြောက်သွားပုံဖြင့် သူ့ရင်ခွင်ထဲကို ပို၍ တိုးဝင်လာသည်။

"ဟား ... မိုးလေးရယ်"

"မိုး ရင်မဆိုင်ရဲသေးဘူး မောင်ရယ် ... မပြောပါနဲ့ဦးနော်"

"နောက်လည်း ရင်ဆိုင်ရမှာပဲကွာ ... မြန်မြန်ရင်ဆိုင်လိုက်ရတော့လည်း မြန်မြန်စိတ်အေးရတာပေါ့ ..."

"ဟင့်အင်း ... ဟင့်အင်း ..."

"ကောင်မလေး မောင့်ကို သက်သက်ညှဉ်းဆဲနေတာ"

မိုးကတော့ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်လို့။ ထိုအချိန်မှာပဲ သူတို့ရဲ့ကားနားကို ပရီမီယာ မောင်းလာသောကားက လာ





ရပ်သည်။

"ဟာ ... ပရီမီယာ ..."

မိုးက သူ့ရင်ခွင်ထဲမှ အလန့်တကြား ရုန်းထွက်သွားသည်။ ကားတံခါးကို ဆောင့်ပိတ်ပြီး သူတို့ကားဆီ လျှောက်လာသော ပရီမီယာ မျက်နှာဟာ တင်းမာနေသည်။ သူမအနားမရောက်ခင် မိုးကိုက ကားထဲကအရင်ထွက်သွားသည်။

"ပရီမီယာ ... ငါ ..."

"နင် ညာတယ် ... နင် ညာမှန်းသိလို့ ငါတို့ကလည်း မမီ၊ မိအောင် စောင့်ကြည့်နေခဲ့တာပဲ ... နင့်ကို သူနဲ့ သဘောမတူဘူး ... သူမှမဟုတ်ဘူး ... ဘယ်တစ်ခုလပ်မုဆိုးမနဲ့မှ သဘောမတူဘူး နားလည်လား ... ကလေးတစ်ယောက် အဆစ်ပါနေသေးလို့ ပိုပြီး သဘောမတူဘူး ..."

"ပရီမီယာ ..."

ကားထဲက မိုးက မျက်ရည်တွေကျနေသည်။ ပရီမီယာက ကားထဲကို လှမ်းကြည့်ပြီး တစ်ချက်မဲ့လိုက်ကာ ...

"နင်လည်း အဲဒီအကိုရှင်တွေထဲမှာပဲ ကျဆုံးခဲ့တာထင်တယ် ရူပါ ... နင်တို့ယောက်ျားတွေက မိန်းမတွေရဲ့ မျက်ရည်ကို ခံနိုင်ရည်မရှိတတ်ကြဘူးမို့လား ..."

"ပရီမီယာ တော်တော့ဟာ ... နင် ပြောချင်ရင် အိမ်ရောက်မှ ဆက်ပြော ... သွား ... ငါ မိုးကို ပြန်ပို့ပြီးတာနဲ့ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့မယ် ...”

“ငါ သူနဲ့ စကားပြောစရာရှိသေးတယ် ...”

“မပြောရဘူး ... ပြောစရာရှိရင် ငါ့ကိုပဲ ပြော ... သူ့ ပြောစရာမလိုဘူး”

“နင်က ရူးသွပ်နေတယ် ... ယောကျ်ားရပြီးသား မိန်းမတစ်ယောက်မှာ နင်တို့လို ငတုံးတွေကို ဆွဲဆောင်ရမဲ့မာယာတွေရှိနေမှာပဲ ... နင့်ကိုပြောလို့ ပြတ်မှာမဟုတ်ဘူး”

“ပရိမိယာ နင် စော်ကားနေတာ ငါ့ချစ်သူဆိုတာလည်း သတိရဦးနော် ...”

“ချစ်သူမဖြစ်သင့်တဲ့မိန်းမတစ်ယောက်ကို ချစ်သူတော်ထားပြီးရင် သူနဲ့ပတ်သက်တဲ့ အမှန်တရားတွေကို နားထောင်ရဲရမှာပေါ့ မိုးကို ... နင် နားမထောင်ရဲဘူးမို့လား ... နင် ရူးသွပ်နေပေမဲ့ အဲဒီအမှန်တရားတွေကို နင့်စိတ်ထဲမှာတော့ ခါးသည်းနေတယ်မို့လား ... အလင်းဝင်လိုက်စမ်းပါ သူငယ်ချင်းရယ် ...”

သူ ထိတ်လန့်တုန်လှုပ်နေပြီး မိုးဘက် လှည့်ကြည့်ကာ ...

“မိုးလေး မယုံနဲ့နော် ... မောင့်ကိုပေးထားတဲ့ ကတိကို တည်ရမယ်နော် ... ဘာပဲဖြစ်ဖြစ် မိုးကို မောင် အရမ်းချစ်တယ်နော် ...”





သူ ထိတ်လန့်တုန်လှုပ်စွာ သွေးရူးသွေးတမ်း အော်နေမိသည်။ မိုး သူ့ကို ခွဲခွာသွားရင် သူ သေသွားမလား မသိ။ မိုးက ကားထဲမှနေ၍ သူ့ထံသို့ စိုက်ကြည့်နေသည်။

“စိတ်ချပါ မောင်ရယ် ... သိသွားမှတော့ မထူးပါဘူး ... မိုးတို့ အမြန်ဆုံးလက်ထပ်ရအောင် ...”

“ဟေး ...”

ရူပါက ထခုန်လိုက်သည်။ ချက်ချင်း ပြောင်းလဲသွားသော အခြေအနေလေ။ ပရိမိယာက မျက်နှာပြောင်တိုက်လွန်းသော မိုးကို ကြည့်ကာ အသားတွေ တဆတ်ဆတ်တုန်အောင် ဒေါသထွက်လာသည်။

“အေးပေါ့ ... ယူမှာပေါ့ ... ရှင့်လို တစ်ခုလတ်မုန်းမသိမုဆိုးမမုန်းမသိ မိန်းမတစ်ယောက်အတွက် ဒီလိုလူမျိုးရဖို့က ရှားတာကိုး ... ဒါမှမဟုတ်ရင်လည်း မွေးထားတဲ့ကလေးကို စူပါဆီ ထိုးထည့်ချင်တာလည်း ဖြစ်နိုင်တာပဲ ... တောင်းပန်ပါတယ် မိုးတည်ကြည် ... ကျွန်မရဲ့ ရိုးသားအေးဆေးလှတဲ့ သူငယ်ချင်းလေးကို ရှင့်ရဲ့မာယာ ကျော့ကွင်းထဲကနေလွတ်မြောက်ခွင့်ပေးလိုက်ပါ ... ရှင့်ပုံစံနဲ့ဆို သားကောင်မရှားပါဘူး ...”

“ဟုတ်တယ် ... တို့က မောင့်ကို ကျော့ကွင်းထဲမှာ ချုပ်ထားတာ ... ဒါပေမဲ့ ရှင်ပြောသလိုမို့ မာယာကျော့ကွင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ဘူး ... အချစ်ဆိုတဲ့ ကျော့ကွင်းထဲမှာ ချုပ်ထားတာ ... ရှင်တို့က ရှင်တို့သူငယ်ချင်းကို တို့လိုမိန်းမတစ်ယောက်နဲ့ သဘောမတူနိုင်တဲ့ အတွက်ကို တို့ နားလည်ပါတယ် ... တို့ မောင့်ကို တကယ်ချစ်တာကိုလည်း ပရိမ်ယာ နားလည်ပေးပါ ... "

"သိပ်နားလည်တာပေါ့ မိုးတည်ကြည် ... ရှင့်ကို ကျွန်မနားလည်တာပေါ့ ... ရှင်ဟာ ရှင့်ကလေးရဲ့အဖေ၊ ရှင် အရင်ပတ်သက်ခဲ့ဖူးတဲ့ ယောကျ်ားကို ရှင် သိပ်ချစ်မှာပဲဆိုတာ မို့ပြီး နားလည်လို့ နွားတျခံတဲ့ ကျွန်မသူငယ်ချင်းကို တားနေတာ ... "

"တားပါ ပရိမီယာ ... ရှင်တို့မှာ သူငယ်ချင်းအတွက် တားပိုင်ခွင့်ရှိတယ် ... ဒါပေမဲ့ လူဆိုတာ တားဆီးထားတဲ့အရာကိုဆိုရင် ပိုလုပ်ချင်ကြတယ် ... အဲတော့ တားတာက ရှင်တို့အပိုင်း ... ရှေ့ဆက်တိုးတာက မောင့်ကဏ္ဍ ... လက်ခံတာက တို့ကိစ္စပဲ ... You Know"

"တောက် ... "

ထို့နောက်မှာတော့ ပရိမီယာက ကြိတ်မနိုင်ခဲမရဖြစ်နေပုံဖြင့် ...

"အိုကေ ... မိုးတည်ကြည်၊ ရှင်တို့ကို ကျွန်မ မရရအောင်ခွဲပြမယ်"





"ပရိမီယာ ... "

"ငါ့ကို မအော်နဲ့ စုပါ ... ငါ ဘာကြောင့် ခွဲရတာလဲ ... နင့်ကို ချစ်လို့ ... သူငယ်ချင်းကို သိပ်ချစ်လို့ ... သူငယ်ချင်းရဲ့ဘဝကို ဒီထက်မက လှပစေချင်လို့ပဲ"

"နင့်စေတနာကို ငါ နားလည်ပါတယ်ကွာ ... ဒါပေမဲ့ ဘဝလှတာထက် စိတ်ချမ်းသာဖို့က အရေးကြီးတယ်လေကွာ"

"ငါကတော့ ရအောင်တားမယ် ... "

ပရိမီယာက လှည့်ထွက်သွားကာ ကားကို အရှိန်ပြင်းပြင်း မောင်းထွက်သွားသည်။ သူလည်း ကားထဲဝင်ထိုင်ပြီး စတီယာရင်ပေါ် မျက်နှာမှောက်ကာ ငြိမ်သက်နေသည်။ မိုးက သူ့ပခုံးလေးကို မရဲတရဲပုံစံလေးဖြင့် သာမှီသဖြင့် သူ မိုးကိုယ်လေးကို ရင်ခွင်ထဲ ဆွဲဖက်ထားကာ ...

"မောင့်ကို မခွဲသွားရဘူးနော် ... "

ပုတ်သင်ညိုမလေးလို ခေါင်းညိတ်ပြနေရှာသော သနားစရာချစ်သူလေး။



www.burmeseclassic.com

www.burmeseclassic.com





"ကိုမိုးကိုပိုင် ပြန်လာပြီလား … ရှင် ဒီကို ကြွပါဦး"

အိမ်ထဲဝင်ဝင်ချင်း မေမေ့ရဲ့ ထေ့ငေါ့ငေါ့အသံကို ကြားလိုက်ရသည်။ ကေန္တ … မေမေ့ကို ပရိမ်ယာ လာတိုင်သွားပြီ ထင်သည်။ သူတော့ တိုက်ပွဲဝင်ရတော့မည်။ သူရဲကောင်းတို့မည် သည် … ။

"မိုးကိုပိုင် … ခေါ်နေတာမကြားဘူးလား … "

မေမေ့ရဲ့ဒေါသဒီဂရီအမြင့်ဆုံးရောက်နေပြီ … ။ သူ မေမေ့ဆီကို အမြန်သွားလိုက်သည်။

"မေမေ … "

"ဘယ်လိုဖြစ်တာလဲ … ငါ့သားလေး အေးတယ် အေးတယ် နဲ့ ခုတော့ အေးတာမဟုတ်ဘဲ အ,တာဖြစ်နေပါလား မိုးကို





ပိုင် … မင်း နွားလား၊ လူလား … "

"မေမေ … "

"မင်းဇာတ်လမ်းကို ရှေ့ဆက်ချင်ရင် ငါ့ကို အရင်သတ်သွား လိုက် မိုးကိုပိုင် … ငါ အရှက်ကွဲမခံနိုင်ဘူး … "

"မေမေရယ် … မိုးကိုတွေ့ကြည့်ပါဦးလား … "

"သြော် … ဇာတ်လမ်းကို ဆက်ချင်သေးတယ်ပေါ့ … အေး၊ ငါ့ကို သတ်ပြီးမှဆက် … ဟုတ်လား … မိုးကိုပိုင် … ငါ မင်းကို အများကြီးမျှော်လင့်ထားခဲ့တာ … ငါ့မှာ သားလေး တစ်ယောက်ပဲရှိခဲ့တာ … ခုတော့ … "

မေမေငိုပြီ … ။ မိဘမျက်ရည်ကျသဖြင့် သူ စိတ် မကောင်းပါ။ သို့သော် …

"မေမေ … သား သူ့ကိုချစ်တယ် … သူ့ကို ကလေးတစ် ယောက်အမေမှန်းသိရက်နဲ့ကို သား မဖြတ်နိုင်ဘူး … သား လည်းဖြစ်နိုင်ရင် ကိုယ့်ချစ်သူကို အပျိုစစ်စစ်လေးပဲ ဖြစ်စေ ချင်တာပေါ့ မေမေရယ် … "

"ငါ့သားရယ် … အချစ်ဆိုတာ အသက်ရှိသလား … ဒြပ်ရှိ သလား၊ တကယ်တော့ အချစ်ဆိုတာ စိတ်ခံစားမှုမောဟ တစ်ခုပါပဲ … အဲဒီမောဟဖုံးလွှမ်းနေတုန်း သား သူ့ကို စွဲ လမ်းနေတာပါ … စိတ်ကြောင့်ဖြစ်တဲ့ ခံစားမှုကို စိတ်နဲ့ ပြန်ဖြေဖျောက်လို့ရပါတယ် သားရယ် … သား သူ့ကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက် … မေမေ့ကို မသေစေချင်ရင် သူ့ကို ဖြတ်လိုက်ပါ သားရယ်၊ မေမေ တောင်းပန်တယ် …"

"ဟာ … မေမေရာ၊ သား ငရဲကြီးတော့မှာပဲ …"

"သား ခေါင်းမမာပါနဲ့ သားရယ် … မေမေကလေ မေမေ့ ချွေးမကို ကလေးအမေတော့ မဖြစ်စေချင်ဘူး … တစ်နေ့ မေမေတော်ရမဲ့ ချွေးမဟာ ကြည်ပြာလေးလား ကြည်ဖြူ များ ဖြစ်မလားနဲ့ စောင့်ကြည့်နေခဲ့တာ သား … သားကို ကြည်ဖြူတို့ညီအစ်မနဲ့ပဲ သဘောတူတယ် … သား ညီအစ်မ နှစ်ယောက်ထဲက ဘယ်သူ့ကို ပိုသဘောကျလဲ …"

"မဟုတ်တာ မေမေ … သားက သူတို့ညီအစ်မနှစ်ယောက် နဲ့ ခင်ရုံပဲ ခင်တာပါ၊ မလုပ်ပါနဲ့ မေမေရာ … သား မိုးကို ပဲ …"

"မိုးကိုပိုင် … မင်းကို ငါ သူနဲ့သဘောမတူ …"

"ဟာ မေမေ …"

သူ့ကို ဒေါသတကြီးအော်ရင်း လဲကျသွားသော မိခင် ဖြစ်သူကို ပြေးပွေ့ပြီး မေမေ့အခန်းထဲ လိုက်ပို့ရသည်။ ပြီးတော့ သူတို့ရဲ့ မိသားစုဆရာဝန်ဆီ ဖုန်းဆက်ရသည်။ မေမေ့မှာ ဘာရောဂါ တစ်ခုမှ မရှိပေမဲ့ သူ့ကို ဒေါသဖြစ်လွန်းစွာ ရှော့ခ်ရသွားတာ ဖြစ် သည်။ မေမေ သတိရလာတော့ သူ့ကို မောင်းထုတ်တော့သည်။

"သွား … မင်း ငါ့နားမှာ မနေနဲ့ …"





သူ စိတ်ပျက်လက်ပျက်ဖြင့် ခြံထဲ ဆင်းထိုင်နေမိ သည်။

ထိုစဉ် ကြည်ဖြူ(ခေါ်)ဆီနီဒါက သူ့နား ရောက်လာသည်။

"ပြဿနာ တက်နေပြီဗျို့ …"

"နင်တို့နှစ်ယောက် ပြဿနာရှာတာပဲ …"

"ငါတို့က နင့်ကို ကောင်းစေချင်လို့ပါ …"

"တော်စမ်းပါဟာ …"

"သိပ်ခံစားနေရသလား စူပါ … ငါ နင့်ကို ကိုယ်ချင်းစာပါ တယ် … ငါလည်း ပင်ခန့်နဲ့ဝေးရတုန်းက အရူးတစ်ယောက် လို ခံစားခဲ့ရတယ် … ဒါပေမဲ့ မတတ်နိုင်ဘူးလေ … ဖူးစာ မပါလို့ ဝေးရတာလို့ပဲ ဖြေလိုက်ပါ သူငယ်ချင်းရယ်"

"ဆီနီဒါ … ငါ သူ့ကို အရမ်းချစ်တယ်ကွာ …"

"ငါ သိပါတယ် … ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ မေ့လိုက်ပါဟာ"

ထိုစဉ် ပရီမီယာက သူတို့နှစ်ယောက်ဆီ လျှောက် လာသည်။ သူက ပရီမီယာကို မျက်နှာချင်းမဆိုင်ချင်သဖြင့် ရှောင် ထွက်ကာ အိမ်ပေါ် တက်လာလိုက်သည်။

"စူပါ …"

ပရီမီယာက သူ့ကို လှမ်းခေါ်သံကိုလည်း မကြား ချင်ယောင် ဆောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးကောင် ..."

ပရိမိယာက သူ့ကို ပျစ်ပျစ်နှစ်နှစ် မေတ္တာပို့ရသည်။ သူကတော့ အားလုံးကို ဥပေက္ခာပြုထားလိုက်သည်။







ညနေဘက် စာအုပ်လေးဆွဲပြီး အပြင်ထွက်မည်ပြင်တော့ ...

"စုပါ ဘယ်သွားမလို့လဲ ..."

"ဘယ်သွားသွား နင့်အပူလား ..."

"စိမ်းကားလှချည်လား သူငယ်ချင်းရယ် ..."

"ပရိမိယာ ... ငါ စိတ်တွေရှုပ်နေလို့ ကိုယ့်ဘာသာနေစမ်းပါဟာ ... ငါ့ကို လာမရှုပ်နဲ့ ..."

"မရှုပ်စေချင်ရင် မိုးတည်ကြည်ကို ဖြတ်လိုက်လေကွာ"

"ပရိမိယာ နင် စွက်ဖက်လှချည်လား ..."

"နင်နဲ့ငါ့ကြားမှာ စွက်ဖက်တယ်ဆိုတာ ရှိသေးလို့လား စုပါရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ..."

သူ အခန်းထဲပြန်ဝင်လာလိုက်သည်။ အပြင်ထွက်လည်း ဟိုင်ရှပ်မက လိုက်ရှပ်နေဦးမှာလေ။ သူ့အခန်းထဲရောက်မှ မိုးဆီ ဖုန်းခေါ်လိုက်သည်။

"မောင် ဒီညနေ မလာဖြစ်ဘူး မိုးလေး ... ဟိုင်ရှပ်က လိုက်ရှပ်ဖို့ အဆင်သင့်ဖြစ်နေလို့ ... တော်ကြာ မိုး စိတ်အနှောင့်အယှက် ဖြစ်နေရမှာစိုးလို့"

"ဟုတ်ကဲ့ပါ မောင်ရဲ့ ... စိတ်ချပါ ... မိုး နားလည်ပါတယ်"

"မိုး မောင့်ကို ကတိပေးထားတယ်နော် ..."

"မိုးဆီက ကတိတွေ ဖွတ်တောင်းပြီးမှ မောင် ပစ်မသွားပါနဲ့နော် ..."

ပြောနေပုံလေးက သနားစရာ သူ ဘဝင်ခိုက်သွားပြီး ...

"မိုး ... သားရော ..."

"သား ဆော့နေတယ် ..."

"မောင် သားနဲ့ ပြောချင်တယ် ..."

"ခဏလေးနော် ..."

ပြီးမှ မိုးဆီမှ ကလေးချော့သံ ထွက်လာသည်။

"သားလေး၊ ဒီမှာ လူကြီးတစ်ယောက်က သားလေးနဲ့ ဖုန်းပြောချင်လို့တဲ့ ... ပြောလိုက် ပြောလိုက် သားလေးရေ"





"မေ့ ... မေ့ ... အင့် ... မေ့ ..."

သားဆီမှ မပီကလာပီကလာ အသံလေးက ချစ်စရာ။ သူ့သားအရင်းသာဆို ဘယ်လောက်ကောင်းလိုက်မလဲ။ ခုတော့ ... သက်ပြင်းကို မသိမသာချမိရင်း ...

"မောင် ..."

"မိုးလေး ..."

"သားက အဆော့မက်နေတာ ခေါ်လို့မရဘူး ..."

"နေပါစေတော့ ... မိုးကို မောင် သိပ်ချစ်တယ် မိုးရယ်"

"ဟောတော့ ... သားဘက်ကနေ မိုးဆီ လှည့်လာပြန်ပြီ"

"မိုးလေး ... မောင့်ကို လက်ထပ်ခွင့်ပေးပါတော့ကွာ"

"မောင်ရယ် ... ပြဿနာတွေ"

"ပြဿနာက တက်နေပြီလေ ... မေမေ သိသွားပြီ"

"သဘောမတူဘူးမို့လား ..."

"မောင် ... မိုးကို လက်ထပ်ချင်ပြီ"

"မိုး သားကို သနားတယ် ..."

"မောင့်ကိုကျတော့ မသနားဘူးလား ..."

"မိုး စဉ်းစားပါရစေဦး မောင်ရယ် ..."

"တစ်သက်လုံး စဉ်းစားမှာလား ..."

"ကြည့် ... ကလေးကျနေတာပဲ"

"မသိဘူး ... မိုးကို အမြန်ဆုံးလက်ထပ်မယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ … မိုးက အသိုင်းအဝိုင်းမရှိတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာဆိုတော့ မောင်ပြုသမျှပေါ့ … "

"မိုး အဲလိုတော့ မပြောနဲ့ကွာ … ကဲ … စဉ်းစား စဉ်းစား၊ မောင့်ကို သက်သက်ညှာညှာတော့ စဉ်းစားပေါ့ … "

"ဒါပဲနော် … မိုး ဖုန်းချလိုက်တော့မယ်"

"စိတ်ဆိုးသွားတာလား … "

"မဆိုးပါဘူး မောင်ရဲ့ … "

"တကယ်နော် … "

"အင်း … "

"ဒါဆို မောင့်ကို ချစ်တယ်လို့ပြော … "

"မောင်ပြောတဲ့အတိုင်းပဲ … "

"စကားလေးနဲ့တောင် မပြောချင်တော့ဘူးပေါ့"

"မောင်နော် … မောင့်ကိုချစ်တာ မသိဘူးလား … ချစ်တယ် အချစ်ဆုံးပဲ အချစ်ဦးပဲ … ဘယ်သူနဲ့မှ အစားထိုးလို့မရဘူး၊ ဘာနဲ့မှ မလဲနိုင်ဘူး … မောင်သာ မိုးရဲ့ဘဝပဲ … "

"အဲဒီသီချင်းစာသားတွေ မောင် ကြားဖူးသလိုပဲ"

"မောင်နော် … "

"ဟား … ဟား၊ တမင် စ,နေတာပါကွာ … ကဲ … ချစ်လေး ညကျမှ ဆက်ပြောမယ်နော် … "

"ဟုတ်ကဲ့ … "





"အရမ်းချစ်တယ် မိုးရယ် … "

"မိုးလည်း ထပ်တူပါပဲ မောင်ရယ် … "



www.burmeseclassic.com

www.burmeseclassic.com





ညစာ ထမင်းစားပြီးချိန် ဖေဖေက ...

"ကဲ ... တစ်မိသားစုလုံး ဧည့်ခန်းထဲ လာကြဦး ... ပြောစရာရှိလို့ ..."

ဟူသော စကားကြောင့် မေမေရော၊ ပရိမိယာတို့ ညီအစ်မရော၊ ဝဏ္ဏာရော ဧည့်ခန်းထဲရောက်လာသည်။

"သားကြီး ခြေထောက်အခြေအနေ ဘယ်လိုလဲ ..."

"ချိုင်းထောက်နဲ့တော့ ခပ်သွက်သွက် လျှောက်လို့ရတယ် ဖေဖေ ..."

"အေး ... ဆေးမှန်မှန်လိမ်း၊ လေ့ကျင့်ခန်းမှန်မှန်လုပ်လိုက်ရင် မကြာခင် အကောင်းအတိုင်း ပြန်ဖြစ်သွားမှာပါကွ"

"ဟုတ်ကဲ့ ဖေဖေ ..."





"သမီးတို့ရော အလုပ်အဆင်ပြေလား"

"ဟုတ်ကဲ့ ..."

"အေး ... ဖေဖေ ခု မိသားစုကိုခေါ်ရတာက သမီးငယ်ကိစ္စပဲ ..."

"ရှင် ..."

ပရိမိယာက မျက်လုံးပြူးသွားသည်။

"ဟုတ်တယ် ... ဖေဖေတို့ကုမ္ပဏီက အငယ်ဆုံးဒါရိုက်တာ အဖွဲ့ဝင်တစ်ယောက်က သမီးကို သဘောကျလို့တဲ့ ..."

"အို ... ဟင့်အင်း ..."

"ဖေဖေ့စကားကို ဆုံးအောင်နားထောင်ဦးမှပေါ့ ကြည်ပြာ၊ သမီး သဘောမကျရင် ဖေဖေ ဇွတ်မစီစဉ်ပါဘူး ... သမီး တွေ့ကြည့်ပေါ့ ... သဘောမကျရင်လည်း ငြင်းလိုက်"

"ကောင်လေးက ဘယ်လိုအခြေအနေရှိလဲ ကို ..."

"တော်တယ် ... စီးပွားရေးလည်း လုပ်တတ်ကိုင်တတ်နဲ့ လာဘ်မြင်တယ်၊ လူမှုရေးလည်း သိတတ်တယ် ... အရုပ်အရှင်းလည်းကောင်းတယ် ... ဖေဖေ သဘောကျလို့ သမီးနဲ့ တွေ့ခွင့်ပေးတာပဲ ... မေကြီးလည်း သိမှာပါ ... အိမ်ကို တစ်ခါလာဖူးတယ်လေ မောင်ထွန်းငယ်တဲ့"

"သြော် ... မှတ်မိပြီ၊ မဆိုးပါဘူး"

တစ်ခါ တွေ့ဖူးရုံကို ဖေဖေ့လေသံလိုက်ပြီး မဆိုးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုတော့ မိခင်ကို ပရီမီယာ စူပုပ်ပုပ်ဖြင့် လှမ်းကြည့်လိုက်သည်။

"ဖေဖေတို့က သားသမီးတွေရဲ့အိမ်ထောင်ရေးကို မချုပ်ချယ်ဘူး ... သင့်တော်မယ်ထင်တဲ့သူကို ရွေးပေးတာပဲ ရှိတယ် ... ကျန်တာက သားသမီးတွေသဘောပဲ ... အေး တစ်ခုတော့ ရှိတယ် ... ဖေဖေတို့က သင့်တော်ပါတယ်ဆိုတဲ့သူကို သမီးတို့သားတို့ သဘောမကျဘူး ... လက်မခံဘူးဆိုရင် သားတို့သမီးတို့စိတ်ကြိုက်ရွေးချယ်ခွင့်ရှိတယ် ... အေး မသင့်တော်တဲ့ မတော်တရော်ကို ရွေးချယ်လာပြီဆိုရင်တော့ ဖေဖေတို့ဘက်ကလည်း သဘောတူမှာမဟုတ်ဘူးဆိုတာ ခေါင်းထဲထည့်ထားကြနော် ... ကဲ ... သွားကြတော့၊ ဪ ... သမီးငယ် မနက်ဖြန် မောင်ထွန်းယေ အိမ်ကို လာလိမ့်မယ်၊ စကားပြောကြည့်ဦးပေါ့ ..."

ဖေဖေ့စကားအဆုံး မောင်နှမသုံးယောက်လုံး ညေ ခန်းထဲက ထွက်သွားတော့သည်။

ဝဏ္ဏက ထော့နဲ့ထော့နဲ့ဖြင့် သူ့အခန်းထဲ ဝင်သွားသည်။ ပရီမီယာတို့ညီအစ်မက တစ်ခန်းတည်း အတူတူနေတာမို့ သူမတို့အခန်းထဲဝင်ပြီး ခုတင်ပေါ် ပစ်လှဲလိုက်သည်။

"စိတ်ညစ်ပါတယ်ဟာ ..."

ပရီမီယာရဲ့ ညည်းသံကို ဆီနိုဒါက ဝင်ပင့်ပေးသည်

"ဟိတ် ... ပရီမီယာ စီးပွားရေးသမား ထိပ်ပြောင်ပြောင်





အသားမည်းမည်း ဝတုတ်ကြီးလား မသိဘူးနော် ..."

"အံမယ် ... မဖြစ်နိုင်ပါဘူးနော်၊ ဖေဖေ အဲဒီလောက် ရက်စက်မယ် မထင်ပါဘူး ... ရင်ခုန်လိုက်တာ အဟိ"

"အင်း ... တော်သေးတာပေါ့ဟာ ..."

"ဘာလို့လဲ ..."

"ဪ ... ငါ့ကိုသာ အဲလိုစီစဉ်ရင် ငါ လက်မခံနိုင်ဘူး"

"နင့်ရဲ့ ပင်ခန့်က နင့်ကိုမှ လှည့်မကြည့်တာဘဲ ဆီနိုဒါရယ်၊ ခုဆို ဘယ်ရောက်နေမှန်းတောင် မသိတဲ့ဟာကို ... တမ်းတမနေပါနဲ့ ..."

"နင် အချစ်ကိုမှ မတွေ့သေးတာဘဲ ... ပရီမီယာရယ် ပြောအားရှိမှာပေါ့ ..."

"အလကားပါဟာ ... ငါကတော့ မချစ်သင့်ရင် မချစ်ဘူး ချစ်သင့်ချစ်ထိုက်ရင် စဉ်းစားမယ် ..."

"အပြောကြီးဖနေတာ ..."

"စောင့်ကြည့်လိုက် ..."

"နင့်ကို ချစ်တတ်စေချင်လိုက်တာဟာယ် ... အဲဒါမှ နင်ကိုယ်ချင်းစာတတ်မှာ ..."

"ဝါးဟားဟား ... ငါက ဦးနှောက်ကောင်းတယ်လေ ... ရူးမှ မရူးတာ"

"သေလိုက်ပါလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သေရင်တောင် သေသင့်မသေသင့် စဉ်းစားပြီးမှ သေရင်ကောင်းမလားလို့ ..."

ဆီနီဒ့်ချက်စောင်းက အရှိန်ပြင်းပြင်းဖြင့် ရောက်လာသည်။ ပရီမီယာကတော့ နောက်တစ်နေ့ကို ရင်ခုန်လှုပ်ရှားစွာ။

နောက်နေ့မနက်စောစောစီးစီး အိပ်ရာမှ နိုးလာသည်။ ပြီးတော့ Fitness Room ထဲဝင်ကာ လေ့ကျင့်ခန်းလုပ်ကြသည်။ ဒီနေ့က သူမတို့ရဲ့ နားရက်မို့ အိမ်မှာ အေးအေးဆေးဆေး ရင်း ဧည့်သည်စောင့်ရမည်ပေ့ါ။

ရေမိုးချိုး မနက်စာ စားပြီးချိန်မှာ ကိုကိုဝဏ္ဏရဲ့အော်သံ ကြားလိုက်ရသည်။

"ကြည်ဖြူ ... ကြည်ပြာ ... ဘယ်သူအားလဲ"

သူတို့ညီအစ်မ အစ်ကိုဖြစ်သူရှေ့ ပြေးကြရသည်။ ထိုသို့ မပြေးမိကို နောက်တစ်ခါ ထပ်ခေါ်ရရင် ပေါက်ကွဲသံတွေ ကြားရတော့မည်လေ။

"ငါ့ကို တစ်ယောက် လာကူပေးစမ်း ... ငါ ချိုင်းထောက် လွှတ်ပြီး လေ့ကျင့်မလို့ ..."

"ရပ့်မလား ကိုကိုရဲ့ ..."

"ဟ ... မရလို့ နင်တို့ကို ကူခိုင်းတာပေ့ါ ... ရလို့ကတော့ အနားတောင် အကပ်မခံဘူးမှတ် ... သွားကြတော့ ... သွားကြတော့ ..."





"ဟာ ... မဟုတ်ပါဘူး ကိုကိုရ ... ကူပေးပါ့မယ်"

"မကူနဲ့ သွား ..."

အဲဒီလို စိတ်တိုလေ သူပဲခေါ်ပြီး သူပဲနှင်လွှတ်နေဖြစ်ပြီ။ အဲလို သူတို့သုံးယောက် ဆူညံနေတုန်း ...

"မမလေး ဧည့်သည်ရောက်နေလို့တဲ့ ... မေမေ ခေါ်ခိုင်းလိုက်တယ် ..."

"လာပြီ ... လာပြီ"

ပရီမီယာက ကယ်တင်ရှင်တွေ့သည့်ပမာ ခုန်ပေါက်ကာ ပြေးဆင်းသွားသည်။ ဆီနီဒါက ရှုံ့မဲ့မဲ့နဲ့ သူ့နား ကျန်ခဲ့သည်။

ဝဏ္ဏက သူ့ဘာသာ လျှောက်ကြည့်လိုက် မရဘဲ လိုင်သွားရင် ဆီနီဒါက ထိန်းပေးလိုက်နဲ့ ဆီနီဒ့်မှာ အောက်ထပ်က ပရီမီယာရဲ့ဧည့်သည်ကို ချောင်းချင့်မသာ ဖြစ်နေသည်။

အောက်ထပ်ကို ပြေးဆင်းလာသော ပရီမီယာကသည်း ဧည့်ခန်းမှာ ထိုင်နေသော တစ်စုံတစ်ယောက်ကြောင့် အရှိန်တန့်သွားသည်။

ထွန်းငယ်ကတော့ အပေါ်ထပ်က ပြေးဆင်းလာသော ပရီမီယာကို ချစ်စနိုးဖြင့် ပြုံးကြည့်နေသည်။

"အဲဒါသာ ကြည့်တော့ မောင်ထွန်းငယ် ... သမီးကတော့ အိမ်မှာဆို ကလေးဆန်တယ် ..."

"ကလေးပဲ အန်တီရယ် ... သူက အငယ်ဆုံးဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကြီး သူမကိုကြည့်နေသော လူကြီးကို သေချာ အကဲခတ်လိုက်သည်။ ထွန်းငယ်တဲ့ ... ဒါဆို ဒီလူကြီးက သူမကို သဘောကျနေတယ်ဆိုတဲ့ လူကြီးပေါ့။ အမလေး ... အရုက်တော့ ကွဲပြီ။ အပေါ်ကနေ ခုန်ပေါက်ပြေးဆင်းလာတဲ့ ပုံကို လူကြီး မြင်သွားပြီပေါ့။

ထွန်းငယ်က သူ့ကို အကဲခတ်နေသော ကောင်မလေးကို ချစ်စနိုးဖြစ်နေမိသည်။

"မောင်ထွန်းငယ် ... ဒီနေ့ အိမ်မှာ ကြာဆံဟင်းခါး ချက်တယ် ... စားသွားဦးလေ ..."

"နေပါစေ အန်တီ ... ကျွန်တော် ဒီနေ့လယ် ဧည့်သည်ကြို စရာရှိလို့ ဧည့်သည်နဲ့အတူ နေ့လယ်စာ စားပေးရမယ် ... ဧည့်သည်က နိုင်ငံခြားသား ဖြစ်နေလို့လေ ..."

"ဩော် ... ကဲ ... ဒါဆိုလည်း မင်းညီမနဲ့ စကားပြောကြည့်ဦးလေ၊ အန်တီတို့မိသားစုကတော့ အားလုံး ပွင့်ပွင့်လင်းလင်းပဲ ... မောင်ထွန်းငယ်က သမီးကို သဘောကျတယ်ဆိုတဲ့အကြောင်းကို သမီးကို ပြောထားပြီးသား ... သမီး သဘောပဲ ... ကဲ ... အန်တီ ကြာဆံချက်လေး လက်စသွားသတ်လိုက်ဦးမယ် ..."

"ဟုတ်ကဲ့ အန်တီ"

မေမေက ပြောပြောဆိုဆိုဖြင့် ထ,ထွက်သွားသည်။





ကြည်ပြာ့ကို လှမ်းကြည့်လိုက်တော့ သူ့ကို ခပ်တည်တည်ပြန်ကြည့်နေတာမို့ ဘာပြောရမှန်းမသိ။ ကြည်ပြာက အူကြောင်ကြောင်ဖြစ်နေသော သူ့ကို ကြည့်ကာ ရယ်ချင်နေသည်။

"ကိုယ် ဘာပြောရမှန်းမသိဘူး ဖြစ်နေတယ် ..."

"ဟုတ်လား ... ဘာမှပြောစရာမရှိဘူးလား"

"ဟင့်အင်း ... ပြောစရာတွေများနေလို့ ဘယ်က စ,ရမှန်းမသိတာ"

အလို ... လာသားပဲ။ ဦးထွန်းငယ်က ကြည်ပြာထက် ရှစ်နှစ်ခန့်ကြီးနိုင်ကာ သုံးဆယ်စွန်းစွန်းလောက်တော့ ရှိနိုင်သည်။ သူ့အသက်အရွယ်နဲ့ သူ့ထက်ငယ်သော ကြည်ပြာကို စကား ဆ,ရခက်နေပုံရသည်။

"ကိုယ် ... ကြည်လေးကို လက်ထပ်ပါရစေ ..."

"ရှင် ..."

လူတစ်ကိုယ်လုံး ... ကျင်စက်နဲ့အတို့ခံလိုက်ရသလို တုန်ယင်သွားသည်။ ကြည်လေးတဲ့။ သူမကို ထိုနာမ်စားမျိုး ဘယ်သူမှ မခေါ်ဘူးတာ သေချာသည်။ ပြောလိုက်တော့လည်း တစ်ခွန်းတည်းနဲ့ ပရိယာယ်ကို တုန်လှုပ်သွားစေသည်။ သူ့မျက်နှာကို ခပ်တည်တည်ဖြင့် ကြည့်နေသော ပရိယာယ် ခေါင်းငုံ့သွားသည်။

"ကြည်လေး ဘယ်လိုသဘောရလဲ ..."

"ကျွန်မ ရှင့်ကို ခုမှ တွေ့ဖူးတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားဦးမယ်ပေါ့ ကြည်လေး … စဉ်းစားရင်တော့ ကြည်လေးဘက်က လက်ခံတာနဲ့ ငြင်းတာပဲ စဉ်းစားရမှာပါ … ကိုယ့်အကြောင်းကို ကြည်လေး ဖေဖေက အကုန်သိတယ်လေ … ကြည်လေးမိဘတွေကတော့ ကိုယ်နဲ့သဘောတူနိုင်လိမ့်မယ်ထင်တယ် … အခုက ကြည်လေးသဘောထားပဲ လိုတော့တာ … "

ကြည်ပြာက ခေါင်းငုံ့နေမြဲ။

"ဘယ်လောက်ကြာအောင် စဉ်းစားမှာလဲ … တစ်ပတ်လား … "

"အိမ်ထောင်တစ်ခုအတွက် စဉ်းစားရမှာလေ … အဲဒီလောက်လောဖို့ လိုအပ်လို့လား … "

"ကြည်လေး စဉ်းစားနေတဲ့အချိန်တွေမှာ ကိုယ်က ရင်ဟမမနဲ့ စောင့်နေရမှာလေ … "

သူက နာရီတစ်ချက် ကြည့်လိုက်ပြီး …

"ဟား … ကိုယ် ဒေ့သည်တွေ သွားကြိုရဦးမယ်"

"ဦးထွန်းယေက တော်ပါတယ် … အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ပါတယ် … အားတဲ့အချိန်လေးမှာတောင် မိန်းမ လာပိုးတတ်သေးတယ် … "

"အဲလိုမဟုတ်ပါဘူး … အမှန်က ဒီနေ့တစ်နေ့လုံး ကြည်လေးကို အချိန်ပေးထားတာပါ … ဒါပေမဲ့ ဒီနေ့မှ တိုက်တိုက်ဆိုင်





ဆိုင် ဒေ့သည်က မြန်မာ့စားရောက်လာတာလေ … ကဲ … ဘေဘီလေး နောက်ရက်မှပဲ အေးအေးလာခဲ့မယ်၊ ကိုယ့်ကို တစ်ရက်လောက် အချိန်ပေးပါနော် … ကိုယ် ဖုန်းကြိုဆက်လိုက်မယ် … "

ကြည်ပြာက … တစ်ချက်မော့ကြည့်ပြီး နှုတ်ဆက်လိုက်သည်။

"ကိုယ် သွားပြီနော် … "

ခေါင်းညိတ်ပြလိုက်သည်။ သူက သွားပြီပြောပြီးမှ ခြေထောက်က နေရာမရွေ့။ မခွဲနိုင်မခွာရက်သလို အကြည့်မျိုးနဲ့

"ကားနား လိုက်ပို့ပေးပါလား … "

ကြည်ပြာက ထိုင်ရာက ထရင်း …

"ကိုယ့်အိမ်လာတဲ့ ဒေ့သည်မို့လို့ လိုက်ပို့တာနော်"

"ကျေးဇူးပါဗျာ … "

သူက ကားနားရောက်တော့ ကားထဲမှာ အသင့်ပါလာသည့် ပန်းစည်းကြီးကို ထုတ်ပေးသည်။

"ခုနက ပန်းစည်းကြီးကိုင်ပြီး အိမ်ထဲဝင်ရမှာ ရှက်လို့ … "

ကြည်ပြာက ပန်းစည်းကို ရင်ခွင်ထဲမှာပိုက်ပြီး ခေါင်းငုံ့နေသည်။ သူက သူမနား…သို့ အသာကပ်ကာ လေသံသဲ့သဲ့ဖြင့် …

"ကြည်လေးကို အရမ်းချစ်တယ်ကွာ … "



www.burmeseclassic.com

www.burmeseclassic.com



နားထဲ မိုင်းမုံးအလုံးတစ်ရာလောက် ပေါက်ကွဲသွားသလိုပင် ရင်ခွင်ထဲကပန်းစည်းကို ယောင်ပြီး တင်းကျပ်စွာပိုက်လိုက်မိသည်။ သူကလည်း ပြောပြီးပြီးချင်း ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ သူသွားတော့မှ … ရင်ခွင်ထဲက ပန်းစည်းအကြေလေးကို ငုံ့ကြည့်မိလျက် … ။







ကိုထွန်းငယ်နဲ့ ကြည်ပြာတို့ စေ့စပ်ကြတော့မည်။

“ဆိနို့ဒါရယ် … ငါ ဦးငယ်ကို အရမ်းချစ်သွားတယ်ဟာ”

“နင် အချစ်ကို တွေ့သွားပြီပေါ့ … ”

“ဟုတ်တယ် … နင်ရော ပင်ခန့်ကို အရမ်းချစ်မှာပေါ့နော်”

“မဆိုးဘူး … နင် ကိုယ်ချင်းစာတတ်လာပြီပဲ ပရိမ်ယာ၊ ငါတော့ နင့်ကို ချစ်တတ်အောင် သင်ပေးတဲ့ ဦးထွန်းငယ်ကို အရမ်းကျေးဇူးတင်တယ် သိလား … ”

“ဟုတ်တယ် … ခုချိန်မှာ ငါ တွေးမိလာတယ် … ရုပ် မိုးတည်ကြည်ကို သိပ်ချစ်ရှာမှာပဲလို့ … ငါလည်း ဦးငယ်ဟာ ကလေးတစ်ယောက်အဖေဆိုရင် မုန်းနိုင်ပါ့မလား မသိဘူးလို့ … ”

www.burmeseclassic.com



"ရူပါ သနားပါတယ်ဟာ ... သူက မိုးတည်ကြည်ကို သိပ်ချစ်ရှာတာ ..."

"အေးဟာ ... ငါတိုင်လိုက်လို့ သူ့အမေလည်း သိသွားပြီ ... သဘောမတူဘူးတဲ့ ..."

"နင်က ရှုပ်ကိုရှုပ်တယ်"

"ငါတို့ ရူပါဆီ သွားရအောင် ..."

ဟိုဘက်အိမ်ရောက်တော့ ရူပါက ဧည့်ခန်းမှာ ဂိမ်းနှိပ်နေသည်။ ပရိမီယာကိုတွေ့တော့ ...

"ဘယ်လိုလဲ ... သိပ်ပျော်နေလား"

"ငါ စိတ်မကောင်းပါဘူး သူငယ်ချင်း ... ငါ ခုတော့ နင့်ကို ကိုယ်ချင်းစာတတ်သွားပြီ ..."

သူ့ရှေ့မှာ မျက်နှာငယ်နှင့် လာဖြောနေသော သူငယ်ချင်းမကိုကြည့်ကာ သူကပဲ ပြန်တောင်းပန်ရမလို ဖြစ်နေသည်။

"ဟဲ့ ... ငါတို့လမ်းထိပ်သွားရအောင် ..."

"တော်ပါဟာ ... မေမေက ငါ့ကို တစ်ချိန်လုံး စောင့်ကြည့်နေတာ မိန်းကလေးကို ချုပ်ချယ်သလို အချုပ်ချယ်ခံနေရတယ် ..."

"ငါတို့နဲ့ သွားတာဆို ရမှာပေ့ါ ... ငါ သွားပြောလိုက်မယ်၊ အန်တီရော ..."

"ထမင်းစားခန်းထဲမှာ ..."





ပရိမီယာက ထမင်းစားခန်းထဲ ပြေးဝင်သွားသည်။

"အန်တီ ... သမီး မိုးကို ခေါ်သွားဦးမယ်နော် ... ဆီနိုဒါလည်း ပါတယ် ..."

"အေး ... ဘယ်သွားကြမလို့လဲ ..."

"ဂျင်းသုပ် သွားစားချင်လို့ ... သမီးတို့ချည်းပဲ ဖြစ်နေလို့"

"အေး ... ခေါ်သွားလေ"

"ဟုတ် ... အန်တီ ဘာမှာဦးမလဲ ..."

"မမှာတော့ဘူး ... ညည်းလေးတို့ သူငယ်ချင်းကိုသာ ကြည့်ရှုစောင့်ရှောက်ပြီး ခေါ်သွားကြ ... သူ့ကို စိုးရိမ်ရတယ်"

"အဟိ ... ဟုတ်တယ် ဟုတ်တယ်၊ သမီး ပါတယ် အန်တီ၊ စိတ်သာချ ..."

"အေး ... အေး ..."

ပရိမီယာက ပြောင်စပ်စပ်ဖြင့် အခန်းထဲမှ ထွက်လာသည်။

"ကဲ ... လစ်စို့"

သူတို့သုံးယောက် လမ်းထိပ်ကို ချီတက်လာကြသည်။ ပြီးတော့ စာအုပ်ဆိုင်ထဲကို သုံးယောက်သား ပြိုင်တူဝင်ရောက်လာကြသည်။ မွန်မွန်က လန့်နေပုံဖြင့် ကြည့်နေသည်။

"မမွန် ... မိုးရော"

"ဘာလုပ်မလို့လဲ မိုးကိုပိုင် ..."



www.burmeseclassic.com

www.burmeseclassic.com



မွန်က ခပ်တည်တည်နှင့် မေးနေသဖြင့် ပရီမီယာက အထာပေါက်သွားကာ ...

"မိုးကို ငါတို့ ဂျင်းသုပ်ဆိုင်က စောင့်မယ် ..."

"အင်း ..."

သူတို့သုံးယောက်စလုံး ရောက်လာပြီး မိုးကို လာမေးနေတာမို့ မွန်က ပြဿနာတစ်ခုခုဖြစ်မှာ စိုးရိမ်နေပုံရတာမို့ ပရီမီယာတို့က လူချင်းခွဲကာ ဂျင်းသုပ်ဆိုင်သို့ ထွက်သွားသည်။

"ဘာကိစ္စလဲ မိုးကိုပိုင် ..."

"ပရီမီယာတို့က အေးဆေးဖြစ်သွားပါပြီ ... အဲဒါကြောင့် သူတို့ပါ ကြည်ကြည်ဖြူဖြူနဲ့ လိုက်လာကြတာပေါ့"

"မိုး အိမ်ထဲမှာရှိတယ် ... ဝင်သွားလေ"

သူ အိမ်ထဲဝင်သွားလိုက်သည်။ မိုးက အိမ်နေရင်း ဂါဝန်အပြာရောင်နုနုလေးနဲ့ သူမဆံပင်တိုစိစိလေးတွေကို ဘီးကုပ်နဲ့ ကုပ်တင်ထားသေးသည်။ သားကို ချီထားပုံလေးက ကလေးငယ်လေး အရုပ်ကို ပိုက်ထားပုံနှင့်ပင် တူသေးတော့ ... ။

"မိုးကလေး ..."

"အို ... မောင်"

သူက မိုးကိုရော ကလေးပါ သိမ်းကျုံးဖက်ထားလိုက်သည်။

"အင် ... ဖယ် ... အထဲမှာ နာနီရှိတယ်"





သူက အိမ်ထဲဘက်ကို ချောင်းကြည့်ပြီး မိုးပါးကို ဖျတ်ခနဲနမ်းလိုက်သည်။ ပြီးတော့ သားကို။

သားက သူ့ကို မှတ်မိကာ ရယ်ပြသည်။

"မိုး ... လက်ထပ်ပါရစေတော့ မိုးရယ် ..."

"မောင့်အမေ သဘောတူပြီတဲ့လား ..."

"အဲလိုတော့ အကျပ်မကိုင်နဲ့လေကွာ ... လောလောဆယ်တော့ ဘယ်သဘောတူမှာလဲ ... အချိန်တော့ ယူရမှာပေါ့"

"အင်းလေ ... အချိန်ယူရမှာပေါ့ မောင်ရယ် ... မလောပါနဲ့၊ တစ်နေ့ သူ့အချိန်ရောက်ရင် မောင့်အမေ သဘောတူလာမှာပေါ့ ... အဲဒီနေ့မှပဲ ..."

"ဟာကွာ ... ကိုယ်တို့လက်ထပ်လိုက်မှ မေမေက အလျှော့ပေးပြီး သဘောတူလာမှာပေါ့ ..."

"သေချာလား ..."

"သေချာတယ် ..."

"မိုး တစ်ပတ်လောက်တော့ စဉ်းစားချင်သေးတယ် မောင်ရာ နော် ..."

"ဟင်း ..."

"တစ်ပတ်လောက်ပါပဲကွယ်နော် ... သားသား ကူပြောပေးပါဦး ..."

"သား ... မင်းအမေကို ပြောလိုက်ကွာ ... သားက ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်ချင်းစာတယ်လို့ ...”

“အိုး ... မောင်နော်”

စူပါက ပြုံးစိစိဖြင့် မျက်စိမှိတ်ထားပြီး ပါးကို လက်ညှိုးဖြင့် ထောက်ပြသည်။

“အထဲမှာ နာနီရှိတယ်ဆို ...”

“တစ်ခါတည်းပါကွာ ...”

မိုးရဲ့ နှုတ်ခမ်းဖူးဖူးလေးက သူ့ပါးကို ခပ်ဖွဖွ လာထိသည်။ ရင်ခွင်တစ်ခုလုံး ရှိန်းမြလျက်။ သားက နားလည်သလို ပြုံးစိစိနှင့် ကြည့်နေသည်။ သူက သားကို မျက်စိတစ်ဘက် မှိတ်ပြလိုက်တော့ မိုးရဲ့လက်တွေက သူ့ဗိုက်ခေါက်ပေါ် ရောက်လာသည်။







ပရီမီယာတို့အိမ်ရဲ့ ဝရန်တာလေးပေါ်မှာ လက်ဖက်သုပ်ဝိုင်းလေး ကျင်းပနေသည့် အဖွဲ့ဝင်တွေကတော့ ကော်ဖီမစ်အဖွဲ့ပဲပေါ့။

“ဒါဆိုရင် နောက်တစ်ပတ် နင်တို့ လက်ထပ်ကြမယ်ပေါ့”

“လက်ထပ်ဖြစ်ဖို့ များတယ် ... ဒါပေမဲ့ ငါ အိမ်ခန်းတွေဘာတွေ ရှာရဦးမယ်ဟ”

“ဟဲ့ ... မိုးတည်ကြည်က သူတစ်ယောက်တည်းနေတာဆို၊ အဲဒါ မိုးတည်ကြည်ရဲ့အိမ်မှာလား ... နင် ငှားစရာမလိုဘူးလေဟာ ...”

“ငါ သူ့အိမ်မှာ မနေချင်ဘူးဟာ ...”

“နင်ကလည်း မာနကြီးနေပြန်ပြီ၊ အဆင်ပြေဖို့က အဓိက



www.burmeseclassic.com

www.burmeseclassic.com



ကို ... "

"အေး ... ငါ စိတ်မသန့်ဘူးဟာ၊ မိုးက တော်တော်ချမ်းသာ ပုံရတယ်၊ ငါတို့နှစ်ဆလောက်တောင် ချမ်းသာတယ် ထင် တယ် ... "

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ... ကိုယ်က သူ့ကိုချစ်တာ သူ့ပစ္စည်း ဥစ္စာတွေကြောင့်မှ မဟုတ်ဘဲ ... "

"အင်း ... "

"မိုးတည်ကြည်က မွန်မွန်နဲ့ ဘာတော်လဲ ... "

"သူငယ်ချင်းပဲ ... "

"ဩော် ... တစ်ဦးတည်းသော သမီးပဲပေါ့"

"အစ်မတစ်ယောက်ရှိတာ ... သေသွားပြီတဲ့"

"ဩော် ... "

"ငါ ပင်ခန့်ကို သတိရလိုက်တာဟာ ... "

ပရိမိယာနဲ့ စုပ္ပါစကားကြားထဲကို ဆိနိုဒါအသံ တိုး တိုးကလေးက ထိုးဖောက်ဝင်ရောက်လာသည်။

"ငါတို့က စိတ်မကောင်းပါဘူးဟာ ... "

"သူ ငါ့ကို ဆက်သွယ်ရင် သိပ်ကောင်းမှာပဲနော်"

"အင်းလေ ... ငါတို့လည်း နှင်နဲ့ပင်ခန့် ပြန်ဆုံပါစေလို့ ဆု တောင်းပါတယ်ကွာ ... "

"မိုးတည်ကြည်ကျတော့လည်း ကံကောင်းလိုက်တာနော်





ကလေးတစ်ယောက်အမေ ဖြစ်နေတာတောင် တမ်းတမ်း တတ ချစ်တဲ့သူကရှိသေးက ... "

"ဟဲ ဟဲ ... ချစ်သောသူ အနစ်နာခံ၏တဲ့ ... ငါ သူ့ကို ချစ် တယ်လေ ... "

"အကဲက ပိုပြီ ... "

"ကြည်ဖြူ ... "

"ရှင် ကိုကို ... "

သူတို့နောက်မှ ချိုင်းထောက်နဲ့ရပ်နေသူ ဝဏ္ဏာ။ သူ တို့ပြောနေတာတွေ အစ်ကိုဖြစ်သူ ကြားသွားပြီထင်လို့ ညီအစ်မ နှစ်ယောက် မျက်နှာငယ်လေးတွေနဲ့ ဝဏ္ဏာက တစ်ခုခု ပြောရန်ပြင် ပြီးမှ ခေါင်းခါကာ ပြန်လှည့်ထွက်သွားသည်။

"ငါတို့ပြောတာတွေများ ကြားသွားလား မသိဘူး ... "

"မပြောတတ်ဘူးလေ ... ဆူတော့ မဆူဘူး ... အခြေအနေ ကောင်းတယ် ... "

ထို့နောက် သူတို့ရဲ့ ဦးတည်ရာက ပရိမိယာရဲ့ စွေ ငပ်ပွဲဘက် လှည့်သွားပြန်ပြီ။

ဝဏ္ဏာက သူ့အခန်းထဲမှာ ငူငူငိုင်ငိုင်ဖြင့် ထိုင်နေသည်။ မျက်မှောင်ကြုတ်လျက် တစ်ချီတစ်ချီ သက်ပြင်းမောတွေလည်း ချနေသည်။ ပြီးတော့ သူ့ခြေထောက်တွေကို ဝမ်းနည်းစွာ ငုံ့ကြည့် နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမလေး ဖုန်းလာနေတယ် ... ဦးထွန်းငယ်တဲ့"

ပရိမိယာ ထ,ပြေးတော့သည်။

"ဟဲလို ... ဦးငယ် ..."

"ကြည်လေး ... မနက်ဖြန် ကိုယ့်မိသားစုပြန်လာမှာ အဲဒါ လေဆိပ်ကိုသွားကြိုဖို့ ကြည်လေးပါ လိုက်ခဲ့ပေးနော်"

"ဟင့် ... ရှက်စရာကြီး"

"ဘာမှ ရှက်စရာမရှိပါဘူးကွာ ... ကြည်လေးက ကိုယ့်ဇနီး လောင်းပဲ ... မိသားစုတွေ ပြန်လာတာ ကြိုရတာ ရှက်စရာ မှ မဟုတ်တာ ..."

ထွန်းငယ်ရဲ့ မိသားစုတွေအားလုံးက နိုင်ငံခြားမှာ အနေများသည်တဲ့။ ခုက သူ့ရဲ့ စေ့စပ်ပွဲအတွက် ပြန်လာကြမှာလေ

"ကိုယ် မနက်လာခေါ်မယ်နော် ..."

"ဟုတ် ... မေမေ့ကို ပြောကြည့်ဦးမယ်"

"အင်း ... ညနေ ကိုယ် အန်တီ့ဆီမှာ လာခွင့်တောင်းလိုက် မယ်လေ ..."

"ဟုတ် ..."

အဲလို အလိုက်သိသော ထွန်းငယ်ပါ။ ပရိမိယာ တော့ ချစ်သူကို အထင်ကြီးလေးစား အားကိုးခြင်းတွေနဲ့ပဲ ထွန်းငယ်နဲ့ ဖုန်းပြောပြီးတော့ ဝရန်တာဘက် ပြန်ထွက်လာသည် ဆီနိုဒါက စူပါ စကားပြောနေတာကို ကြားသလို မကြားသလို





လို့ပေါ့။

ပရိမိယာဟာ ဆီနိုဒါ ဆွေးနေတာမြင်တိုင်း စိတ် မလုံသလို ခံစားရသည်။

"ဆီနိုဒါ ... ငါ ဝတ်မလို့ ဝယ်ထားတဲ့ အင်္ကျီအညိုလေး ယူ မလား၊ တစ်ခါမှ မဝတ်ရသေးဘူးနော် ..."

"သွားစမ်းပါဟာ ..."

စူပါက ရယ်စရာတွေ လိုက်ပြောပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com





"ဟင် … ပင်ခန့်"

လေဆိပ်ထွက်ပေါက်ကို စူးစိုက်ကြည့်နေသော ပရီမီယာဆီမှ အသံတိုးသဲ့သဲ့ကို ဆူညံနေသဖြင့် ထွန်းငယ်က မကြားလိုက်။ ပရီမီယာ ဘေးမှ ထွန်းငယ်ကို မေ့လျော့စွာဖြင့် ပင်ခန့်ဆီ ပြေးသွားလိုက်သည်။

"ပင်ခန့် …"

ပင်ခန့်က သူမကို တစ်ချက်ကြည့်ကာ မျက်နှာလွှဲသွားသည်။ သူမက ပင်ခန့်ရှေ့တည့်တည့်မှာ ဝင်ရပ်လိုက်ပြီး …

"ပင်ခန့် ပြောစရာရှိလို့ …"

"ငါ့မှာ ဘာပြောစရာမှ မရှိဘူး …"

"ပြောစရာမရှိရင် နားထောင်ပေးဟာ …"





"ဒီမှာ မကြည်ပြာ … ခင်ဗျားရဲ့စကားတွေနဲ့ ခင်ဗျားအလိုကျ အဝေးကို ထွက်ပြေးပေးခဲ့ပြီးပြီ … ကျေနပ်တော့ … ခင်ဗျားဆီက ဘာမှမကြားချင်ဘူး"

"ပင်ခန့် … ရှင်ပြောချင်တာချည်းပဲ ပြောမနေနဲ့ … ငါပြောတာ နားထောင်ဦး …"

ပင်ခန့်က ကြည်ပြာကို ရှောင်ကာ ထွက်သွားသည်။

"ပင်ခန့် … ဟင် … ဦးငယ်"

ပင်ခန့်နောက်ကိုလိုက်ရန် ကိုယ်ကိုအလှည့် ထွန်းငယ်နဲ့ မျက်နှာချင်းဆိုင်လိုက်ရသည်။ ထွန်းငယ်ရဲ့မျက်နှာပေါ်မှာ နာကြည်းရိပ်တွေ၊ အထင်လွဲရိပ်တွေ ဘေးမှ ထွန်းငယ်မိဘနှစ်ပါးကလည်း သူမကို စူးစိုက်ကြည့်နေသည်။

"ဦးငယ် …"

"ပြန်ကြစို့ ကြည်ပြာ …"

"ရှင် …"

ကြည်ပြာတဲ့လား။ ဦးငယ် အထင်လွဲသွားပြီပေါ့။

"ဦးငယ် … ပင်ခန့်က …"

"ဘာမှ မပြောပါနဲ့လား၊ ဒီမှာ ကိုယ့်မိသားစုလည်း ရောက်နေပြီ … သွားရအောင် …"

အပြန်လမ်းတစ်လျှောက်လုံး ထွန်းငယ် မျက်နှာပျက်နေသလို သူ့မိဘတွေကလည်း တုံဏှိဘာဝေ လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာကတော့ ထွန်းငယ်ဟာ သူမကို သူ့မိဘတွေနဲ့ မိတ်ဆက်မပေးခြင်းပင်။

သူ့မိဘတွေကို အိမ်ပြန်ပို့ပြီးတာနဲ့ သူမကို ချက်ချင်းပြန်ပို့သည်။ တိတ်ဆိတ်ခြင်းကို ကြည်ပြာ သည်းမခံနိုင်တော့။

"ဦးငယ် အထင်လွဲနေတာလား ..."

"မင်းနဲ့သူ ဘာမှမပတ်သက်တော့ဘူးဆိုတာ သိပါတယ်"

"အရင်ကလည်း မပတ်သက်ခဲ့ပါဘူး ဦးငယ်ရယ်"

"ယုံတမ်းစကားတွေ ဆက်ပြောပြဦး ကြည်ပြာ ..."

"ကြည်ပြာလို့ မခေါ်နဲ့ ..."

ထွန်းငယ်က ကားကို လမ်းဘေးသစ်ပင်ရိပ်အောက်ထိုးရပ်လိုက်ပြီး ...

"ကဲ ... အဲဒီလောက် ရှင်းပြချင်ရင်လည်း ရှင်းပြပေါ့"

"ဘာလဲ ... ဦးငယ်က မယုံဘူးဆိုတဲ့သဘောလား"

ခိုက်ဆိုတ်နေခြင်းက ဝန်ခံခြင်းဆိုရင်တော့ ထွန်းငယ်ဆီက ဘာသံမှ ထွက်မလာပါ။ မယုံဘူးပေါ့။

"ကောင်းပြီလေ ... ဒီမှာ ဦးထွန်းငယ်၊ ကျွန်မကလည်း ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ ခပ်ညံ့ညံ့ယောကျ်ားတွေကို အထင်မကြီးတတ်ဘူး ... အထူးသဖြင့် ရှင်က ကျွန်မရဲ့ ကိုယ်ကျင့်သိက္ခာကို စော်ကားတယ် ... အထင်သေးတယ်ပေါ့ ... ရှိစေ ဦးထွန်းငယ် ... ကျွန်မတို့ဇာတ်လမ်း ဒီမှာပဲ





ရပ်လိုက်ရုံပေါ့ ..."

ပြောပြီး ကြည်ပြာက ကားတံခါးဖွင့်ကာဆင်းလိုက်သည်။ ထွန်းငယ်က မတားပါ။ ကြည်ပြာ အံကြိတ်ကာ ချာခနဲလှည့်အထွက် ...

"ကြည်ပြာ ..."

ကြည်ပြာ့ခြေလှမ်းတွေ တန့်သွားသည်။

"ပင်ခန့်က ကိုယ့်ရဲ့ ညီလေးပါ ..."

သူမ ရပ်နေသောဘေးက သူ့ကားက ဝေါခနဲ ဖြတ်ကျော်သွားပြီ။

သူမ ဒူးတွေ ညွှတ်ခွေယိုင်သွားသည်။ ပင်ခန့်က ထွန်းငယ်ရဲ့ညီ။ ဒါဆို ထွန်းငယ်ဟာ သူမကို လက်စားချေတာပေါ့။ အကွက်ကျကျ စီစဉ်ပြီးမှ လူသိရှင်ကြား လက်စားချေတာပေါ့။ သူမ အသားတွေ ဆိုးဆိုးဆတ်ဆတ် တုန်ယင်လာကာ ဒူးတွေညွှတ်ကျလာချိန် ကားတစ်စီး လာရပ်ပြီး ...

"ပရီမီယာ ..."

"စူပါ ... ဟင့် ဟင့် ..."

"နင် ဒီမှာ ဘာဖြစ်နေတာလဲ ... လေဆိပ်သွားတာဆို"

ရင်ခွင်ထဲ လဲပြိုကျလာသော သူမကို တွဲခေါ်ကာ ကားထဲသွင်းလိုက်ပြီး ကားမှန်တွေကောင်းကာ အဲကွန်းဖွင့်ပေးလိုက်သည်။ ပြီးတော့ အသင့်ဆောင်ထားသော ရှုဆေးဘူးကို ဖွင့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

“ရူပါ ... ငါ သေချင်တယ်”

“အင်း ... ”

“ဦးငယ်က ပင်ခန့်ရဲ့ အစ်ကိုတဲ့”

“ဟာ ... ”

“ငါ လက်စားချေခံလိုက်ရတယ် ... ”

ဟာ ... ဘာဆိုင်လဲကွ၊ ပင်ခန့်ကလည်း ဆီနီ့ဒါကို ပစ်သွားသေးတယ် ... တော်ကဲ ... ငါ သွားရှင်းမယ်”

“နေပါစေ ရူပါ ... မရှင်းနဲ့တော့၊ သူ ငါ့ကို ချဉ်းကပ်ခြင်းဟာ မေတ္တာမှ မပါတာဘဲ ... သူ အကြံအစည်ရှိလို့ အရှုက်ခွဲချင်လို့ လုပ်တာ ... ထားလိုက်တော့ ... ငါ့ရင်ထဲမှာ နာနေတယ် ရူပါ ... ငါ ရင်ကွဲနေတယ်၊ ငါ့ကို အေးအေးဆေးဆေး နေလို့ရမဲ့တစ်နေရာရာကို ခေါ်သွားပေးပါဟာ ... ”

သူ ကန်တော်ကြီးထဲ ကားကို မောင်းဝင်လိုက်ပြီး အရိပ်ကောင်းကောင်းရသော ရေစပ်မှာ ကားကို ရပ်ပေးထားလိုက်သည်။ ငိုကြွေးနေသော သူငယ်ချင်းမလေးကို ကြည့်ကာ လက်သီး တင်းတင်းဆုပ်ထားမိသည်။

ထိုအချိန်မှာ ကားကို ကမူးရှူးထိုး မောင်းဝင်လာသော ထွန်းငယ်ကို ပင်ခန့်က ထွက်ကြိုရင်း ...

“ကိုကို ... မေမေတို့ မျက်နှာမကောင်းပါလား ... ကိုကို့





ဧနီးလောင်းရော ... ”

ထွန်းငယ်က ပင်ခန့်ကို ကြေကွဲစွာကြည့်ရင်း ...

“ဆောရီး ညီလေးရာ ... ”

“ဘာလဲ ကိုကိုရ ... ကျွန်တော်လည်း လေဆိပ်မှာ ကိုယ့်ပြဿနာနဲ့ကိုယ် ဖြစ်နေလို့ ပြန်သွားနှင့်လိုက်တာ ... ကိုကိုတို့ ဘာဖြစ်ကြလို့လဲ ... ”

“ကြည်ပြာက မင်းရဲ့ချစ်သူဆိုတာ ကိုကို မသိခဲ့တာ အမှန်ပဲ ... ”

“ဗျာ ... ဒါဆို ... ”

“ဟုတ်တယ် ... သူဟာ မင်းကို တွေ့တွေ့ချင်း ဘေးက ကိုကို့ကိုတောင်မေ့ပြီး မင်းဆီ ပြေးသွားလိုက်တာ ... မေမေတို့ရှေ့မှာမှ ဒီလိုတွေဖြစ်ရတယ်လို့ ... ငါ ဘာလုပ်ရမှာလဲကွာ ... ညီကို အသည်းခွဲထားတဲ့ မိန်းမကိုမှ အစ်ကိုက ပြန်ပြီး”

“ဩော် ... ကြည်ပြာ၊ အတုံ့အလှည့်ဆိုတာ ပြန်ရောက်တာပါပဲလား ... ”

“ဆောရီး ညီလေး ... သူဟာ မင်းရဲ့ချစ်သူပါလို့ ငါ မသိခဲ့ဘူး ... ငါ့ကိုပြောတော့ ရည်းစားတောင် တစ်ခါမှ မထားဖူးဘူးတဲ့ ... တောက် ... ”

“ဟာ ... ကိုကို မှားနေပြီ၊ ဟား ... ကျွန်တော့်ချစ်သူက



www.burmeseclassic.com

www.burmeseclassic.com



ကြည်ပြာ မဟုတ်ဘူး ... မကြည်ဖြူ"

"ဟင် ..."

"ဟုတ်တယ် ..."

"ဟာ ... ဒါဆို မှားပြီ၊ ကြည်လေးက ပြောဖူးတယ် ... သူ့အစ်မနဲ့ သူ့အစ်မရည်းစား ကွဲရတာ သူ့စနက်မကင်းဘူးတဲ့၊ အဲဒါကြောင့် သူ တစ်ရက်မှ စိတ်မချမ်းသာဘူးတဲ့ ... သူက အဆင်ပြေလို့ သူ့အစ်မကတော့ တမှိုင်မှိုင် တတွေတွေနဲ့မို့ သူ စိတ်မလုံဘူးတဲ့ ..."

"ဒါဆို မကြည်ဖြူ ကျွန်တော့်အတွက် ဆွေးနေတာပေါ့ ... ဟား ... ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က မကြည်ဖြူနဲ့ သူ့သူငယ်ချင်း စုပါဆိုတဲ့ကောင်ကို ... ကောင်းကောင်း အထင်လွဲနေတာ ... ကျွန်တော် မကြည်ဖြူဆီ သွားမယ်"

"ကြည်လေးလည်း ငါ့ကိုတင်းနေပြီထင်တယ်ကွာ၊ ပြဿနာပဲ ... သူ့အိမ်ကို ဖုန်းဆက်လိုက်ဦးမယ် ..."

ဖုန်းနံပါတ်နှိပ်နေတဲ့ ထွန်းငယ် လက်တွေ တုန်ချင်နေသည်။

"ဟဲလို ... ကြည်ပြာနဲ့ ပြောချင်လို့ပါ ..."

"သြော် ... မကြည်ပြာ လေ့ဆိပ်သွားပါတယ်၊ ဘယ်သူပါလဲ"

ကြည်ပြာတို့အိမ်က အိမ်ကူကောင်မလေးရဲ့အသံ။

"သြော် ... ကြည်ဖြူရော ရှိလား မသိဘူး ..."





"မကြည်ဖြူ သင်တန်းသွားပါတယ်"

"သြော် ... ဟုတ်ကဲ့၊ ကျေးဇူးနော် ..."

ပင်ခန့်က ...

"မကြည်ဖြူ မရှိဘူးတဲ့လား ..."

"ဟင့်အင်း ... သင်တန်းသွားတယ်တဲ့"

"ဝေး ... သင်တန်းသွားကြိုမယ် ... ဒီတစ်ခါတော့ စုပါ့လက်ထဲက ဆောင့်ဆွဲပြီးတော့ကို ခေါ်ပြေးဦးမယ် ..."

"အဲဒါက အရေးမကြီးဘူးကွ ... ကြည်ပြာ ခုထိ အိမ်ပြန်မရောက်သေးဘူးတဲ့ ... သူ စိတ်ထိခိုက်သွားမှာပဲ ... ငါ တော့ ဒုက္ခပဲကွာ ... လိုက်ရှာလိုက်ဦးမယ်"

"နေဦး ... သူ စုပါဆီများ ရောက်နေမလား မသိဘူး ... အဲဒီကောင်ဖုန်းကို ဆက်ကြည့်ပါလား ..."

"အေး ... ဟုတ်တယ်"

"အိုင်တော့ မမကို သင်တန်းသွားကြိုတော့မယ် ... တာ့တာ ..."

ပင်ခန့်က မစီးဘဲ သိမ်းထားတာ ကြာပြီဖြစ်သော သူ့ကားလေးကို ဂိုထောင်ထဲကထုတ်ကာ ဆေးကြောသန့်စင်နေသည်။ ပြီးတော့ ရေမိုးချိုး ရှိုးစမိုးအပြည့်နှင့် ပြန်ထွက်လာချိန် ထွန်းငယ်က မရှိတော့။ မေမေက ...

"သားတွေ ဘာဖြစ်နေကြတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... မင်္ဂလာပွဲဆက်ပြီနဲ့တူတယ်၊ ကိုကိုပြီးရင် သား အလှည့်နော် မေမေ ... "

"အေးပါ အေးပါ ... အဆင်ပြေအောင်လုပ်ကြပါ ... သား ကြီးလည်း သူ့ကောင်မလေးနဲ့တောင် မိတ်မဆက်ပေးဘူး၊ ဘာတွေပြဿနာတက်နေကြလဲ ... "

"မနက်ဖြန်လောက်ဆို အားလုံး ရှင်းပြနိုင်မှာပါ မေ ... "

"အိုကေ အိုကေ ... ဒီနေ့တော့ နားလိုက်ဦးမယ်၊ ညနေ ဘုရားသွားမယ် ... ငါးနာရီလောက်ပေါ့ ... မီမယ်ထင်ရင် ပြန်လာခဲ့လိုက်"

"ဟုတ် ... သား သွားပြီ ... "

"အေး အေး ... "

မကြည်ဖြူရဲ့ သင်တန်းဂိတ်ပေါက်ရောက်တော့ ဂိတ်စောင့် ဦးလေးကြီးက ဝမ်းသာအားရနှုတ်ဆက်သည်။ သင်တန်း ဆင်းချိန်ရောက်တဲ့အထိ စုပ္ပါကားက ရောက်မလာ။ မလှုပ်တလှုပ် ဖြင့် လျှောက်လာသော ချစ်သူကို တွေ့လိုက်ရသည်။ ငေးငိုင်ငိုင် ဖြစ်နေသော ကောင်မလေး။ စုပ္ပါကားကို ရှာနေပုံရသည်။ လက်မှ နာရီကို ကြည့်လိုက် လမ်းမဘက်ကို မျှော်လိုက်ဖြစ်နေသည်။

သူမနားကို မားမားကြီး လာရပ်သော အရိပ်တစ်ခု ကြောင့် ... မော့ကြည့်တော့ မှိန်ဖျော့နေသော မျက်ဝန်းလေး အရောင်လက်သွားသည်။ ပင်ခန့်က သူမကို ပြုံးကြည့်နေတာကို





ယုံနိုင်သလို ကြည့်နေသည်။ ပြီးတော့ ငိုမဲ့မဲ့ဖြင့် မျက်နှာလွှဲသွား သည်။

"မ ... "

ခေါ်လိုက်ကာမှ သူ့ရှေ့က လှည့်ထွက်သွားကာ လမ်းမဘက် ထွက်ပြီး ကားသွားငှားနေသည်။ ပင်ခန့်က ကြောင် နေပြီးမှ သူမဆီ ပြေးသွားကာ သူမလက်ကို သွားဆွဲလိုက်သည်။ ဆိုင်ကါက တက္ကစီသမားကို ဈေးဆစ်နေသည်မို့ ...

"မ ... မောင် လိုက်ပို့မှာပေါ့ ... အဟဲ ... အစ်ကို ဆောရီး နော်၊ ကျွန်တော့်ချစ်သူ စိတ်ကောက်နေလို့"

"ဪ ... အေး ... နားလည်တယ် နားလည်တယ်"

တက္ကစီသမားက ဘာနားလည်တာလဲတော့ မသိ ခေါင်းတညိတ်ညိတ်နဲ့ ထွက်သွားသည်။

"ဘာလုပ်တာလဲ ... လွှတ်"

"မ ... "

"လွှတ် ... လက်ကို လွှတ်ပေး"

"မ, လာပါကွာ ... ကားထဲရောက်မှ ပြောနော်"

"မလိုက်ဘူး ... ထွက်သွားပါ၊ လက်ကို လွှတ်ပေးပါ"

"မ, လာပါ မ,ရယ် ... လာ ... ကားထဲရောက်မှ မောင့်ကို ကြိုက်သလို လုပ်ကွာ ... လာ"

"ဟင့်အင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"လာပါ …"

သူ့ကားနား အတင်းဆွဲခေါ်သွားပြီး ကားထဲ ဆွ
သွင်းကာ ထိုသင်တန်းရှေ့မှ မောင်းထွက်လာခဲ့သည်။

"ဘယ်ကိုမောင်းနေတာလဲ … ခုချက်ချင်း ကားကို ရပ်ပေ
ပါ …"

"No ပါ …"

မ,ရဲ့လေသံတွေက တစ်လုံးချင်း မာကျောပြတ်
တောက်စွာ သူ့ လန့်နေသည်။

"ပင်ခန့် …"

သူ ကားကို လမ်းဘေးချလိုက်ရတော့သည်။ ကား
တံခါးဖွင့်ရန်ပြင်နေသော ကြည်ဖြူရဲ့လက်တွေကို ဆွဲယူလိုက်ပြီး

"မဲ …"

"မခေါ်နဲ့ ပင်ခန့် … ငါ မကြားချင်တော့ဘူး … စိတ်နာ
တယ် … ရင်လည်းနာတယ် …"

"မချစ်တော့ဘူးပေါ့ …"

"အဲဒါက အရေးကြီးလို့လား …"

"ဟာ … အရေးကြီးတာပေါ့။ မ, မချစ်ရင် သေသွားနိုင်တယ်
ဘဝတစ်ခုလုံး ခြောက်ကပ်သွားတာ ဘာနဲ့မှ မပျော်နိုင်
တော့ဘူး …"

"သွားစမ်းပါ … လာလျှောင်မနေနဲ့ … ဘာလဲ … မင်း





ကိုယ့်ပုံစံကို ကွယ်ရာကကြည့်ပြီး ကြိတ်ဟားနေတာပေါ့
ဟုတ်လား ပင်ခန့် … ဟုတ်ပါတယ် … မင်း ပစ်သွားလို့
ငါမှာ သေမတတ် ခံစားရပါတယ်၊ ကျေနပ်တယ်မို့လား"

"မ,ရယ် …"

မ,ကိုယ်လုံးလေးကို ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထား
သည်။ ကြည်ဖြူက အဖက်မခံဘဲ အတင်းရုန်းထွက်နေသည်။ သူ
က ပိုပြီး တင်းကျပ်စွာ ဖက်ထားကာ မ,ရင်ခွင်ထဲ မျက်နှာတိုးဝင်
ကာ …

"မ … မ, မောင့်ကို မချစ်ဘူးထင်လို့ မောင်က ထွက်ပြေး
သွားခဲ့ရတာ … မ,နဲ့ ခွဲနေရတဲ့အချိန်တွေမှာ အသက်ရှူချင်
စိတ်တောင် မရှိဘူး သိလား … ဟား … မောင်လေ မ,
မေတ္တာကို အထင်လွဲမိတာပါ၊ အခုမှ မောင့်ကို မ, ချစ်နေ
သေးတုန်းဆိုတာ သိလိုက်ရလို့ ကျွမ်းထိုးမှောက်ခုံ ပြေးလာ
တာ …"

"သွားစမ်းပါကွာ …"

မ,ရဲ့လေသံက ချိုနွဲ့နွဲ့လေသံသို့ ပြောင်းလာပြီ။
သူမ ရင်ခွင်ထဲမှ မ,မျက်နှာကို မော့ကြည့်လိုက်တော့ သူ့ကို စိုက်
ကြည့်နေတာတွေ့ရသည်။ မ,ပါးကို လက်ဖြင့် ခပ်ဖွဖွ ဖျစ်လိုက်
တော့ …

"ဖယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... လက်နဲ့ထိတာ မကြိုက်ဘူးပေါ့ ... ဒါဆို"

"မောင်နော် ... "

"ဟား ... မ ... မောင်လို့ ပြန်ခေါ်ပြီနော်"

"သွား ... ဘာလို့ပြန်လာတာလဲ ... သွား ... တို့ရင်ထဲမှာ အနယ်ထိုင်စပြုနေပြီ သိရဲ့လား ... သွားတော့၊ တို့ မောင့်ကို အလိုမရှိတော့ဘူး ... "

"မသွားပါဘူး ... ဘယ်တော့မှ မသွားတော့ဘူး ... မ,နားမှာပဲ နေမှာ ... "

သူ့ကို အတင်းတွန်းထုတ်နေတဲ့ မကို မရ,အရ ဖက်ထားကာ ပါးနှစ်ဖက်ကို ရအောင်နမ်းလိုက်သေးသည်။ ပြီးတော့ မ,ရဲ့ ဆံပင်ရှည်ရှည်တွေကို ဖွပစ်ပြီး ...

"မကို အရမ်းချစ်တာပါ မရယ် ... "

"ဘာလို့ ထားခဲ့တာလဲ ... "

မေးသံမှာ ရှိုက်သံတစ်ဝက် နှောနေသည်။ လက်သီးဆုပ်တွေက ...

"မောင့်ကို မ, မချစ်ဘူးထင်လို့ပါ ... "

"ခုရော ဘာလို့ ပြန်လာတာလဲ ... "

"မ, မောင့်ကို လွမ်းနေတယ်ထင်လို့ ... "

"သေလိုက်ပါလား ... "

"ညင်သာတယ်ကွာ ... "





"အဟင်း ... "

မ,ရဲ့ ရယ်သံငိုသံတွေက ရွှဲတစ်လုံး ပုလဲတစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com





ကန်တော်ကြီးထဲသို့ ကားကို ကွေ့ဝင်လိုက်ကာ
စူပါရဲ့ ဆလွန်းကားလေးဆီ ဦးတည်လိုက်သည်။ စူပါက ကားထဲ
ဆင်းကာ ရေစပ်မှာ သွားထိုင်နေသည်။ ကားထဲမှာတော့ ကာ
ဒက်ရှ်ဘုတ်ပေါ် မျက်နှာအပ်ကာ တသိမ့်သိမ့်ရှိုက်နေသော ကော
မလေး။

သူ့ စူပါ့ကားဘေးမှာ သူ့ကားကိုကပ်ရပ်လိုက်သည်
သူ ကားပေါ်ကဆင်းလိုက်တော့ စူပါက သူ့နားရောက်လာ
သူ့မျက်နှာကို ခွပ်ခနဲ ပိတ်ထိုးပစ်လိုက်သည်။

"နောက်ကို ဘယ်တော့မှ အဲလိုမလုပ်နဲ့ ကိုထွန်းငယ်
ဒါ နောက်ဆုံးဖြစ်ပါစေ ..."

ထွန်းငယ်က နှုတ်ခမ်းထောင့်စွန်းကို စီးကျ





သော သွေးစတွေကို လက်ခုံနှင့် ပွတ်သုတ်ပြီး ပြုံးလိုက်ကာ ...

"ကိုယ် ကြည်လေးဆီ သွားလို့ရပြီလား ..."

"ရပြီ ..."

"ကိုယ် စူပါ့ကားထဲ ခဏဝင်မယ်နော် ..."

"ရတယ် ... ကျွန်တော် ရေစပ်မှာစောင့်မယ်"

"ကိုယ့်ကားထဲ ဝင်ထိုင်နေလည်း ရတယ်နော် ... စီဒီခွေ
တွေ ပါတယ် ..."

စူပါ့ကိုပြောပြီး စူပါ့ကားထဲက မော်င်းသူနေရာကို
ဝင်ထိုင်လိုက်သည်။ သူမလေးက မော့မကြည့်ဘဲ ...

"စူပါရယ် ... ငါ အိမ်ကို ဘယ်လိုပြန်ရမလဲ၊ အိမ်ကလူတွေ
မေးရင် ဘယ်လိုပြောရမလဲ ..."

ထွန်းငယ်က ကြည်ပြာ့ကို သိုင်းဖက်ကာ ဆံပင်
တွေကို နမ်းလိုက်တော့ ...

"နင် ဘာလုပ်တာလဲ ရူ ... ဟင် ... ဦးငယ်"

"ကြည်လေး ..."

"ရှင် ဘာလာလုပ်တာလဲ ဦးထွန်းငယ် ... သွား သွား ...
ရှင့်မျက်နှာကို မကြည့်ချင်ဘူး ... သွား၊ ရှင့်ညီနဲ့ ဆီနိုဒါ ကွဲ
တာ ကျွန်မစနက်ပါကြောယ်ဆိုပေမဲ့ ရှင့်ညီက ဘာအရှက်မှ
မကွဲဘူး ... လူသိရှင်ကြား မခံစားရဘူး ... ကျွန်မ အစ်မ
သာ မစားနိုင် မအိပ်နိုင် ပူဆွေးနေရတာ၊ သွား ... ရှင့်ညီ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောလိုက် ... သူ့ကို ဆီနိုဒါက ရှုံးတာပါလို့ ကျွန်မတ
ညီအစ်မနှစ်ယောက်စလုံး ရှင်တို့ညီအစ်ကိုကို ရှုံးပါတယ်လို့
သွားပြော ... အဟင့် အီး ... ”

“ကြည်လေး ... မငိုပါနဲ့ကွာ၊ တစ်ခုခု မကျေနပ်ရင် ကိုယ့်
ကို ရိုက်ကွာ၊ ကြိုက်သလိုလုပ်ကွာ ... ပေါက်ကွဲပစ်ပါ ...
ရပါတယ် ... ဒါပေမဲ့ ကြည်လေးတော့ မငိုပါနဲ့ ... ကိုယ်
ကြည်လေး မျက်ရည်တွေကို ရင်မဆိုင်ချင်ဘူး”

“သွားစမ်းပါ ... လာနမနေနဲ့ ... လမ်းလယ်ခေါင်မှာတောင်
တစ်ယောက်တည်း ထားရက်ခဲ့တဲ့သူက ခုမှ လာလွမ်းမနေ
နဲ့ ... သွားတော့ ... ”

“ကြည်လေးရယ် ... ကိုယ်က အထင်လွဲသွားမိတာ ... လေ
ဆိပ်မှာ ကိုယ့်ဘေးကနေ ပင်ခန့်ဆီကို ကြည်လေး ပြေး
သွားကတည်းက ကိုယ့်ရင်ထဲမှာ ဟာသွားတာပဲ ... ကြည်
လေးကိုလည်း ပင်ခန့် ရည်းစားလို့ ထင်သွားတာပေါ့ ...
ကြည်လေးကလည်း ရှင်းမပြဘူး ... ”

“ကျွန်မ ရှင်းပြဖို့ ကြိုးစားတော့ရော ရှင် လက်ခံလား ...
ရှင့်မျက်လုံးတွေ အမှောင်ဖုံးနေတယ်လေ ... ကျွန်မကို မယုံ
ကြည်တာဟာ ကျွန်မသိက္ခာကို စော်ကားတာပဲ ... ”

“ဟုတ်ပြီ ... အဲလိုစော်ကားမိတဲ့အတွက် တစ်သက်လုံး
ပြုစုစောင့်ရှောက်ပြီး တောင်းပန်မယ် ... အိုကေ”





“ဟင့်အင်း ... မကျေနပ်ဘူး ... ”

“ဟင် ... ဒါဆို ကိုယ် ဘာလုပ်ပေးမှ ကျေနပ်မှာလဲ ပြော၊
မဖြစ်ဘူး ... တစ်ခုခုတော့ ပြော ... ကိုယ့်ကို မတင်းပါနဲ့
ကွာ ... ”

“ပင်ခန့်နဲ့ ဆီနိုဒါကို ပြေလည်အောင် လုပ်ပေးလိုက်လေ၊
ဆီနိုဒါက ပင်ခန့်ကို အရမ်းချစ်တာ ... ”

“အိုကေ ... သူတို့ ပြန်အဆင်ပြေသွားရင် ကြည်လေး ကိုယ့်
ကို ကျေနပ်မယ်ပေါ့ ... ”

“အင်း ... ”

“ဒါဆို ကျေနပ်လိုက်တော့ ... ခုလောက်ဆို သူတို့ အဆင်
ပြေနေလောက်ပြီ ... ”

“ဟင် ... ”

“ဟုတ်တယ် ... ကိုယ်နဲ့ ပင်ခန့်နဲ့ ခုပဲ ရှင်းလင်းလာကြ
တာ ... ကိုယ်က ကြည်လေးဆီ လာတယ် ... သူက ဆီနို
ဒါကို သင်တန်းမှာ သွားကြိုမှာတဲ့ ... ခုလောက်ဆို အဆင်
ပြေလောက်ပြီ ... ”

တိုစဉ်မှာပဲ ထွန်းငယ်ရဲ့ မိုဘိုင်းလ်ဖုန်းက မြည်လာ
သည်။ ပင်ခန့်ဆီကပါ ...

“ကိုကို ဘယ်လိုလဲ ... ကျွန်တော်တော့ အိုကေသွားပြီ”

“အေး ... မင်းတို့ အိုကေမှဖြစ်မယ် ... မင်းတို့ အိုကေမှ



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း အဆင်ပြေမှာ …”

“ဘာဆိုင်လို့လဲ …”

“ဟိတ်ကောင် … မင်းကို ရှင်းပြဖို့အချိန် မရှိသေးဘူး … ဒါပဲ …”

ဖုန်းကို ပိတ်လိုက်ပြီး ကြည်ပြာ့အက်လှည့်ကာ

“ကြည်လေး … သူတို့ အဆင်ပြေသွားပြီတဲ့ …”

ကြည်ပြာက ပြုံးကာ သူ့ပခုံးမှာ ခေါင်းမှီတင်လာသည်။

“တော်သေးတာပေါ့ ဦးငယ်ရယ် …”

ခုတော့လည်း လောကကြီးတစ်ခုလုံး သာယာလှပနေသည်။

အငိုတွေ ပြီးဆုံးသွားတော့ … အပြုံးတွေ အလည်ရောက်လာခဲ့ပြီ။

စူပါကတော့ ကန့်ရေစပ်ကနေ ညနေဆည်းဆာအလှကို ခံစားနေသည်။ သူ့သူငယ်ချင်း ကော်ဖီမလေးတွေရဲ့ အချစ်ရေးတွေ အဆင်ပြေသွားကြပြီ။

သူပဲ ကျန်တော့သည်။ သူကတော့ တည်ငြိမ်နေတဲ့အခြေအနေကို ဂယက်ထအောင် ခဲနဲ့ပေါက်ရတော့မည်။ မိုးသာလွှတ်လပ်သူတစ်ယောက်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးမိချိန်မှာ သားမျက်နှာကို မြင်ယောင်ကာ စိတ်မကောင်း





ဖြစ်သွားသည်။ သူ့အခြေအနေက မိုးကို မခွဲနိုင်ရုံတင်မက သားကိုပါ မခွဲနိုင်တော့တဲ့အခြေအနေလေ။

“စူပါ ပြန်ရအောင် …”

ပခုံးပေါ် လက်တစ်ဖက် ရောက်လာသည်။ မော့ကြည့်လိုက်တော့ ပရိမ်ယာရဲ့ တိမ်ကင်းစင်နေသော မျက်နှာကို တွေ့လိုက်ရသည်။

“နင် ကိုထွန်းငယ်ကားနဲ့ပဲ ပြန်လိုက်လေ … မနက်ကတည်းက သူ့ကားနဲ့ ထွက်လာတာမို့လား … သူနဲ့ပြန်မှ ကောင်းမှာပေါ့ …”

“အင်း … နင်လည်း ပြန်တော့လေ”

“အေး … ငါ မိုးဆီ ခဏဝင်လိုက်ဦးမယ် …”

“အိုကေ …”

ကန်တော်ကြီးထဲက ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆီနိုဒ့ါမျက်နှာက ကြည်လင်ဝင်းပနေသည်။

အိမ်ရောက်ရောက်ချင်း ပရိမိယာက ...

“ဘယ်လိုလဲ ဆီနိုဒါ ... ပင်ခန့်နဲ့ အဆင်ပြေသွားပြီလား”

“ဟင် ... နင် ဘယ်လိုသိလဲ”

“ပင်ခန့်က ဦးငယ်ရဲ့ ညီလေး ...”

“ကြည့်စမ်း ... နင် ငါ့ကို စောစောက မပြောဘူး”

“ငါလည်း ဒီနေ့မှ သိတာဟ ...”

“ဪ ... ငါ ပျော်နေတယ် သိလား ပရိမိယာ ... ရယ်စရာ ပြောရဦးမယ် ... မောင်က ငါ့ကို စုပါနဲ့ အထင်လွဲသွားတာ တဲ့ဟ ... ရယ်ရတယ် ... စုပါနဲ့များ ထင်ရတယ်လို့”

ဆီနိုဒါ စမြုံ့ပြန်နေသည်။ ပရိမိယာက ရင်တထိတ်





ထိတ်နဲ့ နားထောင်နေရသည်။ ဘယ်အချိန်များ သူမရဲ့ အခန်းကဏ္ဍ ပါဝင်လာမလဲလို့ပေါ့။ ဒါပေမဲ့ ... ဆီနိုဒ့ါစကားဆုံးတဲ့အထိ သူမ အကြောင်း မပါ။ ပင်ခန့်က တစ်ကွက်ချန်ကာ ပြောပြထားပုံရသည်။ ပရိမိယာ စိတ်ထဲက ပင်ခန့်ကို ကျေးဇူးတင်နေမိသည်။

ထို့နောက် ... ပရိမိယာတို့ စေ့စပ်ပွဲအတွက် ပြင်ဆင်ကြရသည်။ နှစ်ဘက်မိဘတွေလည်း တွေ့ပြီး စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲအတွက်ပါ တစ်ခါတည်း ရက်ရွေးကြသည်။ ပင်ခန့်နဲ့ ဆီနိုဒါတို့ကတော့ သူတို့ကိစ္စကို လျှို့ဝှက်ထားကြသေးသည်။

ပင်ခန့်က တွန်းငယ်လို လက်ဆုပ်လက်ကိုင် စီးပွားရေးမရှိသေးဘဲ ကျောင်းက တစ်ဝက်တစ်ပျက်နှင့်မို့ ကျောင်းပြီးအောင် ဆက်တက်ဦးမည်။ ပြီးတော့ သူ့ခြေထောက်ပေါ် သူရပ်နိုင်မှ ဆီနိုဒ့ါတို့ လက်ထပ်မည်တဲ့။ ဆီနိုဒါကလည်း စောင့်နိုင်သည်ပဲပေါ့။

လူငယ်တွေ ထိုသို့ ပြေလည်နေချိန် လူကြီးတွေက တစ်စခန်း ထလာပြန်သည်။ စုပ့ါမိခင်က ဆီနိုဒါကို လာရောက်တောင်းရမ်းသည်။ ဆီနိုဒ့ါမိဘတွေကတော့ ငြင်းစရာမရှိပါတဲ့။ ဒါပေမဲ့ သမီးသဘော။ စုပါက ငြင်းသည်။ ဆီနိုဒါက ခေါင်းမညိတ်။

စုပ့ါမိခင်က သွေးတိုးရောဂါပင် ရချင်ချင် ဖြစ်လာတော့ကာ ထိုရောဂါနှင့် အကျပ်ကိုင်ဖို့ စဉ်းစားသည်။

အဒီတော့ ... အခြေအနေရဲ့ တွန်းအားပေးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စူပါက မိုးကို တဂျီဂျီ ပူဆာတော့သည်။ မိုးကလည်း အင်တင်တင်။ စူပါ ကော်ဖီနှစ်ကောင်နှင့် တိုင်ပင်ရတော့သည်။

"ငါ ဘာလုပ်ရမလဲ ..."

"နင် ဘာလုပ်ရမလဲဆိုတော့ ... ဆိုတော့ ... ဆိုတော့"

နောက်ဆုံး သူတို့သုံးယောက်ထဲမှာ ဉာဏ်အပြေးဆုံး ပရီမီယာဆီကပဲ အသံထွက်လာသည်။ စူပါက သူ့မိခင်ကို သူနဲ့ မိုးကို ကြည်ဖြူပေးဖို့ ဖွင့်ပြောရမည်တဲ့။ လက်မခံရင်လည်း နှစ်ဦးသဘောတူ လက်ထပ်လိုက်မည့်အကြောင်းလည်း ထည့်ပြောရမည်တဲ့။ စူပါ့မိခင်က လုံးဝ ခါးသည်းနေပြီဆိုရင်တော့ မိုးနဲ့ နှစ်ဦးသဘောတူ လက်ထပ်လိုက်ဖို့ တစ်နည်းပဲ ရှိတော့သည်တဲ့။

နောက်ဆုံး မကြံတတ်တော့။ ပရီမီယာ ပြောသည့်အတိုင်းပဲ လုပ်ရတော့မည်။

"မေမေ ရောဂါတက်လာရင်တော့ ဒုက္ခပဲ ..."

"ခဏပဲ တက်မှာပါဟာ ... နင် မိုးတည်ကြည်ကို မခွဲနိုင်ဘူးမို့လား ... အဲလိုပဲပေါ့၊ နင့်ကိုလည်း အန်တီ ကြာကြာ စိတ်မဆိုးနိုင်ပါဘူး ..."

"အေးနော် ... မိုးတည်ကြည် သနားပါတယ် ... သူသာ အပျိုလေးဆိုရင် အန်တီ ဝမ်းသာအယ်လဲ လိုက်တောင်းပေးမှာနော် ... နင်ရော မိုးတည်ကြည်ရော ကံဆိုးတယ်"

"မိုးကိုပိုင် ..."





"ဗျာ ... ကိုကိုဝဏ္ဏ ... ကိုကို ခြေထောက်သက်သာလား"

"အေး ... ငါ မင်းကို မေးစရာရှိလို့"

"ဟုတ်ကဲ့ ... ကိုကိုဝဏ္ဏ"

ပရီမီယာတို့ ညီအစ်မက သူ့အစ်ကိုကို ကြည့်နေသည်။ ဘာများပြောမလို့ပါလိမ့်ဟုလည်း လန့်နေကြသည်။

"မင်းတို့ပြောနေတဲ့အထဲမှာ မျိုးတည်ကြည်ဆိုလား ကြားမိသလိုပဲ ..."

"မိုးတည်ကြည်ပါ ... ကိုကို သိလို့လား"

"သူတို့က ဘယ်မှာနေတာလဲ ..."

"ရန်ကုန်မှာပဲ ကိုကို ..."

"ဪ ... နယ်ကမှတ်လို့"

"နယ်က ပြောင်းလာတာ ... မော်လမြိုင်ဇာတိတွေ"

ကိုဝဏ္ဏ လက်ထဲကချိုင်းထောက် လွတ်ကျသွားသည်။

"မိုးတည်ကြည်ရော ရန်ကုန်မှာပဲလား ..."

"မိုးတည်ကြည်က မိုးအစ်မ ထင်တယ်"

"ဟုတ်တယ် ..."

"သူက မနှစ်ကပဲ ဆုံးသွားတယ်တဲ့ ... ကိုကိုက မော်လမြိုင်မှာ တာဝန်ကျဘူးတော့ မိုးတို့အကြောင်း သိမှာပေါ့ ... ဟာ ... ကိုကို ... ကိုကို ..."



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏက အကောင်းသားကနေ ထိုင်ရက် လဲကျသွားသည်။ သူ့လက်ထဲမှာ ချိုင်းထောက်မှ မရှိတော့ဘဲ။ သူ့မျက်နှာပြင်က ရေခဲပြင်တွေရဲ့ အပေါ်ယံအကြည်လွှာတွေလို တင်းခဲအေးစက်လျက်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ပိုးပိုး ဆုံးပြီတဲ့လား ..."

"ကိုကို ..."

ဝဏ္ဏ ဘေးမှာ သူ့ညီမတွေ ရှိသွားသည်။

"ငါ မိုးတည်ကြည်နဲ့ တွေ့ချင်တယ် မိုးကို ..."

"ရတယ် ကိုကို ... ကျွန်တော် စီစဉ်ပေးမယ်"

ထို့နောက် ဝဏ္ဏကို သူ့အခန်းထဲ ပြန်ပို့ပေးလိုက်သည်။ မနက်ဖြန်အတွက် အားလုံး ရင်ခုန်နေကြသည်ပေါ့ကွယ်။

ထိုနေ့က သူတို့တွေ ကိုကိုဝဏ္ဏနဲ့ မိုးတို့ ဘယ်လိုပတ်သက်မလဲ တစ်ယောက်တစ်မျိုး ထင်မြင်ချက်တွေပေးနေကြသည်။ ထိုထဲမှာ မိုးကိုက စိတ်အလှုပ်ရှားဆုံး။ သူဟာ မကြာခင် မိုးရဲ့ ဘဝတစ်စိတ်တစ်ပိုင်းကို သိရတော့မည်ဟု အလိုလို ကြိုသိနေခဲ့သည်။

အဲဒီညက သူ မိုးနဲ့ ဖုန်းပြောဖြစ်သော်လည်း မနက်ဖြန် သူ မိုးထံသို့ ကိုဝဏ္ဏကို ခေါ်လာမည့်အကြောင်းကို မပြောပြဖြစ်ခဲ့။ ဘာကြောင့်မှန်းမသိ။ သူ့စိတ်ထဲမှာ မိုးနဲ့ဝဏ္ဏ ထိပ်တိုက်တွေ့လျှင် အခြေအနေ တစ်မျိုးပြောင်းနိုင်သလို ခံစားနေရသည်။ ထို





ပြောင်းလဲမှုဟာလည်း သူတို့နှစ်ယောက်ရဲ့ အနာဂတ်ကို အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှု ရှိလိမ့်မည်ဟု ထင်နေသည်။

မနက်ဖြန်အတွက် မျှော်လင့်ချက်တွေနှင့် ထိုညက သူ ကောင်းကောင်းအိပ်မပျော်ခဲ့။ ငိုခဲ့ပြီးပြီ ... ဒီတစ်ခါ ရယ်ရမည်လား။ မနက်ဖြန်ဆိုတာ လူသားတွေရဲ့ မျှော်လင့်ချက်တွေပဲလေ။



www.burmeseclassic.com

www.burmeseclassic.com





"ခွမ်း ..."

"ရှင် ... ရှင် ..."

"မိုးမိုးလား ... မိုးတည်ကြည်လား ..."

မိုးလက်ထဲက ကလေးအတွက် ဖျော်ထားသော နို့ပုလင်းက ပြုတ်ကျကွဲသွားပြီး အံ့သြရိပ်တွေ။

ဝဏ္ဏကလည်း ဆံပင်တိုတာနဲ့ ရှည်တာကလွဲလို့ ပိုးပိုးနဲ့ တစ်ထေရာတည်းတူနေသော မျက်နှာလေးကိုကြည့်ပြီး

"မိုးမိုး ..."

မိုးက အခန်းထဲဝင်သွားပြီး ဒိုင်ယာရီစာအုပ်ထဲက ဓာတ်ပုံတစ်ပုံကို ထုတ်ကြည့်လိုက်သည်။ မပိုးနဲ့ တွဲရိုက်ထားသော ကိုမောင်ဆိုတဲ့လူဟာ အခုပဲ မိုးအိမ်ရဲ့ ဧည့်ခန်းမှာ သက်ရှိထင်ရှား





ရောက်နေပြီလေ။

မိုး ဘာလုပ်ရမလဲ။ မပိုး သေတာ သူ့ကြောင့်လေ။ မိုး သိပ်ကို မုန်းတီးနာကြည်းရသောသူလေ။ ပြီးတော့ အဲဒီလူက သားဖေဖေတဲ့။

ဓာတ်ပုံကိုင်ထားသော မိုးလက်တွေ တဆတ်ဆတ် တုန်နေသည်။ မိုး ဘာလုပ်ရမလဲ။ ဦးနှောက်ထဲမှာ အချက်ပေး ခေါင်းလောင်းသံတွေက တစ်ချက်ချက် မိုးတည်ကြည် နင် သူ့ကို သိပ်မုန်းတယ်လေ။

မိုးတည်ကြည်က အခန်းထဲမှာ ထိုင်လိုက်ထလိုက် ဖြစ်နေသည်။ ထိုအချိန်မှာပဲ သားက နိုးလာပြီး သားငိုသံ ကျယ် လောင်စွာ ထွက်လာချိန် မိုးတည်ကြည်ရဲ့ ဦးနှောက်ထဲမှာ သား ဆိုသော အတွေးက ဝင်သွားသည်။

မိုး ... သားကို အဆုံးရှုံးမခံနိုင်ပါ။ သူ့ကို မိုး အသိ အမှတ်ပြုလိုက်ရင် သူက သားဖေဖေ ဖြစ်သွားပြီပေါ့ ... ဒါဆို အဒေါ် ဖြစ်တဲ့မိုးက ဖခင်ဖြစ်တဲ့ သူ့ကို သားကို ပေးလိုက်ရတော့မှာ။ မိုး ရင်ခွင်ထဲက သားကို ဆွဲထုတ်သွားတော့မှာ။

"ဟင့်အင်း ... မိုး မပေးနိုင်ဘူး"

အသံထွက်အောင် ညည်းညူမိရင်း ခေါင်းတခါခါဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်သည်။ ပြီးတော့ မျက်နှာ ကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြင်ဆင်ပြီး ဒိုင်ယာရီစာအုပ်နဲ့ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်သိမ်းလိုက်သည်။

ပြီးတော့ အခန်းပြင်ထွက်ကာ ...

"မောင် ..."

"မိုး ..."

"မိုးမိုး ညီမလေး ... ပိုးပိုး ဆုံးသွားပြီဆို"

"မောင် သူက ဘယ်သူလဲ ... မိုး မသိဘူး"

"မိုးမိုး ... ကိုယ် တောင်းပန်ပါတယ် ညီမလေးရယ် ... ကိုယ့်ကို ပိုးပိုးအကြောင်း ပြောပြပါ"

"ဟင့်အင်း ... ဘာလို့ပြောပြရမှာလဲ၊ ရှင့်ကို ကျွန်မ မသိဘူး"

"ပိုး ဘာလို့ ဆုံးသွားတာလဲ ..."

မိုးတည်ကြည်က ပါးစပ်ကို တင်းနေအောင် စေ့ပိတ်ထားသည်။ ထိုစဉ်မှာပဲ နာနီက သားကိုချီကာ အိမ်ရှေ့ကို ထွက်လာခဲ့သည်။

"မိုးရေ ... ကလေးနို့ဘူး တွေ့မိလား ... သားသား ငိုနေလို့ ..."

"ခုပဲ မိုးကြောင့် ကျကွဲသွားတယ် အန်တီရယ် ... ဩော် မောင် ... မိုး အလုပ်ရှုပ်နေလို့ ဧည့်မခံနိုင်သေးပါဘူး ... ပြီးတော့ မောင့်ကို တစ်ခုမှာထားရဦးမယ် ... နောက်ဆို မိုးကို ကြိုမပြောဘဲ ဘယ်ဧည့်သည်မှာ ခေါ်မလာပါနဲ့ ... မိုးက မိုးကိုယ်တိုင် လိုလားကြည်ဖြူစွာ ဖိတ်ခေါ်ထားတဲ့





ဧည့်သည်မဟုတ်ရင် ဧည့်မခံတတ်လို့ ခွင့်ပြုပါဦး ..."

ပြောပြီးတာနဲ့ အိမ်အတွင်းဘက် ဝင်မည်ပြင်နေသော မိုးရှေ့တွင် ဝဏ္ဏက ပိတ်ရပ်လိုက်သည်။

"ညီမလေး ... ကိုယ် တောင်းပန်ပါတယ်ကွာ ... ကိုယ့်ကို ပိုးပိုးအကြောင်း ပြောပြပါ ..."

"ဒီမှာ ... ကျွန်မအစ်မအကြောင်း ရှင် မေးခွင့်မရှိဘူး ... ရှင်နဲ့ကျွန်မအစ်မ ဘာပတ်သက်ခဲ့လို့လဲ ... ညီမအရင်းဖြစ်ခဲ့တဲ့ ကျွန်မတောင် ရှင့်ကို လုံးဝမသိဘူးလေ ... အိမ်ပေါ် အတင်းတက်လာပြီး ... စပ်စုတာတော့ မကောင်းဘူးထင်တယ်နော် ... ဆက်ပြီး ဇော်ကားနေဦးမယ်ဆိုရင်တော့ ကျွန်မ သည်းမခံနိုင်တော့ဘူး ..."

"ကိုယ် ပိုးပိုးအကြောင်းမသိရရင် မပြန်ဘူး မိုးတည်ကြည်"

သူမ ဒေါသတွေ ပေါက်ကွဲလာပုံဖြင့် သူမရှေ့မှာ ပိတ်ရပ်ထားသော ဝဏ္ဏကိုဆောင့်တွန်းပစ်လိုက်သည်။ နဂိုကတည်းက အမုန်းတာတ်ခံရှိထားပြီးသား။ မိုး တွန်းလိုက်တဲ့အရှိန်က အားပါလွန်းသွားခဲ့ပေါ့။

ချိုင်းထောက်အကူမပါဘဲ ရှုပါရဲ့ တွဲခေါ်မှုဖြင့် အိမ်ပေါ်ရောက်လာသော ဝဏ္ဏဟာ မိုးတည်ကြည်ရှေ့မှာ စိတ်ဆောင်လွန်းသဖြင့်သာ ရပ်တည်နိုင်ခဲ့တာပါ။ ခုတော့ မိုးတည်ကြည်ရဲ့ ဆောင့်တွန်းမှုကြောင့် ပစ်လဲကျသွားကာ မျက်နှာက ဆက်တီခုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်သွားတော့သည်။ နှာခေါင်းထဲကသွေးတွေက ဖြာခနဲ။

မိုးက ရုတ်တရက် လန့်သွားပြီး စူပ့ါဘက်ကို လှည့်ကြည့်လိုက်သည်။

"ကိုကိုဝဏ္ဏက ခြေထောက်မသန်ဘူး မိုးရဲ့ ..."

ထို့နောက်မှာတော့ ဝဏ္ဏဆီက နောက်ကြောင်းပြန်သံတွေက ကရားရေလွှတ် တတွတ်တွတ် ဖြစ်နေခဲ့သည်။

"ကိုကို ကားအက်ဆီးဒင့်ဖြစ်လို့ ပိုးဆီ ပြန်မလာနိုင်ခဲ့တာပါ ညီမလေးရယ် ..."

ဝဏ္ဏက လဲကျနေရာက ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့သည်။ တကယ်တမ်းက ဝဏ္ဏက အင်ဂျင်နီယာတစ်ယောက်။ မော်လမြိုင် သံလွင်တံတားဆောက်တော့ ထိုတံတားစီမံကိန်းမှာ တာဝန်ကျရင်း ပိုးနဲ့ ရင်းနှီးခဲ့ရာမှ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

ချစ်လိုက်ကြတာ မိုးမမြင်လေမမြင်။ ထို့သို့ အနာဂတ်ကိုပင် မမြင်နိုင်လောက်အောင် အချစ်ကျူးခဲ့မိ၍ သူတို့ တရားရုံးပြေးကာ တိတ်တဆိတ် လက်ထပ်ထားလိုက်ရသည်။

ထို့နောက် ဝဏ္ဏက ရန်ကုန်ပြန်ကာ မိဘတွေ ပြန်ခေါ်ရာမှာ ကားမှောက်ခြင်းဖြစ်သည်။ အောက်ပိုင်းသေသွားပြီး ခေါင်းလည်း ထိသွားကာ အတိတ်မေ့ချင်သလို ဖြစ်နေခဲ့သည်။ သေချာတာက သူ့မှတ်ဉာဏ်ထဲမှာ အစွဲရင့်ဆုံး ဖြစ်နေခဲ့သည့် ပိုးပိုးကို သူ လုံးဝမေ့သွားခဲ့ခြင်းပင်။





ခုမှ သူ သတိပြန်ရလာတာ မကြာသေး။ သတိရလာတော့လည်း ခြေထောက်က မသက်သာသေးသဖြင့် သူ့ခြေထောက်တွေကို ပြင်းထန်စွာ လေ့ကျင့်ခန်းတွေလုပ်ပြီး အမြန်ဆုံးပြန်ကောင်းအောင် ကြိုးစားနေခြင်းပါ။ ပြီးမှ မိဘတွေခေါ်ပြီး ပိုးဆီသွားမည်ပေါ့။

"ကိုကို ... ပိုးရှေ့ကို ဒုက္ခိတအဖြစ်နဲ့ ပြန်မသွားချင်လို့ ခြေထောက်တွေ ပြန်ကောင်းအောင် အသည်းအသန် ကြိုးစားနေခဲ့တာ ... သူ ဆုံးပြီတဲ့လား မိုးမိုးရယ် ...
ပိုးအပေါ် သစ္စာဖောက်သွားတာ မဟုတ်ပါဘူး ... ရှောင်သွားတာလည်း မဟုတ်ရပါဘူး ပိုးရယ် ... ကိုမောင့်ကို အထင်လွဲသွားပြီလား ... ကိုမောင့်ကို ပစ်ထားခဲ့ပြီလား ပိုးရယ် ..."

ထိုအချိန်မှာ ... သားက ရှူးရှူးဝါးဝါး ထ,ငိုသဖြင့် နာနီက ကလေးကိုချီကာ အိမ်ရှေ့ပြေးထွက်လာသည်။

"မိုးရေ ... ကလေးကို ခဏချီပေးပါကွယ် ... အန်တီ နို့ဘူးအသစ်လုပ်နေလို့ ..."

ဝဏ္ဏက ကလေးကို စူးစိုက်ကြည့်ကာ လက်ကမ်းလိုက်သည်။

"သားကို ကိုယ့်ကိုပေးပါ မိုးမိုး ..."

မိုးတည်ကြည် မျက်လုံးပြူးသွားကာ ကလေးကို ခပ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း ပွေ့ထားလိုက်ပြီး ခေါင်းခါသည်။

"ဒါ ... ကိုယ့်သားမို့လား ညီမလေး"

"ဟင့်အင်း ... သားသားမောင်က ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်မသား"

"သားသားမောင်တဲ့လား ..."

"ဟုတ်တယ် ... ကျွန်မသားနာမည်က သားသားမောင်တဲ့"

"မိုးမိုးရယ် ... အဲဒါ ပိုး မှည့်ခဲ့တာမို့လား ... ပိုးက ပြောခဲ့ဖူးတယ်၊ ကိုယ်တို့သားသမီးလေးတွေရလာရင် သားမွေးရင် သားသားမောင် ... သမီးမွေးရင် သမီးပိုးလို့လို့ နာမည်ပေးမယ်တဲ့ ... ပိုးရယ် ... သားတစ်ယောက်တော့ ထားခဲ့ပေးတယ်ပေါ့၊ ပေးပါ ... အဲဒါ ကိုယ့်သားပါ ..."

"ဟင့်အင်း ... ဒါ ကျွန်မသား"

"ဒါဆို ဘယ်မှာလဲ ... ဘယ်မှာလဲ ညီမလေးရဲ့ အမျိုးသား"

"အို ... သူ ဆုံးသွားပြီ ... သူ မရှိတော့ဘူး"

"ဒါဆို သက်သေအထောက်အထား တစ်ခုခုတော့ ရှိမှာပေါ့"

"အို ... ကျွန်မသားပါလို့ ပြောနေပြီပဲ ... ဘာသက်သေပြရဦးမှာလဲ ..."

"ဟုတ်ပြီ ... ဒါဆို မိုးမိုးကလည်း မိုးမိုးသား ... ကိုယ်ကလည်း ကိုယ့်သားဆိုတော့ တစ်နည်းပဲရှိတော့တယ် ညီမလေး ... ကိုယ်လည်း ကိုယ့်သားလေးကို သူစိမ်းမိထွေး





လက်ထဲမှာ မကြီးပျင်းစေချင်ဘူး ... ညီမလေးကို ကိုယ်လက်ထပ်ပါရစေ ..."

"ဟင် ... ရှင်ကြီး ယုတ်မာလှချည်လား"

"ကိုကို ..."

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေခဲ့သော ရုပ်ပုံဆီက အသံထွက်လာခဲ့သည်။

"သွား ... ထွက်သွာ ... အကုန်သွားကြ ... ကျွန်မအိမ်ကို နောက်တစ်ခါ ဘယ်တော့မှ ထပ်မလာနဲ့ သွား ... ကြ ... ပါ ... တော့"

"မိုး သတိထားလေ ..."

"မိုးကိုပိုင် ... ရှင်လည်း နောက်တစ်ခါ ဘယ်တော့မှ ထပ်မလာခဲ့နဲ့တော့ သိလား ... ကျွန်မရဲ့ ငြိမ်းချမ်းနေခဲ့တဲ့ ကမ္ဘာလေးကို လာမဖျက်ဆီးကြပါနဲ့ တောင်းပန်ပါတယ် ... သွားကြ ..."

ဒေါသတကြီး မောင်းထုတ်နေသော ချစ်သူကို ... သနားသွားမိသည်။

ဝဏ္ဏကို ပြန်ခေါ်ကာ မိုးအိမ်မှ ပြန်လာခဲ့ကြသည်။ ဆူဆူညံညံအသံတွေကြားသဖြင့် ပြေးတက်လာသော မွန်မွန့်ကို ...

"မမွန် ... မိုးကို တစ်ချက်ကြည့်ပေးပါဦး ... ကျွန်တော် ခဏနေရင် ပြန်လာခဲ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏကို အိမ်ပြန်ပို့ပေးရသည်။

"မိုးကို ... မင်းကောင်မလေးဆီက ငါ့သားလေးကို ပြန်တောင်းပေးပါကွာ ..."

"သွေးအေးသွားရင် အားလုံးပြေလည်သွားမှာပါ ကိုကိုရာ"

ဝဏ္ဏကို နှုတ်ဆိတ်ပေးပြီးတော့ မိုးဆီ ပြေးရပြန်သည်။ ဘာပဲဖြစ်ဖြစ် သူကတော့ ပျော်နေပါသည်။ သူချစ်သူက ကလေးအမေအတုကလေးဖြစ်နေလို့လေ။ ဒီအတိုင်းသာဆို သူ့ရဲ့မိခင်ကလည်း သူနဲ့မိုးကလေးကို သဘောတူမှာပါလေ။ ပြဿနာတွေ ပြေလည်တော့မှာမို့ ပျော်ရွှင်နေမိသည်။

ခုကတော့ အမည်ခံမေမေမလေးကို သွားချော့ရဦးမယ်လေ။

မိုးက သူ့ကိုမြင်တာနဲ့ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

"ဟာ ... မိုး ..."

"ရှင်က သားကို လက်မခံချင်တာနဲ့ပဲ ကျွန်မအကြောင်းတွေ မရအရ စုံစမ်းပြီး သားကို ဟိုလူယုတ်မာဆီ ပေးပစ်မလို့ပေါ့လေ ..."

"မိုး အထင်လွဲနေပြီ ... မောင် ဘာမှမသိဘူးနော် ... မိုးတို့ ဇာတ်လမ်းတွေ ဘာမှမသိဘူး ... စုံလည်း မစုံစမ်းဘူး ... ဘာပဲဖြစ်ဖြစ် မိုးရဲ့သားဟာ မောင့်သားပဲပေါ့ ..."





"အပေါ်ယံစကားတွေပါ မိုးကိုပိုင်ရယ် ... ကျွန်မနဲ့ သားရဲ့ဘဝက အနည်ထိုင် အခြေကျနေပြီးသား၊ ရှင်နဲ့ ပတ်သက်မှပဲ ကလေးအမေတွေ မပိုးယောက်ျားတွေနဲ့ ဇာတ်လမ်းတွေက ရှုပ်လာတာ ... တော်ပြီ ... ရှင်နဲ့ကျွန်မ မပတ်သက်ချင်တော့ဘူး ... ရှင် ခေါ်လာတာ ... ရှင်က ပြဿနာကောင်ပဲ သိလား၊ ရှင်နဲ့ ထပ်ပတ်သက်ရင် ဒီပြဿနာတွေနဲ့ပါ ထပ်ပတ်သက်နေရဦးမှာပဲ ... ဒီမှာ ရှင် သားကို ကျွန်မရင်ခွင်ထဲက ဆွဲထုတ်သွားဖို့ ကြိုးစားလည်း အလကားပဲ သိလား"

"ဟာ ... ကျွတ် ... မဆိုင်တာ မိုးရယ် ... ဘာဆိုင်လဲ ... မောင် မိုးအကြောင်း ဘာမှမစုံစမ်းဘူး မိုးရဲ့ ... မသိဘူး၊ သားဟာ မိုးရဲ့သားလို့ပဲ မောင် သိထားတာ"

"ကျွန်မသားပဲကို ..."

"ဟုတ်ပါတယ် ... မိုးရဲ့သားပါ ... မောင် အဲဒါကို လက်ခံထားပြီးသားလေ ... အဲဒါကြောင့် ဒီတစ်ပတ်အတွင်းမှာ မောင်တို့ လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးသားလေ မိုးရဲ့ ... မောင် မိုးအကြောင်း မသိပါဘူး ... မိုးမှာ အဒေါ်နဲ့အစ်မ ရှိတယ် ... အခု ဆုံးသွားပြီး မိုးတစ်ယောက်တည်း သားလေးနဲ့ ကျန်ခဲ့တယ် ... မောင် ဒါပဲ သိတာလေ ... ယုတ်စွအဆုံး မိုးဟာ မုဆိုးမလား တခုလပ်လားတောင် မောင် ရေရေရာရာမသိဘဲ မိုးကို ချစ်ငွေ့နဲ့လို့ လက်ထပ်ဖို့ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ... မောင့်မေတ္တာကိုတော့ သံသယမဝင်ပါနဲ့ မိုးရယ်၊ မောင် စိတ်မကောင်းဖြစ်ရလို့ပါ ...”

သူ့ရဲ့ ပျာပျာသလဲ ရှင်းပြနေမှုကြောင့် မိုး သနား သွားမိသည်။ သူ့မျက်နှာဖြူဖြူမှာ ပါးတစ်ဘက်က ရဲတွတ်နေသည်မို့ ရင်နင့်သွားရသည်။ သို့သော် ဝဏ္ဏဆိုသောလူရဲ့ မျက်နှာကို မြင်ယောင်မိတော့ ဒေါသက အုံကြွလာပြန်ကာ ...

“ပြောပါဦး ... အဲဒီဝဏ္ဏကို ဘယ်လိုလုပ်ပြီး မိုးဆီ ခေါ်လာရတာလဲ”

“ကိုကိုဝဏ္ဏက ပရိမီယာတို့ အစ်ကိုလေ ...”

“ဪ ... ဟုတ်လား ...”

မိုးရဲ့ မဲ့တဲ့တဲ့အပြောကို စူပါက သတိထားမိပုံမရ သူ ပြောချင်ရာ ဆက်ပြောနေသည်။

“အဲဒါကွာ ... ကိုယ်က မိုးနဲ့လက်ထပ်ဖို့အကြောင်းတွေ ပရိ မီယာတို့ကို ပြောပြနေတုန်း ကိုကိုဝဏ္ဏက ကြားသွားတယ် ကိုယ့်စိတ်ထဲမှာ မိုးရဲ့ ဆွေမျိုးသားချင်းနဲ့ အသိတွေထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်နေတယ်ထင်လို့ မိုးကို Surprise လုပ်ချင်လို့ ခေါ်လာလိုက်တဲ့သဘောပါပဲ ...”

“မိုးကိုပိုင် ... ရှင်ဟာလေ ရှင့်သူငယ်ချင်းတွေကိုပဲ ခေါင်း ထဲထည့် သိလား ... ကျွန်မဆိုတာ ရှင် နည်းနည်းမှမတွေ့ နဲ့ သိလား ... တစ်ခါလာ ပရိမီယာ ... တစ်ခါလာ ဆီနိုဒါ





နဲ့ ... ဘာလဲ ... ရှင့်အတွက် သူတို့တွေက ပိုအရေးပါလား ဟုတ်လား ... သူတို့ကိစ္စတွေက ပိုအရေးကြီးတယ် ဟုတ်လား ...”

“ဟာ ... မဟုတ်ပါဘူးကွာ ... ခုကိစ္စ ဆီနိုဒါတို့တောင် သိမှာမဟုတ်သေးဘူး ...”

“ဘာလဲ ... ရှင့်သူငယ်ချင်းတွေကိုထိလို့ နာနေတာလား”

“မိုးလေး အဲလိုထင်နေလို့လား ...”

“ထင်နေတာ မဟုတ်ဘူး ... အဲလိုပဲ ဖြစ်နေတာလေ”

“ကောင်းပြီလေ ... ဒါဆို မိုးကျေနပ်အောင် မောင် ဘာလုပ်ပေးရမလဲ ပြော ...”

“တကယ်လား ...”

စူပါ သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်ပြလိုက်သည်။

မိုးက မျက်လုံးကို မှေးကျဉ်းပြီး ကြည့်ကာ မထီတရီ ပြုံးနေသည်။ ပြီးတော့ ...

“မင်းသူငယ်ချင်းတွေကို လုံးဝ ဖြတ်ပစ်လိုက်လေ ... အထူးသဖြင့် ဆီနိုဒါတို့မောင်နှမသုံးယောက်နဲ့ပေါ့ ... ဖြစ်လား၊ မင်းဘဝမှာ တို့ရှိနေရင် ဖြစ်တယ်မို့လား ...”

“မိုး ...”

“မင်းသူငယ်ချင်းတွေကို မပြတ်နိုင်ဘူးဆိုရင်တော့ တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်လိုက်တော့ ...”

“မိုးတည်ကြည် ... မင်း သိပ်ကို ပြတ်ချင်နေတာလား ... ဟုတ်လား ... ဘာလဲ ... မောင့်ရဲ့ချစ်သူ ဖြစ်နေရတာကို သိပ်စိတ်ညစ်နေပြီလား ပြော ... ရတယ် ... မိုး စိတ်ချမ်းသာစေရမယ် ... ဖြစ်ချင်တာသာ ပြော ...”

“ဒီမယ် ... မင်း ... မင်းသူငယ်ချင်းတွေကို မပြတ်နိုင်တာနဲ့ ပေါက်ကွဲချင်ယောင်ဆောင်မနေနဲ့ သိလား ...”

“အေး ... ပြတ်တယ်ကွာ ... ပြတ်တယ် ... မင်းကလွဲရင် အားလုံးကို ပြတ်တယ်၊ ကဲ ... ကျေနပ်ပြီလား”

“ကျေနပ်ပြီလားလို့ မေးတဲ့အသံက မကျေနပ်သံ ဖြစ်နေတယ်လေ ... တော်စမ်းပါကွာ ... ကဲ ... မြန်တော့ မိုးကိုပိုင် ... ဘယ်တော့မှ မလာခဲ့နဲ့”

“တကယ်လား ...”

သေချာစိုက်ကြည့်ပြီး မေးလာသဖြင့် သူမ တွန့်သွားသည်။ သို့သော် ...

“သေချာတယ် ... မလာနဲ့ ...”

“အေး ... အဲဒါဆို တစ်သက်လုံး မပြန်တော့ဘူး ...”

ပြောပြီး သူမကိုဖက်ကာ အတင်းလိုက်နမ်းနေသည်။

“ဟာ ... ဖယ်စမ်း မိုးကိုငိုင် ... မင်း လာညုမနေနဲ့ ... အခု ငါ မင်းရဲ့အချစ်တွေမှာ သာယာမနေဘူး သိလား၊ ငါ့





နားထဲမှာ မင်းခေါ်လာတဲ့ လူယုတ်မာရဲ့ လက်ထပ်ပါရစေဆိုတာကြီးကို ခါးသည်းစွာ ကြားယောင်နေတယ် ...”

“ဟာကွာ ...”

ချစ်ရသူလေးကို သနားသွားမိသည်။ သူမရဲ့ ပါးပြင်လေးတွေကို သူ့နှုတ်သားနေရာသို့ ဆွဲယူထိကပ်ထားလိုက်သည်။ သူမဆံပင်တိုတိုလေးကို လက်ဖြင့် ခပ်ဖွဖွ သပ်ပေးမိသည်။ ပြီးတော့ သူမလက်ကလေးကို သူ့လက်ဖြင့် ဆွဲထပ်လိုက်ပြီး ...

“ဒီချစ်သူလေးကို မောင်ပဲ လက်ထပ်မှာ ... မောင်ကလွဲလို့ ဘယ်သူမှ မပိုင်စေရဘူး စိတ်ချ ... ပြီးတော့ မောင့်ကို ပြတ်တာတွေ ဖြတ်တာတွေလည်း မပြောရဘူးနော် ... မိုးကလေး စိတ်မချမ်းသာဘူးဆိုရင် စိတ်အနှောင့်အယှက်ဖြစ်တယ်ဆိုရင် မောင် ဘယ်သူငယ်ချင်းနဲ့မှ အဆက်အသွယ်မလုပ်တော့ဘူး ... ချစ်လေးနားမှာပဲ နေမယ် ... ချစ်လေးရယ် သားလေးရယ် မောင်ရယ် အတူတူနေကြမယ် ... ကျေနပ်လား ...”

“ကော်ဖီမစ်တွေကိုရော ...”

“မိုးရှိရင် မောင့်ဘဝကြီး ပြည့်စုံပါတယ် မိုးရယ် ...”

“မိုး မေးတာကို အတည့်အတိုင်းဖြေလေ”

“ဟုတ်ကဲ့ပါ ... ကျွန်တော်သည် ကော်ဖီနှစ်ကောင်ကို ငယ်စာရင်းမှ ဖျက်လိုက်ပါတော့မည် ...”



www.burmeseclassic.com

www.burmeseclassic.com



မိုးက ချစ်သူရဲ့ နီရဲနေသော ပါးပြင်တစ်ဘက်ကို ဖျတ်ခနဲ နမ်းလိုက်ပြီး ကြည်နူးနေသော အပြုံးချိုမြဖြင့် ...

"မောင် ... မိုးကို ချစ်သားပဲ"







သူ အိမ်ပြန်လာတော့ သူ့ခြံထဲက ကျောက်စားပွဲလေးမှာ ကော်ဖီနှစ်ကောင်က အဆင်သင့် စောင့်နေခဲ့သည်။ ပြီးတော့ ဝဏ္ဏရောပေ့ါ။ သူ့ကိုမြင်တာနဲ့ ဝဏ္ဏက ထော့နဲ့နဲ့ဖြင့်လျှောက်လာပြီး ...

"မိုးကို ... မင်းကောင်မလေးက ဘာပြောလိုက်လဲ ..."

"ဘာပြောရမလဲ ကိုကိုရ ..."

"ဟာ ... ငါ့သားလေး ..."

"ကိုကို့သားပါလို့ ကျိန်းသေ သက်သေပြနိုင်တာမှ မဟုတ်တာဗျာ ..."

"ဟာ ... မင်းကွာ"

"စုပါရယ် ... ကိုကို့သားဆိုရင် နင့်အတွက် ပိုတောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ နင်နဲ့ မိုး လွတ်လွတ်လပ်လပ် ယူလို့ရတာပေါ့”

“ငါ့အတွက် ကလေးတစ်ယောက်ပါလာလည်း ဘာမှ မထူးပါဘူး ပရိမီယာ … ငါ လက်ခံထားပြီးသားပဲ … သူ စိတ်ချမ်းသာဖို့ အရေးကြီးတယ် … ”

“နင် တကယ်ရူးနေပြီ ရုပါ … တကယ်သာ ကိုကိုဝဏ္ဏရဲ့ သားဆိုရင် ကိုကိုဝဏ္ဏလို အဖေအရင်းတစ်ယောက်က သူ့သားကို လို ချင်မှာပေါ့ … ကိုကိုဝဏ္ဏဟာ မပိုးအပေါ် သစ္စာဖောက် ပြီး သစ္စာမဲ့ပြီးထားခဲ့တာမှ မဟုတ်တာ … မိုးတည်ကြည်က အဒေါ်ပါ … အဒေါ်တောင် ဒီတူကို မခွဲနိုင် မပေးရက်ဖြစ်နေရင် ကိုကိုဝဏ္ဏက ဖခင်ရင်းလေကွာ … ”

“ဒါပေမဲ့ … သားဟာ ကိုကိုဝဏ္ဏသားလို့ မသေချာဘူးလေကွာ … ”

“သေချာတယ် မိုးကို ငါ့သားပါ … သားသားမောင်ဆိုတဲ့ နာမည်မှည့်ထားတဲ့အတွက် သေချာတယ် … အဲဒီနာမည်က ပိုးကိုယ်တိုင် မှည့်ခဲ့တာ … ငါ့သားပါကွာ … ငါ့သားလေးကို ပြန်တောင်းပေးပါ … ”

“အို … ဒီလောက်တောင်းပန်နေစရာ မလိုပါဘူး … နောက်ဆုံး မပေးဘူးဆိုရင် တရားရုံးက ရင်ဆိုင်တောင်းရုံပဲ”

“နင် ဘယ်လိုပြောလိုက်တာလဲ ပရိမီယာ … ဒီလူနဲ့ဒီလူတွေက တရားရုံးရောက်စရာလား … ”





“နင့်အတွက်တော့ ဒီလူနဲ့ဒီလူပေါ့၊ ငါတို့နဲ့တော့ ဘာမှမဆိုင်ဘူးဟဲ့ … သူက အဖေအရင်းလို့ အသိအမှတ်မပြုတာဟာ လူလိုမသိတာဘဲ … သူ လူလိုမသိရင် ငါတို့ကလည်း ဘာမှ ထောက်ထားနေစရာ အကြောင်းမရှိဘူး … ”

“ဘာပဲဖြစ်ဖြစ် … နင်တို့က နှစ်ဘက်အမျိုးတော်သွားပြီလေဟာ … ”

“သူကမှ အမျိုးလို့ မသတ်မှတ်တာ … သူသာ ကလေးရဲ့ အဒေါ်ဆိုရင် ငါတို့လည်း အဒေါ်တွေပဲလေ … ”

အေးဆေးသော ဆီနိုဒါကတော့ ဘာမှ ဝင်မပြောပါ။ ငြိမ်နေပြီးမှ …

“ကိုကိုဝဏ္ဏက ကျန်းမာရေးကြောင့် မပြန်နိုင်တဲ့အတွက် သူ့တို့ဘက်မှာ နာကြည်းစရာတွေဖြစ်ရင် ဖြစ်နေခဲ့မှာပေါ့၊ မိုးတည်ကြည်က သဘောကောင်းမဲ့ပုံလေးပါ … နောက်တော့ သူ စိတ်ပြောင်းရင် ပြောင်းလာဦးမှာပေါ့ … ငါကတော့ လောလောဆယ် တူလေးကိုပဲ တွေ့ချင်နေပြီ … ငါက ကလေးချစ်တယ်ဟ … ကလေးလေးက ချစ်စရာလေး … ငါ တစ်ခါမြင်ဖူးတယ်”

ပရိမီယာကပါ သူ့စကားကို ထောက်ခံပြီး …

“ဟုတ်တယ် … ငါလည်း တူလေးကို တွေ့ချင်တယ် … ရုပါ နင် ခေါ်လာခဲ့ပေးပါလား … ”



www.burmeseclassic.com

www.burmeseclassic.com



"မရဘူးဟာ ... ငါတောင် ကလေးကို ကောင်းကောင်းချီ
သေးတာမဟုတ်ဘူး ... မိုးက သူ့သားကို ချီခွင့်မပေ
ဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ... ငါတို့တူလေးကို ပြန်တောင်းပေ
ပါ စူပါရယ် ... နှင် ဖျောင်းဖျရင် ရမှာပါ ... "

"အေးပါ ... ငါ ကြိုးစားပေးပါ့မယ် ... ဒါပေမဲ့ အချိန်တော
ယူရမယ်ဟာ ... မိုးအကြိုက်တွေလိုက်ပြီးမှ တဖြည်းဖြည်
နားချရမှာပဲ၊ ငါ့ကို အချိန်တော့ပေး ... ဪ ... အ
တဲလော ငါ နှင်တို့ကို အကြိုအပို့ မလုပ်နိုင်သေးဘူးဟာ
ငါ နည်းနည်းအလုပ်ရှုပ်နေလို့ ... "

"ရတယ် ရတယ် ... ငါ ဦးငယ်ကို လာကြိုခိုင်းလို
မယ်"

"အေး ... "

စူပါ ရင်ထဲက အလုံးကြီးကျသွားသည်။ ပြဿ
တစ်ခုတော့ ရှင်းသွားသည်။ တော်သေးသည်။ ကော်ဖီနှစ်ကော
က သူတို့ရည်းစားတွေနှင့် အဆင်ပြေနေသဖြင့် သူမတို့ရဲ့တာ
တွေကို သူ ပခုံးလွှဲလို့ရသွားသည်။

ရည်းစားနှင့်အသူငယ်ချင်းကြားမှာ ဗျာမများရသော
မိုးက သူငယ်ချင်းတွေကို ဖြတ်ရမည်တဲ့။ ပရိမိယာတို့ကြားရင် ဒေ
ဆွေ့ခုန်နေမှာ သေချာသည်။





ခုချိန်ထိတော့ အရာရာအားလုံးက အချိုးကျကျ
အဆင်ပြေနေသေးသည်။ ကိုကိုဝဏ္ဏနဲ့ မိုးရဲ့ အားပြိုင်မှုကို အချိန်က
ပဲ အဆုံးအဖြတ်ပေးသွားမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com





ဝဏ္ဏကိုယ်တိုင် မိုးဆီ အကြိမ်ကြိမ် သွားတွေ့သည်။ ပရိမိယာနှင့်ဆီနိုဒါတို့လည်း သွားခဲ့ကြသည်။ သွားတိုင်းလည်း မိုးက ခါးခါးသည်းသည်း ပြောလွှတ်မြဲပင်။

တဖြည်းဖြည်းနှင့် သူတို့အခြေအနေတွေကို လူကြီးတွေပါ သိသွားကြသည်။ ရူပါ့မိခင်ကတော့ မိုးက ကလေးအမေ မဟုတ်ဟု သိလိုက်ရသည်နှင့် သူနှင့်မိုးကို သဘောတူသွားခဲ့သည်။

ကိုကိုဝဏ္ဏရဲ့မိဘတွေကိုယ်တိုင် မိုးတည်ကြည်ကို သွားတွေ့ခဲ့သော်လည်း မိုးတည်ကြည်က အတွေ့ပင်မခံခဲ့။ နောက်ဆုံးမှာ အားလုံး၏ပစ်မှတ်တွေက ရူပါ့ဆီ ရောက်လာခဲ့သည်။

မိုးကို ဖျောင်းဖျပေးဖို့ပေါ့။ သူ ခေါင်းမညိတ် ခေါင်းမခါဘဲ ကြားနေဝါဒ လုပ်နေရသည်။ ကြာလာတော့ သူ စိတ်ညစ်လာသည်။ အိမ်လည်းမပြန် မိုးဆီလည်း မသွားဘဲ အလုပ်ထဲမှာ





အိပ် အလုပ်ထဲမှာစား လုပ်နေလိုက်တော့သည်။

ထိုထက် ပိုဆိုးတာက ထွန်းငယ်ရယ်ပါ ...။ ဝဏ္ဏနဲ့ ကလေးပြဿနာကြောင့် ပရိမိယာရဲ့မိသားစုက ထွန်းငယ်နဲ့ ပရိမိယာတို့ရဲ့ မင်္ဂလာပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်သဖြင့် ထွန်းငယ်မှာ မျောက်မီးခဲကိုင်မိသလို ဖြစ်နေသည်။

ထိုသို့ ထွန်းငယ်ရဲ့အဖြစ်ကို သိသော်လည်း ပရိမိယာက ဥပေက္ခာပြုထားပြီး တူလေး ပိုင်ဆိုင်ခွင့်ရရေးကိုပဲ စိတ်ဝင်စားနေသဖြင့် ထွန်းငယ့်ပါ ထိုအရေးအခင်းထဲ ပါရတော့သည်။

ထွန်းငယ်က ရူပါကို မရမက ပူဆာသည်။

"ရူပါ ကူညီပါဦးကွာ ..."

"ခက်တယ် ကိုထွန်းငယ် ... ကျွန်တော် ကိုကိုဝဏ္ဏဘက်ကို နားလည်ပါတယ် ... ဒါပေမဲ့ ကျွန်တော့်ချစ်သူ စိတ်ဆင်းရဲရမဲ့စကားတွေ မပြောချင်ဘူးဗျာ ... သူမှာ ပတ်ဝန်းကျင် သိပ်ရှိတာမဟုတ်ဘူး ... ပြီးတော့ ခုဆို ကလေးကိစ္စတွေနဲ့ သူ စိတ်ညစ်နေရတာ၊ ကျွန်တော် သူ့ကို ဖိအားမပေးချင်ဘူး ... ကျွန်တော်ကပါ သူ့ကို ဖိအားပေးနေမယ်ဆိုရင် သူ့မှာ စိတ်ချမ်းသာစရာကို ရှိမှာမဟုတ်ဘူး ... ကျွန်တော် သူ့ကို စိတ်ချမ်းသာစေချင်တယ် ... အဲဒါကြောင့် ကျွန်တော် အားလုံးနဲ့ဝေးရာမှာ နေ့နေတာ"

"အင်း ... ဒါလည်း ဟုတ်တာပဲ ... ငါကိုယ်၌က မိန်းမလျှော



www.burmeseclassic.com

လျှောလျှူလျှူ ရကံ မပါဘူးထင်တယ်ကွာ ... စိတ်ညစ်ပါတယ် ... ဒါနဲ့ မင်းကောင်မလေးရဲ့လိပ်စာ ပေးပါလား ... ငါ သွားတွေ့ချင်လို့ ... ”

“ကိုထွန်းငယ်က အပြင်လူဖြစ်နေတော့ ... သွားတွေ့တာ ကောင်းပါ့မလား ... ”

“ဘာပဲဖြစ်ဖြစ်လေကွာ ... ပရိမီယာနဲ့ ပတ်သက်ရင် ငါက မိသားစုဝင် ဖြစ်နေပြီပဲ”

နောက်ဆုံး သူ ကိုထွန်းငယ်ကို မိုးရဲ့လိပ်စာ ပေးခဲ့သည်။ အဲဒီညနေက ကိုထွန်းငယ်က မိုးဆီ သွားခဲ့ပါသည်။

“မမိုးတည်ကြည်နဲ့ တွေ့ချင်လို့ပါ ... ”

“ကိုထွန်း ... ကိုထွန်းမို့လား ... ”

“ဟော ... မွန်မွန် ... ညည်း မွန်မွန်နော် ... ”

“ဟုတ်တယ် ကိုထွန်း ... ”

ထွန်းငယ်က ရုပ်မားကတ်အသေးစားနီးနီးရှိသော စတိုးဆိုင်လေးကို လှည့်ပတ်ကြည့်ကာ ...

“ညည်း ဒီမှာ လုပ်နေတာလား”

မွန့်လို တစ်ကောင်ကြွက် အဆောင်သူတစ်ယောက်က ဒီဆိုင်ပိုင်ရှင်မဟုတ်ဘူးဆိုတာတော့ ကိုထွန်း ရိပ်မိပုံပင်။ ဖြစ်ချင်တော့ မွန် အရင်နေခဲ့သော အဆောင်က ကိုထွန်းရဲ့အဒေါ်စမ်းကွဲ ပိုင်သောအဆောင်မို့ အဆောင်ကို အရောက်အပေါက်များသော





ကိုထွန်းနဲ့ အဆောင်မှာနေတာ သက်တမ်းကြာလာပြီမို့ မိသားစုဝင်လို ဖြစ်နေသော မွန်တို့ ခင်ပါသည်။ ခုတော့ မွန်နဲ့ ကိုထွန်း ပြန်တွေ့ပြန်ပါသည်။

“မွန်က ဒီဆိုင်ပိုင်ရှင်ရဲ့သူငယ်ချင်းလေ ... သူ့အလုပ်တွေကို ဝိုင်းကူရတာပေါ့ ... ”

“အေး ... မိုးတည်ကြည်က ဆိုင်ပိုင်ရှင်လား ... ”

“ဟုတ်တယ် ... ကိုထွန်းနဲ့ သိလို့လား”

ထို့နောက် ကိုထွန်းငယ်က မွန်မွန့်ကို အပြင်ခေါ်ထုတ်ကာ အခြေအနေကို စနည်းနာနေသည်။

“မပိုးက ကလေးမွေးရင်း ဆုံးတာ ... ဒီကလေးကို မပိုးနဲ့ လဲယူလိုက်ရသလိုပဲပေါ့နော် ... အဲဒါကြောင့် မိုးက ဒီကလေးကို မပေးနိုင်ဘူး ... ပြီးတော့ ကိုဝဏ္ဏကြောင့် သူ့အစ်မ သေရတယ်ဆိုပြီး အရမ်းနာကြည်းနေတာ၊ ခုလတ်တလောမှာ ဘယ်အခြေအနေမျိုးပဲဖြစ်ဖြစ် သူ လက်ခံနိုင်မှာမဟုတ်ဘူး ... ”

“အင်း ... ကိုယ်လည်း ဘာအနှောင့်အယှက်တွေ ဝင်နေလဲ မသိပါဘူးကွာ ... အခု ဒီကလေးပြဿနာ မပြေလည်သ၍ ကိုယ့်မင်္ဂလာပွဲကလည်း ဖြစ်မြောက်မှာမဟုတ်ဘူး ... ”

“အေးလေ ကိုထွန်းရယ် ... မွန်လည်း မပြောတတ်တော့ပါဘူး ... သူငယ်ချင်းကလည်း အရမ်းကို ခံစားနေရတာ ...



www.burmeseclassic.com

www.burmeseclassic.com



သူမှာ ဒီကလေးအတွက် စိတ်ရောကိုယ်ပါ နှစ်ထားတာဆို တော့လေ …"

"ကံပဲပေါ့ဟာ …"

ထွန်းငယ် ပြန်သွားတော့ မွန်က အခြေအနေကို မိုးကို ပြန်ရှင်းပြရသေးသည်။

"မိုးနဲ့သား မော်လမြိုင် ခဏသွားနေဦးမယ် မွန်ရယ် … ဒီက ဆိုင်ကိုတော့ မွန်ပဲ ကြည့်ထားပေးဦး …"

"အေးပါ … စိတ်ချ"

"ဘယ်သူလာမေးမေး မသိဘူးပဲ ပြောနော် …"

"အင်းပါ … မိုး ဘယ်တော့သွားမှာလဲ …"

"အခု … ကျိုက်ရာကားနဲ့ …"

"ဟဲ့ … နေရာမရဘဲနေဦးမယ် … လမ်းမှာ ကလေး ဒုက္ခ ရောက်နေပါ့မယ်ကွာ … ကားလက်မှတ် သေချာဖြတ်ပြီးမှ ပဲ သွားပါ … ငါ လက်မှတ်ဖြတ်ပေးပါ့မယ် …"

"ပြီးရော …"

"စိတ်ကလည်း ကြ[illegible] …"

"ထင်လို့ပါဟာ … အင်း … မိုးကိုပိုင်လည်း စိတ်ညစ်သွားပြီ ထင်တယ်နော် … ပေါ်ကိုမလာတော့တာ …"

"နင် မျှော်နေတာလား …"

"အခုအချိန်မှာ ငါ အတွေ့ချင်ဆုံးသူဟာ သူပဲ ဖြစ်လိမ့်မယ်





မွန် … ငါ သိပ်ပင်ပန်းနေတယ်ဟာ … သူ့ရင်ခွင်ကို မှီပြီး ငါ့ရဲ့စိတ်တွေကို လျှော့ချလိုက်ချင်တယ် …"

"အင်း … ဒါဆို သူလည်း နင့်ကို သတိရနေမှာပါ … စိတ်ချင်း ဆက်နေတတ်တယ်ဟ …"

တကယ်လည်း ရုပါ ရောက်လာပါသည်။

"မိုး …"

"သွား … မလာနဲ့"

"နင်ထုတ်ပြန်ပြီလား …"

"မနင်ထုတ်လည်း လာတာမှ မဟုတ်တာ …"

"မိုး စိတ်တွေရှုပ်နေမှန်းသိလို့ပါကွာ …"

"လွဲမချပါနဲ့ … တို့ စိတ်ရှုပ်တာထက် မင်းက ပိုပြီး ရှုပ်နေ တာမို့လား …"

"သားရော …"

"အိပ်နေတယ် …"

"သားအတွက် အရုပ်ဝယ်လာတယ် …"

"ကျွန်မသားကို မဖြားယောင်းပါနဲ့"

"ဩော် အေး … မိုး့သားက ဖြားယောင်းလို့ ပါမဲ့အရွယ်ကိုး၊ သူ့သားကို ဆယ့်ခြော[illegible]နှစ်သ[illegible]များ မှတ်နေလား မသိ ဘူး …"

"မောင် … ရှင်ဟာလေ ချစ်စရာ[illegible]အောင် ပြောတတ်

www.burmeseclassic.com



တယ် သိလား ... အဲဒါနဲ့ပဲ မိုးက ကြွေနေပြီ"

"ဒါဆို ... မောင့်ကို လက်ထပ်တော့ကွာ ... "

"ကျွန်မမှာ ပြဿနာတွေ ရှိသေးတယ်လေ"

"ရတယ် ... အဲဒီပြဿနာတွေကို မောင်ပါ ဝိုင်းရှင်းပေးမယ်"

"အားကိုးရမယ်ပေါ့ ... "

"ယုံကြည်စွာ အားကိုးလိုက်စမ်းပါကွာ ... "

"ပြီးရောလေ ... "

"ဟာ ... လက်ခံပြီလား၊ ဒါဆို မောင် အားလုံး စီစဉ်ထားလိုက်တော့မယ်နော် ... "

"အင်း ... စီစဉ်ထားလိုက်လေ ... "

"မေမေတို့ခေါ်ပြီး မိုးကို လာတောင်းမယ်လေ"

"ရပါတယ် ... လာတောင်းစရာမလိုဘူး ... မောင့်ဘက်က အဆင်သင့်ဖြစ်ရင် တရားရုံးတက်ပြီး လက်မှတ်ထိုးလိုက်ကြတာပေါ့ ... "

"ဟာ ... မိုးကလည်း ... "

"မောင်ရယ် ... ပကာသနတွေ မလိုပါဘူး ... မိုးအတွက် လိုအပ်တာ မောင့်ရဲ့မေတ္တာတွေပဲ၊ မောင့်မိဘတွေ သဘောမတူတုန်းကလည်း မိုးဟာ မောင့်မေတ္တာတစ်ခုတည်းနဲ့ ရှေ့ဆက်တိုးခဲ့တာပဲ ... အခုက မိုးနဲ့မောင် လက်ထပ်ဖို့ပဲလေ မောင်ရဲ့ ... "





"ကဲ ... သဘောပါဗျာ ... မိုးလေး မောင် ရင်တွေခုန်နေတယ် ... "

"ဟင် ... မိုးတော့ ဘယ်လိုမှမနေပေါင် ... "

"အိုကေ ... ဒါဆို ရင်ခုန်တတ်အောင် သင်ပေးရမှာပေါ့"

"မောင်နော် ... သား နိုးတော့မယ်"

"ဘာဖြစ်လဲ ... သား နိုးတော့"

"သားနိုးရင် အော်ငိုမှာပေါ့လို့ ... "

"ဟင် ... "

သူ အညာမိသွားမှန်း ရိပ်မိသွားချိန်မှာတော့ ...

"လာခဲ့ ... မလိမ္မာတစ်ပတ်လုပ်တဲ့ ကောင်မလေး"

မိုးက လွှစ်ခနဲ ထ,ပြေးတော့သည်။ ဒါပေမဲ့ အချစ်ချင်း ညီလာရင် ချစ်သူရင်ခွင်က လွတ်ရိုးထုံးစံ မရှိတတ်ကြဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com





သူက လက်ထပ်ဖို့ ရှေ့နေရှေ့ရပ်တွေ စာချုပ်စာတမ်းတွေအားလုံး ပြင်ဆင်ပြီးချိန် မိုးဆီ သွားခဲ့သည်။

"မိုး မော်လမြိုင် သွားတယ်လေ ..."

"ဟင် ... ကျွန်တော့်ကိုလည်း ဘာမှပြောမသွားဘူး"

"ဟုတ်လား ... မွန်က ရှင့်ကို ပြောသွားတယ်ထင်တာ ... ရှင် မနေ့ကလာတော့လည်း မပြောဘူးလား ..."

"မပြောဘူး ... ဘယ်တုန်းက သွားတာလဲ"

"ဒီမနက်ပဲ ..."

"ကျွတ် ... ဘာလဲကွာ၊ ဒီမှာ အားလုံး စီစဉ်ပြီးကာမှ"

"သူ မနေ့ကတည်းက သွားဖို့လုပ်နေတာ ... ကျွန်မ တားထားလို့ ဒီနေ့မနက်မှ သွားဖြစ်သွားတာ"

"ကျွန်တော် လိုက်သွားမယ် မမွန် ..."





"မိမှာမဟုတ်ဘူး မိုးကိုရဲ့ ..."

"မော်လမြိုင်အိမ်ရောက်ရင်တော့ မိမှာပါ ..."

"သူ ပြန်လာမှာ ... သွားမနေပါနဲ့ ... သူက အနားယူချင်လို့တဲ့ ... သိပ်ကြာမှာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ... ကျွန်တော် လိုက်သွားမယ်"

ထိုစဉ်မှာပဲ အိမ်မှ ဖုန်းဝင်လာသည်။ မေမေ ရေချိုးခန်းထဲ ချော်လဲလို့တဲ့။ သူ မွန့်ကို နှုတ်ဆက်ပြီး အိမ်ပြန်ပြေးရတော့သည်။ မေမေက ခြေထောက်ကျိုးသွားသဖြင့် ဆေးရုံတင်ကာ ကျောက်ပတ်တီးကိုင်လိုက်ရတော့သည်မို့ မော်လမြိုင်ကို မလိုက်ဖြစ်တော့။ သို့သော် ဖုန်းတော့ လှမ်းဆက်လိုက်သေးသည်။

ဒါပေမဲ့ ... ဖုန်းက လုံးဝမကိုင်။ မွန်မွန့်ဆီ အကျိုးအကြောင်း လှမ်းပြောလိုက်ရသည်။ မိုးနဲ့ အဆက်အသွယ်ရရင် ပြောပေးဖို့ပါ။

ထိုအတောအတွင်း ပင်ခန့်က ဆီနီဒါကို ခိုးပြေးတော့သည်။ ရိုးသားအေးဆေးသော ဆီနီဒါမှာ အူလည်လည်နဲ့ အခိုးခံလိုက်ရတာလေ။

"ပင်ခန့် ပြန်ပို့ပေး ..."

"ဟင့်အင်း ... သူတို့ပြဿနာတွေ ရှုပ်နေတာနဲ့ ဒီတစ်သက် မိန်းမရမှာ မဟုတ်တော့ဘူး ... ကြာတယ် ... စိတ်မရှည်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဆီနီဒါမှာ ငိုမဲ့မဲ့ကြားကနေ ပင်ခန့်ရဲ့ စုပုပ်ပုပ်အပြောကို လှစ်ခနဲ ပြုံးလိုက်မိသေးသည်။

ထို့နောက် ချစ်သူကို ချော့မော့ဖျောင်းဖျကာ ပြန်ပို့ခိုင်းဖို့ ဆုံးဖြတ်ပြီး ...

"မောင်က လိမ္မာပါတယ်ကွာ ... ပြန်ပို့ပေးနော်"

ပြောပြီး ပင်ခန့်ရဲ့ပါးပြင်စပ်ကို ခပ်ဖွဖွ နမ်းလိုက်သည်။ ပြီးတော့ ပင်ခန့်ကို ဆွဲထူလိုက်သည်။

"ထနော် ... မောင် ပြန်ရအောင်နော်"

"အင်း ... "

ပင်ခန့်က ရုတ်တရက် ထရပ်လိုက်ပြီး ဆီနီဒါ့ကိုယ်လေးကို ပွေ့ချီလိုက်သည်။ ဦးတည်ရာကတော့ ... ။

"မောင်နော် ... ပြန်ပို့ပေးဆို ... မောင် ပြောနေတာ မကြားဘူးလား ... ဖယ်ပေးကွာ ... လွှတ် ... မောင်"

ပင်ခန့်ကတော့ ဆီနီဒါ့စကားတွေကို မကြားတော့ ပင်ခန့်သိတာက အခု ပြန်သွားရင် သူတို့ နီးစပ်ဖို့က တစ်နှစ်လား နှစ်နှစ်လား။ တော်ပြီ ... လုံးဝမဖြစ်ဘူး။ ခြေလှမ်းတွေက ရှေ့သို့သာ ... ။

ထွန်းငယ်က ဒေါသတွေ ထွက်နေသည် ... ။ သူ့ကို ကွက်ကျော်ရိုက်သွားသော ညီဖြစ်သူကို ဒေါကန်မိသလို အချိန်ဆွဲနေသော ပရိမီယာကိုလည်း မကျေနပ်။





"ကြည်လေးနော် ... သူများတွေ ပျော်စရာကောင်းနေပြီ၊ ကိုယ့်ဘက်ကို ကြည့်ဦး ... "

"ဦးငယ်ညီက မဟုတ်ကဟုတ်က လုပ်သွားတာလေ ... သူများမိသားစုမှာ အပူအပင်တွေ ရှိနေတာကို အလိုက်မသိ"

"အဲဒီကလေးကိစ္စပဲ လုပ်နေကြတော့မှာလား ... ဆိုပါစို့၊ ဒီကလေးကို မိုးတည်ကြည်က မပေးသရွေ့ ကိုယ်တို့ကပါ ဘိုးဘွားရိပ်သာ ရောက်တဲ့အထိ စောင့်ကြမှာလား ... "

ပရိမီယာ ချစ်သူကို သနားသွားပြီး ....

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲ ဦးငယ်ရယ် ... ခုက မိုးတည်ကြည် အခြေအနေကို စောင့်ကြည့်နေကြတာလေ ... နောက်ဆုံး သူက ကလေးကို လုံးဝမပေးဘူးဆိုရင်လည်း တရားရုံးက ရင်ဆိုင်ရုံပဲပေါ့ ... တစ်နှစ်လောက်တော့ ... စောင့်ပါ ... "

"တစ်နှစ် ... "

"အင်းလေ ... မကြာပါဘူး ... ဆယ့်နှစ်လတည်းပါ"

"အပြောကောင်းတယ် ... တစ်နှစ်တစ်နှစ် လက်ချိုးစောင့်ရဦးမှာပေါ့လေ ... "

"ဦးငယ်က နားလည်မှုရှိတဲ့အတွက် ကျေးဇူးပါနော်"

"ဟင်း ... ကျေးဇူးဆိုတာ နာမည်ပဲလှတာကွ ... "

"အိမယ် ... ဘာစကားလဲ၊ ကြည်လေးကို ငြိုငြင်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ”

“ကဲပါကွာ … ကြည်လေးသဘော”

အဲလိုနဲ့ ပင်ခန့်တို့မင်္ဂလာပွဲက အရင်ဖြစ်မြောက်သွားသည်။ ပင်ခန့်ကတော့ ပါးစပ် နားရွက်တက်ချိတ်နေသည်။ ဆီနီဒါကတော့ သူ့မိသားစုကြားမှာ မျက်နှာငယ်လေးနဲ့ပေါ့။ ထွန်းငယ်ကတော့ စုပုပ်ပုပ်ဖြစ်နေသည်။

စုပါက မေမေ့ခြေထောက်အခြေအနေကို ပစ်ပြီး မော်လမြိုင်မလိုက်နိုင်တော့။ စုပါ မလိုက်နိုင်ပေမဲ့ လိုက်သွားသူတွေရှိသည်။ ဝဏ္ဏနဲ့ ပရိမိယာလေ။

“ရှင်တို့ ဘာလာနှောင့်ယှက်ပြန်ပြီလဲ …”

“မိုးမိုး … ကိုယ့်ကို သနားပါဦး ညီမလေးရယ် … ကိုယ့်မှာ ယောကျ်ားတန်မဲ့နဲ့ ညီမလေးကို တောင်းပန်နေတာပါ”

“အိုး … မှားရင်တော့ တောင်းပန်ရမှာပေါ့”

“ဟုတ်ပါတယ် … ကိုယ်က မှားတာပါ၊ မိုးမိုး ခြေသလုံးဖက်ဆိုလည်း ဖက်ရမှာပဲ … ကိုယ့်သားကို ပြန်ပေးပါ မိုးမိုးရယ်နော် …”

“ရှင့်သား မဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ …”

“သားသားမောင်ဟာ ကိုယ့်သားပါဆိုတာ ကျိန်းသေ သိနေတယ် …”

“ရှင့်မှာ ဘာသက်သေရှိလဲ ပြောလေ … ရှင့်သားပါလို့ ဘာ





ဖြစ်လို့ ကျိန်းသေနေရတာလဲ ပြော”

“ကဲပါ မိုးတည်ကြည်ရယ် … တို့ပဲ ကြားဝင်လိုက်တော့မယ်၊ မိုး သားသားမောင်ကို ချစ်တယ်မို့လား …”

“ဟုတ်တယ် ပရိမိယာ … သားက ကျွန်မအသက်ပဲ … သားကို လာထိဖို့မကြိုးစားနဲ့ …”

“ဟုတ်တာပေါ့ မိုးတည်ကြည်ရဲ့ … မိုးတည်ကြည်ကို တို့ ကိုယ်ချင်းစာပါတယ် … ဘာလို့လဲဆိုတော့ မိုးတည်ကြည် ချစ်သလိုပဲ တို့တွေကလည်း သားကို ချစ်တယ် … ဒါတောင် တို့တွေက အဒေါ်တစ်ယောက်ရဲ့မေတ္တာနော်၊ ကိုကိုဝဏ္ဏလို အဖေတစ်ယောက်ရဲ့ မေတ္တာဆိုရင် ပိုပြီး ကြီးမားမှာပဲလို့ … တို့ နားလည်နေတယ် သိလား … မိုးလည်း ကိုယ်ချင်းစာတတ်မယ် ထင်ပါတယ် …”

မိုးတည်ကြည် ငိုင်တွေသွားသည်။ သို့သော် ချက်ချင်း မျက်နှာကိုပြင်ကာ …

“ဒီမှာ … ရှင်တို့အစ်ကိုရဲ့ သားပါဆိုတာကို လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့နေ့ကျရင် ကျွန်မဆီမှာ သားကို လာပြီး လုယူသွား ဟုတ်ပြီလား … ခုတော့ ကျွန်မ ရှင်တို့ကို ဆက်ပြီး ညှော့ခံစကားမပြောနိုင်တော့ဘူး …”

“ကောင်းပြီ … မိုး လက်မခံရင် ပရိမိယာတို့ ပြန်မှာပါ … ဒါပေမဲ့ မိုး တစ်ခုတော့ စဉ်းစားလေ … သားသားမောင်က



www.burmeseclassic.com

www.burmeseclassic.com



မိဘမဲ့ဖြစ်ရတာထက်စာရင် ... မိတဆိုး ဆိုတဲ့ဘဝကတော့ နည်းနည်းသာမယ်ထင်တယ်၊ ဒါက သားသားအတွက် ပြောတာပါ ... သားသားမောင်သာ ကိုကို့သားဆိုရင် ဖအေနဲ့ သားကို သိရက်နဲ့ ခွဲထားတဲ့အတွက် မိုးမှာ အရမ်းကို အပြစ်ကြီးနေပြီ ... မိုး သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး"

"မသိဘူး ... ဘာမှ လာမပြောကြနဲ့ ... သွား ... သွားကြတော့ ..."

"မိုးမိုး ... ကိုကို တောင်းပန်ပါတယ်"

"ကိုကို ပြန်ကြရအောင်ပါ ... နောက်တော့ မိုး နားလည်လာမှာပေါ့ ... လာပါ ကိုကို၊ မိုးတည်ကြည်ဟာ ကိုကို့ကို အမြင်ကတ်ရင်တောင် သားရဲ့အနာဂတ်ကိုတော့ ကြည့်မှာပါ ... ဩော် ... မိုးတည်ကြည် ... သားမွေးထားတဲ့ မိဘတွေဟာ သားရှင်ပြုပွဲဆိုတာကို မမေ့ထားသင့်ဘူး ... သားသားမောင်အတွက် သပိတ်လွယ်မဲ့ဖခင် ရှိသေးတယ်ဆိုတာ မိုးတည်ကြည် မမေ့ပါနဲ့ ..."

ကြည်ပြာတို့မောင်နှမ ပြန်သွားတော့ မိုးတည်ကြည်က သဲသဲမဲမဲ ငိုနေသည်။

"မေ့ ... မေ့ ... အင့် ... မေ့ ..."

"သားလေးရယ် ..."

"သမီး မိုးမိုး ..."





ကလေးထိန်း အန်တီကြီးက မိုးကို ကြင်နာစွာ ဖွေ့ဖက်ထားသည်။

"အန်တီရယ် ... အဟင့် ဟင့် ..."

"သမီးရယ် ... အန်တီ့သဘောကတော့ ကလေးကို မိဘမဲ့ မဖြစ်စေချင်ဘူး ... ကလေးမှာ ဖခင်တစ်ယောက် ရှိသေးတာ နည်းလား ကလေးရယ် ... ပြီးတော့ သားလေး ... ဖအေ အုပ်ချုပ်ရမဲ့သား ..."

"အို ... အဲလို လူယုတ်မာ အုပ်ချုပ်တာထက်စာရင် သမီးရဲ့ သွန်သင်ဆုံးမမှုက ပိုပြီးသာမှာပါ ..."

"သမီးရယ် ... သမီးဖခင်နဲ့ သမီးကို တစ်ယောက်ယောက်က ခွဲထားရင် သမီး ဘယ်လိုခံစားရမလဲ ... သားလေးကြီးလာတဲ့တစ်နေ့ သမီးဟာ သူ့ကို သူ့အဖေနဲ့ ခွဲထားတယ်ဆိုတာသိရင် ..."

"တော်ပါတော့ အန်တီရယ် ... အဲဒီ သူ့အဖေက သူ့ကိုမွေးလို့ မွေးမှန်းတောင်မ သိဘဲ ပစ်ထားခဲ့တာ ... သူ့အမေဟာ သူ့ကိုမွေးရင်း သေခဲ့ရတာရော ..."

"သမီးလေး ... လူ့အသက်ဆိုတာ အတိတ်ကံပေးသလောက်ပဲ ရတာပါကွယ် ... သမီးရဲ့အစ်မဟာ ဒီဘဝမှာ ဒီမျှပဲ ကံပါလာလို့ပါ ... အဲဒါကို ရှင်သန်ကျန်ရစ်ခဲ့တဲ့ သမီးက ဆက်ပြီး မပူလောင်ပါနဲ့တော့ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မိသားစုက သားကို မရလို့ ဘာမှမဖြစ်ပါဘူး … မိုးက မိုးကကျတော့ တစ်ယောက်တည်း … မိုးဘဝမှာ သားသာ မရှိတော့ရင် ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက် အထီးကျန်နေရမှာ … မိုး မပေးချင်ဘူး …"

"ဘာလို့ ဆွေမျိုးမဲ့ရမှာလဲ သမီး … သားလေးဟာ ဘယ်မှာပဲ ရှိနေနေ မိုးတည်ကြည်ရဲ့တူပါပဲ … မိုးတည်ကြည်ဟာလည်း သားရဲ့အဒေါ်ပါပဲ … ဒါမှ မိုးက မပေးချင်ရင် မပေးနဲ့ … ရတယ် … ဒါပေမဲ့ သူတို့သားအဖကိုတော့ သားအဖတော်ခွင့် ပေးလိုက်ပါကွယ် …"

"မိုး အရမ်းကြီးကို မတရားနေလို့လား အန်တီရယ် … ဟင် မိုး ခံစားရတာကျတော့ရော … မိုးက ဖြစ်နိုင်ရင် မိုးရဲ့သားကို သူတို့အသိုင်းအဝိုင်းနဲ့ကို မပတ်သက်စေချင်တော့တာ၊ မိုးလည်း သူတို့နဲ့ အမျိုးမတော်ချင်ဘူး …"

"မခေါ်ချင်လို့ပဲ ရတယ် … မခေါ်လို့ပဲ ရတယ် … မတော်လို့ မရဘူး သမီးရယ် … သမီး စိတ်ကိုလျှော့ပြီးတော့ ကလေးရဲ့အနာဂတ်ကို ရှေ့ထားပြီးစဉ်းစား ဟုတ်လား …"

"မေ့ … မေ့ … မေ့ …"

"သား … သားရေ"

"ဂျာ …"

"သား … သားလေးရေ …"





"ဂျ …"

သားသားမောင်က ဖိုးပြုံးချိုလေ။ မျက်နှာလေး ရွှင်ပြပြီး ပါးဖောင်းဖောင်းတွေပေါ်အောင် ပြုံးပြနေသည်။ သားရဲ့ပါးနှစ်ဖက်ကို နစ်ဝင်နေအောင် ဖိကပ်နမ်းရှိုက်လိုက်ရင်း သားကို ခုပဲ ပေးလိုက်ရတော့မလို ပုံစံမျိုးဖြင့် တင်းကျပ်စွာ ဖက်ထားလိုက်သည်။ သားကိုချစ်ရင် သားရဲ့ အနာဂတ်ကို စဉ်းစားတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com





မှန်မှန်က ဖုန်းဆက်လာသည်။ ရန်ကုန်ကို ပြန်လာဖို့ပါ။ မိုးကတော့ မပြန်ချင်သေး။ သို့သော် မိုး မပြန်သော အတောအတွင်းမှာ ကိုဝဏ္ဏက တစ်ခေါက်ထပ်ပြီး လိုက်လာသေးသည်။ သူ့ခြေထောက်တွေ လုံးဝ ပြန်ကောင်းသွားပြီမို့ သူတစ်ယောက်တည်း လိုက်လာခဲ့ခြင်းပါ။

သူ မိုးဆီ ရောက်လာတဲ့အချိန်မှာ မိုးက ခြံထဲက ဒန်းလေးမှာထိုင်ပြီး သားကို ချော့မြူနေတာပါ။ သူက မိုးတို့သားအမိဆီ လျှောက်လာပြီး ဒန်းကိုပင် လာလွှဲပေးနေသေးရဲ့။

"မိုးမိုး ..."

"ဒီမှာ ကိုဝဏ္ဏ ... ရှင် ဘာလို့ ခဏခဏ လာနှောင့်ယှက်နေရတာလဲ"

"ကိုယ့်သားလေးဆီ လာတာပါ မိုးမိုး ..."





"ဘာသက်သေရှိလဲ ..."

"ကိုယ့်မှာ သက်သေမရှိဘူး ... သားရဲ့မိခင်ကလည်း မရှိတော့ဘူး ... ပြီးတော့ သား မွေးဖွားခဲ့တာကိုလည်း မသိလိုက်ရတော့ ကိုယ် မိုးမိုးကို သက်သေမပြနိုင်ဘူးပေါ့ ... ပိုးပိုးသာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး ... ပြီးတော့ တမလွန်က ပိုးဟာ သားကို ကိုယ့်ရင်ခွင်ထဲ ပေးချင်မှာပါ ... ပိုးဟာ သားနဲ့ကိုယ် ကွဲစေချင်မှာ မဟုတ်ဘူး ..."

"တော်စမ်းပါရှင် ..."

"မိုးမိုးရယ် ... ကိုယ် တရားရုံးတွေ ဘာတွေနဲ့ ရင်မဆိုင်ချင်ဘူး ... မိုးမိုးသားဆိုရင် မိုးမိုးလည်း သက်သေတစ်ခုခု ပြလေ ... ကိုယ်က သားကို မိုးမိုးရင်ခွင်ထဲက ဆွဲထုတ်သွားချင်တာ မဟုတ်ပါဘူး မိုးမိုးရယ် ... သားဟာ ကိုယ့်သား၊ ကိုယ့်ကို သားရဲ့ဖခင်အဖြစ် အသိအမှတ်ပြုပေးရင်ပဲ ကျေနပ်ပါတယ် ... ပိုး မရှိပေမဲ့ ပိုးရဲ့ ကိုယ်ပွားလေး ကျန်နေခဲ့တာဆိုပြီး ကိုယ် ဖြေသိမ့်ချင်ပါတယ် မိုးမိုးရယ် ..."

"မကြားချင်ဘူး ... လာမပြောနဲ့"

"အိုကေ ... ဒါဆို နောက်ထပ်တစ်ခုပြောမယ် ... ကိုယ်ဟာ ပိုးကလွဲရင် ဘယ်မိန်းမကိုမှ မချစ်တဲ့အတွက် ကိုယ် အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားတယ် ... ကိုယ့်ဘဝ ကိုယ့်အနာဂတ်အားလုံးကို သားဆီမှာပဲ မြှုပ်နှံထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မိုးမိုး ခွင့်ပြုပေးပါ ... ကိုယ်ဟာ ပိုးနဲ့ သားအပေါ် တာဝန်မကျေခဲ့ဘူး ... အဲဒီအတွက် သားကို တစ်သက်လုံး စောင့်ရှောက်ခြင်းနဲ့ ကိုယ့်အပြစ်တွေကို ဆေးကြောချင်တယ် ညီမလေးရယ် ... ပြီးတော့ ညီမလေးကလည်း ညီမလေးဘဝအတွက် ရွေးချယ်ထားတဲ့ ဘဝဖော် ရှိနေပြီပဲ၊ မိုးကိုနဲ့ ညီမလေးတို့မှာ သားသားမောင်လို သားတွေသမီးတွေ ထပ်ပြီး မွေးဖွားလာကြဦးမှာပါ ... ပြီးတော့ မိုးကိုအတွက်လည်း တာဝန်မပိုတော့ဘူး ... သားအတွက်ကျတော့လည်း မိုးကိုက ဘူစိမ်းပါ ညီမလေးရယ် ... ကိုယ့်သားလေးကို ကိုယ်ပဲ ဖခင်ဖြစ်ခွင့်ပေးပါ ... ”

ကိုဝဏ္ဏဟာ ပြောရင်းကနေ မျက်ရည်တွေဝဲ အသံတွေတုန်လာကာ ဒူးက ညွတ်ခွေယိုင်လာပုံဖြင့် ဒန်းလေးဘေးရှိ မြက်ခင်းစိမ်းပေါ်မှာ ဒူးထောက်ထိုင်ချလိုက်သည်။ သားက သူ့ကို ကြောင်တောင်တောင်လေးကြည့်ကာ ဖျတ်ခနဲ ပြုံးရယ်ပြလိုက်သည်။ သူက သားကို လက်ကမ်းနေသလို သားကလည်း ခိုးခိုးခစ် ခစ် ရယ်နေကာ သူ့ဆီကို ကိုယ်လုံးလေးကော့ထိုးပြီး သွားချင်ကြောင်း ပြနေသည်မို့ မိုး မျက်လုံးစုံမှိတ်ကာ သားကို ခပ်တင်းတင်း ပွေ့ချီလိုက်ပြီး မတ်တတ်ထရပ်ကာ အိမ်ထဲဘက်ကို ခြေလှမ်းပြင်လိုက်သည်။

“မိုးမိုး ... ”





“ကိုဝဏ္ဏ ... ရှင် ပြန်တော့၊ ကျွန်မ ရှင့်ကိုမြင်ရတိုင်း မပိုးသေတဲ့ပုံစံကို ပြန်မြင်ယောင်လာတယ် ... ဖြစ်နိုင်ရင် ရှင် ကျွန်မရှေ့ကို ဘယ်တော့မှ မလာပါနဲ့”

“ပိုး ဘယ်လိုဆုံးရတာလဲ ... ”

“ရှင့်ကြောင့် ... ဆုံးရတာဆိုတာကလွဲပြီး ဘာမှ မဖြေနိုင်ပါဘူး ... ”

ပြောပြီး မိုးက အိမ်ထဲလှည့်ဝင်သွားသည်။ ဝဏ္ဏ ဘယ်လိုပင် တောင်းပန်ခေါ်နေပါသော်လည်း တစ်ချက်လေးမှ လှည့်မကြည့်သွား။ သားကတော့ နားလည်နေပုံဖြင့် ငိုမဲ့မဲ့။

ထို့နောက် ဝဏ္ဏက မော်လမြိုင်မြို့ပေါ်ရှိ သူ့ရဲ့သူငယ်ချင်းတစ်ယောက်ဆီ သွားသည်။

“ဟိတ်ကောင် ဝဏ္ဏ ... ပျောက်လှချည်လားကွ”

“အေး ... ”

“ပိုးပိုး ဆုံးသွားပြီကွ ... ”

သူနဲ့ပိုးရဲ့အကြောင်းကို သိနေသော သူငယ်ချင်းက ချက်ချင်းပင် သတင်းပေးသည်။

“အေး ... ငါလာတာ အဲဒီကိစ္စပဲ ... ပိုး ဘာကြောင့်ဆုံးတာလဲ ငါ သိချင်နေတာ ... ”

“အေး ... သူတို့အဖြစ်ကလည်း သနားစရာပါကွာ ... ပထမ မင်း ရန်ကုန်ပြန်သွားပြီး တစ်လလောက်ကြာတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ဆိုးတယ်ကွာ … နှလုံးရောဂါအခံရှိတယ်တဲ့ … အဲဒါ ရုတ်တရက် ရှော့ခ်ရပြီး ဆုံးတယ်ပြောတယ် … သူ့အဒေါ် ဆုံးတော့ အငယ်မလေး ပြန်လာတယ် … သူ့အဒေါ်ဆုံးပြီး မကြာခင် ပိုးပိုးက မော်လမြိုင်က ထွက်သွားတာပဲ … ဒီမှာ အငယ်မလေး မိုးမိုးပဲ နေတယ် … ပိုးပိုးက ရန်ကုန်မှာ သွားနေတယ်ဆိုလားပဲ … ငါတောင် ထင်လိုက်သေးတယ်၊ မင်းလည်း ရန်ကုန်ပြန်သွားတော့ မင်းနောက် လိုက်တယ် ထင်တာ … အဲ … လေးငါးခြောက်လ … အင်း … ခုနှစ် လလောက်ရှိမယ်ထင်တယ် … ပိုးပိုး ဆုံးတယ်ဆိုတော့ မယုံတောင် မယုံဘူး … မော်လမြိုင်မှာပဲ ပြန်သေတာ"

"ဘာရောဂါလဲ …"

"အဲ … အဲဒါတော့ မသိဘူး … နေပါဦး … ဦးနှောက်သွေး ကြောပြတ်တယ်ဆိုလားပဲကွ"

"ဒါနဲ့ … မိုးမိုးရဲ့ အမျိုးသားကရော"

"အငယ်မလေးကို ပြောတာလား …"

"အင်း …"

"သြော် … သူက အပျိုကွ၊ အိမ်ထောင်မရှိဘူး … ခများလေး သနားစရာပါကွာ … ဆွေမျိုးရင်းချာဆိုလို့ ဒီအစ်မလေးပဲ ရှိတော့တာ … သူ့အစ်မ ဆုံးတော့ သူလည်း ရန်ကုန်ပြောင်း သွားတော့တာပဲ …"





"မိုးတည်ကြည်က အိမ်ထောင်မရှိဘူးနော် …"

"အေးလေ … ဘာလဲ … မင်း သဘောကျတာလား … ရုပ်ချင်းတော့ တော်တော်ဆင်တာကွာ … ဒါပေမဲ့ မလုပ် ပါနဲ့ကွာ …"

"ဟာ … မဟုတ်တာကွာ … ငါက ငါ့အကြောင်းနဲ့ငါပါ"

ထို့နောက် သူက သားကိစ္စကို ပြောလိုက်သည်။

"ဟာ … မဟုတ်ဘူး၊ မိုးမိုးက အပျိုပါ …"

"သူ ရန်ကုန်မှာနေတုန်း အိမ်ထောင်ကျရင်ရော …"

"ဒါပေမဲ့ … ကလေးအသက်နဲ့ ပြန်တွက်ရင် မဖြစ်နိုင်ဘူး ကွ … ပြီးခဲ့တဲ့ တစ်နှစ်လုံး သူ မော်လမြိုင်မှာ ရှိနေခဲ့တာ၊ ဘာကိုယ်ဝန်မှ မရှိဘူး …"

"ဒါဆို ပိုးကိုယ်ဝန် ဖြစ်နိုင်သလား …"

"အဲဒါတော့ ငါ မသိဘူး … ဘာလို့လဲဆိုတော့ ပိုးပိုးက သူ့ အဒေါ် ဆုံးပြီးတည်းက မော်လမြိုင်မှာ မတွေ့ရတာ … သေမှပဲ လာပြန်သေသလိုပဲ …"

"မိုးမိုးဟာ … အပျိုစင်ပါဆိုရင်တော့ သေချာတယ်ကွာ … ဒီကလေးဟာ ငါနဲ့ ပိုးရဲ့ကလေးပဲ … ငါ မရရအောင် စုံစမ်း မယ် … ကွင်းဆက်က ပိုး ဘာကြောင့် ဆုံးရတာလဲဆိုတာ သိရရင် အဖြေထွက်လာနိုင်တယ် …"

"မင်းဆိုလိုတာက …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မိုးမိုးက ငါ့ကို စွပ်စွဲတယ် ... ပိုးသေတာ ငါ့ကြောင့်တဲ့၊ ပိုးဟာ ငါ့ရဲ့ကလေးကိုမွေးရင်း ဆုံးသွားတာ နေရာ မဖြစ်နိုင်ဘူးလား ..."

"လိုရာကို ဆွဲတွေးရမယ်ဆိုရင်တော့ ဖြစ်နိုင်တာပေါ့ကွာ"

အဲဒီနောက် သူတို့ဟာ ပိုးတည်ကြည် သေဆုံးရခြင်း အကြောင်းကို အသည်းအသန် စုံစမ်းကြပါတော့သည်။ ဝဏ္ဏ မော်လမြိုင်မှာ တစ်ပတ်ခန့်ကြာသွားခဲ့သည်။ မိုးတည်ကြည်ကတော့ သူ့ကို ရန်ကုန်ပြန်သွားပြီ ထင်နေမှာပဲ။ ထို့နောက်မှာတော့ ... ပိုးတည်ကြည် ကလေးမွေးစဉ်က ပါဝင်ခဲ့သော ဆရာဝန်မဟာ မော်လမြိုင်ဆေးရုံကနေ ချင်းပြည်နယ်ဘက်ကို ပြောင်းသွားကြောင်း စုံစမ်းသိရှိလိုက်ရပြီး ကလေးအတွက် စပယ်ရှယ်နာ့စ် လုပ်ပေးခဲ့သော သူနာပြုဆရာမလေးထံမှ အဖြစ်အပျက်အလုံးစုံ သိလိုက်ရချိန်မှာတော့ ... ။







ဝဏ္ဏ မိုးတည်ကြည်အိမ်ကိုရောက်တော့ မိုးတည်ကြည်က ရန်ကုန်ပြန်သွားပြီဆိုသဖြင့် ချက်ချင်း ရန်ကုန်ပြန်ဆင်းခဲ့သည်။ ရန်ကုန်ရောက်တော့ တော်တော်ညဥ့်နက်နေပြီမို့ သားဆီသွားချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်ထားကာ အိမ်ကို ပြန်လာရသည်။

အိမ်ပြန်ရောက်တော့ ပရိမိယာက ...

"ကိုကို အဆင်မပြေပြန်ဘူးလား ..."

"ငါ့ကလေးဟာ ... အဲဒါ ကျိန်းသေသွားပြီ ... သက်သေပြလို့ရသွားပြီ ..."

"ဒါဆို ..."

"မနက်ဖြန် ကလေးသွားတောင်းကြတာပေါ့ ..."

မိုးလင်းတော့ ... ဝဏ္ဏက မိုးတည်ကြည်ဆီသွားဖို့



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်ဖြစ်နေခဲ့ပြီ။ ပရိမီယာရဲ့ သတင်းပေးမှုကြောင့် စုပါလည်း မိုး ပြန်လာတာကို သိသွားပြီး မိုးတည်ကြည်အိမ်ကို ပြေးတော့သည်။

"မိုး ..."

"မောင် ..."

"ရက်စက်လိုက်တာ မိုးရယ် ..."

"မိုး စိတ်တွေရှုပ်နေလို့ပါ ..."

"ခုရော ..."

"မိုး ဆုံးဖြတ်ချက် တစ်ခုချနိုင်ရတော့မှာပေါ့ ... မိုး စိတ်တွေ တအားပင်ပန်းနေတယ် မောင်ရယ် ... မောင် မိုးနဲ့ သားကို ဘုရားလိုက်ပို့မလား ..."

"သွားမယ်လေ ..."

စောစောစီးစီး ဘုရားပေါ်မှာ ပိုပြီး အေးချမ်းနေသလိုပင်။

နံနက်ခင်းရဲ့လေနုအေးရယ် ထိခတ်လာတဲ့ ဆည်းလည်းသံတွေရယ်ကလည်း မိုးရဲ့စိတ်ကို ပိုပြီး ကြည်လင်လန်းဆန်းလာစေသည်။

မောင်က သားကို ချီလို့ ... မိုးက မောင့်လက်တွေကို တွဲခိုမှီတွယ်လို့ပေါ့။ ဘုရားကို ပတ်နေရင်းက မောင့်မျက်နှာကို စောင်းငေးကြည့်နေမိသည်။ ငုံ့ကြည့်လာတဲ့ မောင့်မျက်လုံးတွေထဲမှာ ဖြူစင်ငြိမ်းချမ်းမှုတွေအပြည့်။





"ဘာတွေ တွေးနေတာလဲ ကောင်မလေးရဲ့ ..."

"မောင့်ကို ငေးနေတာပါ ..."

"ဘာလဲ ... မောင် ပိုချောလာလို့လား ..."

"မိုးလေ မောင်ရယ် သားရယ် ခုလိုပဲ တစ်သက်လုံး အတူနေချင်လိုက်တာ ... မိုး သားကိုမပေးချင်ဘူး မောင်ရယ်၊ မိုး သားကို မခွဲနိုင်ဘူး ..."

"မိုးရယ် ... မိုး သတိရတဲ့အခါ သားကို သွားခေါ်လို့ရနေတာပဲ ... ပြီးတော့ သားမှာ မိခင်ဘက်က ဆွေမျိုးဆိုလို့ မိုး တစ်ယောက်ပဲရှိတာ ... သွားတွေ့လို့ ခေါ်လို့တာပဲ ... သတိရတဲ့အခါ မိုးတစ်လှည့်ခေါ်ထားလို့ရပါတယ်၊ ကိုကိုဝဏ္ဏကလည်း နားလည်မှာပါ ... ခုဆို အခြေအနေအားလုံးကိုလည်း မိုး နားလည်သွားပြီမို့လား ... အရာရာတိုင်းဟာ မဖြစ်ချင်ပဲဖြစ်ခဲ့ရတယ်လေ ..."

"မိုး အတ္တအရမ်းကြီးနေလားဟင် ..."

"ဟင့်အင်း ... ချစ်ကို မောင်နားလည်တယ် ..."

"ကျေးဇူးပါပဲ မောင်ရယ် ..."

"ကဲ ... ဘယ်သွားချင်သေးလဲပြော ..."

"အင်း ... ဘယ်သွားရင်ကောင်းမလဲ ..."

"ကစားကွင်းသွားမလား ..."

"အိုး ... သားက ကစားတတ်တဲ့အရွယ်မှ မဟုတ်တာ ...

www.burmeseclassic.com



မောင်ကစားချင်လို့လား ...”

“ဟားဟား ... ဒါဆို မောင်သွားချင်တဲ့နေရာရှိတယ် ... သွားမလား ...”

“မညစ်ပတ်နဲ့ ...”

“ဘာညစ်ပတ်လို့လဲကွာ ... မောင်က ရုပ်ရှင်သွားကြည့်ချင်တာ ...”

“ရုပ်ရှင်ရုံထဲမှာ မှောင်နေတော့ သားကငိုမှာပေါ့ မောင်ရဲ့”

“ဒါဆိုဘယ်သွားမလဲ ...”

“ဒင်မ်ဆမ်းသွားစားရင်ရော ... Breakfast မစားရသေးဘူး မောင်ရဲ့ ...”

“အိုခေ ... ဟာ ... ဟာ ... သွားပြီနဲ့တူတယ် ...”

“ဘာလို့လဲ ... မောင် အလန့်တကြား ...”

“သား ရှူးရှူးပေါက်ချပြီထင်တယ် ... စိုကုန်ပြီကွာ”

“အဟီ ... ဝမ်းသာလိုက်တာ ... မောင် ရှုံးပွဲပြီပေါ့ ... ကဲ လာ လာ ... ဘုရားပေါ်က ဆင်းကြမယ် ... ကားထဲမှာ သားအတွက် အဝတ်ပိုပါတယ် ... ဒါတောင် ရှူးရှူးခံတဲ့စက္ကူ ဘောင်းဘီ ဝတ်ပေးထားသေးတယ် ... မောင့်တို့ ဘယ်လို စိုသွားလည်းမသိဘူး ...”

“အင်း ...”

သူတို့ ဘုရားပေါ်က ပြန်ဆင်းပြီး ကားပေါ်ရောက်





တော့ သားကို အဝတ်အစားလဲပေးကြသည်။ ပျော်စရာကောင်းတဲ့ ဒီတစ်ခဏလေးမှာတော့ မိုး ဝဏ္ဏကို မေ့နေခဲ့ပါတယ်။ အဲဒီအချိန် ဝဏ္ဏမှာတော့ မိုးရဲ့အိမ်ကို ငုတ်တုတ်စောင့်နေခဲ့သည်။ စူပွါဟန်းဖုန်းကို လှမ်းဆက်တော့လည်း ဖုန်းက ပိတ်ထားတာမို့ ဆက်မရ။ ဘယ်လိုက်ရမှန်းလည်းမသိနဲ့ စောင့်မျှော်ခြင်းရဲ့ တစ်မိနစ်ဟာ သာမန် တစ်နာရီထက် ပိုပြီးကြာပါလားဟု ထိုင်တွေးနေရင်းပေါ့။ မွန်မွန်က တော့ ဝဏ္ဏကို ...

“ပြန်လာတော့မှာပါ ... ညနေမှ တစ်ခေါက်လာခဲ့မလား၊ အကြာကြီးစောင့်နေရမှာစိုးလို့လေ ...”

“ရတယ် ညီမ ... ကိုယ် စောင့်လိုက်တော့မယ်၊ ညီမတို့ အနှောင့်အယှက် မဖြစ်ဘူးဆိုရင်ပေါ့ ...”

“အနှောင့်အယှက်မဖြစ်ပါဘူး ... ရပါတယ်”

“မိုးကို ကိုယ် သက်သေပြလို့ရသွားပြီ ညီမရဲ့ ... ကိုယ့်သားပါဆိုတဲ့ သက်သေကို ဆုပ်ကိုင်ပြီး ကိုယ် စောင့်နေပါ့မယ် ညီမရယ် ... ကိုယ်ဟာ မိုးမိုးထင်သလို လူယုတ်မာသာဆိုရင် သားကို အသိအမှတ်မပြုဘဲ ကိုယ့်ဘာသာ လွတ်လွတ် လပ်လပ် အေးရာအေးကြောင်း နေမှာပေါ့ ... ဟင့်အင်း မရဘူး ... ကိုယ် သားကို လိုချင်တယ်၊ ကိုယ်ဟာ ပိုးပိုးကိုရော သားကိုပါ တာဝန်မကျေတဲ့လူတစ်ယောက် မဖြစ်ပါရစေနဲ့လား ... မိုးမိုးကို ကူပြောပေးပါ ... ကိုယ်လေ ခုချိန်ထိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားလေးကို ချိုမိုးချော့မြူခွင့်မရှိသေးဘူး ... သားကို တောင့်တတဲ့စိတ်ကလွဲရင် တခြား ဘာကိုမှ စိတ်မဝင်စားနိုင်တော့ဘူး ညီမရယ် ...”

“မိုးကလည်း နာကြည်းစရာ ဖြစ်သွားလို့ပါ ... သူကလည်း စိတ်ထားနူးညံ့တဲ့မိန်းကလေးပဲလေ ... အချိန်တန်ရင်တော့ သူ ကိုဝဏ္ဏကို နားလည်လာမှာပါ”

မိုးတို့က တစ်နေ့လုံး လျှောက်လည်နေကြသည်။ ပြန်လာချိန်က ညနေငါးနာရီ။ ဧည့်ခန်းထဲမှာ ဝဏ္ဏက ငုတ်တုတ်။ သားက စူပါ့ရင်ခွင်ထဲမှာ။ မိုးတည်ကြည်က ဝဏ္ဏဘက်ကို မျက်စောင်းပင် ထိုးမကြည့်။

ဝဏ္ဏက စူပါ့လက်ထဲမှ သားကို လက်ကမ်းလိုက်သည်။ စူပါက မိုးမျက်နှာကို လှမ်းကြည့်လိုက်တော့ ... မိုးဆီက နောက်ဆုံးဟု ယူဆရသော မေးခွန်းတစ်ခု ထွက်ပေါ်လာပြန်ပါသည်။

“ဘာသက်သေပြနိုင်သလဲ ...”

“ညီမလေး မိုးက သားကိုမွေးရင်း သေသွားရတယ်ဆိုတာ ကိုယ် သိပြီးပြီ ...”

“ဟုတ်တယ် ... ရှင့်ကြောင့် မပိုး သေရတာ ... အဲဒါကြောင့် သားဟာ ရှင်နဲ့မတန်ဘူး ... ရှင် မပိုင်ဆိုင်သင့်ဘူး ... မပိုးဟာ ရှင့်ကြောင့် တပိန်ပိန်တလိန်လိန်နဲ့ စိတ်ဆင်းရဲစွာနဲ့





သေသွားရတာ ... လူသိရှင်ကြားမနေရဲဘဲ ကိုယ်ဝန်ဆောင်နေရတဲ့တစ်လျှောက်လုံး အိမ်ထဲမှာပဲ ပုန်းလျှိုးကွယ်လျှိုးနေခဲ့ရတယ် ... ကလေးကို မွေးဖို့ ကြိုးစားမိလို့ ကျွန်မအဒေါ်လည်း မပိုးစိတ်နဲ့ပဲ ဆုံးရတယ် ... မပိုး ဆုံးသွားလို့ သားရဲ့မိခင် ခံယူခဲ့ရတဲ့ ကျွန်မကလည်း တစ်ခုလတ်လိုလို မုဆိုးမလိုလို အထင်ခံ အပြောခံရတယ်၊ ဒါတွေအကုန် ရှင့်ကြောင့်ပဲ ... အခုကျတော့ ရှင်က သားကို လိုချင်တယ်တဲ့လား ... တန်လို့လား ... ဟင် ... ရှင်နဲ့တန်လို့လား...”

“ဒါပေမဲ့ ... သားက ကိုယ့်သားပဲလေ ညီမလေးရယ်”

“မပေးဘူး ... အဟင့် ဟင့် ... အီး ... မပိုးရယ် ငါ့အဖြစ်ကို လာကြည့်ပါဦးဟာ ...”

မိုးက သူ့အစ်မကို တပြီး ငိုတော့ ဝဏ္ဏကပါ မျက်ရည်ပေါက်ပေါက်ကျသည်။ ယောကျ်ားတန်မဲ့ ငိုမိသည်။ စူပါက သားကို ဝဏ္ဏရင်ခွင်ထဲ ထည့်ပေးလိုက်သည်။ ဝဏ္ဏက သားကို အပြန်ပြန်အလှန်လှန် ဖက်ရမ်းနမ်းရှုံ့နေသည်။ သားကလည်း ဖခင်ရင်ခွင်ထဲမှာ ခိုးခိုးခစ်ခစ်နှင့်ပင် ရယ်မောနေသေးရဲ့။ ဖအေနဲ့သားရဲ့ ဓာတ်ပေါင်းခန်းက ကြည်နူးချမ်းမြေ့စရာပင်။ မိုးက ငိုရင်း မျက်နှာလွှဲနေသည်။ စူပါကတော့ ချစ်သူကို ဖေးမနေမိသည်။

မိုးက နာနီကို ...

“အန်တီ ... သားကို ညစာကျွေးဖို့ အချိန်ရောက်ပြီ ...”



www.burmeseclassic.com

"မိုးမိုး ညီမလေး ..."

"ရှင် ပြန်တော့ ..."

"ကိုယ့်သား ..."

"အဲဒီကိစ္စ မနက်ကျမှ ဆက်ပြောကြတာပေါ့ ... မောင် သူ့ကို ပြန်ခေါ်သွားပါ ... အန်တီ ကလေးကို ခေါ်ထားလိုက်တော့ ..."

မိုးက ပြောပြီးတာနဲ့ သူမအိပ်ခန်းထဲ ဝင်သွားသည်။ ...ပါက ချစ်သူအလိုကျ ဝဏ္ဏကို ဖျောင်းဖျကာ ပြန်ခေါ်ရသည်။ ...လေးက နာနီလက်ထဲကနေ ဝဏ္ဏကို ပြုံးပြလို့ပေါ့။

"ပြန်ရအောင် ကိုကိုဝဏ္ဏ ... မနက်ကျမှပဲ"







"ဒီမှာ သားရဲ့ပစ္စည်းတွေ ... ပြီးတော့ သားရဲ့ ဝေယျာဝစ္စအတွက် ဒီအန်တီကိုပါ ခေါ်သွားမှရမယ် ... သားက ဒီအန်တီရဲ့ အပြုအစုနဲ့ အသားကျနေပြီ"

"ခေါ်ထားမှာပေါ့ ညီမလေးရဲ့ ... ဪ ညီမလေး ... သားကို ... ကိုယ့်ကိုယ်စား ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက် အနှိုင်းမဲ့ကျေးဇူးပါဗျာ ..."

"ရှင့်ကျေးဇူးတင်တာ ခံချင်လို့ ... ပြုစုစောင့်ရှောက်ခဲ့တာ မဟုတ်ဘူး ... ကျွန်မသာ သံယောဇဉ်မရှိ မိဘမဲ့ဂေဟာ ပို့ပစ်တာ ကြာပြီ ..."

"ဟုတ်ပါပြီ ညီမလေး ... ကိုယ် သားကို ခေါ်သွားပေမဲ့ ညီမလေး အချိန်မရွေး သားဆီ လာလို့ရပါတယ် ... ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း သားကို ညီမလေးဆီ မကြာခဏ ခေါ်လာပေးမှာပါ”

“ရတယ် မတွေ့ချင်ဘူး ... သံယောဇဉ်ဖြတ်မှတော့ အကုန်ပြတ်နိုင်အောင် ကြိုးစားမယ် ...”

ပါးစပ်ကသာ ပျစ်ပျစ်ခါခါပြောနေတာ ... မျက်လုံးတွေကတော့ သားဆီမှမခွာ။ ဝမ်းနည်းကြေကွဲရိပ်တွေ အပြည့်နဲ့ပေါ့။ ဒီကြားထဲ သားက ဝဏ္ဏရင်ခွင် မနေ။

“မေ့ ... မေ့ ... မေ့ ...”

သူမဆီ လက်ကမ်းနေပြန်တာမို့။

“သားသား ...”

ငိုသံပါသော ခေါ်သံက ကြေကြေကွဲကွဲ။

“ဂျာ ...”

“သားရယ် ...”

မိုးက ငိုရှိုက်လိုက်သည်။ စူပါက မိုးရဲ့ ပခုံးလေးကို ဆုပ်ကိုင်ဖေးမထားသည်။ မွန်ကလည်း မိုးရဲ့ လက်ဖဝါးလေးကို ခပ်တင်းတင်းဆုပ်ထားပေးသည်။ ပရိမီယာက ...

“မိုးတည်ကြည် ... ပရိမီယာတို့အိမ်က မိုးတည်ကြည်အတွက် အမြဲတမ်း နွေးထွေးစွာ တံခါးဖွင့်ထားပါတယ် ...”

“ဟုတ်ပါတယ် မိုးတည်ကြည် ... ဆီနီဒါတို့ မိသားစုအတွက် မိုးတည်ကြည်ကို ဆွေမျိုးသားချင်းလိုပဲ သဘောထားပါတယ် ... ပြီးတော့ သားသားကိုလည်း ဂရုစိုက်ကြမှာပါ”



BURMESE CLASSIC .com



“ညီမလေး ... ကိုယ်တို့ သွားမယ်နော် ... သားကို ခေါ်သွားမယ်နော်”

ခေါင်းညိတ်ပြလိုက်သော်လည်း ပါးစပ်ကတော့

“ညနေမှ လာခေါ်ပါလား ... ဒီတစ်ရက်တော့”

ဝဏ္ဏကလည်း စိတ်ပြောင်းမှာစိုးရိမ်ပုံနှင့် မထားချင်။ ပရိမီယာကပင် ကြားဝင်ကာ ...

“အိုကေ မိုး ... ရတယ် ... ဒါဆို ဒီတစ်ရက် ခေါ်ထားလိုက်ဦး ... ညနေမှပဲ ...”

အဲဒီလိုနဲ့ပဲ အဲဒီညမှာပေါ့ မိုးတည်ကြည်ရဲ့တိုက်ခန်းက ဆည်းလည်းလေးဟာ ဝဏ္ဏရဲ့အိမ်ကို ပြောင်းရွှေ့သွားခဲ့သည်။ ခြောက်သွေ့အထီးကျန်လှတဲ့ တိုက်ခန်းအလယ်မှာ မိုးနဲ့မွန်တို့သာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းပေါ့။ ထိုစဉ်မှာပဲ ... စူပါ့ဆီက ဖုန်းဝင်လာကာ ချစ်သူကို ကြင်နာနစ်သိမ့်စွာ အားပေးစကားတွေ ပြောလို့ပေါ့။ မိုးကတော့ ချစ်သူရဲ့အသံတွေကို ကြားတစ်ချက် မကြားတစ်ချက်။ ရှိုက်သံက တစ်ဝက်တစ်ပျက်။ ထိုညက တစ်ညလုံးလိုလို သူတို့ ဖုန်းတွေပြောကြသည်။

မနက်မိုးလင်းတာနဲ့ စူပါ ရောက်လာသည်။

“မောင် ... မိုး သားဆီ သွားမယ် ...”

“အိုကေ ... မောင် လိုက်ပို့မယ်”

တစ်ညတာ ခွဲရတာကို မိုးတည်ကြည်မှာ ရုပ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းပျက်ဖြင့် မနက်မိုးလင်းတာနဲ့ ရောက်လာသော မိုးတည်ကြည်ကို ပရိမီယာတို့မိသားစုက ဖျာဖျာသလဲ ကြိုဆိုပါသည်။

သူကတော့ သားကိုသာ ပွေ့ဖက်နမ်းရှုံ့လျက် နာနီဘက်လှည့်ကာ ...

"အန်တီ သားအခြေအနေရော ဘယ်လိုလဲ ..."

"အဆင်ပြေပါတယ် သမီး ... ပုံမှန်ပါပဲ"

"ပြေမှာပါ ... သားက အစတည်းက အန်တီနဲ့ပဲ နေရတာပဲလေ ... သား မေမေ့ကို ကြည့်ပါဦး ... မေမေက လွမ်းနေတာ ..."

"ကဲ ... စူပါရေ နင် မိုးကို မြန်မြန်လက်ထပ်တော့လေဟာ၊ ပြီးရင် သားထက် ပိုချောတဲ့ သားလေးတစ်ယောက် မွေးလေ ..."

ပရိမီယာက စသည်နှင့် ဆိုနိုဒါကပါ ...

"ဟုတ်တယ် ... အဲဒီကျမှ သားကြီးကိုမွေးပြီး သားငယ်မှ သားငယ် ဖြစ်နေဦးမယ်နော် ..."

"ကဲ ... မိုးလေး ပြောကုန်ကြပြီနော် ..."

"ဟုတ်တယ် မိုးကိုရေ ... ကိုယ့်ခယ်မလေးကို တစ်ယောက်တည်း စိတ်မချတော့ပါဘူး ..."

"အင်း ... မပိုးနဲ့ပတ်သက်ရင် ကိုကိုဝဏ္ဏက မိုးလေးရဲ့အစ်ကို ဖြစ်နေပြီဆိုတော့ ဘယ်လိုလဲ မိုး ... ကိုယ် လက်ထပ်ရင်





မိုးလေးဘက်က လူကြီးက ကိုကိုဝဏ္ဏပေါ့ ..."

အားလုံးက မိုးတည်ကြည်ကို ဖေးဖေးမမ ကြင်ကြင်နာနာ။ မိုးတည်ကြည်က မျက်ရည်တွေ ရစ်ဝဲနေသည်။

ထိုအချိန်မှာပဲ ထွန်းငယ်က အိမ်ထဲဝင်လာသည်။ ပရိမီယာက ချစ်သူကို သွားကြိုသည်။ ထွန်းငယ် လက်ထဲမှာက စားစရာအထုပ်တွေနဲ့။

"ဦးငယ် ... ဒါ မိုးတည်ကြည်လေ၊ မိုး ... ဒါ ဦးထွန်းငယ်တဲ့"

"ဪ ... မိုးတည်ကြည် ဒီကို ရောက်နေပြီပေါ့ ... ဒါဆို အားလုံး အဆင်ပြေသွားပြီပေါ့ ... ဝမ်းသာလိုက်တာကွာ"

ထွန်းငယ်ရဲ့ ဝမ်းသာအားရအသံကို နားမလည်သလို ကြည့်နေသော ချစ်သူလေးကို ...

"ကိုထွန်းငယ်က ပရိမီယာနဲ့ စေ့စပ်ထားတာလေ ... ကိုကိုဝဏ္ဏကိစ္စနဲ့ ပရိမီယာက လက်ထက်ရက်ကို ရွှေ့ဆိုင်းထားတာ ... အခု အဆင်ပြေပြီဆိုတော့ သူတို့ လက်ထပ်လို့ရသွားပြီလေ ... အဲဒါကြောင့် သူက သူများတွေထက် ပိုပြီး ဝမ်းသာနေတာလေ ... ပရိမီယာ နင် အချိန်ဆွဲထားလက်စနဲ့ ဆက်ပြီး ဆွဲထားလိုက်ဦးဟာ ... ငါတို့ပွဲပြီးအောင် စောင့်ပြီးမှပဲ ..."

"သေပါလားဟဲ့ ..."

"ဟော ... ကိုထွန်းငယ်ရေ ပရိမီယာက မစောင့်နိုင်တော့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့"

"ဟာယ် ... စူပါစုတ် ..."

ပရီမီယာက မိုးကိုပိုင်နားကို ရောက်သွားပြီး တဖျပ်ဖျပ် လိုက်ရိုက်နေသည်။ မိုးကိုက ရှောင်ရင်းတိမ်းရင်း မိုးတည်ကြည်တို့ ဆွဲဖက်လိုက်သည်။

အားလုံးရဲ့ ရယ်သံတွေ သောသောညံလို့ပေါ့။



BURMESE CLASSIC .com





ခုတော့ ...
အားလုံး ပြီးဆုံးသွားပါပြီ။
အငိုတွေ အပူအပင်တွေ
သောကတွေ ... ဗျာပါဒတွေ
နာကြည်းမှုတွေ ဒေါသတွေ
အားလုံး အားလုံး
တစ်ခန်းရပ်သွားခဲ့ပေါ့ ...

ခုတော့ ...
အားလုံး အသစ်တစ်ဖန် ပြန်စ
ပျော်ခြင်းတစ်လှည့် ရယ်မောခြင်းတစ်ခါ
ပီတိသောမနဿတွေနဲ့
ကြည်နူးခြင်း ပြဇာတ်တစ်ပုဒ်က
ဟာဒယရှင်ဆေး တိုက်ကျွေးရင်းနဲ့ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ရှုဝါနှင့် မိုးတည်ကြည်သည်
ထွန်းငယ်နှင့် ပရိမိယာသည်
ပင်ခန့်နှင့် ဆီနီဒါသည်
ကိုဝဏ္ဏနှင့်သားသားမောင်သည်
အငိုတွေ ကုန်ဆုံးသွားတဲ့တစ်နေ့မှာ
ရွှဲတစ်လုံးကို ပိုင်ဆိုင်လိုက်ရပါတော့သည် ... ။



BURMESE CLASSIC .com





ဘဝဆိုတဲ့ ဇာတ်ခုံပေါ်မှာ
ရယ်မောခြင်းဆိုတဲ့ အရသာ
ကြေကွဲခြင်းဆိုတဲ့ နာကျင်စရာ
စသည်ဖြင့် ရသမျိုးစုံမှ ဘဝဇာတ်ခုံ မည်၏။
သို့သော် ...
တစ်ခါတစ်ရံပေါ့
ဗီလိန်တို့ အနိုင်ရသည့်ညတွင်
ငိုကြွေးခြင်းဖြင့် အဆုံးသတ်ရတတ်ကြောင်းကိုတော့ ...
........................
........................
........................
ရယ်မောခြင်းရဲ့ အနှားသတ်ဟာ ငိုကြွေးခြင်းဆိုရင်
အငိုတွေ ကုန်ဆုံးသွားတဲ့အခါမှာလည်း ...



www.burmeseclassic.com

ထွေးမြလွန်းသန်း ၁၁၀ ယန်းကို

ထာဝရပိုင်ဆိုင်နိုင်ကြပါစေ ...

ရွှန်းရမိမိုး